www.burmeseclassic.com

# ချဲထိုးရင် တဲထိုးရမယ်

တင်မော်(ဓာတု)

www.burmeseclassic.com

www.burmeseclassic.com

ဈေးရောင်းရှင်မခင်ကြီး
ဦးသန်းရွှေ အားရိုသေစွာ ...
...ပေးခင်း...

ဂဂလာစာပေ

... ဝေါဟာရ အစီအစဉ် ...

... အမှတ် ... ၂၅ / ၈၉ ...
... ခွင့်ပြုအမှတ် ၇၆၆ / ၈၉ ...
... တင်မော် (... ၁၁၁) ...
... (ဘ) အဂ္ဂသိဒ္ဓိရပ်ကွက်ကျောက်မြောင်း၊ ရန်ကုန်မြို့
... မြို့ ... ချုပ်ပုံနှိပ်တိုက် (...)
... (၁၄၀/၁၅၀) ... လမ်း၊ ရန်ကုန်မြို့
... ဂျိုးကျွန် ... ဆက်
... ပါသ ...
... မြန်မာ၊ ...
... အုပ်ရေ၊ ၁၅၀၀
တန်ဖိုး၊ ၃၀ ကျပ်
... ကျော်ငြိမ်း
... ဝင်းကျော်ဝိုး

၁၉၈၈ ခုနှစ်၊ အမျိုးသားစာပေ ဝတ္ထုရှည်ပဋ္ဌမဆု ...

# တင်မော် စာစု

# ... ထိုးရင်

# ... ထိုးရမယ်

မိတ်ဆွေ့ ... တိုက်ဝေဝေ ...
... ရိုးရေး၊ ... စာပေ၊
၁၂၂၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်း
... တိုက်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

## 'သူငယ်ချင်းအတွက် အမှာစာ'

**တင်မော်**....၊ သူနှင့် ကျွန်တော် ၁၉၇၄ ခုနှစ်လောက်မှာ စတင် ရင်းနှီးခဲ့ကြသည်။ အဲဒီတုန်းက သူက စက်ရုံတစ်ရုံမှာ ဝန်ထမ်း။ ကျွန်တော်က ပို့စကာဒ်တွေမှာ ကဗျာရေး၊ သတင်းစာတွေမှာ ကာတွန်းရေးနှင့် အနုပညာလောကမှာ စတင်လှုပ်ရှားနေချိန် ဖြစ်သည်။ သူနှင့် ကျွန်တော် ရင်းနှီးပြီး တစ်တွဲတွဲသွားလာကြရင်း သူလည်း ကဗျာရေးချင်၊ ကာတွန်းရေးချင်နှင့် အနုပညာပိုးက တစ်စစ ဝင်လာသည်။ ကျွန်တော့်ကို "အလုပ်က ထွက်မယ်၊ ခင်ဗျားလို လုပ်မယ်" ဟု ပြောလာသည်။ ကျွန်တော်ကလည်း "ထွက်ပေါ့" ဟု ဖြေကြားပေးခဲ့သည်။ ဒီကစပြီး တင်မော် တစ်ယောက်၊ တင်မော် (ခတ္တ) ဆိုပြီး ကဗျာတွေရေး၊ ကာတွန်းတွေ ရေးနှင့် အနုပညာလောကမှာ လှုပ်ရှားမှုလေးတွေ စလာသည်။ နောက်ပိုင်းမှာ တင်မော် (ခတ္တ) စာပေတိုက်ကို ထူထူထောင်ပြီး အနုပညာလောကမှာ အတော်လေး အားကောင်းမောင်းသန် လှုပ်ရှားလာနိုင်သဖြင့် သူ့အတွက် ကျွန်တော် ဝမ်းသာခဲ့ရသည်။

၁၉၈၇၊ ၁၉၈၈ ခုနှစ်တွေမှာ အနုပညာလောကထဲမှ သူ ရုတ်တရက် ပျောက်ကွယ်သွားသလို ဖြစ်ခဲ့သည်ကို သတိထားမိသည်။ ရုပ်ပြစာအုပ် ပုံမှန်ထွက်နေသော်လည်း ယခင်လို အင်အားအပြည့်ဖြင့် သူ့စာပေတိုက်မှ စာအုပ်မျိုးစုံ ထွက်မလာတော့။ သူ့အတွက် ကျွန်တော် ဝမ်းနည်းခဲ့ရသည်။

www.burmeseclassic.com

၁၉ ၇၇ နှစ်လယ်လောက်မှာ သူရေးသည့် လုံးချင်းဝတ္ထု တစ်အုပ် ထွက်လာသဖြင့် ဖတ်ကြည့်မိသည်။ ချဲ့လော က အကြောင်းကို သူ အတော်လေး နှံ့နှံ့စပ်စပ်ရေးလာပြီး ရေး သားသည်ကို တွေ့ခဲ့ရသည်။ သူ့ကို လုံးချင်းဝတ္ထု ဆက်ရေးဖို့ အကြံပေးခဲ့သည်။ သူကလည်း ရေးနေတယ်ဟု ပြောသဖြင့် အောင်မြင်မှု ပြန်ရနိုင်ပြီး ဘဝကို ခြေလှမ်းအသစ်ဖြင့် သူ ပြန်စနိုင်တော့မည်ဟု တွေးကာ ပီတိဖြစ်ခဲ့ရသေးသည်။

(၁၇-၁၁-၇၉)နေ့ သတင်းစာကို ဖတ်မိတော့....

သူ တစ်အုပ်တည်းရေးခဲ့သည့် လုံးချင်းဝတ္ထုက "ဝတ္ထုရှည် အမျိုးသားစာပေဆု"ကို ဆွတ်ခူးကြောင်း သတင်းကောင်း တွေ့ရသဖြင့် အားရဝမ်းသာ သူ့ဆီပြေးကာ ဂုဏ်ပြုစကား ပြောခဲ့မိသည်။ "လုံးချင်းဝတ္ထု ဆက်ရေးပြီးပြီလား" မေးတော့ "ရေးပြီးသား နှစ်အုပ်ရှိတယ်၊ ဆက်ထုတ်တော့မယ်" ဆိုသော ဝမ်းသာစရာ အဖြေစကား ကြားခဲ့ရသည်။

သူငယ်ချင်း တစ်ယောက်ကို ဂုဏ်ပြုသောအားဖြင့် သူ အမျိုးသား စာပေဆု ရရှိခဲ့သည့် လုံးချင်း ဝတ္ထုရှည်အား ဒုတိယအကြိမ်အဖြစ် ဖြန့်ချိရန် ကျွန်တော် ဆုံးဖြတ်ခဲ့သည်။ ခုတော့ ကျွန်တော့် ဆုံးဖြတ်ချက်အတိုင်း ကျမ်းအုပ်က ဒုတိယ အကြိမ်အဖြစ် ပုံနှိပ်ဖြန့်ချိနိုင်ခဲ့ပြီမို့ ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက် ရည်ရွယ်ချက်တစ်ခု အောင်မြင်ခဲ့ရပေပြီ။ ရှေ့ ဆက်၍.... ဆက်၍လည်း....

မောင်မောင်တင်ဋ္ဌေး
မင်္ဂလာစာပေ



'တင်မော့စာနဲ့ ပတ်သက်တဲ့ တင်မော် အမှာ'

'အောအိုင်ဒီအက်(စ်)'တဲ့၊ ဗိုင်းရပ်(စ်) ရောဂါသစ် တစ်မျိုးပဲ၊ ကမ္ဘာပေါ်မှာ စောစောပိုင်း ကတည်းက ရောဂါဝေဒနာ ရှင်တွေ ရှိခဲ့ပေမယ့် တစ်ကမ္ဘာလုံး အထင်အရှား ပျံ့နှံ့ကူးစက် လာတာကတော့ တင်မော်မှတ်မိသလောက် နှစ်နှစ်ပတ်ဝန်း ကျင်မှာ ရှိခဲ့ပြီ။

ကုရာနတ္ထိ ဆေးမရှိတဲ့ ရောဂါ၊ ကာကွယ်ဖို့ နည်းလမ်း ပေါင်းစုံသာ ရှာဖွေတွေ့ရှိပြီး လုံးဝ ပျောက်ကင်းအောင် ကုသဖို့ ဆေးပညာရှင်တွေ နည်းလမ်း ရှာမတွေ့သေးတဲ့ ရောဂါဆန်း တစ်မျိုးပေါ့။

'ချဲ့ထီ' တဲ့၊ လောင်းကစားနည်းသစ် တစ်မျိုးပဲ၊ မြန်မာ ပြည်မှာ စောစောပိုင်း ကတည်းက လောင်းကစားနေကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ရှိခဲ့ပေမယ့် တစ်ပြည်လုံး အထင်အရှား ပျံ့နှံ့ကူးစက်လာတာကတော့ 'အေအိုင်ဒီအက်(စ်)' ရောဂါနဲ့ ခေတ်ပြိုင်ကာလလို့ဆိုရမယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ပတ်ဝန်းကျင်မှာပဲ ရှိပါသေးတယ်။ 'ချဲထီ' ကတော့ ပျောက်ရာနတ္ထိ နည်းလမ်းမရှိတဲ့ လောင်းကစားနည်း မဟုတ်ပါဘူး။ ကာကွယ်ဖို့ နည်းလမ်းပေါင်းစုံ ရှိရဲ့သာမက ပျောက်ကင်းအောင် ကုသဖို့ တရားဥပဒေက သတ်မှတ်ပေးထားတဲ့ လောင်းကစား ဥပဒေတွေ၊ ပုဒ်မတွေ ရှိပါတယ်။

'အေအိုင်ဒီအက်(စ်)' ကို မူလကိုယ်ခံစွမ်းအား ချို့နည်းကျဆင်း' သည့် ရောဂါလို့ သတ်မှတ် ခေါ်ဝေါ် ကြတယ်။ ဒါဆိုရင်.... 'ချဲထီ' ကိုလဲ 'မူလစီးပွားဥစ္စာပျက်စီးကုန်ဆုံးသည့် လောင်းကစားနည်း' လို့ တင်မော် သတ်မှတ် ခေါ်ဝေါ်ချင်ပါတယ်။

တင်မော်ကို ရှင်းပြခွင့်ပြုပါ။ 'အေအိုင်ဒီအက်(စ်)'ရောဂါကြောင့် ရုပ်ရှင်မင်းသားကြီး ရော့ဟတ်ဆန် အပါအဝင် ကမ္ဘာပေါ်မှာ မူလကိုယ်ခံစွမ်းအား ချို့နည်းပြီး သေဆုံးခဲ့ရတဲ့လူတွေ ကိန်းဂဏန်းအရ မနည်းမနော ရှိသလိုပဲ၊ 'ချဲထီ' ကြောင့် တင်မော့်မိတ်ဆွေအချို့ အပါအဝင် မြန်မာပြည်မှာ မူလ ရှိထားတဲ့ စည်းစိမ် ဥစ္စာတွေ ပျက်စီး ကုန်ဆုံးပြီး အိမ်ပိုင်ရာပိုင် ဘဝကနေ တဲစုတ်ကလေးမှာ ပြောင်းနေရတဲ့ လူတွေ မနည်းမနော ရှိနေလို့ပါပဲ။ ဒါကြောင့် ခုနကပြောတဲ့ နာမည်လေးကို တင်မော် သတ်မှတ် ခေါ်ဝေါ်ချင်တာပါ။

ဒုတိယ အကြိမ်



ကမ္ဘာပေါ်မှာ 'အေအိုင်ဒီအက်(စ်)'ရောဂါကို ကူးစက်လွယ်ပြီး ကြောက်စရာကောင်းတဲ့ ရောဂါ တစ်ခု အဖြစ် သဘောထားပြီး နိုင်ငံတိုင်းက ဂရုတစိုက် ကာကွယ်စောင့်ရှောက် နေကြသလိုပဲ မြန်မာပြည်မှာလဲ 'ချဲထီ' လောင်းကစားနည်းကို ကူးစက်လွယ်ပြီး ကြောက်စရာ ကောင်းတဲ့ လောင်းကစားနည်း တစ်ရပ်အဖြစ် သတ်မှတ်ပြီး ပြည်သူ့လွှတ်တော်ကပါ လောင်းကစား ဥပဒေအသစ်ကို ပြဋ္ဌာန်းပေးပြီး ဂရုတစိုက် အရေးယူမှုတွေ ပြုလုပ်နေပါတယ်။

'ချဲထီ' လောင်းကစားနည်းဟာ အခုတော်လေးကို ပျံ့နှံ့နေပြီဆိုတော့ ပြင်းပြင်းထန်ထန် ဖမ်းဆီး အရေးယူနေတဲ့ကြားက ဆက်လက်ရှင်သန်နေဆဲ ဖြစ်နေတာပါပဲ။

တင်မော့် မိတ်ဆွေ အတော်များများ ချဲထိုးပြီး ဒုက္ခရောက်ကြတာကို တွေ့ရတော့ စိတ်မကောင်း အတော်ဖြစ်မိတယ်။ တင်မော်ကိုယ်တိုင်လဲ ဘာမှမကူညီနိုင်တော့ လက်ပိုက်ကြည့်နေခဲ့ရတယ်။

ဒီအချိန်မှာပဲ တင်မော့်အတွက် ကံကောင်းချင်တော့.... ငယ်သူငယ်ချင်း တစ်ယောက်နဲ့ မင်္ဂလာဈေးမှာ ဆုံခဲ့တယ်။ သူ့အဖေက ဆိုက္ကားနင်းရင်းဆုံးသွားလို့ မိခင်နဲ့ ညီမလေးကို လုပ်ကျွေးဖို့ ရှစ်တန်းနဲ့ ကျောင်းထွက်ခဲ့တဲ့ အဲဒီသိပ်ဆင်းရဲတဲ့ သူငယ်ချင်းဟာ မင်္ဂလာဈေးမှာ ချဲအောဒိုင်ကြီးတစ်ယောက် သူဌေးကြီးတစ်ယောက် ဖြစ်နေတာကိုတွေ့တော့ တင်မော် စပ်စုမိတယ်။

ဒုတိယ အကြိမ်

www.burmeseclassic.com



အဲဒီသူငယ်ချင်းက ပွင့်လင်းတယ်၊ ဆိပ်ခင်တဲ့ ငယ်သူငယ်ချင်းလည်း ဖြစ်တာမို့ ချဲဒိုင်နဲ့ပတ်သက်ပြီး သူ့လုပ်နည်းလုပ်ဟန်တွေ၊ သူ့အတွေ့အကြုံတွေကို မခြွင်းမချန်ပြန်ပြောပြတော့ တင်မော် မယုံနိုင်လောက်အောင် အံ့ဩခဲ့ရတယ်။

နောက်ပိုင်း တင်မော့်သူငယ်ချင်းတွေထဲက ချဲဝါသနာအိုးတွေကို တွေ့တိုင်း သူငယ်ချင်း ချဲဒိုင် ပြောပြထားတဲ့ အဖြစ်အပျက်တွေထဲက တချို့တစ်ဝက်ကို အချိန်ရရင် ရသလို ပြန်ဖောက်သည်ချပြီး ချဲထိုးတာကို စွန့်လွှတ်ဖို့ နားချမိတယ်။ တင်မော့်စကားကြောင့် သူငယ်ချင်း တချို့ ချဲလောကကို ကျောခိုင်း သွားကြတာမို့ ဝမ်းသာမိ သလို၊ တချို့က နားမထောင်ဘဲ ဆက်မိုက်ပြီး နောက်ဆုံး အိမ်ရောင်း၊ ကားရောင်းနဲ့ စီးပွား ပျက်သွားတာ မြင်တော့ ယူကျုံးမရ ဖြစ်မိတယ်။

ဒီမှာ တင်မော် စဉ်းစားတယ်၊ တင်မော့် အသိုက်အဝန်း ဘောင်ကျဉ်းကျဉ်းလေးထဲမှာတောင်မှ သူငယ်ချင်းချဲအောဒိုင်ရဲ့ အဖြစ်အပျက်တချို့တစ်ဝက်ကို ပြောပြရုံနဲ့ ချဲလောကကို စိတ်နာ ကျောခိုင်းသွားသူတွေ၊ ပြန် လိမ္မာသွားတဲ့ သူတွေ ရှိတယ်ဆိုရင် ချဲအောဒိုင်ရဲ့ ဘဝအစအဆုံးကို စာတစ်စောင်ပေတစ်ဖွဲ့ရေးပြီး ပရိသတ်အများရှေ့ ရောက်အောင် ပို့ပေးနိုင်ခဲ့ရင်.....။

ဟုတ်တယ်၊ ဖြစ်နိုင်တယ်၊ သူငယ်ချင်း ချဲအောဒိုင်ပြောခဲ့သမျှ သူ့ဘဝ အစအဆုံးကိုသာ ပြန်ရေးပြီး ပရိသတ်ရှေ့





ရောက်အောင်ပို့လိုက်မယ်ဆိုရင် ချဲထီလောင်းကစားလောကရဲ့ ကလိမ်ကျပုံ၊ ယုတ်မာပုံ၊ မတရားလုပ်ပုံတွေကို သိမြင်လာကြမှာ အမှန်ပဲ။ ဒါတွေကိုသိလာလို့မှ ချဲလောကထဲမှာ ဆက်မိုက်ဦးမယ် ဆိုရင် အင်းလေ.... သတ္တဝါတစ်ခု၊ ကံတစ်ခုပဲပေါ့။

အဲဒီ ရည်ရွယ်ချက်တွေကြောင့် ရုပ်ပြ အလုပ်တစ်ဘက်နဲ့ မအားလပ်တဲ့ကြားက လုံးချင်းဝတ္ထု တစ်ပုဒ်ကို ရေးထုတ်ဖြစ်ခဲ့တယ်၊ အားနည်းချက်တွေ အပြစ်တွေများ ပါလာခဲ့ရင်လဲ တင်မော့်ရဲ့ မူလရည်ရွယ်ချက်အပေါ် နားလည်ပြီး ခွင့်လွှတ်ပေးကြပါ၊ ထိုးသားအတွက် အကျိုးများမယ့် အချက်ဆိုလို့ စိုးစဉ်းမျှ မပါအောင် ကြိုးစားရေးခဲ့ပါတယ် ဆိုတာကိုတော့ ကြိုတင် အသိပေးပါတယ်။

ဝတ္ထုထဲက ဇာတ်ကောင်၊ ဇာတ်ရန်တွေဖြစ်တဲ့ ချဲဒိုင်တွေ ထိုးသားတွေနဲ့ပတ်သက်ပြီး တကယ်ရှိတဲ့ချဲဒိုင်၊ တကယ်ထိုးတဲ့ ထိုးသားတွေအကြောင်းကို နာမည်နဲ့ နေရပ်သာ ပြောင်းရေး ထားတာမို့ တိုက်ဆိုင်သူတွေ အများကြီး ရှိနေမှာပါ။

တိုက်ဆိုင်မှုရှိခဲ့ရင် ခွင့်လွှတ်ဖို့ လုံးဝ မတောင်းပန်ပါဘူး။ စိတ်တောင် မကူးပါဘူး၊ မကျေနပ်လို့ လေဖြတ် သေချင်လဲ သေလိုက်ကြပါ၊ တင်မော့်ကို ကျိန်ဆဲနေတယ်ဆိုတဲ့ သတင်းမျိုး ကြားချင်လဲ ဝမ်းသာကြည်နူးနေပါမယ်။

အဲ...သူတို့အတွက် သီးသန့်မှာချင်တာကတော့ မျိုးအောင်ဆို ဇာတ်ကောင် နာမည် ပြောင်းရေးထားတဲ့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ငယ်သူငယ်ချင်းကို တစ်ချိန်ချိန်မှာ သူတို့အားလုံး ဆုံခွင့်ရခဲ့ သူတွေမို့ မျိုးအောင်ဆိုတာ ဘယ်သူလဲဆိုတဲ့ လျှို့ဝှက်ချက်ကို အဲဒီအချိန်ကျရင် သူတို့ သိလာကြမှာပါ။ ဒီတော့ လောလောဆယ် စာအုပ်ဖတ်ရင်း ခေါင်းရှုပ်ခံ စဉ်းစားမနေကြပါနဲ့လို့ စေတနာနဲ့ အကြံပေးရင်း....။ ။

လေးစားစွာဖြင့်....

တင်မေ (မှာတူ)



ဟော့ကောင်...., တင်မေ....

မင်းနဲ့ငါနဲ့က ကျောင်းနေဖက် သူငယ်ချင်း ငယ်ငယ်ကတည်းက ကျောင်းမှာ တတွဲတွဲနေလာခဲ့တာ မဟုတ်လား၊ အေး ရှစ်တန်းရောက်တော့ ငါ့အဖေဆုံးသွားလို့ အိမ်ဝင်ငွေအတွက် အလုပ်လုပ်ရမယ်ဆိုပြီး ငါကျောင်းကထွက်ခဲ့တာလဲ မင်းအသိပဲနော်၊

အဲဒီနောက်ပိုင်း မင်းနဲ့ငါနဲ့ ကွဲသွားလိုက်ကြတာ မင်းလဲ ပန်းချီတွေရေး ဆောင်းပါးတွေရေးနဲ့ လုပ်နေတယ်လို့တော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့်စကား တစ်ဆင့်နား ပြန်ကြားရတာပဲ၊ လူချင်းတော့ မဆုံမိကြဘူး။

မဆုံတာလဲ မအံ့ဩနဲ့သေး၊ မင်းက တာမွေမှာပဲ ဆက်နေပြီး ငါကတော့ ရန်ကုန်မြို့အနှံ့ တစ်နေရာပြီး တစ်နေရာ ပြောင်းလိုက် ရွှေ့လိုက်နဲ့ နေခဲ့တာကိုး၊ အဲဒီအချိန်မှာ ငါက လဲ အလုပ်ပေါင်းစုံ လုပ်တယ်ဆိုပေမယ့် မင်းတို့ စာပေလိုင်းနဲ့က လုံးဝ မပတ်သက်တော့ မဆုံဖြစ်တာလဲ အဆန်းတော့ မဟုတ်ပါဘူး။

အဲ... အဲဒီလောက် နှစ်တွေအကြာကြီး ကွဲနေပြီးမှ ဆုံမယ့် ဆုံတော့လဲ မင်္ဂလာဈေးထောင့်ကလက်ဖက်ရည်ဆိုင်မှာ ကြုံကြုံ ဖန်ဖန် လာဆုံတာတော့ ဆန်းတယ်လို့ ပြောချင် ပြောလို့ရတာ ပေါ့ကွာ...

တွေ့တွေ့ချင်း ကုပ်ပိုးမှာ အရစ် အရစ်တွေ ထပြီး ဖေါ်းနေတဲ့ ငါ့ကို မင်းက မမှတ်မိပေမယ့် ငါကတော့ ငယ်ရုပ်မပျောက်တဲ့ မင်းကို အသေအချာပဲ မှတ်မိလိုက်ပါတယ်၊ မင်းနဲ့ အတူ ထိုင်နေတဲ့ စာရေးဆရာ ရွှေနေ ခင်မောင်လွင်ကို ငါက ကောင်းကောင်း သိနေတော့ မင်းတို့ စားပွဲမှာ ဝင်ထိုင်ပြီး ခင်မောင်လွင်နဲ့ လေကန်လိုက်သေးတယ်၊ အဲဒီအချိန် အထိ မင်း ငါ့ကို မမှတ်မိဘူး မဟုတ်လား။

အတော်လေးကြာမှ ငါ မင်းကို နာမည်ခေါ်ပြီး နှုတ်ဆက်တယ်၊ ဟား ဟား အဲဒီတုန်းက မင်း အူကြောင်ကြောင်ဖြစ်





နေပုံက တကယ်ဟားရတယ်ကွာ၊ ငါက 'ငါ့နာမည် မျိုးအောင် အ-ထ-က (၅) တာမွေက ရှစ်တန်းနဲ့ ထွက်ခဲ့တဲ့ ကျောင်းသားဟောင်းလေးပါ ခင်ဗျ' လို့ ပြောလိုက်တော့ မင်းပုံစံ ကြည့်ရတာ အံ့ဩသွားပုံပဲ ဟဲ...ဟဲ...။

မင်္ဂလာဈေးထဲက ငါ့ဆိုင်မှာ တို့နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေ ထိုင်ပြောနေလိုက်ကြတာ နှစ်နာရီလောက် အနည်းဆုံး ရှိမယ်နော်၊ အဲဒီ နှစ်နာရီလောက်အတွင်း ငါ့ရဲ့ အလှကုန်ဆိုင်လေးမှာဈေးဝင်မေးတဲ့လူတောင်မှ တစ်ယောက်မှ မတွေ့တော့ မင်း ငါ့အတွက် စိတ်မကောင်း ဖြစ်သွားပုံရတယ်။

'အရောင်းအဝယ်ကောင်းရဲ့လား မျိုးအောင်ရာ၊ အဆင်ရော ပြေရဲ့လား' မင်းက ငါ့ဆိုင် အခြေအနေကို ကြည့်ပြီး မေးသေးတယ်လေ၊ မှတ်မိတယ် မဟုတ်လား၊ အဲဒီတုန်းက ငါ ပြုံးပြုံးလေးပဲ နေလိုက်ပါတယ်။

ဩော်... ဒီလိုချိန်မှာ မျိုးအောင်ကို သနားတဲ့ လူ တစ်ယောက် ရှားရှားပါးပါး ရှိနေပါသေးလားလို့ စိတ်ထဲ တွေးရင်း ငါ ပြုံးလိုက်တာပါ တင်မောင်ရာ။

ပြန်ခါနီးကျတော့ မင်းက ငါ့ကို သနားလို့ ထင်ပါရဲ့ ငါ့ဆိုင်ကနေ ထုပ်မှာပြီးစားထားတဲ့ ဆီချက်နဲ့ အအေးဖိုးတွေ ရှင်းပေးဖို့ ပြင်တယ်၊ ငါက မျက်ရိပ်ပြလိုက်လို့ စားပွဲထိုး ကောင်လေးက ပိုက်ဆံမယူတော့ မင်းက အားနာလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးအောင်ရာ၊ မင်းဆိုင်က ဈေးဦးတောင် မပေါက်သေးဘူး၊ ငါက မင်းကို လာညှဉ်းသလို ဖြစ်နေပြီ' လို့ ပြောသွားသေးတယ်နော်။

ငါ သေချာမှတ်မိပါတယ် တင်မော်ရာ၊ ဘာလို့ဆိုတော့ အဲဒီစကားမျိုးတွေ ငါ့ဘဝမှာ မကြားရတာ အတော်ကြာခဲ့ပြီကိုးကွ၊ မင်းနဲ့ ထိုင်စကားပြောနေတဲ့ နှစ်နာရီအတွင်းမှာ ငါ့အိတ်ထဲကို ငွေဘယ်လောက် ဝင်နေတယ်ဆိုတာ မင်းသာ သိခဲ့ရင်၊ ဟဲ....ဟဲ....အေးလေ အခု ငါဆက်ရေးမှာက အဲဒီအကြောင်းပဲ သိရတော့မှာပေါ့။

* * *

ငါ ထင်ပါတယ်၊ မင်း ငါ့ဆီကအပြန် ခင်မောင်လွင်ဆီ ဝင်နှုတ်ဆက်ရင် ငါ့အကြောင်း သိမှာပါလေ၊ ဘယ့်နှယ့်ကွာ မျိုးအောင်ပဲ၊ မင်္ဂလာဈေး တစ်ဈေးလုံးမှာ ငွေတစ်သောင်း အထိ အထိုးခံတဲ့ ဒိုင်ကြီး မျိုးအောင်အကြောင်း ခင်မောင်လွင် ကောင်းကောင်းသိတာပေါ့။

ခင်မောင်လွင်လို ဆိုင်နဲ့ကနားနဲ့လူ မပြောနဲ့၊ ရေခဲရေ ရောင်းနေတဲ့ ကုလားလေးတွေသွားမေးရင်တောင် မျိုးအောင် ဆိုရင် သိကြတာပဲဟာ....။





ဟေ့ ကောင်တင်မော်....သေသေချာချာမှတ်ထား၊ ရန်ကုန်မြို့ရဲ့ အစည်ကားဆုံး ဈေးကြီးဖြစ်တဲ့ မင်္ဂလာဈေးမှာ ချဲထီ အောဒိုင်ဖွင့်ထားတဲ့ ကိုယ်ပိုင်ကားနဲ့ လာပြီး ခေမြာက် ချောက် အလုပ်ဆိုင် ဟန်ပြဖွင့်ထားတဲ့ မျိုးအောင် ဆိုတဲ့ ပုဂ္ဂိုလ်ဟာ မင်းရဲ့ ငယ်သူငယ်ချင်းပဲ၊ မှတ်ထား...မှတ်ထား။

* * *

ချဲထီတဲ့....မင်း သိတယ်မဟုတ်လား၊ ထိုးရော ထိုးဖူးတယ်မဟုတ်လား၊ ဘွာတေး ဘွာတေး မင်းက ထိုးဖူးလဲ ထိုးတယ်လို့ ဘယ်ဝန်ခံပါ့မလဲ၊ နိုင်ငံတော်အစိုးရက ချဲထီ ထိုးသားရော၊ ဒိုင်ကိုရော ဖမ်းဆီး အရေးယူနေတာပဲဟာ၊ မင်း မထိုးဖူးဘူးပဲ ထားပါတော့၊ မင်း ဘာမှမသိဘူးပဲ ထားပါတော့၊ မင်းကို ကျိန်လဲ မကျိန်ခိုင်းတော့ပါဘူး၊ ကျိန်ပါဆိုရင်လဲ မင်း ကျိန်ဆိုရဲမှာ မဟုတ်ဘူးလို့ ငါထင်တယ်၊ ဟဲ....ဟဲ ဟုတ်တယ်နော်။

ဒီလိုကွ ယိုးဒယားနိုင်ငံမှာ ထွက်တဲ့ ထီကိုဆိုလိုတာ၊ ကွာခြားချက်တော့ ရှိတာပေါ့ကွာ၊ သူတို့ အောင်ဘာလေထီက ဆယ့်ငါးရက်တစ်ကြိမ် ထွက်တယ်၊ အဲ....ဖေဖော်ဝါရီလမျိုး နှစ်ထပ်ရက်လဲ မဟုတ်ရင်တော့ တစ်မျိုးပေါ့၊ ပုံမှန်ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



လတိုင်း အင်္ဂလိပ်လဆန်း တစ်ရက်နေ့နဲ့ တစ်ဆယ့်ခြောက်ရက်နေ့တွေမှာ သူတို့ အောင်ဘာလေထီ ထွက်တယ်၊ အဲဒီမှာမှ သိန်းသုံးဆယ်တိတိပေါက်တဲ့ ဂဏန်းခုနစ်လုံးတွဲ နံပါတ်တစ်ခု ပါလာတယ်၊ ပေါက်တဲ့လူကတော့ သိန်းသုံးဆယ်တစ်ပါတည်း ရသွားတာပေါ့ကွာ၊ သိန်းသုံးဆယ်ဆိုလို့ တို့မြန်မာကျပ်ငွေလို့ပဲ ထင်မနေနဲ့ဦး၊ သူတို့ ယိုးဒယားနိုင်ငံမှာသုံးတဲ့ ဘတ်ငွေ သိန်းသုံးဆယ်ကို ရတာကွ။

အဲ...စကားမစပ် ပြောရဦးမယ်၊ ကောလာဟလ တစ်ခု ထင်ပါရဲ့၊ တစ်ခါကကြားဖူးလိုက်သေးတယ်၊ တို့မြန်မာလူမျိုးများ ဘယ်လောက် လောဘကြီးသလဲ ဆိုတော့ တို့နိုင်ငံမှာ အောင်ဘာလေ သိန်းထီ ရှိနေပါရက်နဲ့ အဲဒီ ယိုးဒယားထီကို ထိုးတယ်တဲ့ကွာ။ အဲ...ကံကလဲကောင်းတော့ သိန်းသုံးဆယ် ထပေါက်ရောဆိုပါတော့၊ ဖြတ်ပိုင်းနဲ့ သွားထုတ်ရမှာဆိုတော့ အဲဒီငွေတွေကိုလဲ လူကြုံနဲ့ ထုတ်မခိုင်းရဲဘူးပေါ့၊ ဒီတော့ မှောင်ခိုလမ်းကြောင်းက တစ်ဆင့် တစ်ဘက်နိုင်ငံကို ခိုးထွက်ပြီး ငွေသွားထုတ်တယ်၊ ငွေ ရမရတော့ မသိဘူး၊ အဲဒီလူ တွေတော့ အသက်ပျောက်ကုန်ဘယ်လို့ ကြားတာပဲ၊ လမ်းမှာပဲ လူဆိုးတွေက ဖြတ်လုသလိုလို၊ မတော်တဆ အဖြစ်ကြုံသလိုလို ကြားတာပဲ၊ ဒါကလဲ ကောလာဟလဆိုတော့ တုတ်ချင်မှလဲ ဟုတ်မှာပါလေ၊ ဟုတ်လဲ သနားစရာ မလိုပါဘူး၊ လောဘ ဒီလောက်ထွက်နေမှတော့ လောဘကြီးက မြန်မြန် ထွက်သွားတာ အေးတာပဲ မဟုတ်လား။





ကောလာဟလ အကြောင်း ပြောရတာနဲ့ ခုနက စကား ဘယ်ရောက်သွားပါလိမ့်၊ အဲ.... သိန်းသုံးဆယ်ပေါက်ဂဏန်း အကြောင်း ထင်တယ်၊ တုတ်ပြီ မှတ်မိပြီ၊ အဲဒီ သိန်းသုံးဆယ် ပေါက်ဂဏန်းက နံပါတ် ခုနစ်လုံးတွဲ ပါတယ်ဆိုတာ ပြောပြီးပြီနော်။

အဲဒီနံပါတ် ခုနစ်လုံးတွဲရဲ့ နောက်ဆုံးနံပါတ်သုံးလုံးကို တို့နိုင်ငံမှာ ချဲထီဆိုပြီး ဝိသမလောဘသားတွေက (ငါလဲပါတာပေါ့ကွာ) ဒိုင်ကိုင်ပြီး အလျော်အစား လုပ်နေကြတာကွ၊ ဂဏန်းသုံးလုံးဆိုတော့ စုစုပေါင်း နံပါတ်အလုံးရေ တစ်ထောင်မှာ ကြိုက်တဲ့နံပါတ်ကိုထိုး ပေါက်ရင် ဒိုင်ကိုင်တဲ့ ချဲဒိုင်က အဆ ၆၀၀ ပြန်လျော်ပေးတယ်၊ ဥပမာ-တစ်ဆယ်ဖိုးထိုးရင် ၆၀၀၀ ကျပ် ပြန်ပေးတာပေါ့ကွာ။ ပြီးတော့ အဲဒီ ပေါက်ဂဏန်း သုံးလုံးတွဲ နံပါတ်တွတ် ဆိုရင် ဆယ်ဆလျော်ပေးတယ်၊ ၁၀ ဖိုးထိုးရင် ၁၀၀ ပြန်လျော်တာပေါ့ကွာ။

ရှုပ်သွားပြီသား၊ မင်းက ချဲမထိုးဘူးတဲ့လူ မှန်ရင်တော့ ရှုပ်သွားမှာပဲ၊ အဲ ထိုးဖူးရင်တော့ မင်းလဲ အသေအချာ နားလည် နေမှာပါ။

ခုနက ငါပြောခဲ့သလိုပဲ၊ မင်းက မထိုးဘူးတဲ့လူအနေနဲ့ပဲ လက်ခံယုံကြည်လိုက်ပါတော့ရဲ့၊ ကဲ မင်း နားလည်အောင် ထပ်ရှင်းပြမယ်။

မင်းသိပြီးသား ဆိုရင်လဲ သည်းခံပြီးတော့ ဖတ်ပေါ့ကွာ၊ ငါကတော့ မင်းကို မယုံတယ်နဲ့ပဲ ရှင်းပြရတော့မှာပဲ တင်မောင်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ့်ကွာ၊ စာစောင်တစ်ခုမှာ လိုင်းပေါင်းစုံ တင်မော် (ဓာတု)ဆိုပြီး မင်းအကြောင်း ဆောင်းပါးရှင်တစ်ယောက် ရေးတာ ငါဖတ်ဖူးတာပဲ၊ လိုင်းပေါင်းစုံဆိုတဲ့ မင်းလိုကောင် ကို တချို့ ချာတိတ်ကလေးတွေတောင်မှ သိတဲ့ အခုကိစ္စကို ရှင်းပြရမှာ ရယ်စရာတော့ အကောင်းသား၊ ငါကတော့ ရယ် ချင်တယ်။ မင်းရော ဘယ်လိုလဲ ပြုံးနေပြီလား။

ထားတော့။ ငါရှင်းပြမယ်ဆိုတဲ့ စကားအတိုင်း ငါက တော့ ရှင်းပြလိုက်ပါမယ်၊ ဆိုတော့ကွာ သိန်း သုံး ဆယ် ပေါက်ဂဏန်း ခုနစ်လုံးတွဲက ၁၂၃၄၅၆၇ ဆိုပါတော့၊ အဲဒီမှာ တို့ဆီက ချဲဒိုင်တွေ အလျော်အစား လုပ်ကြတာက ၅၆၇ ဆိုတဲ့ နောက်ဆုံးဂဏန်း သုံးလုံးတွဲနံပါတ်ပဲ၊ ၅၆၇ ကို ၁ ဖိုး ထိုးထားတဲ့လူက ၆၀၀၀ ရမယ်၊ ၅၆၆ နဲ့ ၅၆၈ ထိုးထားတဲ့လူက ၁၀၁ ရမယ်။

အဲဒီ ၅၆၆ နဲ့ ၅၆၈ ကို ဘေးတိုက်လို့ ခေါ်ကြတယ်ကွ၊ အဲ နောက်ပြီး ၅၇၆၊ ၆၅၇၊ ၆၇၅၊ ၇၅၆၊ ၇၆၅ နံပါတ်တွေ ထိုးသွားရင်လဲ ၁၀၀ ရမှာပဲ၊ အဲဒါတွေကိုတော့ ပတ်လည်လို့ ဆိုသကွ၊ ဘာပဲပြောပြော ၆၀၀၀ ရတဲ့လူက "တည့်"၊ ၁၀၀ ရတဲ့လူက "တွတ်" လို့ ခေါ်ဝေါ်သုံးစွဲ ကြတယ်။ "တည့်"ဆိုတဲ့ ဝေါဟာရကိုတော့ ငါ နားလည် ပါတယ်၊ တည့်တည့် ဝင်တိုးလို့ရတဲ့ သဘောမဟုတ်လား။

အေး…. "တွတ်"ဆိုတာကတော့ ဘယ်က ဘယ်လို ဆင်း သက်လာတဲ့ ဝေါဟာရလဲ မသိဘူး။





ကဲပါ၊ ဝေါဟာရကိစ္စတွေ ခဏ ခေါက်ထားလိုက်ကြဦး စို့ရဲ့၊ အဲဒီ ဂဏန်းသုံးလုံး ကိစ္စ ဆက်ကြရအောင်၊ မင်း စဉ်းစားကြည့်၊ ဂဏန်းသုံးလုံးတွဲပေါင်း အလုံး ၁၀၀၀ မှာ တစ်တွဲ တည့်တည့်ပေါက်တဲ့လူကို အဆ ၆၀၀ ပဲ ပြန်လျော် တယ်ဆိုတော့ ဒိုင်ကိုင်တဲ့လူဘက်က အဆပေါင်း ၄၀၀ အလကားရသလို ဖြစ်မနေဘူးလား၊ အခွင့်အရေးက တစ်ဘက် စောင်းနင်း အခွင့်အရေးယူသလို ဖြစ်မနေဘူးလား၊ အဲဒီမှာ ဒိုင်ကိုင်တဲ့လူတွေ မှိုလိုပေါက်လာတော့တာပဲ၊ အချောင်ရရှင် စိတ်ဝင်စားတတ်တဲ့ သဘော အတိုင်း ဒီ ချဲဒိုင် လုပ်တာ အချောင်ရတဲ့ လုပ်ငန်းလို့ နားလည်လာတော့ အလုအယက် လုပ်တော့တာပေါ့ကွာ။

နိုင်ငံတော်ကလဲ ကြည့်မနေပါဘူး၊ ဥပဒေ အသစ်တွေ ပြဋ္ဌာန်းပြီး အဲဒီ ဒိုင်တွေကို အရေးယူတော့တာပဲ၊ အဲဒီလို အရေးယူချိန်မှာ လောဘသားတွေက တချို့ ရပ်လိုက်ကြ ပေမယ့် တချို့ကတော့ ဆက်လုပ်နေကြတာပါပဲ။

အဲ…. လုပ်တဲ့နေရာမှာ အရင်လောက် လုပ်ရတာ မလွတ် လပ်တော့ဘူး၊ အန္တရာယ်များလာပြီဆိုပြီး အရင် အဆ ၆၀၀ လျော်နေရာက အဆ ၅၅၀ ပဲ လျော်တာတွေ ဖြစ်လာတယ်။ ဒါတောင်မှ ငါးကျပ်ဒိုင် အထိပဲ အဆ ၅၅၀ လျော်ကြတာ၊ သုံးကျပ်၊ နှစ်ကျပ်၊ တစ်ကျပ် ဒိုင်တွေဆိုရင် အဆ ၅၀၀ ပဲ လျော်တော့တယ်။

ဘယ်နှစ်ဆပဲရရ အချောင် ရတာပဲလို့ သဘောထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုးတဲ့ လောဘသားတောင် ထိုးသားတွေကလဲ ရှိနေတော့ အလုပ်ကတော့ ဆက်ဖြစ်နေကြတာပေါ့ကွာ၊ မတရားမှန်း သိပေမယ့် ကိုယ့်လောဘ ကိုယ်မသတ်နိုင်ကြတော့ ထိုးသားတွေလဲ ခေါင်းငုံ့ပြီး ခံနေကြတယ်ပဲ ဆိုပါစို့ရဲ့....

အဲဒီမှာ ချဲစာအုပ်လေးတွေနဲ့ ကိုင်တဲ့ ချဲဒိုင်ခတွေ အပြင် ချဲစာအုပ်မရှိဘဲ ထိုးချင်သလောက်ထိုး၊ အထိုးခံတယ် ဆိုတဲ့ အောဒိုင်တွေလဲ ပေါ်လာခဲ့တာပဲ။ စာအုပ်ဒိုင် ဆိုတာက ၅ိ၊ ၁ဝိ၊ ၅ဝိ၊ ၁ဝဝိ၊ ၂ဝဝိ၊ ၅ဝဝိ လောက်အထိ စာအုပ်လေးနဲ့ အမှတ်အသား လုပ်ရောင်းပြီး ငွေပြည့်ရင် အဲဒီ ဂဏန်းကို အထိုးမခံတော့တဲ့ ဒိုင်တွေပေါ့။

အဲဒီလို အထိုးမခံတော့တဲ့ ဂဏန်းတွေကို ပေါက်မယ်လို့ စိတ်ထဲက ယုံကြည်သွားတဲ့လူတွေက အဲဒီဂဏန်းကို အောဒိုင်ဆီမှာ ထိုးရတော့တာပဲ။ 'အောဒိုင်'ဆိုတဲ့ ဝေါဟာရက ပုံ 'အောပြီး'အထိုးခံတဲ့ဒိုင်ကို ခေါ်တယ်လို့ ငါတော့ ထင်တာပဲ၊ ငါကိုယ်တိုင်က အောဒိုင် ဖြစ်ခဲ့ပေမယ့် အဲဒီ အောဒိုင်ရဲ့ ဝေါဟာရ အဓိပ္ပာယ်ကို အခုထိ တိတိကျကျ ငါမသိသေးတာ အမှန်ပဲ တင်မော်ရေ -။

ဩော်....ပြောရဦးမယ်၊ ဟိုတစ်ခါ မင်းနဲ့ဆုံတုန်းက မင်းနဲ့ ထိုင်စကားပြောနေတဲ့ နှစ်နာရီ အတွင်းမှာ ငါ့အိတ်ထဲကို ငွေဘယ်လောက် ဝင်နေတယ်ဆိုတာ မင်းသာ သိခဲ့ရင် အံ့ဩသွားမှာပဲ ဆိုတဲ့ သဘောမျိုး ငါ ပြောခဲ့တယ်နော်၊ မင်းက ထင်မှာပဲ၊ ငါ ကြွားလုံးထိုက်တာလို့....။





တကယ်တမ်းဆိုလေ၊ အခု ငါပြောသလို ငါက အောဒိုင်ဆိုတာ မှန်ပြီပဲ ထားပါတော့၊ ဝင်ငွေကောင်းနေတယ် ဆိုတာလဲ မှန်တယ်ပဲ ထားပါဦး၊ မင်းနဲ့ ထိုင် စကားပြောနေချိန်မှာ ငါ့ဆီကို ဘယ်ထိုးသားမှ ချဲလာမထိုးဘဲ ငွေလာမပေးဘဲ ငါ့အိတ်ထဲ ဘယ်လိုငွေဝင်မလဲ၊ အဲဒီတော့ မင်းစိတ်ထဲ အကြွားထိုက်လိုက်တာလို့ပဲ ငါ့ကို ထင်ချင်ထင်နေမှာပေါ့။

လက်ခွဲဒိုင်တဲ့၊ မင်း ကြားဖူးလား၊ ဩော်....အေး၊ အေး မင်းမသိဘူး၊ မင်းက ချဲသမားမဟုတ်ဘူး၊ ချဲ မထိုးဖူးဘူး၊ ငါ မေ့သွားလို့ တင်မော်ရေ၊ ဆောရီး....ဆောရီး....။

ငါက တစ်သောင်းဖိုး 'အောဒိုင်' ကိုင်တယ် ဆိုပေမယ့် ငါ့ဆီမှာ ဘာဘောက်ချာ၊ ဘာစာအုပ်၊ ဘာသက်သေခံ အထောက်အထားမှ မရှိဘူး တင်မော်၊ ဒါကြောင့်လဲ မင်္ဂလာ ဈေးလို နေရာမျိုးမှာ ရဲရဲတင်းတင်း ကိုင်ရဲခဲ့တာပေါ့၊ ငါ့ အတွက် တကယ်လှုပ်ရှားနေကြတာက စောစောက ပြောတဲ့ လက်ခွဲဒိုင်တွေပဲ၊ ငါ့ဆီမှာ စုစုပေါင်း ဆယ်ယောက်ရှိတယ်။

ကျောက်မြောင်းဘက်က လူစည်တဲ့ လက်ဖက်ရည်ဆိုင် ပိုင်ရှင်က တစ်ယောက်၊

တာမွေဈေးထဲမှာ ကုန်စို ရောင်းနေတဲ့ မိန်းမကြီး တစ် ယောက်၊

'........'ရုံးမှာ အငယ်တန်းစာရေးလုပ်နေတဲ့ စာရေးမကြီး တစ်ယောက်၊ သူ့ယောက်ျားကလဲ ရပ်ကွက်ထဲမှာ ကျူရှင် ပြရင်း ကူရောင်းပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'...'ရှုံးချုပ်မှာလဲ စာရေးကြီးတစ်ယောက် ရှိသေးတယ်။ လေဟာပြင်ဈေး အထည်ဆိုင်က နှစ်ယောက်၊ ဗိုလ်ချုပ်ဈေးမှာ လုပ်ရှားတာက နှစ်ယောက်၊ ဈေးသစ်က တစ်ယောက်၊ တောင်ဥက္ကလာပဈေးမှာက တစ်ယောက်ဆိုတော့ အားလုံးပေါင်း ဆယ်ယောက်ပေါ့ကွာ။

ဒါကြောင့် ပြောတာပေါ့၊ မင်းနဲ့ စကားပြောနေတဲ့ နှစ်နာရီ အတွင်းမှာကို ငါ့လက်ခွဲဒိုင်တွေဆီမှာ ငါ့အတွက် ငွေတွေက ဝင်နေတယ်လေ၊ သူတို့လုပ်ရှားလို့ ရောင်းရသမျှ ငွေတွေက ငါ့အတွက် ငွေတွေပဲပေါ့၊ ငါ အကြွားတိုက်တာ မဟုတ်ဘူးဆိုတာယုံပါပြီနော်၊ ငါ့မှာ လက်ခွဲဒိုင်ဆယ်ယောက် ရှိတယ်ဆိုတာကို မင်းမို့သာ ဖွင့်ပြောတာ၊ တကယ်တော့ ဘယ်သူမှ မသိကြဘူး။

အရှင်းဆုံးပြောရရင် အဲဒီ လက်ခွဲဒိုင် ဆယ်ယောက်လဲ တစ်ယောက်နဲ့ တစ်ယောက် မသိကြဘူး၊ ဘယ် အသိခံလို့ ဖြစ်မလဲ၊ သိရင် ငါ့အပေါ်မှာ အယုံအကြည် နည်းသွားမှာပေါ့၊ သူတို့အခနနဲ့ ငါ့အပေါ်မှာ သံသယမဝင်ဘဲ အပြည့်အဝ ယုံကြည်နေဖို့က ငါ့အတွက် အရေးကြီးဆုံးပဲ တင်မောင်ရ၊ ဒီတော့ အဲဒီကိစ္စကို အထူး လျှို့ဝှက်ထားရတာပေါ့။

ဒီနေရာမှာ ခေါင်းသုံးရတယ်၊ ငါက ရှစ်တန်းအထိပဲ ကျောင်းနေခဲ့ရတယ် ဆိုပေမယ့် ဒီကိစ္စမှာတော့ ငါ့ခေါင်းက တော်တော်ထက်တယ်လို့ ပြောရမှာပဲ။

ငါ့လက်ခွဲဒိုင်တွေကို စည်းကမ်းတွေ ထုတ်ထားတယ်၊





(တစ်) တစ်ယောက်ကို နံပါတ်တစ်လုံး တစ်ထောင်အထိပဲ ရောင်းရမယ်၊ အဲဒီထက်ပိုပြီး ထိုးချင်တဲ့ လူတွေပေါ်လာရင် ညဘက်မှာ ငါ့ဆီ ဖုန်းဆက်ရမယ်၊ အဲဒီမှာ ငါက စာရင်းတွေကြည့်ပြီး ဘယ်လောက်ဖိုးအထိ ထပ်အထိုးခံမယ်လို့ ဖုန်းထဲက ပြန်ပြောမယ်။

(နှစ်) ဘာအကြောင်းကြောင့်ဖြစ်ဖြစ် အိမ်ကို မလာရဘူး၊ သေရေးရှင်ရေး ပြဿနာတစ်ခုခု ဖြစ်လာလို့ မလာမဖြစ် လာမှ ဖြစ်မယ်ဆိုရင်လဲ ဖုန်းနဲ့ ကြိုဆက်၊ ငါက ခွင့်ပြုမှ လာရမယ်။

(သုံး) မင်္ဂလာဈေးက ငါ့ဆိုင်ကို လုံးဝမလာရ၊ ရှင်းရှင်း ပြောရရင် သူတို့နဲ့ ငါနဲ့ မင်္ဂလာဈေးထဲမှာ လုံးဝ ဆုံခွင့်မရှိ၊ မတော်တဆ ဆုံခဲ့ရင် တောင် မှ နှုတ်မဆက်ရဘူး၊ ကင်းကင်းရှင်းရှင်း နေရမယ်။

(လေး) ချဲနံပါတ်ထွက်လာလို့ ပေါက်ရင် လျော်ရမယ့် ငွေကို ငါကိုယ်တိုင် သူတို့အိမ်လာပို့မယ်၊ ဒါမှမဟုတ် တခြား နေရာတစ်ခုခုမှာ ချိန်းပြီး ပေးမယ်၊ ငါ့အိမ်ကို လာစရာမလိုဘူး၊ သူ့အိမ်ကို ပို့မယ်ဆိုရင်လဲ အချိန်အတိအကျမချိန်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါ့ဘာသာရောက်ချင်တဲ့အချိန်မှာ ရောက်လာမယ်၊ သူတို့က စောင့်၊ အဲ…စောင့်တဲ့အချိန်မှာလဲ လူပိုတွေ တစ်ယောက်မှ မရှိစေနဲ့၊ နှစ်ယောက်ချင်းပဲ ရှင်းမယ်။

(ငါး) မတော်တဆ အဆက်ဆိုင်ရာက သူတို့ကိုမိသွားရင် သူတို့ကိစ္စ သူတို့ဖြတ်အောင်ရှင်း၊ ငါ့ဆီရောက်မလာစေနဲ့၊ ရောက်လာလို့ကတော့ မောင်ကောင်လုပ်တဲ့လူလဲ မလွယ်ဘူး၊ သူတို့မိသားစုကိုပါ ဒုက္ခပြန်ပေးမယ်၊ (အဲဒီအတွက် ငါ့မှာတပည့် လူမိုက်နှစ်ယောက် မွေးထားတာလဲ သူတို့ တစ်သာမြင်သာဖြစ်အောင် ပြထားပြီးသား)

ကဲ… ငါ့ခေါင်း ဘယ်လောက်ကောင်းတယ်ဆိုတာ မင်းယုံသွားပြီ မဟုတ်လား၊ ငါ့လက်ခွဲဒိုင်တွေလဲ ဘယ်နည်းနဲ့မှ တစ်ယောက်နဲ့တစ်ယောက် သိစရာ၊ ရင်းနှီးစရာအကြောင်းမရှိတော့ဘူး။

ဒီတော့ သူတို့စိတ်ထဲမှာ ငါ့ကို အခုလို လက်ခွဲဒိုင်တွေ ဆယ်ယောက် ချုပ်ကိုင်ထားတယ်လို့ မထင်တော့ဘဲ သူတစ်ယောက်တည်းကိုပဲ ကိုင်ထားတယ်လို့ ယုံကြည်သွားရော။

ယုံကြည်တော့ ဘာအကျိုးရှိသလဲ၊ သူ့ဆီက လာအပ်ထားတဲ့ နံပါတ်တွေထဲက တစ်ထောင်ကွက်က ပေါက်သွားရင် လျော်ရမယ့် ငွေငါးသိန်းခွဲကို ငါ မှန်မှန်ကန်ကန် လျော်နိုင်





မယ်ဆိုတာ စိတ်ချသွားတာပေါ့၊ စိတ်ချတော့ အလုပ်ကို ပိုကျိုးစားမယ်၊ အကွက်များများ ငွေများများရမယ် ဒါပဲပေါ့ တင်မောင်ရာ…။

မင်္ဂလာဈေးထဲမှာ တစ်သောင်းဖိုးအထိ အောဒိုင်ကိုင်တဲ့ မျိုးအောင်ကို ရေခဲခရ ရောင်းတဲ့ ကုလားလေး သွားမေးရင် တောင်မှ သိတယ်လို့ မင်းကို ငါပြောခဲ့မိသေးလား။

အေး… ဟုတ်တယ်၊ ငါမှတ်မိပြီ ငါပြောခဲ့တယ်နော်၊ အဲဒါက ဒီလိုကွ၊ မင်းသိတဲ့အတိုင်း မင်္ဂလာဈေး ဆိုတာက ဖွင့်တာ မကြာသေးပေမယ့် စိန်ဂျွန်းဈေးက အုံနဲ့ ကျင်းနဲ့ ပြောင်းလာကြတာဆိုတော့ အင်မတန် စည်တဲ့ဈေး အင်မတန် ရောင်းကောင်းတဲ့ဈေး၊ အင်မတန် သူဌေးပေါတဲ့ဈေး မဟုတ်လား။

အဲဒီဈေးမှာကျတော့ ငါက ဘယ်သူ့ကိုမှ လက်ခွဲမထားတော့ဘူး၊ ငါကိုယ်တိုင် ကိုင်တာပေါ့၊ ငါရောင်းတဲ့ဆိုင် ငါ့စီးတဲ့ကား၊ ငါနေတဲ့အိမ်ရဲ့ အခြေအနေနဲ့ဆိုတော့ သူဌေးတွေကလဲ ယုံတယ်လေ၊ ထိုးအား သိပ်ကောင်းတဲ့နေရာမို့ အဲဒီက ပိုက်ဆံကိုတော့ ဘယ်သူ့လက်မှ လက်ခွဲမပေးဘဲ ငါကိုယ်တိုင် လုပ်ရှာနေတာပေါ့…။

ဩော်… မင်းကို လက်ခွဲရောင်းတာနဲ့ ကိုယ်တိုင်ကိုင်ရောင်းတာ ဘာကွာသလဲ ရှင်းမပြရသေးဘူး၊ လက်ခွဲဒိုင် ဆိုတာက သူတို့ကို ရောင်းရသမျှ ငွေပေါ် ကော်မရှင် ၁၅ ရာခိုင်နှုန်း ပေးရတယ်လေ၊ ဆိုလိုတာက လက်ခွဲဒိုင်က ငွေရှင်းရင် အ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းထားတာ နှစ်သိန်းဖိုး ဆိုပါတော့ တစ်သိန်းအတွက် ကော်မရှင် တစ်သောင်းခွဲနဲ့၊ နှစ်သိန်းအတွက် သုံးသောင်း သူ့ကို ပြန်ပေးရတာကွ....။

သူတို့ကလဲ ဒီငွေနှစ်သိန်းဖိုး ရောင်းရဖို့အတွက် သူတို့ ချည်းပဲ လိုက်ရောင်းတာ မဟုတ်ဘူး၊ သူတို့ကတစ်ဆင့် နောက် ထပ် လက်ခွဲ အောဒိုင်အသေးလေးတွေ မွေးပြီး ကော်မရှင် ၁၀ ရာခိုင်နှုန်းနဲ့ လိုက်ဖြန့်ရောင်းတာ၊ အဲဒီကရတဲ့ ငွေတွေ အားလုံးပေါင်းပြီး သူက ၅ ရာခိုင်နှုန်း အိတ်ထဲ ထည့်လိုက် ပြီးမှ ငါ့ဆီကို လာရှင်းပေးတာ ပါးစပ်ဖျားကလေး စိုတ်ပြီး ခေါင်းပုံဖြတ်တာပေါ့ကွာ။

ဆိုတော့.... မင်္ဂလာဈေးလို တစ်ကြိမ်ထွက်တိုင်း သုံးလေး သိန်းဖိုးလောက် ရောင်းအားရှိတဲ့ နေရာမှာကျတော့ သူတို့ ကို ဘယ်ကော်မရှင် ငါးသောင်း၊ ခြောက်သောင်း ပြန်ပေး တော့မလဲ၊ ဖိတ်ချင်းဖိတ် ငါ့အိတ်ထဲပဲ အဖိတ်ခံမှာပေါ့၊ စားချင်းစား ငါပဲ စားမှာပေါ့....။

ဒီနေရာကျတော့ ငါ့မိန်းမက တော်သွားပြန်ရောကွ၊ မိန်းမ ဆိုလို့ ငါ့မိန်းမ အကြောင်း မင်းကို မပြောရသေးဘူးနော်၊ အေးပါ ပြောမှာပါ၊ ငါ့ဘဝအကြောင်းပြောရင် ငါ့မိန်းမ မိမိကြီး အကြောင်းက အလိုလိုပါလာမှာပါ။

စိတ်တော့ ရှည်ကွာ.... လက်ဖက် ကောင်း စားချင်ရင် ပလောင် တောင်တက် နှေးရသတဲ့ဆို မဟုတ်လား၊ အေးပေါ့၊ ဖြည်းဖြည်းပေါ့၊ လာမှာပေါ့၊ စောင့်ပေါ့....။





ငါ့မိန်းမက ဘယ်လောက် အကွက်မြင်သလဲဆိုတော့ အဲဒီ မင်္ဂလာဈေးထဲမှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင် ဝယ်ဖွင့်လိုက် တယ်၊ ပြီးတော့.... ငါ့ဆီလာထိုးသမျှ နံပါတ်တွေကို သူက ဘောက်ချာဖြတ်ပေးတယ်၊ ဘောက်ချာကို စားပွဲထိုး ကောင် လေးတွေနဲ့ ထိုးတဲ့လူဆီ ချက်ချင်းသွားပို့တယ်။

ဟိုလူက ဘောက်ချာရမှ ငါ့ဆီကို ဒီအတိုင်း ဘာစာရွက် စာတမ်းမှ အိတ်ထဲထည့်မလာဘဲ ငွေသာချေရတယ်၊ ဒီအချိန် မှာ သက်ဆိုင်ရာက လာစစ်လဲ ပူပင်စရာ မလိုဘူးလေ၊ ငါတို့ ဈေးသည်ချင်း ပစ္စည်းဖိုး အပြန်အလှန် ငွေချေတဲ့ သဘော ဖြစ်နေမှပဲ ဟဲ ဟဲ....။

မင်းတွေးကြည့် တင်မောင်....ငါ့မိန်းမ တော်ပုံပြောပါတယ်၊ ငါက နာမည်ထွက်နေတော့ ငါ့ကို အန္တရာယ်မဖြစ်ဖို့ သူမို့ စိတ်ကူး ကောင်းသကွာ၊ ငါ့ဆီကို လာရင် ဂဏန်းလေးနဲ့ ထိုးမယ့်ငွေတန်ဖိုး ရေးထည့်ထားတဲ့ စက္ကူစုတ်လေးပဲ ရောက် လာတာ ပြီးတော့ ထိုးသား နာမည်လဲ ပါသပေါ့ခလေး။

အဲဒီ လာထိုးတဲ့လူကတော့ ဈေးထဲက ဈေးသူ ဈေးသား ပါပဲ၊ ဒါပေမယ့် သူ့ကို နောက်တစ်ရက် ချိန်းပြီး ညကျမှ အိမ်က ဘောက်ချာရေးယူလာလို့ မရဘူးကွ၊ ဘာဖြစ်လို့လဲ ဆိုတော့ များသောအားဖြင့် အဲဒီ ဈေးသူ ဈေးသားကိုယ်တိုင် ထိုးတာ မဟုတ်ဘဲ သူ့မိတ်ဆွေ ထိုးခိုင်းတာကို လာထိုးတာ ဖြစ်နေတတ်တယ်၊ သူ့မိတ်ဆွေကတော့ အဲဒီဆိုင်မှာ ထိုင်စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေမှာပေါ့၊ ဘောက်ချာရပြီး သူလိုချင်တဲ့ ဂဏန်းရပြီဆိုတာ သေချာမှ ငွေချေပြီး ပြန်မှာပေါ့....။

ဒီတော့ ဘောက်ချာက ချက်ချင်းဖွင့်ပေးမှ ရခယ်ဆိုဘာ မင်းသခဘာပေါက်ပြီ နော် ကဲ.... မင်းလဲ ငါ့ဆိုင်ကို ရောက်ဖူး သားပဲ၊ ရှေ့မှာ လူတွေ ဥဒဟို သွားလာနေကြတာဆိုတော့ အဲဒီလို နေရာမျိုးမှာ ဘယ်လိုလုပ်ပြီး ဘောက်ချာဖွင့်ပေးရမှာ လဲ၊ ပြီးတော့ စောစောက ပြောသလို ငါ့ဘ နာမည်ကြီး ဆိုတော့ ငါ့ဆိုင်မှာ ဘောက်ချာစာအုပ်ထားဖို့ ဆိုတာကိုက မလွယ်ပါဘူး၊ သက်ဆိုင်ရာက သတင်းရလို့ ဝင်ရှာရင် တစ်ခါ တည်း လက်ထိပ်ကလေးနဲ့ ပါသွားမှာပေါ့....။

ဒါကြောင့် ငါ့မိန်းမကို ငါ ချီးကျူးနေတာပေါ့၊ သူက လက်ဖက်ရည်ဆိုင် ကောင်တာခုံကို သေချာ အကျအန ပုံစံ ထုတ်ပြီး အပ်ထားတာ၊ လက်ဖက်ရည် သောက်တဲ့ လူတွေ နေရာက ကြည့်ရင် စာရင်း တွက်ချက်နေတယ်လို့ပဲ ထင်နေချိန် မှာ သူက ဘောက်ချာကို သေချာ အကျအန ဖွင့်နေတာကွ။

ပြီးတော့ ကြည့်ဦး၊ ဘယ်လောက် ဉာဏ်များတဲ့ မိန်းမလဲ ဆိုတာ တစ်ဆိုင်လုံးသောက်ဖို့ လက်ဖက်ရည်အဖန်အိုး တည် ထားတဲ့ မီးသွေးမီးဖိုကြီးကို သူ့ လက်သစ်ကမ်းနားမှာ ထား တယ်၊ ပူတော့ နည်းနည်းပူတာပေါ့ကွာ၊ ဒါပေမယ့် သူပြော သလို ဆိုရရင်၊

'ကျော့ပူတာက အကြောင်းမဟုတ်ဘူး မောင်ရေ့၊ ရင်အပူ မခံနိုင်ဘူး၊ မတော်တဆ ရှာမယ်ဖွေမယ်ဆိုရင် ဒီဘောက်ချာ





စာအုပ်ကို မီးဖိုထဲ ပစ်ထည့်လိုက်ရုံပဲ၊ ရင်အပူမခံချင်လို့ ကျော့ အပူခံနေတာ မောင်ရေ့ တဲ့၊ ကဲ မင်းဘာပြောဦးမလဲ ထင် မော်၊ ပြောလေ ယိုကွက်ဘာကွက်တွေ့ရင်ပြော၊ ကဲ...မင်း မပြောနိုင်ဘူး မဟုတ်လား၊ ဒါဆို ငါဆက်ပြောမယ်။

* * *

ဟေ့ကောင်ရ...။

မင်းစိတ်ကို ငါ ကောင်းကောင်းသိပါတယ်၊ ငယ်ငယ်ကတည်း က ပေါင်းလာတာပဲ၊ ဘယ်မသိဘဲ နေပါ့မလဲ၊မင်းက ရှစ် တန်းနဲ့ ဆင်းရဲလို့ ကျောင်းထွက်လိုက်ရတဲ့ မောင်မျိုးအောင် ဘဝကနေ ကြီးပွားချမ်းသာလာတဲ့ အောင်ဒိုင်ကြီးဦးမျိုးအောင် ဘယ်လိုဖြစ်လာသလဲဆိုတာကို သိပ်သိချင်နေပြီ မဟုတ်လား။ အဲဒီလို ဘဝအပြောင်းအလဲဖြစ်ပုံကို သိရရင် မင်းအတွက် စာရေးဖို့ ကုန်ကြမ်းလေး ဘာလေး ရမယ်ဆိုပြီး စိတ်ဝင် တစား နားထောင်နေတာ မဟုတ်လား။

'ဟင့်အင်း ငါ မပြောနိုင်သေးဘူး၊ အခုအချိန်မှာ အဲဒီ ဇာတ်လမ်းကို ပြောလိုက်ရင် မင်း ဇာတ်ရည်လည်မှာမဟုတ် သေးလို့ မပြောသေးတာကွ၊ ငါ့ဘဝအပြောင်းအလဲက ချူ



www.burmeseclassic.com

www.burmeseclassic.com



ကာနေ ဖြစ်လာတာဆိုတော့ ချဲ့အကြောင်း အပြည့်အစုံ မင်းကို ရှင်းမပြသေးဘဲ ပြောပြလိုက်ရင် မင်း ဦးနှောက် စားသွားလိမ့်မယ်၊ ဒါကြောင့် စိတ်ရှည်ရှည်နဲ့ ငါပြောတာလေး ဆက်နားထောင်ပါကွာ၊ ငါ့ဇာတ်လမ်းက မကြာခင် စတော့မှာပါ၊ ကဲ....စိတ်ရှည်ရှည်ထား ဟုတ်လား။

* * *

ငါ့ဆီမှာ ချဲလာထိုးတဲ့ လူတွေ မင်းကို တစ်ခါလောက် မြင်ဖူးစေချင်တယ်၊ တကယ့် လူကြီးလူကောင်းပုံစံ ခန့်ခန့်ကြီးတွေရော၊ ကိုရီလာ ကိုယ်တိုင်စီးလာတဲ့ ချာတိတ်တွေရော၊ ကတော်ဆယ်ပါးထဲမှာ တစ်ပါးအပါအဝင် ဖြစ်မှာသေချာတဲ့ မိန်းမကြီးတွေရော၊ နတ်ကတော်တွေရော အိုကွာ....အဲဒီလူတွေဟာ လောင်းကစား လုပ်ပါတယ်လို့ပြောရင် ဘယ်လိုမှမထင်ရတဲ့ လူတွေချည်းပဲ။

ထိုးတော့လဲကြည့်ဦး၊ ဂဏန်းတစ်လုံးထဲကို တစ်ထောင်နဲ့ ပတ်လည်ခြောက်လုံး ခြောက်ထောင်ဖိုးလောက် အနည်းဆုံး ထိုးတာ။





ငွေ ခြောက်ထောင် ဆိုတာ နည်းတဲ့ ပိုက်ဆံလား၊ အဲဒီလူတွေက ကလေးလဲ မဟုတ်၊ အရူးလဲ မဟုတ် တကယ်ကို ဆင်ခြင်တုံတရားရှိမယ့် ပုံစံတွေနဲ့ လူတွေချည်းပဲ။

ကဲ မင်းက မေးမယ်၊ ဒီလောက်များတဲ့ ငွေခြောက်ထောင်ကို ဂဏန်းတစ်လုံး တစ်ထောင်ဖိုး ထိုးရဲလောက်အောင် အဲဒီဂဏန်းတွေက ပေါက်ပါမယ်လို့ ဘာအာမခံချက် ရှိသလဲပေါ့၊ တကယ်တယ်လေ ခြောက်ထောင်က ဆုံးပြီ၊ တစ်ပြားတစ်ချပ်မှ ပြန်ရမှာ မဟုတ်ဘူး။

သူတို့ ဂဏန်းခြောက်လုံးကလဲ အလုံး ၁၀၀၀ ထဲက ရွေးထွက်လာမှာ၊ ရာခိုင်နှုန်းနဲ့ တွက်ကြည့်ရင် ဒသမငါး ကျော်ကျော်လေးပဲ ရှိတယ်။ ပေါက်ဖို့ အတော်မလွယ်တဲ့ကိစ္စ။

ဒါပေမယ့် သူတို့ကတော့ အပိုင်လာတာပဲ၊ သူတို့ ထိုးတဲ့ ဂဏန်း ပေါက်ရမယ်လို့ကို အခိုင်အမာယုံကြည်ပြီး လာကြတာကွ၊ ဒါကြောင့်လဲ "အော"ပြီး ထိုးတာပေါ့။

အဲဒီလို ဘာကြောင့် ယုံကြည်ပြီး လာကြသလဲဆိုတာကျတော့ တစ်ယောက်နဲ့ တစ်ယောက် မတူကြပြန်ဘူး။ လိုင်းတွေက အတော်များများ ကွဲနေတယ်၊ အဲဒီလို လိုင်းတွေ ကွဲလို့လဲ ဂဏန်းတွေ အမျိုးမျိုးထိုးကြပြီး ငါပွနေတာပေါ့ကွာ၊ဟဲ....ဟဲ။

လိုင်းကွဲတယ်ဆိုတာကိုတော့ မင်းနားလည်အောင် အသေအချာ ရှင်းပြမှ ဖြစ်မယ်။

တချို့လူတွေက အိပ်မက်ကို ယုံကြည်ပြီး လာကြတယ်။ အိပ်မက်ကတော့ မက်မှာပေါ့ကွာ လူပဲဟာ၊ လောဘသား



www.burmeseclassic.com

www.burmeseclassic.com



ကောင်ပဲဟာ၊ ချဲ ဆိုးမြို့ဆိုကတည်းက စိတ်ထဲမှာ အချောင်ပွပြီး နေ့ချင်းညချင်း သူဌေးဖြစ်ဖို့ စိတ်ကူးကယဉ်နေမှာလေ၊ ဒီစိတ်ကူး ယဉ်တာက နေ့လယ်ဆက်တင် မကဘူး၊ ညဘက် အိပ်ခါနီး အချိန်အထိ ယဉ်နေတော့ အိပ်တဲ့အထိ ပါသွားရော။

ဒီမှာတင် သွေးလေချောက်ချားပြီး အိပ်မက်တွေအမျိုးမျိုး မက်တော့တာပေါ့၊ ဆောင်းတွင်းဘက်များဆို ပိုတောင်ဆိုး သေး၊ ဆောင်းတွင်းအိပ်မက် ကယောက်ကယက်တဲ့ မင်းကြား ဖူးမှာပေါ့၊ အိပ်မက်ထဲဘင် ဟိုရောက်လိုက် ဒီရောက်လိုက်နဲ့ အဲဒါကို အမျိုးမျိုး အဓိပ္ပာယ် ဖော်လိုက်တော့ ဂဏန်းက လေးငါးဆယ်လုံး ဖြစ်နေပြီ၊ ဒါ့ကြောင့် ပတ်လည် မဟုတ် သေးဘူးနော်၊ အိပ်မက်ကို ပတ်လည်သာ ထိုးရင် ဂဏန်း နှစ်ဆယ်ကျော်၊ သုံးဆယ် ထွက်လာတော့တာပေါ့၊

အဲဒီထဲက စွတ်ရွှတ်ပြီး တစ်ခါလောက်များ ပေါက်သွား လို့ကတော့ အဲဒီလူ မွဲဖို့သာ ပြင်ပေတော့၊ ဘာလို့ဆိုတော့ စိတ်ကူးက ပိုယဉ်လေ၊ အိပ်မက်က ပိုမက်လေ၊ ဂဏန်းက ပိုထွက် လေ ဆိုတော့ တစ်ခါ ပေါက်ထားတဲ့ ငွေလေးနဲ့ထိုး၊ အဲဒါ ကုန်တော့ ဆွဲကြိုး ဖြုတ်ထိုး၊ ကုန်ရင် လက်စွပ်ချွတ်၊ နောက်ဆုံး အိမ်တိုင် မချွတ်ရရုံတမယ် ကျန်တော့တယ်လေ။ ဘယ်လိုလဲ မင်းစိတ်ထဲက သနားနေပြီလား တင်မော်....၊ သိပ်မသနားနဲ့ဦး၊ ဒီထက် သနားစရာ ကောင်းတာတွေ အများကြီး ကျန်သေး တယ်၊ နောက် သနားဖို့ ချန်ထားဦး၊ တုတ်မြီလား။





တချို့ကျတော့ အဆန်းသား၊ အတိတ်စိမ်းကောက်ပြီး လာထိုးတာတယ်၊ အဆန်းတကျယ် တစ်ခု ဖြစ်ရပ်ပုံမှန်မဟုတ် တာ တစ်ခုတွေ့ရင် အဲဒါကို နေ့နံနဲ့တွက်ချက်ပြီး လာထိုးကြ တယ်၊ အဲဒီလူတွေလဲ ငါ ခုနကပြောသလိုပဲပေါ့၊ မပေါက်တာ ကမှ ကံကောင်းဦးမယ်၊ ပေါက်များ ပေါက်လို့ကတော့ နောက်အပင်တွေမှာ အတိတ်စိမ်းပေါင်းစုံနဲ့ လာတော့တာပဲ၊ ဘယ်ကွာ၊ ဒါမျိုးဆိုဘာ ဆက်တိုက်တော့လဲ ဘယ်တိုက်ဆိုင် ပါ့မလဲ။

ဒီတော့....နောက်ဆုံး သူတို့လဲ အိမ်တိုင်မချွတ်ရုံ အခြေ အနေ ရောက်တာပါပဲ၊ ကဲ....နည်းနည်း သနားချင်ရင် သနား ပေးလိုက်ဦး တင်မော်ရေ၊ ချန်တော့ ချန်ဦးနော်၊ သနား စရာတွေ ကျန်သေးတယ်ကွ....။

အဲ....နတ်ကပေးတဲ့ ဂဏန်းနဲ့ လာထိုးတဲ့ လူတွေကျတော့ တစ်မျိုး၊ နတ်ကန္နားပွဲသွားပြီး နတ်ဝင်သူတွေကို ဂဏန်းတွေ တောင်း၊ အဲဒီဂဏန်းတွေနဲ့ လာထိုးတာပေါ့၊ တစ်ခါတလေ ကြုံကြိုက်ပြီး ပေါက်သွားရင် အဲဒီလူလဲ ခေါင်းခြောက်ဖို့သာ ပြင်ပေတော့၊ နတ်ပွဲမှာပေးတဲ့ ကတိအတိုင်း အိမ်မှာ ကန္နား တွေ ဘာတွေပေး၊ ဆက်စရာရှိတာ ဆက်နဲ့၊ ငါးကျပ်ဖိုး လောက် ပေါက်လို့များတော့ ရတဲ့ငွေနဲ့ ပြန်ကုန်တဲ့ငွေ အိမ်ထဲက ထုတ်မစိုက်ရရင် ကံကောင်းတယ် မှတ်ပေတော့၊

ဒါတောင်မှ ဒိုင်ကြေ မှန်မှန်ကန်ကန် လျော်ဦးမှ၊ ဒိုင်က မလျော်ဘဲ ဟိုနေ့ ဒီနေ့ ချိန်းနေရင် အရှင်သခင်တွေကိုကတိ



www.burmeseclassic.com

www.burmeseclassic.com



မပျက်ရဲတာနဲ့ ရှိတဲ့ပစ္စည်းလေး ထုခွဲပြီး ကတိအတိုင်း လုပ်လိုက်ရရော၊ ဟုတ်တယ်လေ၊ သူ့စိတ်ထဲမှာ အရှင်သခင်ကြီးတွေက သူတို့ 'မစ'မယ် ဆိုတဲ့အတိုင်း 'မစ'လိုက်ပြီးပြီ။ ဒိုင်ကအကျင့် ယုတ်ပြီး မလျော်တာကို အရှင်သခင်ကြီးတွေက နားလည်ခွင့်လွှတ်မှာ မဟုတ်ဘူးလို့ ယုံကြည်နေတာကိုး....။

ဒီတော့ အရှင်သခင်ကြီးတွေနဲ့ ပြဿနာမကြုံဖို့ အိတ်ထဲက စိုက်လိုက်ရတာပေါ့ကွာ၊ အဲဒါက တစ်မျိုး သနားစရာ....။

နောက်တစ်လိုင်းက ဖော်မြူလာလိုင်း အရင့်အရင်အပတ်ထွက်ခဲ့တဲ့ ဂဏန်းတွေကို ပုံသေနည်းတွက်ချပြီး လာထိုးတဲ့လိုင်း၊ နှစ်ခုမှာ ပထမထွက်တဲ့ ဂဏန်းရဲ့ ရှေ့ဆုံးတစ်လုံးနဲ့ နောက်ဆုံးတစ်လုံးကိုယူ နောက်တစ်ပတ်မှာထွက်တဲ့ဂဏန်းရဲ့ အလယ်လုံးနဲ့ ပေါင်း၊ အဲဒါဟာ တတိယပတ်အတွက် ထိပ်ဂဏန်း ဖြစ်တယ် ဘာညာပေါ့၊ အခု ငါပြောတာက အကြမ်းသဘောလောက် ပြောတာနော်....။

တကယ်တမ်း ဖော်မြူလာသမားတွေမှာ ဖော်မြူလာပေါင်း တစ်ပတ်တစ်ပတ်မှာ အမျိုး သုံးလေးဆယ်ရှိတတ်တာ။ တစ်ယောက်နဲ့တစ်ယောက်လဲ မတူကြဘူး၊ တချို့လူတွေဆိုရင် တစ်ယောက်တည်းမှာတင် ဖော်မြူလာနဲ့ တွက်ထုတ်ထားတာ ထိပ်စည်းလို့ခေါ်တဲ့ ရှေ့ဆုံးဂဏန်းက သုညကနေ ကိုးအထိ ရှိနေတတ်တယ်....။

တစ်ခုချင်းစီ လေ့လာကြည့်တော့လဲ သူ့နည်းနဲ့သူ မှန်နေတာပဲ၊ ချွင်းချက် ရှာလို့မရဘူး၊ တဲ....အဲဒီလူမျိုးကျတော့





ဦးစား ဂဏန်းက ဘယ်မှာရှိတော့မှာလဲ၊ ဘယ်တော့ သွား ထိပ်မှာလဲ၊ မင်းလက်ဖက်ရည်ဆိုင်တွေမှာ ထိုင်ရင် သတိထားမိမှာပါကွာ....။

စက္ကူလေးတွေနဲ့ ဘောပင်လေးတွေ ထုတ်ပြီး တွက်ချက် ငြင်းခုံနေကြတာ၊ ငြင်းခုန်နေကြတာတွေလေ တစ်ခါတလေ ငြင်းချင်းခုန်ရင်းက သိုးကြဲ၊ ကြိတ်ကြတဲ့အထိ ဖြစ်တယ်။

ဘာလို့ဆိုတော့ တစ်ယောက်က အဒေသအချာ ဖော်မြူလာ ထုတ်ထားတာကို တခြားတစ်ယောက်က မဖြစ်နိုင်ဘူး င်က ပျက်ပြီ၊ ဘာညာနဲ့ ပြောတော့....

ဟိုဘက်ဘက်သားက မခံချင်လို့ ပြန်ငြင်းရာက ထရန်ဖြစ် ကြတော့တာပေါ့၊ အဲဒီ လူတွေကို ခဲ့ထွက်ဘဲ့နေ့ ပေါက် သွား သွားမေးကြည့်၊ ခေါင်းလေးတွေ ရမ်းပြကြလိမ့်မယ်။

—နောက်နေ့မှာတော့ ဘယ်လိုနည်းနဲ့ ပေါက်ဂဏန်း ထွက် ဘယ်ဆိုတဲ့ ဖော်မြူလာကို အချိန်ပြင့် ရှာပြီးသား တွေ့ မယ်၊ အဲဒီဖော်မြူလာကို ကြည့်ပြီး တောက်တခေါက် ခေါက် ဖြစ်နေလိမ့်မယ်....။

သောကသားတွေကတော့ 'ပေါက်ဖော်ကြီး' ဖော်မြူလာ ခေါ်တာပေါ့ကွာ၊ ပေါက်ပြီးမှ ဖော်လို့ ရတာကိုး။ ထ်ခေါ်ပေါ့၊ ရယ်ရတယ်နော်၊ သနားလဲ သနားရပါရဲ့။

အဲ...ဒီတစ်ခါပြောပြမယ့် လိုင်းကတော့ 'ချိုင်း'ကြည့်ပြီး ထိုးတဲ့ လိုင်းပဲ၊ 'ချိုင်း'တဲ့ ဘယ်က ဘယ်လိုပေါ်လာတဲ့ ဟာရယ်လဲတော့ မသိဘူး၊ သတ်ပုံကျမ်းထဲမှာတော့ ချိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကလိ ချိုင်းကြား၊ ချိုင်းထောက်ခွ၊ ချိုင်းမွေး အဲဒါတွေပဲ ပါတယ်၊ 'ချိုင်း' ဆိုတဲ့ စကားလုံး သီးသန့် မတွေ့ရဘူးတဲ့ကွ၊ ဒါလဲ ငါ့အသိ ကျောင်းဆရာတစ်ယောက်က ပြောတာပါ၊ သူပြောတာကတော့ ဘာသာခြားစကားတစ်ခုခုကနေ အသံဖလှယ်ပြီး ချိုင်းဆိုတာ ဖြစ်လာတယ် ထင်ပါရဲ့တဲ့....၊

ထားကွာ 'ချိုင်း' တဲ့၊ ဘယ်ကဘယ်လို ဖြစ်လာလဲတော့ စဉ်းစားမနေပါနဲ့တော့၊ ဒါက အရေးလဲ ကြီးပါဘူး၊ အရေးကြီးတာက အဲဒီ 'ချိုင်း' ဆိုတာ ဘာလဲ....

'ချိုင်း' ဆိုတာ စာရွက်ပေါ်မှာ အရုပ်မျိုးစုံ၊ နံပါတ်မျိုး စုံ ရေးထား၊ ဆွဲထားတဲ့ စာရွက်ကို ခေါ်တာကွ၊ တချို့ 'ချိုင်း' တွေကျတော့ ကဗျာလေးတွေ စာလိမ်လေးတွေလဲ ပါလာ တယ်....၊

အဲဒီ ဂဏန်း ထွက်မယ် ဆိုတာကို ကြိုတင် ဟော ကိန်းထုတ် ထားတဲ့ ဗေဒင်ဟောစာတမ်း စာရွက်မျိုးလို့ပဲ မှတ်ထားပေါ့ ကွာ၊ တချို့ လူတွေက အဲဒီချိုင်းကို ကြည့် တွက်ချက် အဖြေ ရှာပြီး လာထိုးကြတာ ချိုင်းကိုယုံကြည်ဖို့ ဆိုရိုးရဲ့ ငွေတွေ ကိုလာပုံအောပေးကြတာကွ၊ မင်း သေသေချာချာ စဉ်းစား ကြည့်စမ်းပါ၊ အဲဒီ လူတွေ ဘယ်လောက် တုံးတယ်၊ ဘယ် လောက် အ တယ် ဆိုတာ....၊

အဲ.... နို့ညီးနို့ညီး ထပ်ရှင်းပြမယ်၊ တို့ဆီမှာလဲ ရှိပါတယ်၊ ဗေဒင်ဆရာတွေလေ၊ လမ်းဘေးမှာ ဟောနေကြတာရော၊ ဆိုင်ခန်းလေးတွေနဲ့ ဟောနေကြတာ တွေ့ရောပေါ့....၊





ရွှေ့မှာ ဘယ်အကွက်ရာ၊ ရွှေ့ဆုံးက ဂဏန်းလေးလုံးက ဘာဘာညာညာပေါ့၊ အဲဒါကို ရအောင် ရှာထိုး၊ သိန်းဆု မလွဲမသွေ ပေါက်ရမယ်၊ ဘာညာနဲ့ ဟောတတ်ကြတယ်၊ အဟောခံရတဲ့လူကလဲ ရအောင်ရှာထိုးတတ်ကြတယ်၊ အောင် ဘာလေ သိန်းဆုလဲ ထွက်လာရော ထီပေါက်စဉ်ဝယ်၊ ဇက် ကြောတက်အောင် ထီတိုက် နောက်ဆုံးခေါင်းကုတ်ပြီး ဗေဒင် ဆရာကို ကျိန်ဆဲကြရော မဟုတ်လား၊

သူတို့ မစဉ်းစားတာက အဲဒီဂဏန်းသာ အောင်ဘာလေ သိန်းဆုထွက်မယ်လို့ ဗေဒင်ဆရာက သိပ်သေချာနေရင် သူ ကိုယ်တိုင်ပဲ ထိုးလိုက်တော့မှာပေါ့၊ အခုလို လမ်းဘေးမှာ ၁၀၊ ၅၀၊ ၁၀၀/- လောက်နဲ့ တစ်နေ့သုံး ဟောပါမှ ဝင်ငွေ ကောင်းလှသုံးလေးဆယ်ရှိတဲ့ အလုပ်မျိုးကို လာလုပ်နေပါ့ မလားကွ၊ အဲဒါကို သေချာမစဉ်းစားဘဲ မိုက်ပြီး သူပြော တာကို ယုံကြည်တော့လဲ ခံပေါ့၊ ဟုတ်ဘူးလား....၊

အေး.... 'ချိုင်း' ဆိုတာကလဲ အဲဒါမျိုးပဲ၊ အဲဒီ ချိုင်းကို ထုတ်လုပ်နေတဲ့ သူတွေဟာ တကယ်သာ အမှန်အကန် သိလို့ ကတော့ ဘာလုပ်ဖို့ ဒီငမျောက်ချော်က် ဝင်ငွေလေးရတဲ့ ချိုင်းကို လုပ်နေပါတော့မလဲ၊ သူတို့ကိုယ်တိုင်ထိုးပြီး သူဌေး လုပ်နေတော့မှာပေါ့၊ သန်းကြွယ် သူဌေးတောင်မှ ဖြစ်နိုင် သေးရဲ့ မဟုတ်လား....၊

ကဲ.... ခုတော့ကြည့် 'ချိုင်း' ဆိုပြီး လုပ်ရောင်းတယ်၊ လုပ်တဲ့ သူက လုပ်သလို ဝယ်တဲ့သူကလည်း မပျက်မကွက် အပတ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



အဖမ်းအဆီးခံရမှာ မကြောက်ဘဲ မရအရ ရှာဝယ်တယ်၊ 'အဲဒီ ချိုင်းမှ မရရင် ဒီအပတ် ထိုးလို့မဖြစ်ပါဘူးလေ' ဆိုတဲ့ လူမျိုး တောင်မှ ရှိသေး၊ အဲဒီလောက်ထိ ချိုင်းကို ယုံကြည်နေကြ တယ်....။

မင်းကတော့ ချိုင်းဆိုတာကို မမြင်ဖူးဘူးဘဲ ထားပါတော့၊ ရှင်းပြလိုက်ပါ့မယ်၊ အဲဒီ ချိုင်းစာရွက်ဘစ်ရွက်ပေါ်မှာ ဂဏန်း ပေါင်းစုံ ရေးထားတာဆိုတော့ အမျိုးကြီးလဲက တစ်ပတ် တလေ စွတ်ရွတ်ပြီး မှန်သွားတတ်တာမျိုးလဲ ရှိတတ်ပါရဲ့....။

ဒါတောင်မှ အဲဒီချိုင်းကို ကြည့်တဲ့နည်းကို နားလည်ဦးမှ နော်....။

အဲဒါဆိုရင် အဲဒီချိုင်းက အကြီးအကျယ် နာမည်ရသွား ရော၊ အဲ.... နောက်အပတ်တော့ ယုံပြီး ဆက်မထိုးလေနဲ့၊ အဲဒီ ငွေကို ရေသဲပစ်ချတာကမှ 'ပလုံ' လို့ အသံမြည်ဦးမယ်....။

ဟုတ်တယ်လေ....၊ စောစောက ရှင်းပြပြီးပြီ၊ ဗေဒင်ဆရာ အကြောင်းလေးတောင်မှ လူအမှန်းခံပြီး အဆစ် ဝင်ရှင်းပြ ထားသေးတာပဲဟာကော၊ ယုံကြည်စရာ မဟုတ်တာကို ယုံကြည်နေတော့ ခံပေါ့၊ ဟုတ်ဘူးလား....။

ရယ်စရာတော့ အကောင်းသားကွ၊ ချိုင်းဘလဲ တစ်မျိုး တည်း လာဘာမဟုတ်ဘူး၊ တော်တော့ကို အမျိုးစုံတယ်၊ တစ်ခုနဲ့တစ်ခုလဲ မတူကြဘူး....။

လူတွေကတော့ သူတို့ယုံကြည်ရာ ချိုင်းကို အမြတ်တနိုး တွက်ချက်ပြီး ထိုးကြတာပေါ့၊ ဒီတော့ ချိုင်းအမျိုးအစား





များလေ ငါတို့လို ဒိုင်တွေအတွက် ထိုးတဲ့ ထိုးသားတွေဆီက ဂဏန်းတွေ ပိုများများ အထိုးခံရလေပေါ့ကွာ....။

ဂဏန်းများတော့ ငွေလဲ များများရတာပေါ့ကွ၊ ဟဲ ဟဲ။

ငါမှတ်မိသလောက် ချိုင်းတွေအကြောင်း ပြောပြမယ်၊ ၁၅–ရက်တစ်ခါ ထွက်တဲ့ချိုင်းတွေက တောင်ပေါ် ချိုင်း(ပန်း သီးလို့ တချို့က ခေါ်တယ်) ကျီးကန်းချိုင်း (ချိုင်းမဲ ဆိုလဲ ရတယ်)၊ စေတီချိုင်း၊ အဲ....စေတီချိုင်းက နှစ်မျိုးထွက်တယ်၊ ဟိုကလာတဲ့ တကယ့် စေတီချိုင်းမှာက အရင်အပတ်က ထွက်တဲ့ သိန်းသုံးဆယ် ပေါက်စဉ်ဂဏန်း ခုနစ်လုံးတွဲ ပါ တယ်....။

မြိတ်စပါယ်ရှယ်လို့ ခေါ်တဲ့ စေတီချိုင်းကျတော့ သိန်း သုံးဆယ် ပေါက်ဂဏန်း မပါဘူး။

အဲဒီ မြိတ်စပါယ်ရှယ်ဆိုတာ မြောက်ဥက္ကလာပဘက်က လုပ်တယ်လို့တော့ သတင်းသဲ့သဲ့ ကြားဖူးတာပဲ၊ နောက်ပြီး ဂျီကျူးချိုင်း၊ ကာလာချိုင်း၊ ဒိုင်းမွန်းချိုင်း (ကဗျာလေးပါ ထည့်ရေးထားသေးတယ်)....။

ထုတ်လုပ်သူက ကဗျာဗီဇ ရှိဟန်တူရဲ့၊ ကွန်ပြူတာချိုင်း၊ ပရင့်ဆက်ချိုင်း၊ နန်းတော်ချိုင်း၊ ကီးချိုင်း၊ လိပ်ပြာချိုင်း၊ အန်းကုန်းချိုင်း(သူက အပိုင်း တစ်နဲ့နှစ် နှစ်ရွက်တွဲ ထွက် တယ်၊ ဘိုးတော်ချိုင်းလို့လဲ ခေါ်ကြတာပါပဲ)....။

တချို့ကျတော့ ဆယ်စောင်တွဲတဲ့၊ ဆရာတပည့်ချိုင်း၊ လက်ဝါးချိုင်း၊ မြွေချိုင်း၊ အခေါင်းချိုင်း၊ နာရီချိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကျားချိုင်း၊ မင်းသားချိုင်း၊ အိုကွာ...အမျိုးမျိုးပါပဲ၊ အခု ငါမှတ်မိသလောက် ပြောပြတာတောင် မနည်းဘူးနော်....။

အဲဒီချိုင်းတွေထဲက သုံးပုံတစ်ပုံလောက်က ဟိုဘက်နိုင်ငံက တာကယ်ထုတ်လုပ်သူတွေ ကထုတ်တာ၊ ကျန်တာတွေကတော့ မိတ်အင်ဒီတင် (ရန်ကုန်လုပ်) ချိုင်းတွေပေါ့ကွာ....။

အဲ....မင်းကို အရေးကြီးတဲ့ ချိုင်းနှစ်မျိုးအကြောင်းပြောဖို့ ကျန်သွားတယ်၊ မန်းသီးချိုင်းနဲ့ သရဖူချိုင်းတဲ့၊ အဲဒီချိုင်းတွေ ကတော့ ဘယ်လိုအစီအမံနဲ့ လုပ်ဘာလဲ မသိဘူး၊ ယောကျ်ား ကြိုက်ပုံ တစ်ပတ်မှာ တစ်ပုံစီ ထည့်ပေး ထားတယ်ကွ၊ ယောကျ်ားကြိုက်ပုံဆိုတာနဲ့ ဘယ်လိုပုံလဲဆိုတာ မင်း သဘော ပေါက်မှာပါနော်....။

ဒါ့အပြင်တော့ အဲဒီချိုင်းက ဘာမှမမှန်တာတောင် ဝယ် သူအတွက် သိပ်မဆုံးရှုံးရအောင် ယတြာလေး ချေပေးလိုက် တာ ထင်ပါရဲ့၊ ဟဲ...ဟဲ...တော်တော် တော်တဲ့ တော်တော် ကလိမ်ကကျစ် ဉာဏ်ကြီးရှင်တွေပဲကွာ....။

ခုနက ငါပြောသွားတဲ့ ချိုင်းတွေက ၁၅ ရက် တစ်ကြိမ် ထွက်တဲ့ ချိုင်းတွေ၊ အဲဒီထဲမှာမှ နေ့ခက်လာမယ့် ၁၅ ရက် တစ်ပတ်အတွက် အကြိုဆိုပြီး တချို့ ချိုင်းတွေက အကြိုချိုင်း လုပ်သေးတယ်၊ ပိုက်ဆံကို ရတဲ့နည်းနဲ့ညှစ်ယူတာပေါ့ တင်မော် ရာ၊ စဉ်းစားဉာဏ်နည်းတဲ့ လူတွေက ယုံကြည်နေကြတော့လဲ ဘာတတ်နိုင်မှာလဲလေ....။





နောက်ထပ် ငွေညှစ်ယူတဲ့ နည်းတစ်နည်း ရှိသေးတယ်၊ ချိုင်းစုံတဲ့ ချိုင်းပေါင်းချုပ်ကြီးပေါ့ကွာ...။

တစ်ပတ်လုံး ထွက်သမျှချိုင်းတွေကို စုပေါင်းအနှစ်ချုပ် ပြီး စာရွက်ကြီးနဲ့ လုပ်ထားတာ၊ ပုံမှန်ထွက်တဲ့ ချိုင်းတွေ အရောင်းထိုင်းသွားချိန်မှာမှ အဲဒီ ချိုင်းပေါင်းချုပ်ကြီးကို ထုတ်တယ်၊ ဒီတော့ အဲဒီချိုင်းစုံကလဲ အရောင်းသွက်လာ ပြန်တာပေါ့....။

ထုတ်တဲ့လူကတော့ ပွပြီးပွရင်းပေါ့ တင်မော်ရာ....။

ဒီမှာ တစ်ခါတလေ ပြဿနာ ဖြစ်ပြီး အငြင်းပွားရတာ တွေ ရှိသေးတယ်၊ ချိုင်းစာရွက်ဆိုတာက ဖိုတိုစတင်စက်တွေ နဲ့ ခုချက်ချင်းကူး၊ ခုချက်ချင်းရတတ်တဲ့ဘာမျိုးမဟုတ်လား။

ဒီတော့ တချို့ ဖော်မြူလာလိုင်းက ဆရာကြီးတွေက သူတို့ဖော်မြူလာနည်းနဲ့ လုံးဝမထွက်ရဘူးလို့ တွက်ထားတဲ့ ဂဏန်းကို ချိုင်းစာရွက်မှာ ထွက်တယ်လို့ ညွှန်းထားရင် မခံ ချင်စိတ်နဲ့ အဲဒီချိုင်းစာရွက်က ဂဏန်းကိုပြန်ပြင်ပြီး ဖိုတို ကောက် ကူပြီး ထပ်ဖြန့်တယ်....။

ဆိုတော့ကွာ၊ ဧတီချိုင်းမှာ ဂဏန်းတစ်လုံးနေဖြာရင် ပေါက်မယ့် နံပါတ်မှာ အဲဒီဂဏန်းတစ်လုံးပါတယ်လို့ ချိုင်း သမားတွေက ယုံထားတယ်၊ အဲဒီ ပါမယ်ဆိုတဲ့ ဂဏန်း တစ်လုံးကို ဖော်မြူလာဆရာကြီး တစ်ယောက်ယောက်က လုံးဝမပါမယ့်ဂဏန်းလို့ တွက်ထုတ်ထားပြီး ဖြစ်နေရင် သူ



www.burmeseclassic.com

www.burmeseclassic.com



ပါမယ်လို့ ယုံကြည်တဲ့ဂဏန်းကို ပြန်ပြင်ရေး ပြီးတော့ ဖိုတို စတက်ကူးပြီး ဖြန့်လိုက်ရော....။

ဒီတော့ ဘာဖြစ်လဲ၊ နောက်မှ စေတီချိုင်းကို ဝယ်တဲ့လူနဲ့ ပထမပိုင်းမှာ ဝယ်ထားတဲ့လူနဲ့ အငြင်းအခုံဖြစ်ကြရော....။

ဟုတ်တယ်လေ၊ နေဖြာတဲ့ဂဏန်းက ဖော်မြူလာဆရာကြီး လက်ချက်နဲ့ ပြောင်းသွားပြီကိုး၊ အဲဒီမှာတင် စေတီချိုင်းကို အပိုင်လေ့လာထားတဲ့လူတွေ ရှုံးတော့တာပဲ၊ ဘယ်ဟာအမှန် လဲဆိုတာကို ဟိုနိုင်ငံကထုတ်တဲ့လူဆီ လှမ်းမေးဖို့ကလဲ မဖြစ် နိုင်၊ ဒီမှာကလဲ ဂဏန်းက နှစ်မျိုးဖြစ်နေပြီ ...။

ဒီတော့ ဘာဖြစ်သလဲ၊ ဂဏန်းနှစ်မျိုးလုံးကို သံယောဇဉ် မပြတ်ကြဘဲ ဂဏန်းနှစ်မျိုးနဲ့ တွက်ချက်ပြီး ထိုးရတော့တာ ပေါ့....။

ဒီတော့ ထိုးရမယ့်နံပါတ်တွေက ပိုများလာ၊ ငွေကပိုကုန် နဲ့ ဟဲ....ဟဲ....နောက်ဆုံးတော့ ငါတို့ဒိုင်တွေရဲ့ အိတ်ထဲကို ပိုက်ဆံတွေ ပိုရောက်လာရတာပေါ့ကွာ....။

ဟော့ ကောင်တင်မော် ပျင်းနေပြီလား။ မင်းက စာရေး ဆရာဆို ဗဟုသုတစုံမှပေါ့ကွ၊ မင်း စိတ်မဝင်စားလဲ ငါ ကတော့ ဆက်ပြောရမှာပဲ....။

ဒီမှာ သေချာရှင်းပြထားမှ ငါ့ဘဝကို ပြောတဲ့အခါ မင်း ဇာတ်ရည်လည်မှာ၊ ပြီးတော့မှာပါကွာ၊ နည်းနည်းပဲ ကျန်ပါတော့တယ်....။





မင်းကိုပြောနေရတာနဲ့ ခုနစကားတောင်မှ ပြတ်သွားပြီ၊ အဲ နေ့က ၁၅ ရက်တစ်ခါထွက်တဲ့ ချိုင်းတွေအကြောင်းပြော ပြပြီးပြီနော်၊ အခု တစ်နှစ်စာထုတ်တဲ့ ချိုင်းတွေအကြောင်း ဆက်ပြောပြမယ်....။

တစ်နှစ်မှာ ချဲထီက ၂၄ ကြိမ် ထွက်တယ်မဟုတ်လား၊ အဲဒီ ၂၄ ကြိမ်အတွက် အပြီးအစီး တွက်ထားတဲ့ တစ်နှစ်စာချိုင်း တွေလဲ အများကြီးရှိတယ်၊ ပန်းဆွဲစာလိမ်နဲ့ ထွက်တဲ့ ရွှေချိုင်း ကြက်ခြေခတ်ဂဏန်းနဲ့ ထွက်တဲ့ရွှေချိုင်း၊ ဇာတိကခွင်၊ ဂျပန် ချိုင်း၊ ဂျပန်ဘာသာ၊ တရုတ်ဘာသာ၊ ယိုးဒယားဘာသာ သုံးမျိုးနဲ့ရေးထားပြီး စာလိမ်လေးထည့်ပေးထားတဲ့ အမှောင် ချိုင်း၊ ဂျပန်ကွန်ပြူတာချိုင်း၊ ရွှေသော့ချိုင်း၊ မင်္ဂလာချိုင်း၊ Selection Number ချိုင်း၊ တစ်နှစ်စာ ဇေတီနေစားရင် ဘာဖြစ်မယ်၊ တောင်ပေါ်နေစားရင် ဘာဖြစ်မယ်၊ ဇေတီ ဌာပနာရင် ဘာဖြစ်မယ်ဆိုတာကို ပြထားတဲ့ချိုင်း၊ အိုကွာ.... ဒါငါ မှတ်မိသလောက်ပြောတာ၊ အများကြီး ကျန်သေးတယ်။ အဲဒီချိုင်း ဝယ်ထိုးတဲ့လူတော့ ဘာဖြစ်မယ်မသိဘူး၊ အကြံ အဖန် လုပ်ရောင်းတဲ့လူကတော့ ချမ်းသာသွားတာအမှန်ပဲတဲ့။

ကဲ ချိုင်းကိုယုံကြည်ပြီး လာထိုးတဲ့ လိုင်းအကြောင်းက အတော် ရှည်သွားပြီ....။

နောက်ပိုင်း အသေးစိတ် ငါ့အကြောင်း ပြောပြတဲ့အခါ မှာလဲ ဒါတွေက ပါလာဦးမှာဆိုတော့ နောက်တစ်လိုင်း အကြောင်းပြောပြမယ်....။



www.burmeseclassic.com

www.burmeseclassic.com



ခုပြောမယ့်လိုင်းက နည်းနည်းတော့ဆန်းတယ်တဲ့၊ ဘယ်ကဘယ်လိုပေါ်လာမှန်းမသိတဲ့လိုင်း....၊ ဟိုကွာ ကဗျာလိုလို စာတိုစာရှည်လေးနဲ့ ထွက်လာတတ်တယ်။

ဘယ်က ထွက်လာတာကွဆိုတဲ့ပင်ရင်းဇစ်မြစ်ကိုတော့၊ ငါလုံးဝမသိတာ အမှန်ပဲတင်မော်....၊

ဘာပဲဖြစ်ဖြစ် အဲဒီကဗျာလေးကတော့ ၁၅ရက်မှာ ထွက်ပုဒ်ထွက်လာတာပဲ၊ ဒီကဗျာကို ကလေးလေးလိုတွေးပြီး အဖြေရှာရမယ်ဆိုတဲ့ လမ်းညွှန်ချက် လေး က လဲ ပါသေး သ တဲ့၊ ဆိုတော့ကွာ....။

မင်းရှင်းသွားအောင် ဥပမာအနေနဲ့ ကဗျာတစ်ပုဒ်ကို ငါပြောပြမယ်၊ 'ဘွဲ့နွှောသုံးယောက် သန်းခေါင်ကျော် အဲငါးကောင်ခိုးအိမ်ရှင်နိုး' တဲ့၊ ကဲ....အဲဒီတော့ လူတွေက ဘယ်လိုတွက်ကြသလဲ တွက်ရင် ဂဏန်းတွေ အများကြီး ထွက်လာတာပေါ့ကွာ....။

ငါတောင်မှ အဲဒီတုန်းက သုံးယောက်ဆိုတော့ သုံး၊ အဲငါးကောင် ခိုးတယ်ဆိုတော့ ငါး၊ သုံးယောက်က ခိုးသွားတော့ နှစ်ကောင်ကျန်တယ်ဆိုပြီး၊ 'ငါးသုံးနှစ်' ကို ပတ်လည်ထိုးမိသေးတယ်....။

ဟဲ ဟဲ....ကျန်တဲ့လူတွေကလဲ သူတို့နည်းနဲ့ သူတို့တွက်ပြီး အမျိုးမျိုးထိုးကြတာပေါ့ကွာ၊ အဲဒီအပတ်က ထွက်လာတဲ့ ချဲနံပါတ်က ၅၀၅ တဲ့ ထွက်ထိုးထားတဲ့လူတွေ ပေါက်သလားမေးကြည့်တော့ တစ်ယောက်မှ မပေါက်ဘူး၊ အဲ....ဒါပေမယ့်





ပေါက်ဖော်နည်းလေးကိုတော့ လူတစ်ယောက်က ကြံဖန်ပြောသွားသေးတယ်....။

ဘွဲ့နွှောသုံးယောက်ဆိုတာ ဂဏန်းသုံးလုံးကိုဆိုလိုတာတဲ့၊ သန်းခေါင်ကျော် ဆိုတာက ဂဏန်းသုံးလုံးဟာ အာရုံမရောက်ခင် ငါး အတွင်းမှာပဲ ရှိရမယ်၊ ငါးထက် ငယ်ရမယ်ပေါ့ကွာ....။

အဲငါးကောင်ခိုး ဆိုတော့ ငါးပေါ့တဲ့၊ အိမ်ရှင်နိုးလို့ တစ်ကောင်မှ ခိုးလို့ရဘူးဖြစ်သွားတော့သုညပေါ့တဲ့၊ တစ်ကောင်မှ အခိုးမခံရလို့ ငါးကောင်လုံး ကျန်ခဲ့တာဆိုတော့ ငါးဂဏန်းက တစ်ခါ ပြန်ပါတာပေါ့တဲ့....၊

ဒါကြောင့် ၅၀၅ ထွက်တာပေါ့တဲ့၊ အံ့မယ် သူ့ဟာသူ ရှင်းပြတော့လဲ ဟုတ်လို့၊ ဒါနဲ့ အဲဒီလူကို ခင်ဗျား ပေါက်သလားမေးတော့အင့်အင်းတဲ့၊ ဘဲဆိုတာဖမ်းရခက်တဲ့သတ္တဝါမှန်း မစဉ်းစားမိလို့သာ ဒီတစ်ပတ် လွတ်သွားတာပါ ဗျာလို့လဲ ဖောက်တစ်ခေါက်ခေါက်နဲ့ ကြုံးဝါးသွားသေး လေရဲ့၊ တကယ့်-ဟာသပဲ တင်မော်ရေ....။

ကဲ....ရှင်းပြစရာ သိပ်မကျန်တော့ပါဘူး၊ ဒီတစ်ခါ ရှင်းပြတာလေး စိတ်ရှည်ရှည်နဲ့ နားထောင်ပါဦးကွာ၊ တချို့ထိုးသားတွေကျတော့ သူတို့ ယုံကြည်ဆည်းကပ်တဲ့ပုဂ္ဂိုလ်တွေဆီက ရတဲ့နံပါတ်ကို အသေအချာ ပုံအောထိုးတာကွ....။

အဲဒါဆည်းကပ်ခံတဲ့ ပုဂ္ဂိုလ်ကလဲ၊ တကယ်ပဲအကြားအမြင် ရှိနေတယ်ဆိုရင် (ငါတော့ လုံးဝ အယုံအကြည်မရှိဘူး) သူ့

www.burmeseclassic.com



တပည့်အပေါ်မှာ စေတနာလဲ ရှိတယ်ဆိုရင် ပေါက်ဂဏန်းကို တစ်ခါတည်း ပြောလိုက်ပေါ့ကွာ၊ ခုတော့ ဒီလိုမဟုတ်ဘူး၊ စကားဝှက်လေးနဲ့ ပြောတယ်….။

အံမယ်….ငါသိထားသလောက် ပြောရရင် အတူတူဆည်းကပ်တဲ့ တပည့်ချင်းတောင်မှ ပြောတဲ့စကားဝှက်က မတူဘူး၊ ဒီတော့ ဆည်းကပ်ယုံကြည်တဲ့ တပည့်ငါးဆယ်ရှိရင် စကားဝှက်တွေကလဲ အမျိုးမျိုး ထွက်လာတော့တာပေါ့ကွာ….။

ဒီတော့စကားဝှက်တစ်လုံးကို နံပါတ် အခုနှစ်ဆယ်လောက် ရနေရင် တပည့်ငါးဆယ်မှာ နံပါတ်ပေါင်း ဘယ်လောက်ရှိမလဲ၊ မှင်းစဉ်းစားကြည့်….။

ဒီတော့ နံပါတ်လုံးရေ တစ်ထောင်ပဲ ပြည့်တော့မယ်ဟာ တပည့်တစ်ယောက်မဟုတ် တစ်ယောက်ကတော့ ပေါက်တော့မှာ အသေအချာပေါ့၊ မပေါက်တဲ့ တပည့်တွေက စိတ်နာပြီး ရှက်ရှက်နဲ့ ကြိတ်မှိတ်ဝေဒနာခံစားရင်းထိုးမိတဲ့ငွေတွေအတွက် ယူကျုံးမရ အပူလုံးကြွနေချိန်မှာ ပေါက်တဲ့တပည့်က ကြော်ငြာမောင်းခတ်ပေးတာနဲ့ နောက်ထပ်တပည့်သစ်တွေ ထပ်တိုးလာပြန်တာပဲ၊ အဲဒီပုဂ္ဂိုလ်လဲ နာမည် ထပ်ကြီးပြန်တာပဲပေါ့ကွာ….။

တချို့ပုဂ္ဂိုလ်တွေ ကျတော့ ဘယ်လောက်ဉာဏ်သွားသလဲဆိုရင် စကားဝှက်နဲ့တောင်မှ မပြောဘူး၊ တပည့်ကို လက်နှစ်ဘက်နဲ့ပူးပြီး သင်္ကေတပဲပြပေးတယ်….။





လက်နှစ်ချောင်းမှာပူးထားတော့ဆယ်ချောင်းဖြစ် ကွေးတဲ့လက်ချောင်းကကွေး၊ နှစ်ခုကပ်ထားတဲ့ လက်ချောင်းကလဲရှိ၊ လက်ညှိုးသက်မကိုလဲ ဝိုင်းပြတာပါရဲ့၊ ဆိုလိုတာက အဓိပ္ပာယ်ရအောင် ဖော်ယူပေါ့….။

သူကတော့ ဒါပဲပြပေးနိုင်မယ်ဒါကွာ၊ မင်းစဉ်းစားကြည့် တင်မော်၊ လက်ဆယ်ချောင်းကို ဒီလောက်အမျိုးမျိုး လုပ်ပြထားတာ နံပါတ်ထွက်လာတော့ တစ်နည်းမဟုတ် တစ်နည်းတော့ခင် မှန်မှာပေါ့ကွာ….။

ခေတ်စကားနဲ့ပြောရင် ‘အင်’ ကိစ္စကြီးပေါ၊ အဲဒီ ပုဂ္ဂိုလ်ကိုယ်တိုင်က ဘာမှမသိလို့ အဲဒီလောက် အပင်ပန်းခံ လုပ်ပြနေတာပေါ့….။

ထွက်လာတဲ့ နံပါတ်ကို အဲဒီပုဂ္ဂိုလ် ပုံဖော်ပြထားတဲ့ ဆယ်ချောင်းသောလက်တွေနဲ့ ဟိုနုတ် ဒီပေါင်း လုပ်ရင်တော့ မှန်နေမှာပေါ့၊ မဟုတ်ဘူးလား….။

တကယ်ဆိုရင် ဆွံ့အ နားမကြား ဖြစ်နေတာမှ မဟုတ်ဘဲ၊ ပါးစပ်က တစ်ခွန်းပဲ ပြောလိုက်ပေါ့….။

ဘာလို့ ဒီလောက် လက်အညောင်းခံပြီး ကွေးကောက်ပြနေသလဲ စဉ်းစားကြည့်ပေါ့၊ ယုံသင့်သလား၊ မယုံသင့်သလား၊ သား..ဟား….။

ဒါတောင် တချို့လူတွေ ဘယ်လောက် ယုတ်မာသလဲဆိုရင် သိက္ခာတော်ရ ဆရာတော်ကြီးတွေရဲ့ နာမည်ကို အလွဲ

www.burmeseclassic.com



သုံးစားလုပ်ပြီး အဲဒီ ဆရာတော်က ပေးတာပါ၊ ဘာညာနဲ့ လုပ်ကြသေးတယ်....။

ဘယ့်နှယ်ကွာ.... ကိုယ့်ဟာကိုယ် လောင်းကစား လုပ်တာဘာဖြစ်လို့ ဒီလိုမျိုး သာသနာတော်ကို ထိပါး ပုတ်ခတ်ရသလဲ....။

ဘယ်ဆရာတော်က ဒီလိုလုပ်မှာလဲ၊ လုပ်ရင်လဲ သာသနာ သန့်စင်တဲ့ အထဲမှာ ပါသွားမှာပေါ့၊ မဟုတ်ဘူးလား။ ငါကတော့ အဲဒီလို အပြောမျိုးတွေကို လုံးဝဥဿုံ လက်မခံဘူး ထင်မောင်၊ မင်းရော ဘယ်လိုလဲ....၊

ကဲ.... ထားပါတော့ကွာ၊ နောက်ဆုံး ပြောပြမယ့် လိုင်း အကြောင်းလဲ ရောက်ပါပြီ၊ မင်းလဲ ဖျင်းနေရောပေါ့....။

ဒီမှာ ဟေ့ကောင်.... မင်းက စာရေးစားမယ့် လူနော်၊ ကိုယ်နဲ့ ဆိုင်ဆိုင် မဆိုင်ဆိုင် ဗဟုသုတအနေနဲ့ မှတ်သားထားသင့်တယ်....။

ငါလို လက်ဖက်ရည်တိုက်ပြီး အာချောင်တဲ့ ကောင်မျိုး မင်း တော်ရုံနဲ့ ရှာတွေ့ဖို့ မလွယ်ဘူး သိရဲ့လား....။

အာချောင်တုန်း ဆေချာမှတ်သားထား နားလည်သွား....။

အခု နောက်ဆုံး ပြောဖို့ ကျန်နေတာက ကြားချိုင်း၊ ယပင့်နဲ့ ကျားတဲ့ချိုင်း မဟုတ်ဘူးနော်၊ ယချစ်နဲ့ ကြားတဲ့ချိုင်း ငါတို့လို အောဒိုင်တွေအတွက် ငွေအများဆုံး လာပေးတဲ့ လိုင်းက အဲဒီ ကြားချိုင်းလိုင်းပဲ....။

မင်းနားရှုပ်သွားပြီ ထင်တယ်....။

ဒုတိယ အကြိမ်



ခုနက ယပင့်နဲ့ ကျားချိုင်း၊ အခု ယရစ်နဲ့ ကြားချိုင်း အကြောင်းဆိုတော့ မင်းနားရှုပ်မှာ သေချာပါတယ်လေ....။

ဒီလိုကွာ.... ယပင့်နဲ့ ကျားချိုင်းက ငါပြောခဲ့တဲ့ အရုပ်တွေ ဂဏန်းတွေနဲ့ စက္ကူပေါ်က ချိုင်းစာရွက်ကို ခေါ်တာ၊ ယရစ်နဲ့ ကြားချိုင်း ဆိုတာက ဘာစာရွက်မှ မရှိဘူး၊ ဘာ အကောင်အထည်မှ မရှိဘူး၊ နားထဲမှာ လူများပြောသမျှ နံပါတ်တွေကို ကြားကြားသမျှ မရရအောင် ယုံယုံကြည်ကြည်နဲ့ ရှာဆိုးတဲ့ ထိုးသားတွေရဲ့ ချိုင်းပေါ့၊ မင်းကနံပါတ်ခြောက်လုံး ပြော၊ အဲဒီ ခြောက်လုံး ပြေးထိုး၊ နောက်တစ်ယောက်က နံပါတ်ဆယ်လုံးပြော အဲဒီဆယ်လုံး ပြေးထိုးနဲ့ ကိုယ်တိုင်က ဘယ်သိုင်းမှ မခေလှလာဘဲ သူများတွေ အနှစ်ထုတ်ထားတဲ့ အဆီအနှစ်နံပါတ် (ပြီးတော့လဲ တလွဲတချော် ဖြစ်တာပေါ့ပဲ) ဒါတွေကို လျှောက်ထိုးတဲ့လိုင်း၊ အဲဒီ ကြားချိုင်းသမားတွေက ထွက်ကာနီးမှ ကပ်ထိုးတော့ ရိုးရိုးဒိုင်တွေဆီမှာ မရှိတော့ဘူး ဆိုရင် ငါတို့လို အောဒိုင်တွေဆီ ရောက်လာတော့တာပဲ....။

အဲဒီ ကြားချိုင်းသမားတွေက ချဲထွက်တဲ့နေ့ မနက်အထိ ထိုလို့မဝကြသေးဘူး၊ ဘယ်ဝမလဲ အဲဒီအချိန်မျိုးမှာ ဘယ်သူတွေက 'လံကျော်' လုပ်ကြပြီး လွှင့်လိုက်တာလဲ မသိပါဘူး။

မောင်လှမြိုင်နံပါတ် တောင်မပေါ်နံပါတ်၊ တောင်ငူနံပါတ်၊ မြိတ်နံပါတ်၊ ပဲခူးနံပါတ်၊ သထုံနံပါတ်၊ အိုကွာ ကုန်ကုန်ပြောရှုရင် ဘန်ကောက်နံပါတ် ဆိုပြီးတော့တောင် ထွက်လာတတ်သေးတယ်နော်....။

ဒုတိယ အကြိမ်

www.burmeseclassic.com

ဒီမှာ ငါ့ကိုကား အကွက်ပေါ့၊ 'ဟာဗျာ၊ ဒီနံပါတ်က ဒီလောက် 'ဟော့' ဖြစ်နေတာ မရတော့ဘူး' ဘာညာနဲ့ အိုက်စကာရင် ခံပစ်လိုက်တယ်၊ မင်းကို အဲဒီအချိန်မျိုး လာကြည့်စေချင်တယ် တင့်မော်ရာ....။

ကိုယ့်ပိုက်ဆံနဲ့ကိုယ် မျက်နှာငယ် အောက်ကျို့ပြီး ငါ့ကို ခယတောင်းပန်နေတဲ့ လူတွေကို ဟား ဟား တွေးကြည့်ရင် သိပ်သနားဖို့ ကောင်းတာပဲ....။

'လုပ်ပါဗျာ.... ဒီနံပါတ် ကြိုက်လွန်းလို့ပါ၊ တစ်ထောင်ဖိုး တည်းပါ' ဘာညာနဲ့ ငါ့ကို တောင်းပန်ပြီး အတင်း လာထိုးနေကြတော့တာပဲ....။

ဒီမှာ ငါက ဘာလုပ်သလဲဆိုတော့ 'အင်းလေ ခင်ဗျားက ဖောက်သည် ဖြစ်နေတော့ လက်ခံလိုက်ပါ့မယ်၊ အဲ.... တစ်ခုတော့ ရှိတယ်နော်၊ ဒီနံပါတ်က သေချာသလောက် ဖြစ်နေတာဆိုတော့ 'အော' ထုံးစံအတိုင်း တွက်တော့ မပေးနိုင်ဘူး၊ တည့်တစ်လုံးပဲ လျော်မယ်၊ ကျေနပ်မှထိုး' အဲဒီလို ခပ်တင်းတင်း ပြန်ပြောပစ်လိုက်တယ်....။

ဘာလဲ ငါက အဲဒီလို တင်းလိုက်လို့ မထိုးဘူးများ မင်းထင်နေသလား၊ ထိုးတာပဲ ငါ့လူ၊ ငါ့ဆီက ဘောက်ချာရပြီးရင် ငါ့ကိုတောင်မှ ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောသွားသေးတာ၊ တစ်ခါတည်း သူ့အသက်သခင် ကျေးဇူးရှင် ကျနေတာပဲ....။

ဒုတိယ အကြိမ်



လော်ဘာသားတောင် ဆိုတော့လဲ လော်ဘာတွေက တအားတက်နေတာ၊ သူ ဘယ်လောက်နစ်နာသွားသလဲ မစဉ်းစားချင့်ချိန်နိုင်တော့ဘူးလေ....။

မင်း စဉ်းစားကွာ၊ နံပါတ်တစ်ခုမှာ တည့်တစ်ခုဖယ်လိုက်ရင် ပတ်လည်ငါးလုံးနဲ့ ဘားတိုက်နှစ်လုံးရှိတယ်၊ စုစုပေါင်း ခုနှစ်လုံးတောင်ရှိတာ....။

အဲဒီခုနှစ်လုံးဟာ ရိုးရိုးထိုးထားရင် တစ်လုံးလုံးမှားထွက်လာလို့ကတော့ ငါက တစ်ထောင်ရဲ့ ဆယ်ဆ တစ်သောင်း ပြန်လျော်ပေးရမှာ၊ အခုတော့ ငါက တွက် မပေးတာကို လက်ခံကျေနပ်ပြီး ထိုးသွားတော့ သူ့အတွက် ငွေတစ်သောင်း ရနိုင်တဲ့ နံပါတ်ခုနစ်လုံး နစ်နာသွားတာပေါ့ကွ....။

ကဲပါကွာ၊ ဖွင့်ပြောသက်စနဲ့ တစ်ခါတည်းပဲ ပြောလိုက်ပါ့မယ်၊ လျှောက်တော့ မပြောနဲ့နော်၊ အဲဒီ ကြားချိုင်းသမားတွေ လာထိုးတဲ့....။

“ဟော့နံပါတ်” ဆိုတာက တကယ်တော့ ငါတို့လို အောဒိုင်တွေက ငါတို့ရဲ့ တပည့်လက်သားတွေဆီက တစ်ဆင့် ဖြန့်လိုက်တဲ့ နံပါတ်တွေတဲ့၊ ရှင်းရှင်းပြောရရင် တို့အခန်းနဲ့ ထိုးဝ မတွက်ဘူးလို့ လက်ခံယုံကြည်ထားတဲ့ နံပါတ်တွေကို အလိမ်းတွေနဲ့ဖြန့်ပြီး ငွေရှာတာပေါ့ကွာ....။

အေးပါ မင်းအပြစ်တင်သဲ ငါခံပါ့မယ်၊ စောစောက ပြောခဲ့တဲ့ “လိုကြိုက်” နံပါတ်ဖြန့်တဲ့လူတွေထဲမှာ ငါပါ ပါတယ်၊ မင်းကို အဲဒီကိစ္စ အမှန်မပြောချင်လို့ ထိမ်ထားတာပါ။

ဒုတိယ အကြိမ်

www.burmeseclassic.com



ခွင့်လွှတ်ကွာ၊ ဒီတစ်ခါပဲ ငါ့လျှို့ဝှက်ချက်ပေါ်မှာစိုးလို့ လိမ်မိတာပါ၊ ကျန်တဲ့စကားတွေကတော့ လုံးဝ မုသားမပါပါဘူး....နော်....။

ဘာလဲ....မင်းက သူငယ်ချင်း အချင်းချင်း လိမ်ပြောလို့ စိတ်ဆိုးနေလား။ တောင်းပန်ပြီးပြီပဲကွာ၊ ကျေနပ်မှပေါ့၊ မင်းကလဲ စိတ်ချည်းပဲ....။

ကဲ....မင်း ကျေနပ်သွားအောင် တို့အောဒိုင်တွေ လျှို့ဝှက်ထားတဲ့ နောက်ကိစ္စတစ်ခုကို ဖွင့်ပြောပေးပါ့မယ်၊ ဒါဆို မင်းကျေနပ်နော် ဒါပဲ....။

ဒီလို တင်မော်ရေ၊ တစ်ခါတုန်းက နံမပါတ်တစ်ခုက ချိုင်းတွေ၊ ဖော်မြူလာတွေ၊ အတိတ်စိမ်းတွေ လိုင်းပေါင်းစုံက လူတွေ ကြိုက်တဲ့နံပါတ်ဖြစ်နေတတ်တယ်၊ အဲဒီအခါမျိုးမှာ တို့လိုအောဒိုင်တွေဆီမှာ အဲဒီနံပါတ် တစ်ခုတည်းကိုပဲ အသေအကျလာထိုးကြရော....။

ဒီတော့ ကျန်တဲ့နံပါတ်တွေက အရောင်းမသွက်ဘူး ဖြစ်တော့တာပေါ့၊ ဒီမှာ တို့တွေက “စစ်သားချိုင်း”ဆိုပြီး အကြံအဖန်လုပ်ရတော့တယ်၊ ယိုးဒယားမှာ စစ်သားတွေပဲ သီးသန့်ထိုးတဲ့ ချဲထီ ရှိတယ်ပေါ့၊ အဲဒီထီက ဆယ်ရက်မြောက်တဲ့နေ့မှာ ထွက်တယ်ပေါ့၊ အဲဒီလို သတင်း လွှင့်ထားလိုက်တယ်၊ ပြီးမှ ဆယ်ရက်မြောက်တဲ့ နေ့မှာ အဲဒီ လူကြိုက်များတဲ့ နံပါတ်ကို စစ်သားချဲမှာ ထွက်သွားပြီဆိုပြီး လုပ်လိုက်တယ်၊ သတင်းဖြန့်လိုက်တာပေါ့၊





ဒီတော့ ထိုးသားတွေလဲ “ဟာ....စစ်သားချဲမှာပါသွားပြီ ဒါဆို ထပ်မထွက်တော့ဘူး” ဆိုပြီး နောက်ထပ် နံပါတ်အသစ်တွေဘက် မြှားဦးပြန်လှည့်လာတယ်၊ ဒီတော့မှ ငါတို့လဲ အရောင်းပြန်သွက်လာတော့တာပေါ့၊ ကဲ ကျေနပ်ပြီနော်....။

အဲဒါ ငါ့ရဲ့ အကြီးဆုံး လျှို့ဝှက် ချက်ပဲ၊ ဟိုနိုင်ငံမှာ တကယ်ရှိသလား၊ တကယ်ရှိရင် ဘာနံပါတ်ထွက်သလဲ၊ အဲဒါ တွေတော့ ငါမသိဘူး၊ ငါသိတာကတော့ ငါတို့လွှင့်လိုက်တဲ့ လိမ်ကြိုပ်နံပါတ်ပဲ၊ ဟဲ....ဟဲ....ငါကြားဖူး သလောက်ကတော့ တကယ်လဲ မရှိဘူးလို့ ကြားတာပါပဲကွာ....။

* * *

ကဲ....ငါလုပ်ရှားနေတဲ့ ချဲထီ လောကအကြောင်း မင်းကို အတော်လေး ရှင်းပြပြီးသွားပြီ၊ မင်းသိပ်သိချင်နေတဲ့ ငါ့ဘဝအကြောင်း ပြောပါတော့မယ်၊ အဲဒီမှာ မင်းအတွက် စိတ်ဝင်စားစရာ ရေးကွက်တွေ အများကြီးပါကွာ၊ ဘာမှ စိတ်ပူမနေပါနဲ့၊ ငါ့ဘဝမှာ ကြုံခဲ့တွေ့ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေက မင်းအတွက် အကျိုးရှိမှာ သေချာပါတယ်....။

မင်းက လူတွေရဲ့စရိုက်ကိုပါ စိတ်ဝင်စားတယ်ဆိုတော့ ပြောပြသင့်တဲ့ လူတွေအကြောင်း ပါလာရင် သူတို့စရိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com



သူတို့အခြေအနေတွေပါ မြန်မြန်မချန် ငါပြောပြပါမယ်။ အေး အဲဒီအကြောင်း ဝတ္ထုတွေဘာတွေ ရေးဖြစ်ရင်တော့ နာမည်ပြောင်းရေးပေါ့ကွာ၊ တော်ကြာ ငါ့ကို ဖော်ကောင်ဆိုပြီး ပြဿနာ လာရှာနေပါ့မယ်....။

အဲ...ငါ့နာမည်လဲ ပြောင်းနော်၊ မျိုးအောင်လို့ ရေးမထည့်နဲ့ဦး၊ တော်ကြာ သက်ဆိုင်ရာက လာဖမ်းလို့ ဟုတ်ပေ ဖြစ်နေဦးမယ်၊ တခြားနာမည်တစ်ခုခုပေါ့ကွာ၊ လူခဲ့တွမှည့်ခဲ့တဲ့ နာမည် သုံးပေါ့ "နောင်ဇင်ချင်း" တို့ ပါတို့ ဆိုရင် ရပါတယ်၊ ဟုတ်ပြီလား....။

* * *

မင်း မှတ်မိတယ်နော်၊ ငါတို့ရှစ်တန်း ပထမအစမ်းစာမေးပွဲ ဖြေဖို့ စာကျက်နေကြတဲ့အချိန်မှာ ငါ့အဖေ ဆုံးသွားတာ။ အဲ့ဒီက ရုတ်တရက် ဆုံးသွားတာလေ၊ အဲဒီတုန်းက ငါတို့နေတဲ့ အောင်ဇေလာ အရက်ဝင်းထဲက အိမ်ကိုတောင်မှ မင်း ရောက်လာပြီး အသုဘတောင် လိုက်ပို့သေးတာပဲဟာ....။

အဖေက မူလသင်အထိ ဆိုက်ကား နင်းသွားသေးတာ၊ အယ်နှစ်ကျော်ကျော် ဆိုက်ကား နင်းခဲ့တာဆိုတော့ သူ့ဆိုက်





ကားကို ဘယ်လောက်များ သံယောဇဉ်ကြီးနေလဲ မသိပါဘူးကွာ၊ သေတော့လဲ သူ့ဆိုက်ကားပေါ်တင် သေရှာတာပဲ....။

အဖေ သေတာကို ပြောတော့ တစ်ရပ်ကွက်လုံး မယုံကြဘူး၊ ဘယ့်နှယ်ကွာ၊ မနက်ကပဲ အဖေကြီးထမ်းပြီး ခေါ်ချိုးနေတာ မြင်ကြသေးတာပဲ၊ ဆိုက်ကားလေးနင်းပြီး ထွက်သွားတာလဲ တွေ့လိုက်ကြတာပဲ...။

အဲ... နေ့လယ်ဘက် နေမွန်းတည့်ချိန်ကျမှ သတင်းကြားရတာ၊ တာမွေဘက်ကို ခရီးသည်လိုက်ပို့ပြီး အပြန်မှာ သတိပဋ္ဌာန် လမ်းထိပ် ရောက်တော့ နောက်ထပ် လင်မယား နှစ်ယောက်က လှမ်းတားပြီး စီးတယ်၊ ဘုရင့်နောင်ရုံသွားမယ် ဆိုတော့ အဖေ့ ဂိတ်နဲ့လဲ လမ်းကြုံတာနဲ့ တင်ခေါ်ခဲ့တယ်တဲ့။

အဖေမို့ မစဉ်းစားတာ၊ ဒီလောက် နေကျဲကျဲတောက် ပူနေချိန်မှာ ကျောက်မြောင်းဈေးရှေ့က ကုန်းလိုမျိုး ကုန်းမြင့်မြင့်ကို အဖေ နင်းတက်ဖို့ လွယ်မလား။ ပြီးတော့ စီးလာတဲ့ လင်မယားကလဲ ခပ်ဝဝရယ်...။

နဂိုကတည်းက အသက်ကြီးပြီး အားနည်းနေတဲ့ အဖေ၊ နေပြင်းပြင်းအောက်မှာ ဆက်တိုက်နင်းနေရတော့ ဟော်ဟဲ ဟိုက်နေတဲ့ အဖေ...။

ကျောက်မြောင်းဈေး မှတ်တိုင်ကျော်လာတော့ ဆက်နင်းဖို့ အားက မရှိတော့ဘူး။ ဆိုက်ကားက မရွေ့ချင်တော့ဘူး။ နောက်က လင်မယားကလဲ အခြေအနေကို သိပေမယ့် အဆိုက်

www.burmeseclassic.com



မသိဘူး၊ နည်းနည်းလောက် ဆင်းလျှောက်ပေးမယ်လို့ စကား မဟကြဘူး....။

အဖေကလဲ မခုန်နဲ့ပဲ၊ ဘယ့်နှယ် ဆိုက်ကား နင်းစားလာတာပဲ ဆယ်နှစ်ကျော်နေပြီ၊ ဆိုက်ကားသမား သိက္ခာ အကျခံပြီး 'ခဏ ဆင်းပေးကြပါဗျာ'လို့ ဘယ်ပြောပါ့မလဲ၊ ရှိသမျှ အားမာန်တွေ အကုန်စုပြီး ကုန်းတက်ကို အံကြိတ် နင်းတက်တော့တာပေါ့....။

စကားပုံတစ်ခု ရှိတယ်လေ၊ 'ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးကိုတဲ့ဖြိုမယ်ကြံ ခါးကမသန်'တဲ့ ငါ့အဖေလဲ အဲဒီလိုမျိုး ဖြစ်တာပေါ့ကွာ၊ ဒါပေမယ့် ဖေဖေက တောင်ကြီးကို ဖြိုဖို့နေနေသာသာ ကျောက်မြောင်းဈေးရှေ့က ကုန်းတက်ကို ထက်ဝက်အထိတောင်မှ ရောက်အောင် နင်းမသွားနိုင်ရှာပါဘူး၊ လမ်းတစ်ဝက်ဘင် ဆိုက်ကားပေါ်က ပြုတ်ကျသွားရှာတာပဲ....။

ဘေးက ဝိုင်းအုံ ထူပေးတဲ့လူတွေကို စကားတစ်ခွန်းတော့ ပြောနိုင်ခဲ့တယ်၊ 'မောလိုက်တာ'တဲ့၊ အဲဒီစကားပြောပြီးတာနဲ့ အသက်လဲ ထွက်သွားတာပဲ....။

ဖေဖေ ကံကောင်းပါတယ်၊ ကျန်ခဲ့တဲ့ ငါတို့မိသားစု ကံဆိုးတာပေါ့၊ ဖေဖေက ဝေဒနာ သိပ်မခံစားရဘဲ အသက်ထွက်သွားတယ်၊ ဖေဖေ့ အလောင်း မြေကျဖို့ ကိစ္စကိုလဲ ဖေဖေ့ လုပ်ဖော် ကိုင်ဖက်တွေက အစအဆုံး စီစဉ်ပေးကြတယ်၊ တို့ မိသားစုမှာလဲ လက်ကျန်ငွေ တစ်ပြားတစ်ချပ်မှ မရှိတော့





သူတို့ ပြောတဲ့အတိုင်း အသုဘကို ကန်ထရိုက် ပေးလိုက်ရတာပေါ့။

အဲဒီခေတ်တုန်းက အသုဘတွေကို ကန်ထရိုက်ယူတဲ့လူတွေ ရှိသေးတယ်လေ၊ အသုဘကိစ္စ မြေချပြီးတဲ့အထိ ကန်ထရိုက်က အစအဆုံး စီစဉ်ပေးတယ်၊ ငါတို့က အသုဘ ရက်လည်တဲ့အထိ အိမ်မှာ သူလုပ်ချင်ရာလုပ်ဖို့ လုပ်ပိုင်ခွင့်ပေးရတယ်...။

သူက ဖဲဝိုင်းထောင် အကောက်ရတဲ့ငွေ မှန်သမျှသိမ်း၊ အဲဒီငွေထဲက အသုဘကိစ္စ အားလုံးပြီးတဲ့အထိ လုပ်ပေးပြီးမှ ပိုတဲ့ အမြတ်ငွေကို ယူတာပါ၊ ဝိုင်းဖြစ်ဖို့ လူစုတာက အစ ရက်လည် သပိတ်သွတ်တဲ့နေ့ မုန့်ဟင်းခါး ကျွေးပြီးတဲ့အထိ အစအဆုံး သူလူနဲ့သူ အပြီး လုပ်ပေးသွားတာပဲ ...။

ဆိုတော့....ဖေဖေ ဝေဒနာ မခံရဘဲ သေဘယ်၊ အသုဘကိစ္စ ပြည့်ပြည့်စုံစုံပြီးတယ်၊ မြေကြီးထဲမှာ အိပ်စရာနေရာ ကောင်းကောင်း ရသွားတယ်၊ ဒီတော့... ဖေဖေ ကံကောင်းတယ်လို့ပဲ ငါကတော့ ယူဆပြီး ဖေဖေ့ အတွက် ဖြေသိမ့်လိုက်ပါတယ်။

ကံဆိုးတာက ကျန်ရစ်ခဲ့တဲ့ တို့မိသားစု၊ တို့မိသားစု ဆိုတာက မေမေရယ် ငါရယ်၊ ငါ့ထက် နှစ်နှစ်ငယ်တဲ့ ငါ့ညီမ မူမူရယ်ပေါ့ကွာ....။

တို့နေတဲ့ အောင်မင်္ဂလာအရက်ဝင်းထဲက အိမ်ဟာ တကယ်တော့ တို့နဲ့ ဘာမှ မဆိုင်ပါဘူး။ ဖေဖေ့ ညီဝမ်းကွဲရဲ့ အိမ် ကျဉ်းကျဉ်းလေးမှာ တောင်းပန်ပြီး နေကြရတာပါ....။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ ညီငမ်းကွဲကလဲ သားသမီး ငါးယောက်တောင် ရှိတော့ တို့ကို လက်မခံချင်ပေမယ့် သူ့အပေါ် ကျေးဇူးရှိခဲ့ဖူးတဲ့ ဖေဖေ့ ကျေးဇူးကြောင့် ဖေဖေ ရှိတုန်းက ဘာမှမပြောခဲ့တာပါ....။

ဒါတောင်မှ သူ့ မိန်းမက ယောကျ်ားမရှိတဲ့ အချိန်ဆို... 'ဒီလူအုပ်နဲ့ ဒီအိမ် ဘယ်လို ဆက်နေကြမှာလဲ၊ ကလေးတွေကလဲ အရွယ်ရောက်လာတော့မယ်၊ ခြင်ထောင်တစ်ခုတည်းမှာ ထည့်သိပ်လို့ မကောင်းတော့ဘူး' တို့၊ 'ဘယ်လိုလဲ အိမ်လေးဘာလေး ရှာနေဖို့ မစဉ်းစားတော့ဘူးလား၊ အခုချောင်နေလို့ ရှောင်းရှင်တို့က အားချောင်နေပေမယ့် ကျွန်မတို့က နေရသာ မချောင်ဘူးရှင့်' တို့၊ အဲဒီစကားမျိုးတွေ ပြောင်ပြောင်ပြောတတ်တယ်၊ အဲ... ညဘက် သူ့ညီပြန်လာမှ အဖေက အဲဒီ မိန်းမ ပြောသမျှတွေကို ညီကိုပြန်တိုင်၊ ညီက သူ့မိန်းမကိုဆူ၊ သူ့မိန်းမက ပြန်ခံပြော၊ လင်မယား ရန်ဖြစ်ကြနဲ့ နေလာခဲ့ရတာ....။

ကဲ... အခု အဖေ သေပြီ၊ လောကကြီးမှာ မရှိတော့ဘူး။ အိမ်ရှင် လင်မယားအတွက် စောက်ထား ညာတာစရာ ဘာမျက်နှာမှ မရှိတော့ဘူး....။

ငါတော့ ချီးကျူးတယ် တင်မောင်ရေ၊ တကယ့်ကို စိတ်ခေါက်ပြတ်သွားတဲ့ လင်မယားပဲ၊ ပြတ်သားချက်ကတော့ ရက်လည်ဆွမ်းသွတ်ပြီး ခုနှဟင်းခါးကျွေးပြီးလို့ အိုးခွက်ပန်းကန်တွေ ဆေးကြော တိုက်ချွတ်နေတုန်းမှာပဲ အမေ့ကို ခေါ်ပြော





တယ်၊ ငါတို့မိသားစုကို ဒီအိမ်မှာဆက်ပြီး လက်မခံနိုင်တော့ဘူးပေါ့၊ ဒီတော့ အမြန်ဆုံး ပြောင်းဖို့ရွှေ့ဖို့ စီစဉ်ပါတဲ့၊ လင်ရော မယားရော နှစ်ယောက်စလုံးက ပြောတာ...။

ပြောပြီး ငါ့ကြိုက်ကွာ၊ အဖေသေတော့ ငါတို့ လက်ထဲမှာ ငွေတစ်ပြားတစ်ချပ်မှ မရှိပါဘူးဆိုတာ၊ ဆိုက်ကား က လဲ အငှားနင်းတာဆိုတော့ ပိုင်ရှင်က ပြန်ယူသွားပြီ....။

ကဲ ငွေတစ်ပြားတစ်ချပ်မှ မရှိပဲ ငါတို့မိသားစု ဘယ်မှာ ပြောင်းနေလို့ ရမှာလဲ၊ ဘယ်တဲနေ အိမ်ငှားဖို့ ဆိုပေါ့ ငွေရမှာလဲ၊ စားဖို့သောက်ဖို့ကတော့ ထားပါတော့၊ ငါက အဲဒီ အချိန်မှာ ၁၅ နှစ်ကျော်ပြီး ၁၆ နှစ်ထဲ ရောက်နေပြီ၊ အဖေ သေတယ်လို့ သိရကတည်းက အိမ်ထောင်စု စားဝတ်နေရေး အတွက် ကျောင်းထွက်ပြီး ကြုံရာအလုပ် တစ်ခုခု လုပ်ဖို့ ဆုံးဖြတ်ထားပြီးသား၊ ယောကျ်ားလေးပဲ၊ တစ်နေ့တစ်ဆယ်၊ ဆယ့်ငါးကျပ်ကတော့ ကုလီဝင်ထမ်းတောင် ရတယ်၊ အဲဒီ တော့ စားဖို့သောက်ဖို့က သိပ်မပူရဘူး၊ အခု လောလော ဆယ်မှာ ပူပင်နေရတာက နေဖို့....။

အမေကတော့ အိမ်ရှင်ကဆင်းပေးဖို့ပြောကတည်းက ငိုတော့တာပဲ၊ ဟိုတယ်လေ သေသွားတဲ့ယောကျ်ားအတွက် သပိတ် သွတ်ပြီးလို့ လွမ်းမယ် ဆွေးမယ်မှ မကြံသေးဘူး၊ နေ စ ရာ ပျောက်နေပြီ ဒီတော့ မိန်းမပဲ သူတို့ရဲ့ ထုံးစံအတိုင်း ရှိတဲ့ မျက်ရည်တွေ သွန်ထုတ်ပြီး ငိုတော့တာပေါ့၊ ငိုတာမှ တဖြိုးဖြိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ခံစားချက်တွေ ပိုပြင်းထန်လာလို့ ထင်ပါရဲ့၊ အဖေ့နာမည်ကိုပါ တ....တပြီး ရှိုက်ကြီးတငင် အော်ငိုတာ....။

အဲဒီလို အော်ငိုမိတာကိုပဲ ကံကောင်းတယ်လို့ပြောရမယ်။ ဘာလို့ဆိုတော့ အဲဒီအချိန်မှာ ဖေဖေ အပေါင်းအသင်းတွေက မပြန်ကြသေးဘူး၊ ပန်းကန်ခွက်ယောက်တွေ၊ အိုးတွေ ပြန်အပ်ဖို့ ဆေးကြောစီစဉ်နေကြတုန်း ရှိသေးတာကိုး၊အမေ့ ငိုသံကြားတော့ သူတို့အားလုံး အိမ်ထဲဝင်လာပြီး အကျိုးအကြောင်း မေးတယ်၊ အခြေအနေကိုသိရတော့ သူ တို့လဲ ငါတို့မိသားစု အနာဂတ်အတွက် တွေးမိလို့ထင်ပါရဲ့၊အားလုံး မျက်ရည်စို့တဲ့အထိ ဖြစ်ကုန်တယ်....။

ဟေ့ကောင်တင်မော်၊ လောကကြီးမှာ ဆင်းရဲသားတွေကမှ ဆင်းရဲတဲ့အကြောင်းကို အသေအချာ နားလည်တာကွ။ အဲဒီ ဆိုက်ကားဆရာတွေကလဲ ဆင်းရဲသားတွေဆိုတော့ ငါတို့ရဲ့ ဆင်းရဲမယ့် အနာဂတ်ကို ပိုနားလည်သွားတယ်၊ ငါတို့က ဆင်းရဲတာမှ၊ နေစရာ အိမ်ခြေရာခြေ မရှိလို့ လမ်းဘေးမှာ အိပ်ရတော့မယ့် အဆင့်အထိ ဆင်းရဲနေတာမဟုတ်လား....။

အမေ့ဘေးနားမှာ ရပ်ကြည့်နေတဲ့ ဆိုက်ကားဆရာတွေ အားလုံး တစ်မိနစ်လောက် ငြိမ်သွားတယ်၊ သူတို့လဲ ကူညီဖို့ အမျိုးမျိုး စဉ်းစားကြတယ်နဲ့ တူပါတယ်....။

သိပ်မကြာလိုက်ဘူး ဦးလေးချစ်လို့ ငါတို့က ခေါ်တဲ့ ဦးမျိုးချစ်ရဲ့ အသံ ထွက်လာတယ်....။





ဟော့ တင်အောင်သေတာ တစ် ပတ် ပဲ ရှိ သေး တယ်။ တင်အောင့်မိန်းမနဲ့ ကလေးတွေ လမ်းပေါ်ရောက်နေတယ်ဆိုတာ လုံးဝ အဖြစ်မခံနိုင်ဘူး၊ ဖြစ်တဲ့နည်းနဲ့ ကူရမယ်၊ ကဲ ငါပြောမယ်၊ ငါ့အိမ်ဘေးမှာ မြေကွက်အလွတ်လေးရှိတယ်။ သိပ်တော့မကျယ်ဘူး၊ ဆယ်ပေပတ်လည်တောင်ပြည့်မှာမဟုတ်ဘူး၊ အဲဒီမှာ အဖီလေးထိုးပြီးနေရင်ရတယ်၊ ဒီတော့ ငါ့မှာ လောလောဆယ် ငွေနှစ်ဆယ်ရှိတယ်၊ အဲ ငါ့ဆိုက်ကားကဘဲ(လ်)ကို နှစ်ဆယ်နဲ့ ဝယ်မယ့်လူလဲရှိတယ်၊ ဈေး ဆိုင်ထားပြီးသား၊ အဲဒီတော့ လေးဆယ်ရှိတယ်၊ အဲဒီလေးဆယ် ငါ စိုက်မယ်၊ လိုတာကို မင်းတို့ စေတနာရှိလဲစိုက်၊ မရှိလဲနေ၊ ငွေတစ်ရာကျော်လောက်ရှိရင် ဒီနေ့ နေ့ချင်းပြီး ငါဆောက်ပေးမယ်၊ ဝိုင်းကူမယ့်လူရှိရင်တော့ ပိုမြန်တာပေါ့၊ သူတို့ကို နှင်ချနေတဲ့ အိမ်မှာတော့ ဒီတစ်ည တောင် မအိပ်စေနဲ့။ တင်အောင်မရှိပေမယ့် တင်အောင့်အစား ငါရှက်တယ်၊ ကဲ မင်းတို့သဘောပြော....။

ကျန်တဲ့ အဖေ့မိတ်ဆွေတွေက သူတို့မှာ ပါသလောက် ဝိုင်းစိုက်တယ်၊ စုစုပေါင်း တစ်ရာ့ငါးဆယ် ကျော်လောက် ဖြစ်လာတယ်....။

ဒီနေ့ အလုပ်ဖျက်ပြီး အဖီလေးကို အပြီးလိုက်ဆောက်ပေးမယ်လို့ အားလုံး တညီတညွတ်တည်း ဆုံးဖြတ်ကြတယ်။ နေ့တွက် မပေးနိုင်လို့ အုံနာနဲ့ ပြဿနာပေါ်မှာတွေ၊ အိမ်မှာ ထမင်းငတ်မှာတွေကို ဘယ်သူမှ ထည့်မတွက်ကြဘူး....။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့အိမ်ထောင်ပစ္စည်းကလဲ သိပ်မများတော့ ဆိုက်ကားတွေပေါ် တင်ပြီးတဲ့အခါ ဆိုက်ကားတွေတောင် မိခန်သေးတယ်၊ ဆိုက်ကားတန်းကြီး ထွက်သွားလို့သာ တက်လိုက်လာရတယ်၊ အဲဒီအချိန်အထိ ငါတို့နေမှာ ဘယ်အရပ်ဒေသဆိုတာ မသိသေးဘူး....။

ဆိုက်ကားတွေအားလုံး ဂွတ္တလစ်ဈေးဘေးနားမှာ ရပ်လိုက်တော့မှပဲ ဪ....ငါနေရမှာ ဒီမှာပါလားလို့ သိရတော့တယ်၊ မင်းသိတယ် မဟုတ်လား၊ ဂွတ္တလစ်ဈေး ဘေးနားက ရပ်ကွက်လေ....။

ဆိုက်ကားဆရာဆိုတာ အခြေအနေ အမျိုးမျိုးကြောင့်သာ ဆိုက်ကားနင်းစားနေကြပေမယ့် ဘဝမျိုးစုံ ကျင်လည်ခဲ့တဲ့ လူတွေပဲ၊ တို့ကိုလိုက်ပို့တဲ့ အဖေ့မိတ်ဆွေ ဆိုက်ကားဆရာ ရှစ်ယောက်မှာ ငါးယောက်က လက်သမားပညာ တတ်ထားတဲ့ လူတွေ...။

ဝါးတို့ ဓနိတို့ဝယ်ဖို့ကလဲ အဲဒီလမ်းထိပ်နဲ့ မျက်နှာချင်း ဆိုင်မှာကို ဝါးဓနိဆိုင်ကြီးက အဆင်သင့်၊ မြေကွက်လပ်လေးကို မြေညှိနည်းနည်းညှိပြီး ဝိုင်းဆောက်ကြတာ ဘာကြာတာမှတ်လို့ကွာ၊ ညနေငါးနာရီလောက်ကျတော့ ငါတို့မိသားစု နေဖို့ နေရာလေးက အဆင်သင့် ဖြစ်နေပြီ....။

တင်မောင်...အခု ငါပြောနေတာ ပေရှည်နေလား အပိုတွေ ပြောသလို ဖြစ်နေသလား၊ ဒီလိုပါကွာ၊ ငါ့ဘဝရဲ့ အစဦးဆုံး မျက်နှာကို လှန်ပြရတာ ဆိုတော့ အဲဒီအချိန်က ငါ့





အခြေအနေ အနေအထားဓိတ်ကို မင်းအခုနေနဲ့ သိထားစေချင်လို့ပါ၊ မင်းနဲ့ငါဟာ အဲဒီအချိန်ကစပြီး မတွေ့ဖြစ်တာဆိုတော့ ငါ မင်းနဲ့ကွဲကွာသွားတဲ့ ဘဝအစရဲ့ အခက်အခဲ အကျပ်အတည်းလေးတွေကို သိထားစေချင်လို့ပါ၊ ဒါမှလဲ အခုလို အခြေအနေမျိုးရောက်တဲ့အထိ ငါ ဘာတွေလုပ်ခဲ့တယ်ဆိုတာ မင်းအတွက် ပိုပြီး စိတ်ဝင်စားစရာ ကောင်းမှာပေါ့ကွာ၊ ဟုတ်ဘူးလား....။

ကဲ....ကဲ....ငါ့ဘဝက မင်းနဲ့ခွဲခွာရစဉ်အချိန်က ဘယ်လောက် ခါးသည်း နာကြည်းစရာ ကောင်းခဲ့တယ်ဆိုတာ မင်းသိရပြီနော်၊ နောက်ပိုင်း ငါ ဘာဆက်လုပ်သလဲ မင်းသိသလား။

* * *

တင်ငါနာရီ ထိုးငါ၊ မဆိုးနာရီ မဆိုး တဲ့ မှန်လိုက်တဲ့စကားကွာ၊ အဟုတ်ပဲ တင်မောင်ရေ၊ ငါလဲ အဲဒီ စကားပုံထဲက အတိုင်း ငါ့အနီးနားက အပေါင်းအသင်းတွေနဲ့ ပေါင်းသင်း ရင်းနှီးရာက ရေမြေလိုက်ပြီး ငါ့ဘဝဟာ ပုတ်သင်ညိုလို အရောင်ပြောင်းခဲ့ရတယ်....။

ဦးလေးချစ်ကို သူ့အိမ်ဘေးက မြေကွက်လပ်မှာ အဖီလေး ဆောက်ပြီး ငါတို့မိသားစု နေရေးအတွက် အဆင်ပြေအောင် ညှိနိုင်ခဲ့ပေမယ့် စားရေး ဝတ်ရေး ကိစ္စတွေမှာတော့ သူလဲ

www.burmeseclassic.com



လုံးဝမကူနိုင်ရှာဘူး၊ ငါတို့ကိုကူဖို့နေနေသာသာ သူ့မိသားစု ဝမ်းရေးအတွက်တောင်မှ မနည်းကြိုးစားနေရတာကွ...။

သူ့တို့မိသားစု စားစရိတ်ကလဲ မသေးဘူး ငါ့လူ၊ သားသမီး မွေးထားတာက ငါးယောက်၊ အကြီးနှစ်ယောက်က ကျောင်းထွက်လိုက်ပြီ ဆိုပေမယ့် အငယ် သုံးယောက်က ကျောင်းဆက် တက်နေတုန်းပဲလေ၊ ရှစ်တန်း နှစ်ယောက်၊ ခြောက်တန်းနှစ်ယောက်အတွက်ကျောင်းစရိတ်ကနည်းမလား ဒါတောင် သူ့ သားအကြီးဆုံး မြင့်သန်းက ဝင်ငွေလေး ဘာလေး အိမ်ကိုထောက်ပံ့နေလို့ နည်းနည်းခံသာတာ...။

မြင့်သန်းအောက်ကကျောင်းထွက်ထားတဲ့ သန်းသန်းအေး ဆိုရင်လဲ ဂွတ္တလစ်ထဲကကွမ်းသီးတွေယူပြီး တစ်နေ့လုံးညှပ်နေတာပဲ၊ သူကလဲ တစ်နေ့ အိမ်ကို ငါးကျပ်လောက် ပြန်ပေးနိုင်တယ်တဲ့၊ မြင့်သန်းနဲ့ ငါနဲ့က အသက်ချင်း သိပ်မကွာဘူး၊ ဒီတော့ ပေါင်းလို့ဖြစ်တယ်ပေါ့၊ သူကလဲ ဦးလေးချစ် ပြောပြထားလို့ ငါတို့အခက်အခဲကိုသိနေတော့ ငါ့ကို အကူအညီပေးပါတယ်...။

အိမ်ပြောင်းပြီးပြီးချင်း တစ်ပတ်လောက်ကတော့ ငါတို့စားဖို့ အဆင်ပြေတယ်၊ အဖေမသေခင်က အလှူအတန်းသွားရင်း ဝတ်ဖို့ ချုပ်ထားတဲ့ ပုဆိုးအသစ် တစ်ထည်၊ နည်းနည်းနွမ်းနေတာ နှစ်ထည်နဲ့ တိုက်ပုံအသစ်နှစ်ထည်ကို ရောင်းပြီးရတဲ့ငွေလေးကို ချွေသုံးရတာပေါ့ကွာ၊ အဲဒီအချိန်မှာ ငါက မြင့်သန်းနဲ့တွဲပြီး အလုပ်အတွက် လေ့လာချိန်ရတာပေါ့...။

ဒုတိယ အကြိမ်



မြင့်သန်းအလုပ်ကလဲ ရှင်းပါတယ်၊ မိုးလင်းရင် ရေမိုးချိုး အဝတ်စားလဲပြီး ဈေးထောင့်က လက်ဖက်ရည်ဆိုင်မှာထိုင်ရင်ထိုင်၊ တစ်ခါတလေ ထိုင်တာ သိပ်ကြာလာရင် ဆိုင်ပြင်ထွက်ပြီး ဟိုနားဒီနားလျှောက်၊ အရိပ်ရတဲ့ နေရာ တစ်နေရာမှာ ပြန်ထိုင်၊ အဲဒီမှာထိုင်ပြီး သူ့ အသိအကျွမ်းတွေနဲ့စကားထိုင်ပြော။

အဲ...တစ်နာရီ နှစ်နာရီလောက် ပြောပြီးသွားရင် တစ်ခါ လက်ဖက်ရည်ဆိုင်မှာ ပြန်ထိုင်၊ ရေနွေးသောက်၊ တွေ့တဲ့လူနဲ့ စကားပြော၊ ဒါပါပဲ...။

အေး...တစ်ခုတော့ ရှိတာပေါ့၊ လူကသာထိုင်နေ၊ စကားပြောနေပေမယ့် မျက်လုံးကတော့ အမြဲတမ်း လမ်းဘက်ကိုပဲကြည့်နေရတယ်၊ လမ်းသွားလမ်းလာတွေကို အကဲခတ်နေရတယ်၊ အဲဒီလိုအကဲခတ်ရင်း သူ့ အတွေ့အကြုံအရ အလုပ်ဖြစ်မယ်လို့ ထင်တဲ့သူတွေ့ရင် ထသွားပြီးပြုံးပြ၊ ပြီးတော့စကားပြောကြည့်၊ ဟုတ်နေမှန်နေပြီဆိုရင် အဲဒီလူ ဆန္ဒရှိသမျှ အဆင်ပြေဖို့ လိုက်ကူညီပေး၊ ကူညီတဲ့အတွက် သူကူညီပေးတဲ့လူဆီကလဲ ကော်မရှင်ရတယ်၊ အဲ...သူခေါ်သွားပေးတဲ့ဆီ ကလဲ သူ့ အဆက်အသွယ်နဲ့ လာတာဆိုတော့ သူ့ကို ကော်မရှင်ပေးရတယ်၊ နှစ်ဘက်လွှဲပေါ့ကွာ၊ တစ်ခါတလေ ဒီဘက်မှာ ဈေးကို ပိုပြောထားရင်လဲ အဲဒီ ပိုပြောထားတာ၊ ဟိုရောက်ရင် သူ့အရင်ဝင်ပြီး ညှိလိုက်တယ်၊ ဟိုကတော့ ဘာဖြစ်တာမှတ်လို့၊ သူတို့လိုချင်တဲ့ဈေးကို ရနေပြီပဲတာ၊ သဘောတူတာပေါ့၊ ဒီတော့ အဲဒီ သူခေါ်သွားတဲ့လူ ပြန်ထွက်လာတာမြင်ရင်

ဒုတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် အဲဒီအထဲကို တစ်ခေါက်ပြန်ဝင်ပြီး ပို့ပြထားတဲ့ အပိုငွေကို သွားထပ်ထုတ်ရတာပေါ့....။

ဒီကောင်က လူကသာ မကောင်းတာ လုပ်ပေမယ့် စိတ်ရင်းမဆိုးပါဘူး။ ငါ့ကိုလဲ အတော်ခင်ပါတယ်၊ မထမပိုင်း ရက်တွေမှာ သူရတဲ့ငွေနဲ့ လက်ဖက်ရည်တိုက်တဲ့အပြင် ငါ သုံးဖို့ဆိုပြီး အိတ်ကပ်ထဲကိုလဲ ငါးကျပ်လောက် ထည့်ပေး တတ်တယ်....။

တစ်ခါတလေ ရေသုံးပ်လျှံနေရင် တစ်ဆယ်တောင်မှ ပေး တတ်သေးတယ်။ ညဘက်ကျရင်လဲ သူ့အခြေ ဆိုက်ကားကို ယူနင်းရင်း ငါ့ကို ဆိုက်ကားနင်းတာ သင်ပေးတယ်၊ နည်း နည်းတတ်လာတော့ ခုနစ်နာရီကနေ ဆယ်နာရီအထိ ငါ့ လက်ထဲ ဆိုက်ကားအပ်ထားတယ်၊ သူ့အတွက် အဲဒီအချိန်က အလုပ်ဖြစ်တဲ့ အချိန်ကိုး။

ဒီကောင်က လူကဲခတ်ကလဲ ကျွမ်းတော့ ဈေးခေါ်တာက အစ အလုပ်ဖြစ်အောင် ခေါ်တတ်တယ်၊ သူနဲ့ စကားပြော ပြီးတဲ့ ဘယ်ဖောက်သည်မှ လက်လန်ပြီး ပြန်သွားတာ ငါ မမြင်ဖူးခဲ့ဘူး။ လွှတ်စကားပြောကောင်းတဲ့ကောင်....။

ဒီကောင် အဲဒီလိုအလုပ်ဖြစ်နေချိန်မှာ ငါကလဲ ဆိုက်ကား ကရတဲ့ ဝင်ငွေတို့ အိမ်စရိတ်အတွက် ကြိုးစား ရှာရတာ ပေါ့၊ အချိန်ကလဲ သုံးနာရီပဲရတော့ အဲဒီအချိန်လေးမှာ မရ မနေ ရှာရတာပေါ့၊ ဂိတ်မှာထိုးထားရင် အလှည့်စောင့်နေရ မှာဆိုတော့ တစ်ခါတလေ ငါ့အလှည့်က ကြာမယ်ထင်ရင်





ဒီအတိုင်း လျှောက်နင်းရင်း လမ်းကတားပြီးစီးမယ့် ခရီးသည် ကို ရှာရတာပေါ့၊ မဆိုးပါဘူး၊ ဘာမဲ့ပြောပြော တစ်ဆယ် လောက်တော့ရပါတယ်....။

အဲ.... ဆယ်နာရီထိုးရင် မြင့်သန်း လက်ထဲ ဆိုက်ကား ပြန်အပ်ပြီးတော့ အခဖော်ရအောင်ဆိုပြီး ထိုင်ပေး၊ ညဆယ့်နှစ် နာရီ သူ့ဆိုက်ကားသိမ်းမှ အိမ်ကို အတူတူပြန်ကြ၊ ဒီလိုနဲ့ပဲ အသက်မွေးဝမ်းကျောင်း နေရတာပေါ့၊ ပြောရမှာတော့ ချက်တယ်ကွာ၊ ဒါပေမယ့် ငါပြောပြပါ့မယ်၊ ဒါမှ ငါ့ဇာတ် လမ်းက ပီပြင်မှာကိုး....။

ဟုတ်တယ်၊ မင်းထင်တဲ့အတိုင်းပဲ၊ တစ်လ နှစ်လကြာတော့ ငါလဲ မြင့်သန်းလို အလုပ်မျိုး လုပ်တတ်လာတယ်၊ လုပ်လဲ လုပ်တယ်....။

ဘယ်ကွာ.... မြင့်သန်းက ငါ့ကို သူ့စားကျက်တွေ၊ သူ့ ခွင်တွေ အကုန်လုံး ပြထားတာပဲ၊ ငါလဲ သူ့လိုပဲ လုပ်တတ် လာတာပေါ့....။

မြင့်သန်းက သဘောထားကြီးပါတယ်၊ ငါလုပ်လို့ သူ့ အတွက်လဲ မထိခိုက်ပါဘူးတဲ့၊ သမုဒ္ဒရာရေပဲ ဘယ်သူသောက် သောက်ပေါ့တဲ့၊ ငါ့လိုမျိုး လူသစ်တွေလဲ ရှိနေတာပဲဟာ၊ သောက်ချင်းသောက် တကယ် ရေငတ်နေတဲ့ ငါ့လိုကောင် သောက်တာကို သူ ပိုတောင်မှ ကျေနပ်ပါသေးတယ်တဲ့။

ဆိုတော့ကွာ— ငါနဲ့ မြင့်သန်း အတွဲညီညီနဲ့ လုပ်ရှားခဲ့ကြ တာ အဲဒီ ပိုက်ဆိုးကြီးနား ရောက်ပြီး ဇလေးငါးလ အတွင်း



www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်မှာ ငွေပိုငွေလျှံလေးတွေ ရှိလာတယ်၊ မနှစ်က နှစ်ဝက်နဲ့ ကျောင်းထုတ်ခဲ့ရတဲ့ ငါ့ညီမ မှုမှုကိုတောင်မှ ခြောက်တန်းမှာ ကျောင်းပြန်တက်ဖို့ စီစဉ်ပေးနိုင်ခဲ့တယ်။

အဲ... အဆင်ပြေတာရှိသလို အဆင်မပြေတာလဲ ပြောရဦးမယ်၊ အဲဒီ ပိုက်လုံးကြီးထိပ်မှာ အမြဲထိုင်နေတဲ့ ဖိုးထူးဆိုတဲ့ လူမိုက်တစ်ယောက်ရှိတယ်၊ အမြဲတမ်း အရက်သောက်နေတာ၊ မျက်လုံးတွေက နီကြောင်ကြောင်နဲ့ အရက်ဖော ဖောနေတဲ့ကောင်ပါ၊ ပြောသံကြားတာကတော့ လူသတ်မှုနဲ့ တစ်ခါ၊ ခိုးမှုနဲ့တစ်ခါ ထောင်ထဲ ရောက်ခဲ့ပြီးပြီတဲ့၊ အသက်က သုံးဆယ်ကျော်ကျော် ဆိုပေမယ့် လူက ကိုယ်လုံးကိုယ်ထည် အတော် ထွားတယ်၊ ဗလအားကိုးနဲ့ အဲဒီထိပ်ပိုင်းမှာ လူမိုက် လုပ်နေတာပေါ့...။

ဒီကောင်က ဘာအလုပ်မှ ကိုယ်တိုင်မလုပ်ဘူး၊ သူ့မိန်းမက လမ်းထိပ်ထောင့်လေးမှာ အကြော်ဆိုင် လွှက်နေတော့ အဲဒီ အကြော်ဆိုင် နောက်မှာ ပက်လက်ကုလားထိုင် တစ်လုံးချ အရက်ကို ရေနွေးကြမ်းလေးနဲ့ ထည့်ပြီး မိုးလင်း မိုးချုပ် ထိုင်သောက်နေတဲ့ကောင်။

အဲဒီ အရက်ဖိုးပိုက်ဆံ ဘယ်ကရသလဲ၊ သိချင်လား၊ ကိုလို မြင့်သန်းတို့လို လူတွေဆီက မိုက်ကြေးခွဲပြီး ရနေတာပေါ့၊ ဒီကောင်က အရက်သာ ဆက်တိုက်သောက်တာ တစ်နေ့လုံး တစ်ရေးမှ မအိပ်ဘူး၊ မျက်လုံးဒေါက်သောက်ပြီး ငါတို့လုပ် ရှားတာတွေ၊ လမ်းထဲ လူဝင်လူထွက်တွေကို ထိုင်ကြည့်နေတာ၊





...ညနေစောင်းပြီဆိုမှ ဒီကောင်တွေ တစ်ယောက်ချင်းကိုခေါ်ပြီး ...ခါင်းပုံဖြတ်တော့တာပဲ...။

အံမယ်... ဒီကောင်က မှူးသားမှူးတယ် လျှင်တော့ အလျှင်...သား၊ ပက်လက်ကုလားထိုင်ကသာ မထပေမယ့် ဘယ်သူ...ဘယ်လောက် ငွေဝင်တယ် ဆိုတာကို အတိအကျနီးပါး သိနေ...တယ်၊ အဲဒီ ဝင်ငွေကနေ သူ့အတွက် ဘယ်လောက်ပေးဆိုပြီး ...တောင်းတာ...။

ငါက မသာမပိုင်းမှာ မပေးချင်လို့ အင်တင်တင် လုပ်နေ...မယ့် မြင့်သန်းက ပြောတာနဲ့ ပေးလိုက်ရတယ်၊ ဟုတ်တယ် ...မြင့်သန်းတင်မကဘူး၊ တို့လို လုပ်စားတဲ့ လူတွေအားလုံးလိုလို ...က ဒီကောင်ကို ပေးနေကြတာ မြင်နေရတာပဲ၊ ဒီကောင့် ...ပြောကတော့ တို့လုပ်ငန်းမှာ ပြဿနာမဖြစ်အောင် သူက ...စောင့်ကြည့်နေရတာတဲ့...။

အလကား ကြီးကြီးကျယ်ကျယ် သက်ဆိုင်ရာက လာဖမ်း...ရင် ဒီကောင်က ဘာတတ်နိုင်မှာမို့လဲ၊ သူတောင်မှ အနိုင်နိုင် ...ပြေးရမယ်၊ အဲ...ပြောရမယ်ဆိုရင် တစ်ခါတလေ ညနေစောင်း ...ကောင်မလေးတွေကို အလုပ်ကိစ္စအတွက် ထုတ်ပြရတဲ့အခါမှာ ...သူ့တို့ အကြော်ဆိုင်ခုလေးထဲ ခဏ ဝင်ထိုင်လို့ရတာလေးတစ်ခုပဲ ...အကူအညီရတာပါ...။

...မင်း သဘောပေါက်လား တင်မော်၊ ရှင်းရှင်းပြောရရင် ...ဒီကောင် ဖိုးထူးကို ငါလုံးဝ 'မကြည့်ဘူး' တစ်စက်လေးမှ ...ကြည့်လို့မရဘူး၊ မကောင်းတာလုပ်စားတဲ့ လူအချင်းချင်း သာ...

www.burmeseclassic.com



ဘာမှမလုပ်ဘဲ ခေါင်းပုံဖြတ်နေတာ၊ 'တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသလိုပေါ့' ဒီကောင်ကလဲ ငါ့ကို သိပ်ကြည့်လို့ရပုံမပေါ်ဘူး။ ငါ့ကွယ်ရာမှာ ငါ့အကြောင်း မကောင်းပြောနေတာလဲ ငါ့နားထဲ ပြန်ရောက်ပါရဲ့၊ ဒါပေမယ့် ငါက လျှော့ပါတယ်....။

ကိုယ်က.... ဒီနယ်မှာ ရောက်တာ လေးငါးခြောက်လပဲ ရှိသေးတာဆိုတော့ လူသစ်လို ဖြစ်နေတာ မဟုတ်သား....။

ဒီတော့ ပြဿနာ မဖြစ်အောင် ရှောင်နေပေးပါတယ်။ ညနေဘက် သူက ပိုက်ဆံတောင်းလို့ ငါးကျပ်ဆိုလဲ ငါးကျပ်၊ တစ်ဆယ်ဆိုလဲ တစ်ဆယ် ပေးလိုက်တာပါပဲ....။

ငါ ဒီလို သည်းခံနေရက်နဲ့ ဒီကောင်က တစ်ရက်မှာ ပြဿနာ လုပ်လာတာကွ၊ အဲဒီနေ့ အမေကလဲ တိုက်တိုက်ဆိုင်ဆိုင် နေမကောင်း ဖြစ်နေတယ်၊ ငါ့အလုပ်ကလဲ အဆင်မပြေဘူး၊ တလွဲတချော်တွေ ဖြစ်နေတယ်၊ အဆင်မပြေလောက်လုပ်ရှားလေ ဆိုတော့ ဒီကောင့်စိတ်ထဲ အလုပ်သိပ်ကောင်းနေတယ်လို့ပဲ ထင်နေမှာပေါ့....။

ဒီတော့.... ညနေပိုင်းမှာ ပြဿနာ ဖြစ်ရော၊ ငါ့ကို တွေ့တာနဲ့ 'ဟဲ.... ဟဲ မင်း ဒီနေ့ တယ်လှုပ်ရှားပါလား၊ အတော်ပြေလည်နေပုံ ရတယ်၊ ကဲ.... တစ်ဆယ်ပေး' ဆိုပြီး လှမ်းပြောတယ်၊ ငါက အိတ်ကပ်ထဲမှာ ငွေနှစ်ဆယ်ရှိတာ အားလုံး ထုတ်ပြပြီး ဘယ်ကလာ ပြေလည်မှာလဲ၊ မပြေလည်လို့ အသေအကျေ လှုပ်ရှားနေတာပေါ့....။





'အိမ်မှာ အမေနေမကောင်းလို့ ဆေးခန်းပို့ဖို့ ငွေလိုနေလို့ ကြိုးစားတာမှ ဟောဒီ ငွေနှစ်ဆယ်ပဲ ရတယ်၊ ကဲ....မယုံရင် ကြည့်' ဆိုပြီး ပုဆိုးတွေ ဘာတွေ ခါပြတယ်၊ သဘောကတော့ ဘယ်မှာမှ ဝှက်မထားဘူး၊ ရှိုမထားဘူးဆိုတဲ့ သဘောပေါ့ကွာ....။

ငါပြောတာကို သူမယုံဘူး၊ ငွေတစ်ဆယ်ပေးဖို့ပဲ ထပ်ပြောတယ်၊ ငါကလဲ အမေ့ ဆေးဖိုး၊ ထမင်းဟင်း ဖိုးနဲ့ ဆိုဆယ့်ငါးကျပ်မှ မရှိရင် မဖြစ်မှန်းသိနေတော့ ငါးကျပ်ပဲယူဖို့ပြောတယ်၊ သူက လက်မခံဘူး၊ ဒီအချိန်အထိ ငါ့ဘက်က ပြေပြေလည်လည် ပြောနေတုန်းပါပဲ၊ ဒီမှာ သူ စကားတစ်ခွန်း ပြောလာတယ်....။

'ဟေ့ကောင် မျိုးအောင်၊ မင်းကလဲကွာ၊ဒီငွေလေးနဲ့များ ဆက်ပေါက်ကပ်နေတယ်၊ပေးစမ်းပါကွာ၊ ငါက ငါတောင်းတာကို ခံပြင်းနေရင် စိတ်ဆိုးတာလဲ မင်းအသိပဲနော်၊ တို့တွေ ဆက်ရမယ့် လုပ်ငန်းတွေလဲ အများကြီး ရှိပါသေးတယ်၊ ငါဆို မင်းတို့မိသားစုကိုသနားလို့ မင်းတို့အဆင်ပြေဖို့၊ လက်များ ငွေသီးဖို့ အဆက်အသွယ်တောင်မှ လုပ်ထားပြီးပြီ၊ မင်းတို့ဘက်က ခေါင်းညိတ်ရင် ပွဖို့သာ ပြင်ပေတော့၊ ကဲ.... ပေးကွာ တစ်ဆယ်....'

ငါလဲ ဆက်စကားမများချင်တာနဲ့ ဆယ်တန်တစ်ရွက်ပေးလိုက်တယ်၊ ဒီမှာ သူက ဘာဆက်ပြောသလဲဆိုတော့ 'ဟိုနေ့က ငါ့သူငယ်ချင်း ဝင်ဒါမီယာဘက်မှာ လုပ်ငန်းဖွင့်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် ရောက်လာတယ်၊ ဒီကောင်က မင်းညီမ မှုမှု ကျောင်းသွားတာကို မြင်တော့ ငါ့ဆီမှာ အခြေ အနေ မေး တယ်....။

ငါက....လုံးဝ အသစ်ကျပ်ချွတ်လေးလို့လဲ ပြောလိုက် ရော ဒီကောင်က သူ့ဆီလာပို့ပါ၊ တစ်နေ့အနည်းဆုံး နှစ်ရာနဲ့ နှစ်ရာ့ငါးဆယ်ကြားမှာ ပေးမယ်လို့ပြောသွားတယ်ကွ၊ ကဲ.... ဘယ်လိုလဲ၊ မင်းဘို့ဘက်က သဘောတူရင် သွားပို့လိုက်ရုံပဲ ဟဲ....။

တစ်ဘက်လှည့်ပြီး ဖြန့်ထွက်ဖို့ ပြင်နေတဲ့ ငါ အဲဒီအချိန်မှာ တုံ့ခနဲဖြစ်သွားတယ်၊ ဖိုးထူ ဆိုတဲ့ကောင်က စကားတစ်ခွန်း ပြောပြီးလို့ သူ့သဘောကျရင် အပိတ်မှာ ဟဲ ဟဲ ဟဲ ....နဲ့ လေးခါတိတ်ရယ်တတ်တဲ့ကောင်၊ အကျင့်ပါနေတဲ့ကောင်

အဲဒီအချိန်မှာ သူ့ရဲ့ 'ဟဲ'ရယ်သံက လေးခါထွက်မလာ ဘူး၊ တစ်ခါပဲ 'ဟဲ' လိုက်ရတယ်၊ ဟုတ်ဘယ်လေ....မျက်စိထဲ မှာ သူ့စကားကြောင့် ပြာခနဲဖြစ်သွားတဲ့ငါက ထိုင်နေ ခွေးခြေပုလေးနဲ့ သူ့မျက်နှာကို ဖြတ်ရိုက်ချ လိုက်တာကိုး ဒီကောင် တစ်ချက် 'ဟဲ'အပြီးမှာ ပက်လက်ကုလားထိုင်ပေါ် မှာဘင် ပစ်လဲသွားတယ်....။

မင်းကတော့ ငါ့ကို ဝေဖန်မှာပေါ့၊ သူများနှမတွေကျ တော့ အဆက်အသွယ်လုပ် ငွေရှာပြီး ငါ့နှမကိုလာထိတော့ မခံချိအောင် နာတယ်လို့....။

ဒုတိယ အကြိမ်



အေး....ဟုတ်တယ်၊ ငါဝန်ခံတယ်၊ ငါအသုံးမကျဘူး၊ ငါ ကိုယ်ချင်းစာစိတ် မရှိဘူး၊ ငါမှားတယ်၊ အဲဒီအလုပ်မျိုးကို လုပ်ခဲ့မိတာကိုက ငါမှားပါတယ်၊ အဲဒီနောင်တကလဲ လူမိုက် ဖိုးထူးကို တွယ်ထည့်လိုက်ပြီးမှ ငါ့ ခေါင်းထဲ ဝင်လာတဲ့ နောင်တ....။

နောင်တဆိုတဲ့အတိုင်း နောင်မှ 'တ' ရမှာပေါ့၊ လော လောဆယ် ပြဿနာတွေကို ရှင်းရတော့မယ်၊ လက်ဖက်ရည် ဆိုင်ထဲက ဖိုးထူးရဲ့ ငယ်ခမ္မးခြံပေါက်ကောင်တွေက ငါ့ဆီကို ပြေးလာနေပြီ....။

အဲ....ဖိုးထူးကို ကြည့်နေရတဲ့ကောင်တွေကလဲ ရှုတ်ရှုတ်သဲသဲ ဖြစ်နေတာတွေတော့ ပြေးလာနေကြပြီ၊ ဘယ်ဟာ ဘယ်သူ့ လူမှန်း ခွဲခြားလို့မရတဲ့ အခြေအနေ....။

မင်းသိပါတယ် တင်မောင်ရာ၊ ငါလဲ တော်တော့ မဟုတ် ပါဘူး ဖိုးထူးနဲ့ သိပ်အစာမကြေ ဖြစ်နေကတည်းက ဒီကောင် ဖိုးထူးနဲ့ ပတ်သက်သမျှ စုံစမ်းပြီးသားပါ....။

ဖိုးထူးဆိုင်တဲ့ ပက်လက် ကုလားထိုင်အောက်မှာ မြက် ခြောက်တွေနဲ့ ဖုံးထားတဲ့ လေးပေလောက်ရှည်တဲ့ တုတ်ရှေး တစ်ချောင်း အမြဲရှိနေတာ ငါသိထားတာပဲ၊ ဒီတော့ ခုလို အချိန်မှာ အချိန်ဆွဲမနေဘူး၊ အဲဒီ တုတ်ရှေးကိုဆွဲယူပြီး ရှေး ကို ဆွဲထုတ်လိုက်တာပေါ့....။

ဒုတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်သူ တစ်ယောက်မှ မပါနဲ့၊ ကပ်လို့ ငါလုပ်ရင် ပွဲချင်းပြီးသွားမယ်၊ တို့ပြဿနာ တို့ရှင်းတာ၊ မင်းတို့နဲ့ ဘာမှ မဆိုင်ဘူး...."

မင်းသိပါတယ် တင်မော်ရာ၊ လူမိုက်လို့သာ ကိုယ့်ကိုယ်ကို ကင်ပွန်းတပ် ခေါ်နေကြတာပါ၊ တကယ်တမ်း ကျတော့ ဘယ်ကောင်က အချောင် ဓားခုတ်ရာ လက်ဝင်လျှိုရဲမှာလဲ၊ ဒီခွေကောင်တွေအားလုံး ရှဲသွားတာပေါ့၊ တစ်ယောက်မှ အနား ကပ်မလာကြဘူး....။

တအံ့တသြနဲ့ ရပ်ကြည့်နေတဲ့ မြင့်သန်းကိုငါ လှမ်းပြော လိုက်တယ်၊ "ငါ့အမေနဲ့ ညီမကို သွားခေါ်ပေးဖို့၊ ရှိသမျှ ပစ္စည်း (အဲ....အားလုံးမှ သေတ္တာတစ်လုံးနဲ့ အိုးခွက်ပန်းကန် လေးတွေပါ) ယူခဲ့ဖို့ပြောတယ်၊ မြင့်သန်းလဲ ချက်ချင်း လမ်းထဲ ပြေးဝင်သွားပြီး ငါပြောတဲ့အတိုင်း အမေနဲ့ညီမကို ခေါ်ထုတ်လာတာပေါ့...."

မြင့်သန်း လမ်းထဲက ပြန်ထွက်မလာခင်မှာပဲ ဖိုးထူးက သတိပြန်ရနေပြီ၊ မျက်နှာမှာ နှစ်ချက်လောက်ကွဲသွားပြီး ရှေ့ သွားနှစ်ချောင်း ကျွတ်သွားတယ်၊ မူးနေတော့ ထမလာနိုင် ဘူး၊ ပက်လက်ကုလားထိုင်ပေါ်ကနေ ငါ့ကို စိုက်ကြည့်နေ တယ်၊ မျက်လုံးကတော့ နဂိုကနီရတဲ့အထဲ ခုတော့ မီးဝင်းဝင်း တောက်နေတာပေါ့၊ တတ်သာလို့သာ ဒီကောင်လဲ ငြိမ်နေရ ပုံပဲ....။





ဒီကောင့်အိတ်ကပ်ထဲမှာ တစ်စွန်းတစ်စထွက်နေတဲ့ ငါ့ ဆယ်တန်လေးကို ငါပြန်နှိုက်ယူလိုက်တယ်....။

"ကဲ ဘယ်လိုလဲ၊ ရဲစခန်းမှာ အမှုဖွင့်ချင်သေးလား၊ အမှု ဖွင့်မယ်ဆို ကျုပ်လိုက်ခဲ့မယ်၊ ကျုပ်ညီမနဲ့ ကျုပ်အမေကိုတော့ ဒီက ပြောင်းခိုင်းလိုက်တော့မယ်"

ဖိုးထူး ပြုံးတယ်၊ သူပြုံးပုံက ရှေ့သွားနှစ်ချောင်း ပြုတ်နေ တော့ မဲ့သလို ဖြစ်နေတာပေါ့၊ (ဒဏ်ရာမဆိုစလောက်ကလေးနဲ့ အမှုမဖွင့်တော့ပါဘူး ငါ့ညီရာ၊ တို့နှစ်ယောက် ကျေအေးလိုက် တာပေါ့၊ မင်းမဆိုးဘူးကွ၊ ငါ့ကိုလုပ်ရဲတယ်နော်၊ ဟဲ....ဟဲ.... ဟဲ....ဟဲ....)။

အံ့မယ် ဒီကောင်မဆိုးဘူး၊ ဒီလောက်ဒဏ်ရာရထား၊ သွား ကျွတ်ထားတာတောင်မှ ရယ်နိုင်သေးတယ်၊ ရယ်တာမှ "ဟဲ" လေးခါ ထည့်ရယ်တာနော်....။

"ကဲ.... ဒါဆို အားလုံးပြီးပြီ ကျုပ်သွားမယ်" လမ်းထဲက ထွက်လာနေတဲ့ အမေတို့ကိုလဲ မြင်နေရပြီဆိုတော့ ငါဒီကောင့် ကို နှုတ်ဆက်လိုက်တယ်၊ "အေး သွား သွား တစ်ချိန်ချိန် တို့ ပြန်ဆုံကြသေးတာပေါ့" ဖိုးထူးက သူ့တပည့်တွေရှေ့မှာ သိက္ခာပြန်တင်လိုက်သေးတယ်၊ ဒါပေါ့ ဒီလိုမှ သိက္ခာမတင်ရင် လဲ ဒီကောင် နောက်ဆို စားပေါက်ပိတ်တော့မှာပေါ့....။

ပိုက်ဆံဘောင်းတိုင်း ခွေးခြေနဲ့ချည်း အရိုက်ခံရတော့မှာ ပေါ့၊ "ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့" ငါကလဲ ခေါင်းကလေး ငုံ့ပြီး တရိုတသေပုံစံမျိုးလေးနဲ့ ပြန်ရိခဲ့ပါတယ်....။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာလာနေတဲ့ လေးဘီးတစ်စီးကိုတွေ့တော့ မြင့်သန်းက လှမ်းတားပေးတယ်၊ မြို့ထဲ သွားမယ်ဆိုပြီး ကားပေါ်ကို တို့မိသားစု တက်လိုက်ကြတယ်၊ ဖိုးထွေးရဲ့ တုတ်ခေါးကိုလဲ လက်ကိုင်တုတ်လိုဖြစ်အောင် ခါးကို သူ့အိမ်ထဲ ပြန်ထည့်ပြီး ယူခဲ့တယ်၊ မဆိုနိုင်ဘူးလေ ဒီကောင့်တပည့်တွေက ကားထွက်မှ တစ်ခုခု ထလုပ်ရင် အခက်မဟုတ်လား၊ မြင့်သန်း ကိုလဲ နှုတ်ဆက်လိုက်ပါတယ်၊ အဲဒါ ဂွတ္တာလစ်မှာ နောက်ဆုံး ငါ နေခဲ့တဲ့ နေ့ပဲ တင်မောင်ရေ....၊

ဩော်....မင်းကိုပြောဖို့ တစ်ခုမေ့နေတယ်၊ချိုထီအကြောင်း လေ၊ ဂွတ္တာလစ်မှာ နေတုန်းက ချိုထီဆိုတာ ကြားဖူးနေ ပမယ့် တစ်ခါမှ မထိုးဖြစ်ခဲ့ဘူး၊ ငါတို့ ထိုင်တဲ့ လက်ဖက်ရည်ဆိုင်မှာ သူများတွေ တွက်နေကြတာ မြင်နေပမယ့် ငါတို့ကလဲ ငါတို့ ခွင်နဲ့ ငါတို့ အလုပ်ရှုပ်နေကြတော့ အဲဒါကိစ္စကို စိတ်မဝင်စား မိပါဘူး၊ ကြားဖူးနားဝရှိတဲ့ သဘောလောက်သာ သိခဲ့တာ ပါ၊ အဲ.... ငါနဲ့ ချိုထီနဲ့ တကယ်ပတ်သက် လာတာက မြောက်ဥက္ကလာပကို ရောက်မှပါ....။

*

မြောက်ဥက္ကလာပကို ငါရောက်ပုံကလဲ ဆန်းတယ်ကွ၊ နွယ်နွယ် ဆိုတဲ့မိန်းကလေးတစ်ယောက်နဲ့ပတ်သက်ပြီး ရောက်သွားတာ၊ နွယ်နွယ် ဆိုတာက ဂွတ္တာလစ်မှာ အလုပ်ဆင်းတဲ့ မိန်းကလေး





တွေထဲက တစ်ယောက်ပါ၊ တစ်ရက် ညနေပိုင်းမှာ သူက အိမ်ကို ပြန်ခါနီးမှ ငါ အလုပ်တစ်ခု ရတယ်၊ ကိုယ်တော်ချော တွေက အဖေ့ ရုံးကား ထုတ်စီးလာရမှာမို့ ဒီဈေးထောင့်ကို မလာချင်ဘူးတဲ့....။

အဖေအသိ တစ်ယောက်ယောက်တွေ့သွားရင် မိုး မီး လောင်မယ်တဲ့၊ဒီတော့ ကုက္ကိုင်းလမ်းဆုံနားက လက်ဖက်ရည် ဆိုင်ကိုချိန်းတယ်၊ ငါလဲ နွယ်နွယ်နဲ့ အပေးအယူညှိပြီး အဆင် ပြေတာနဲ့ တို့နှစ်ယောက် ကုက္ကိုင်းထောင့်ကလက်ဖက်ရည်ဆိုင် မှာ သွားစောင့်တယ်၊ ကိုယ်တော်ချောတွေက ချိန်းထားတဲ့ အချိန်ထက် တစ်နာရီလောက် နောက်ကျပြီးမှရောက်လာတော့ အဲဒီညက တို့နှစ်ယောက်စကားတွေအကြာကြီး ပြောဖြစ်ခဲ့ တယ်။

ကောင်မလေးက ဒီအလုပ်ကို စိတ်ကုန်နေပုံရတယ်၊ သူ့ အပြောအရတော့ ဒီနေ့ နောက်ဆုံးဆိုပြီး အလုပ်သာဆင်း တာတဲ့၊ ကိုယ်ပိုင် အပ်ချုပ်စက် ဝယ်ဖို့ငွေက နည်းနည်းပဲလို တော့တာမို့ ပြည့်သွားအောင်ငွေလာရှာတာတဲ့၊ သူလဲ ငါ့ လိုပဲ အဖေ မရှိတော့ဘူး၊ အမေနဲ့ မောင်ငယ် နှစ်ယောက်ကို ရှာကျွေးနေရတာ၊ အဲဒါ ကိုယ်ပိုင် အပ်ချုပ်စက် ဝယ်ပြီးရင် ဈေးက အပ်သည်တွေကို အိမ်မှာ ယူချုပ်မယ်တဲ့ ..။

အဲဒီလို စကားပြောကြရင်း သူ့ အဖေသက်ထက်က ကျန် ခဲ့တဲ့ အိမ်ပိုင်လေးကို တစ်ခြမ်းကန့်ပြီး ငှားချင်တဲ့အကြောင်း၊ အိမ်လခလေး ရတော့ အသက်ရှူ ပိုချောင်တာပေါ့ ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ ပြောဖြစ်တယ်၊ ငါ့ကိုလဲ ငှားချင်တဲ့လူရှိရင် ဆက်သွယ်ပေးဖို့ဆိုပြီး လိပ်စာရေးပေးခဲ့တယ်၊ဒီတုန်းကတော့ အမှတ်တမဲ့ပါပဲ….။

ဆိုတော့…ဖိုးထူးနဲ့ပြဿနာဖြစ်ပြီး ပူပူထူထူနဲ့ ကားကို မြို့ထဲသာ ငှားလာခဲ့ရဘာ၊ အဲဒီအချိန်အထိ ဘယ်မှာနေမယ် ဆိုဘာ ငါ့မှာ စိတ်ကူးမရှိသေးဘူး၊ အန္တရာယ်က လွတ်ရင် ပြီးရော ဆိုပြီးသာ ကားပေါ်တက်ထိုင်လိုက်ရဘာ ဒီကောင် တွေ ခြေရာခံလို့မရအောင် မြို့ထဲသွားမယ်လို့သာ ပြောလိုက် ရတာ မဟုတ်လား….။

အဲ…ကားပေါ်ရောက်လို့ သွေးက နည်းနည်းပြန်အေး လာတော့ ငါ ကြံရာမရဖြစ်ပြီ၊ ဟုတ်တယ်လေ၊ မြို့ထဲသွား အောင် မြို့ထဲမှာ ငါတို့အတွက် နေစရာမှ မရှိဘဲ….။

ကံကလဲ ကောင်းပါ့ကွာ၊ လေးဘီးကားက ဟာမစ်တစ် ထိပ်မှာ ကွေ့လိုက်တော့ ငါ့မျက်စိက ကုက္ကိုင်းဘက်ကိုရောက် သွားတယ်၊ ကုက္ကိုင်းကိုမမြင်ရပေမယ့် ကုက္ကိုင်းမှာ နွယ်နွယ်နဲ့ ပြောခဲ့တဲ့ စကားတွေကိုတော့ ချက်ချင်း ပြန်သတိရမိတယ်၊ ငါ့ အိတ်ကပ်လေးကို စမ်းကြည့် လိုက်တော့ လဲ နွယ်နွယ် လိပ်စာ ရေးပေးခဲ့တဲ့ မှတ်စုစာအုပ်လေးက အဆင်သင့်၊

ငါ စဉ်းစားတယ်၊ နွယ်နွယ်နဲ့ ပတ်သက်သမျှပေါ့၊ ဒီ ကောင်မလေးကြည့်ရတာ ရိုးသားပုံရတယ်၊ နောက်ပြီး…. သူ့ပြောခဲ့တဲ့ စကားအတိုင်း အဲဒီနေ့နောက်ပိုင်း အလုပ်လာ မဆင်းတာ နှစ်ပတ်လောက်ရှိပြီ ဒီတော့ သူငှားမယ်ဆိုတဲ့





အိမ်တစ်ခြမ်းကို ငါ ငှားနေလိုက်ရင် ဟာ….အင်မတန်ကောင်း တဲ့ စိတ်ကူးပဲ၊ မြောက်ဥက္ကလာပဆိုတော့လဲ ဂွတ္တလစ်နယ်မြေ နဲ့လဲ လွတ်လွတ်ကင်းကင်းရှိတယ်၊ ဒီတော့ ဖိုးထူးအန္တရာယ်လဲ မစိုးရိမ်ရတော့ဘူး….။

ရွှေဂုံတိုင်ရောက်တော့ ကားဆရာကို ကားရပ်ခိုင်းလိုက် တယ်၊ ပိုက်ဆံတစ်ဆယ် ပေးလိုက်တယ်….။

ပြီးတော့…ငါက သေတ္တာကို ထမ်းပြီး တို့မိသားစု မြောက်ဥက္ကလာပကို ယွန်းကြတော့တာပေါ့၊ နွယ်နွယ်နေတယ် ဆိုတဲ့ မြောက်ဥက္ကလာပဆေးရုံမှတ်တိုင်ရောက်တော့ အမေနဲ့ ညီမလေးကို မှတ်တိုင်မှာပဲ သေတ္တာတစ်လုံး၊ အထုပ်အပိုး တွေနဲ့ ခဏစောင့်ခိုင်းပြီး ငါကတော့ နွယ်နွယ်ပေးခဲ့တဲ့ လိပ်စာအတိုင်း ရပ်ကွက်ထဲ ဝင်ရှာရတော့တာပေါ့….။

ငါကွာ….အမေ့ကို သိပ်သနားတယ်၊ ငါဘာလုပ်နေတာလဲ တစ်ခွန်း မမေးရှာဘူး၊ အဖေဆုံးပြီးကတည်းက အမေလဲ စိတ်ဓာတ်ကျသွားပုံ ရတယ်၊ နဂိုက အေးအေးဆေးဆေးနေ တတ်တော့ ပိုဆိုးတာပေါ့….။

အခုလဲ မှတ်တိုင်မှာ ပစ္စည်းပုံလေး ဘေးချပြီး ထိုင်နေ ရှာတယ်၊ မျက်လုံးတွေကလဲ ဘာကိုမှ စိတ်မဝင်စားတဲ့ပုံ ခပ်အေးအေးပဲ….။

အမေကသာ အေးတာ၊ ငါကတော့ ရင်တွေပူလှပြီ၊ နွယ် နွယ့်လိပ်စာက မှန်မှမှန်ပါ့မလား၊ အဲ….အိမ်ငှားမယ်ဆိုတာတို့ အလုပ် မဆင်းတော့ဘူးဆိုတာတို့၊ အိမ်မှာပဲ စကားပြောတော့



www.burmeseclassic.com

www.burmeseclassic.com



မယ် ဆိုတာတို့ ကရော၊ အလကား ထိုင်ရင်း အပျင်းပြေ အာချောင်သွားတာလား....။

အဲဒါက မတွေ့မှာ စိုးရိမ်လို့ ပူတဲ့အပူ၊ အဲ....နောက်ထပ် ရင်ပူစရာတွေ ကျန်သေးတယ်၊ နွယ်နွယ်တို့အိမ်က သွပ်မိုး ပျဉ်ကာနဲ့ အိမ်မျိုးများ ဖြစ်နေမလားလို့လဲ ပူပင်နေရသေး တယ်၊ သွပ်မိုး ပျဉ်ကာဆိုရင် ဒီဘက်ပိုင်းမှာပေမယ့် စပေါ်က နည်းမှာ မဟုတ်ဘူး၊ လေး ငါးထောင် တောင်းမှာ၊ အဲဒါ ဆိုရင်လဲ မဖြစ်ပြန်ဘူး၊ ငါ့မှာ ရှိတာက လောလောဆယ် ငွေသား တစ်ဆယ်နဲ့ ငါ့ညီမ မူမူလက်မှာ ငါဝယ်ပြီး စွပ်ပေး ထားတဲ့ ငါးမူးသားလက်စွပ်၊ နှစ်ထောင့်ငါးရာ သုံးထောင် လောက်ပဲ ရမယ်၊ အဲဒါတောင်မှ အလုပ်ကောင်းတုန်းက မဖြစ်မနေ စုဆောင်းပြီး အရေးကြုံရင် သုံးဖို့ ဝယ်ထားမိ ပေလို့ပေါ့....။

ဆယ်မိနစ် နီးပါးလောက် လျှောက်ဝင်သွားတော့မှ နွယ်နွယ် လိပ်စာပေးခဲ့တဲ့ လမ်းကို ရောက်တယ်။ လမ်း အခြ အနေကို ကြည့်ပြီး စိတ်တော့ နည်းနည်း ချမ်းသာ သွားပါ တယ်၊ ဘာလို့ဆိုတော့ လမ်းထိပ်အိမ်ကစပြီး မြင်ရသမျှ အိမ် တွေဟာ နံမိုး ဆရံကာ အိမ်တွေ ဖြစ်နေလို့ပဲ၊ ဒါတောင် သွပ်များ ငှားပြီးသွားပြီလားလို့ ရင်ထဲက ပူနေမိသေးတယ်။

နွယ်နွယ့် လိပ်စာပေးထားတဲ့ အိမ်ဒရှေ့ကို ရောက်တော့ ငါ ရင်ဘွေ ခုန်နေတယ်၊ ဟုတ်မှ ဟုတ်ပါ့မလားပေါ့၊ ဒီလိုပဲ





တချို့ ကောင်မလေးတွေက ပြောတတ်တာကို ငါက သိနေ အာကိုး....။

ဒီအချိန်မှာအိမ်ထဲက အပ်ချုပ်စက်သံသဲ့သဲ့ ကြားရတယ်။ ငါလဲ အရဲစွန့်ပြီး နွယ်နွယ့်နာမည်ကို လှမ်းခေါ်လိုက်တာပေါ့၊ 'ရှင်....'ဆိုတဲ့ ထူးသံ ကြားကတည်းက ငါ ပျော်သွားပြီ၊ ဟုတ်တယ်လေ၊ ငါမှတ်မိတာပေါ့၊ အဲဒါ နွယ်နွယ့်အသံ၊ နွယ်နွယ်မှ နွယ်နွယ်အစစ်၊ ဆို....ဒါဆို အဆင်ပြေဖို့ သေချာ သလောက် ဖြစ်သွားပြီ မဟုတ်လား ....။

* * *

ဟုတ်တယ် တင်မောင်.... အားလုံး [illegible] ပြေ [illegible] စပေါ် တစ်ထောင့်ငါးရာ လခခြောက်ဆယ် [illegible] သယ်၊ ငါ့ အဖြစ်အပျက် အခုအဆုံးကို သိ [illegible] နဲ့ နားထောင်ပြီး ငါ့ကို သူ ဘတ်နိုင် [illegible] ပေးတယ်၊ အမေတို့ကလဲ အိမ်လေးကို [illegible] အခမပြုံးဘာကို ငါတစ်ချက်မြင်လို့ [illegible] မှ ရှားရှားပါးပါး အပြုံး....။

နွယ်နွယ်က....မနက်ဖြန်မှ အခန်း ကန့်ပိုက် [illegible] ဒီညတော့ အဲဒီခြေရင်းဘက်မှာ ကြိုက်သလို [illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့အခန့်နဲ့သူ့ မောင် ဆယ်နှစ်ပတ်ဝန်းကျင် ချာတိတ်တို့ နှစ်ကောင်ကလဲ သဘောကောင်းပုံရပါဘယ်၊ ငါကလဲ ဖွင့်ပွင့် လင်းလင်းပဲ၊ မနက်ကျမှ လက်စွပ်သွားရောင်းပြီး အိမ်ခပေါ ပေးမယ့်အကြောင်းပြောတယ်။

နွယ်နွယ်က ပြုံးတယ်၊ရပါတယ်တဲ့၊ သူ့အသိဆိုင်မှာ လိုက် ရောင်းပေးမယ်လို့လဲ ပြောရှာပါတယ်၊ ဘဝနာသူချင်း ဆင်းရဲ သားချင်းဆိုတော့လဲ နားလည်မှု အင်မတန်ရှိကြတာကလား။

ညဦးပိုင်းမှာ စကားပြောကြရင်း ငါက အလုပ်တစ်ခုခု လုပ်ချင်တဲ့အကြောင်း၊ ဟိုအလုပ်မျိုးမဟုတ်ဘဲ စိတ်ချမ်းချမ်း သာသာနဲ့ လုပ်ရမယ့်အလုပ်မျိုး လုပ်ချင်တဲ့အကြောင်းတွေ ပြောပြဖြစ်တယ်၊ လခနည်းရင်နည်းပါစေ၊ ပင်ပန်းရင် ပင်ပန်း ပါစေ၊ စိတ်ချမ်းသာမယ့် အလုပ်ပဲ လုပ်မယ်လို့ ပြောတော့ လက်ဖက်ရည်ဆိုင် စားပွဲထိုးလုပ်မလား၊ တစ်လနှစ်ရာလောက် ရနိုင်တယ်တဲ့၊ လုပ်ရင်းပညာသင်လို့ မုန့်လုပ်တာတို့၊လက်ဖက် ရည် ဖျော်တာတို့ ကျွမ်းကျင်လာရင် လခလဲ ပိုရလာနိုင်တဲ့ အကြောင်းတွေ ရှင်းပြတယ်….။

စဉ်းစားမနေပါဘူး….ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်တာ ပေါ့၊ ဟုတ်တယ်လေ၊ ငါ့အတွက်က စဉ်းစားဖို့ အခွင့်အရေး ရှိတာမှ မဟုတ်ဘဲ၊ ငါ့အမေ၊ ငါ့ညီမအတွက် စားစရိတ်၊ ပြီးတော့ အိမ်လခ၊ အဲဒါတွေရဖို့ ငါ့အလုပ် ချက်ချင်းရှာမှ ဖြစ်မှာပေါ့….။





နေ့လယ်ဘက် စားပွဲထိုးလုပ်၊ ညဘက် ဆိုက်ကားလေး ဘာလေး ရှာပြီးနင်းရင် တို့မိသားစု သုံးယောက်အတွက် လုံလောက်မယ် ထင်တာပဲ….။

နွယ်နွယ်ကလဲ စိတ်မြန်တယ်၊ မနက်ဖြန် နေ့လယ် သူ့ ဦးလေးဝမ်းကွဲဆီ သွားမယ်တဲ့၊ ဦးလေးက ‘စု’ ဈေးနားမှာ လက်ဖက်ရည်ဆိုင် ဖွင့်ထားတာ၊ ဟိုတစ်နေ့က သူရောက်သွား တုန်းကတော့ စားပွဲထိုးတစ်ယောက်လိုနေတယ်လို့ ပြောသံ ကြားခဲ့တာပဲတဲ့၊ မနက်ဖြန် သွားစုံစမ်းလို့ အဆင်ပြေရင် င အလုပ်ရပြီတဲ့၊ ဒါပဲ….၊

* * *

လောကကြီးများ အပြောင်းအလဲမြန်လိုက်ပုံ ပြောမပြောချင် ပါဘူးကွာ၊ တစ်ခါတည်းမှပဲ ဟိုတစ်နေ့က ငွတ္တလစ်မှာ “အောင်သွယ်” (ငါတို့အလုပ်ကို ငါတို့ ပေးထားတဲ့နာမည် လှလှလေးပါ၊ ကဗျာဆန်ရဲ့နော် )လုပ်စားနေတဲ့မျိုးအောင်။

ဟော….အခု ‘စု’ ဈေးနားမှာ လက်ဖက်ရည်ဆိုင် စားပွဲ ထိုး ဖြစ်နေပြီ၊ အဲဒီဆိုင်လေးက လမ်းမကြီးနဲ့ အတွင်းလမ်း ထောင့်ချိုးနေရာမှာ ဖွင့်ထားပေမယ့်အင်မတန်လူစည်တဲ့ဆိုင်၊



www.burmeseclassic.com

www.burmeseclassic.com



လူပြတ်ချိန်ဆိုတာ မရှိသလောက်ပဲ၊ ဆိုင်ဘေးမြေကွက်လပ်မှာလဲ စားပွဲခုံလေးတွေ ချထားပေးတော့ တချို့ လွတ်လွတ်လပ်လပ် ထိုင်ပင်ချင်တဲ့လူတွေအတွက်လဲ လွတ်အဆင်ပြေတဲ့ နေရာဖြစ်နေတာပေါ့....။

အဲဒီမှာ မင်းကို ငါပြောပြခဲ့တဲ့ ခဲ့တို့ ချိုင်းတို့ကို စမြင်ဖူးတွေ့ဖူးရတာပဲ၊ နောက်ပိုင်းမှ ငါသိလာတာက ဒီဆိုင်မှာထိုင်နေကျ လူတွေ အားလုံးလိုလိုဟာ သာနေကျဖောက်သည်တွေပဲတဲ့၊ ဒီတော့ သူစိမ်းလူတစ်ယောက်စင်ထိုင်ရင် ချက်ချင်းသိတယ်တဲ့၊ အဲဒီအခါမျိုးမှာ အသာလေး လျှိုနေတတ်ကြတယ်လေ....။

အဲဒီအချိန်တုန်းက ခဲ့ထိကလဲ ဒီလောက်နာမည်မထွက်သေးဘူး၊ အဖမ်းအဆီး သိပ်မရှိသေးချိန်ပေါ့ကွာ၊ ပိုင်ရှင်ကလဲ သူ့ဆိုင်မှာ အခရောင်းအဝယ်ကောင်းတယ်ဆိုပြီး ဘာမှမပြောဘူး၊ ဒီအတိုင်း လွှတ်ပေးထားတယ်....။

ဩော်....မင်းကိုပြောဖို့ မေ့နေတယ်၊ ငါ ဆိုက်ကားမနင်းဖြစ်တော့ဘူး၊ ပိုင်ရှင်နဲ့ အလုပ်ကိစ္စပြောတော့ မနက်ကနေ ညဆိုင်သိမ်းချိန်အထိ (သူတို့အခေါ်တော့ နှစ်ဂျူတီပေါ့) လုပ်မယ်ဆိုရင် ထမင်းကျွေး သုံးရာပေးမယ်တဲ့၊ ဒီတော့ ငါ့အတွက်လဲ စားစရိတ်ငြိမ်းမယ်၊ အိမ်အတွက်လဲ လုံလောက်တယ်ဆိုပြီး ငါ လက်ခံလိုက်တာပေါ့....။

ဆိုတော့ကွာ အလုပ်လုပ်ပြီးတစ်လကျော်လောက်ကျတော့ ဒီဆိုင်က ဖောက်သည်တွေအားလုံးနဲ့ ငါနဲ့ ရင်းနှီးလာတယ်၊





မင်းသိတဲ့အတိုင်း ငါကလဲ ခင်အောင်မင်အောင်ပေါင်းတတ်တော့ တခြားစားပွဲထိုးတွေထက် ငါ့ကိုပိုပြီး ခင်ခင်မင်မင်ပေါင်းသင်းလာကြတယ်၊ ငါ့ရုပ်ရည်ကလဲ ပိုက်ဆံမရှိလို့သာ စားပွဲထိုးလုပ်နေရတယ်၊ သန့်သန့်ပြန့်ပြန့်အရှိသားမဟုတ်လား ဒီတော့ ငါ့ကို ရင်းရင်းနှီးနှီး စိတ်ချယုံကြည်ပြီး ပေါင်းကြတာပေါ့....။

ငါ့ဝါသနာလဲ မင်းသိပါတယ်လေ၊ ဘယ်ကိစ္စမဆို စပ်စပ်စုစုနဲ့ ဟိုစပ်စပ် ဒီစပ်စပ် ဝင်ပါတတ်တဲ့ အကျင့်ရှိနေတာပဲ၊ ဒီတော့ ဆိုင်မှာ နေ့လယ်ဘက် လူပါးချိန် လူကျဲချိန်ဆိုရင် စားပွဲရာဝိုင်းမှာ ဝင်ထိုင်ပြီး သူတို့ပြောသမျှ လုပ်သမျှတွေကို စပ်စုနေမိတာပေါ့၊ သူတို့ကလဲ ဒီဆိုင်မှာ သူတို့လိုအပ်သမျှ သည်းမည်း ဆောင်ရွက်ပေးတဲ့ငါ့ကို ခင်မင်ယုံကြည်နေကြတော့ ငါဝင်ထိုင်လဲ ဘာမှမပြောပါဘူး၊ ဘာမှလဲ မလျှို့ဝှက်ပါဘူး၊ သူတို့လုပ်စရာရှိတာ ဆက်လုပ်ကြ၊ ပြောစရာရှိတာ ဆက်ပြောကြနဲ့ အေးအေးဆေးဆေးပါပဲ....။

လူတွေကတော့ အမျိုးမျိုးပဲဟေ့၊ သုံးကျပ်ဒိုင်ကိုင်တဲ့လူနဲ့၊ ငါးဆယ်ကွက်ကိုင်တဲ့လူနဲ့၊ အောဒိုင် လက်ခွဲဒိုင်ပါဆိုတဲ့လူနဲ့၊ ချိုင်းတွေချပြီး တွက်တဲ့လူနဲ့၊ ဖော်မြူလာတွေ ဖော်ထုတ်တဲ့လူနဲ့၊ ဒိုင်ကို ထိုးချင်လို့ လာစောင့်တဲ့လူနဲ့၊ ချိုင်းဝယ်မယ်ဆိုပြီး ချိန်းထားတာ လာမပို့သေးလို့ စောင့်နေတဲ့လူနဲ့ ဆိုကွာ.... နောက်ဆုံး ချိုင်းမျိုးစုံကို ရောင်းတဲ့လူတွေပါ ရှိတယ်....။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဝိုင်းပေါင်းစုံက လူတွေက ငါနဲ့ တဖြည်းဖြည်း ရင်းနှီးလာတော့ ငါ့ကို ယုံကြည်လာလို့ ထင်ပါရဲ့၊ တစ်ခါတလေ ထိုးသားကလဲ ဘယ်ဒိုင်လာရင် ဘယ်နံပါတ်တွေထိုးထားပါဆို ပြီး ပိုက်ဆံပေးသွားလား ပေးသွားရဲ့၊ ဒိုင်တွေကလဲ ဘယ်သူ လာရင်ဖြင့် ဟောဒီဘောက်ချာလေး ပေးပေးစမ်းပါဆိုပြီး မှာလား မှာရဲ့၊ ချိုင်းဝယ်တဲ့လူ ချိုင်းရောင်းတဲ့လူတွေကလဲ သူတို့ချင်းက ဆုံဖို့ခက်တော့ ငါ့ဆီမှာပဲ ပေးစရာရှိတာ ပေး သွားပြီး ယူစရာရှိတာလဲ ငါကပဲ ယူထားပေးရတယ်....။

ငါကလဲ တစ်စက်ကလေးမှ မငြင်းပါဘူး၊ ကူညီပေးပါ တယ်၊ သူတို့မှာတာတွေ၊ ပြောတာတွေက ရှုပ်တော့ မှားမှာ စိုးရိမ်လို့ မှတ်စုစာအုပ်လေးတစ်အုပ်တောင် ဝယ်ပြီး မှတ်မှတ် ထားရတယ်၊ ဟုတ်တယ်လေ၊ ဒါမျိုးဆိုတာက တစ်ချက်က လေး အမှားခံတာမဟုတ်ဘူး၊ ကူညီမယ်ဆိုမှတော့ သေသေ ချာချာ ကူညီပေးရတာပေါ့....။

အဲဒီတုန်းက ငါကလဲ ဝါက နုသေးတော့ ခဲ့တွက်တာ တွေ ဘာတွေသိတာမဟုတ်ဘူး၊ သူတို့တွက်တာလေးတွေကြည့် ပြီး ချိုင်းဆိုလဲ ချိုင်းအလျော်က်၊ ဖော်မြူလာဆိုလဲ ဖော် မြူလာအလျော်က် ငါ့မှတ်စုစာအုပ်လေးမှာ ကူးမှတ်ထား တယ်၊ တစ်ခါတလေ သူတို့ပြတဲ့ခွင်က သိပ်ကောင်းနေရင် ငါလဲ သုံးကျပ်ကွက် လေးငါးကွက်လောက်တော့ ထိုးမိဘာ ပေါ့....။





ပြီးတော့ အဲဒီတွက်နည်းတွေ၊ ချိုင်းအဖြေဖော်နည်းတွေကို နှောက်ကြံတဲ့ ဝိုင်းတွေကျရင် ငါက ဆရာကြီး ပြန်လုပ်ပြီး တွက်ပြလိုက်တယ်၊ ငါ့ဆီမှာက ဝိုင်းပေါင်းစုံက ရထားတဲ့ နည်းပေါင်းစုံ ရှိနေတော့ သူတို့ကလဲ ငါ့ကို လေးစားလာကြ တော့တာပေါ့၊ ငါ့ကိုလဲ ခဲ့ပညာရှင်တစ်ယောက်လို့ သတ်မှတ် ထက်ခံလာကြတယ်၊ ဆိုင်မှာ လူပါးချိန်ဆိုရင် ငါ့ကို မရအရ ခေါ်ပြီး လုပ်ပါဦး၊ ပြစမ်းပါဦး၊ ပညာတွေ လျှိုမထားပါနဲ့ အညာခပြောပြီး ဒူးယားတွေ ဘာတွေ ထုတ်တိုက်တဲ့ အဆင့် ကို ရောက်လာတော့တာပေါ့....။

ငါကလဲ ဒူးယားလေးခဲပြီး သူများဆီက ကူးထားတဲ့ တွက်နည်းခလေးတွေ မှတ်ထားတဲ့ ချိုင်းနည်းလေးတွေ ပြန်ရေး ချပြလိုက်တာပေါ့၊ ဟဲ.... ဟဲ....။

ဆိုင်ရှင်ဦးလေးကြီးကလဲ ဘာမှ မပြောပါဘူး၊ သူ့ဆိုင်မှာ ငါ့ကြောင့် ဖောက်သည် ပိုတိုးလာလို့ သဘောတောင်မှ ကျလိုက်သေး၊ တစ်ခါတလေ ငါက ဝိုင်းတစ်ဝိုင်းမှာ ထိုင်ပြ နေသို့ တခြားဝိုင်းက ရေနွေးတွေ ဘာတွေ ထပ်မှာရင်တောင်မှ ငါ့အလုပ် ပျက်မှာစိုးလို့ ထင်ပါရဲ့၊ တခြား စားပွဲထိုးတွေကို ခက်ခြင်း လှမ်းခအော် ပို့ခိုင်းတတ်တယ်....။

တစ်ခါတခလ စားပွဲထိုးခတွ မအားရင် သူကိုယ်တိုင် ရေနွေး သွားပို့ပေးတယ်၊ ငါ့ကိုတော့ သူ့ဖောက်သည်တွေ ဆိုင်မှာ မြဲနေအောင် ထိန်းပေးထားတယ် ဆိုပြီး ကျေးဇူး တောင်မှ တင်နေပုံပါပဲ....။



www.burmeseclassic.com

www.burmeseclassic.com



တစ်လ နှစ်လလောက်ကြာတော့ ငါ့အတွက် မရည်ရွယ်ဘဲ အပိုဝင်ငွေလေးတွေ ရလာတယ်၊ ဝင်ရကောင်းစေလို့ ရည်ရွယ်ပြီး ငါလုပ်ခဲ့တာ မဟုတ်ပေမယ့် အလိုလိုဝင်လာတဲ့ အပိုငွေလေးတွေပေါ့ကွာ...။

ဒီလိုကွ.... တစ်လမှာ နှစ်ခါ ချဲထီထွက်တယ် မဟုတ်လား၊ ငါတို့ လက်ဖက်ရည်ဆိုင်မှာ ထွက်တဲ့နေ့သယ်ဆို လူတွေ အပြည့်ပဲ တင်မောင်ရ၊ ဘယ်နံပါတ် ထွက်သလဲဆိုတာကို လာစောင့်နားထောင် နေကြတာလေ၊ တချို့ အပင်ပန်းခံနိုင်တဲ့ လူတွေက အိမ်မှာ ရေဒီယိုဖွင့်ပြီး ယိုးဒယားက အောင်ဘာလေ သိန်းဆု ပေါက်ဂဏန်း ကြော်ငြာတာကို နားထောင်တယ်၊ သိရပြီဆိုတာနဲ့ ဆိုင်ကို အပြေးကလေး ပေါက်ချလာတာပဲ....။

ဆိုင်မှာ ထိုင်နေတာက ထိုးသားတွေချည်း ဒိုင်တွေရော အစုံ မဟုတ်လား၊ ထိုးသား ဆိုတာမှာလည်း တစ်ယောက်ကို နံပါတ် အလုံးငါးဆယ်လောက် ထိုးထားတဲ့ ထိုးသားတွေက အများကြီး ပါတယ်။

ဒီတော့.... ထိုင်နား ထောင်နေတဲ့ ထိုးသားတွေထဲက တစ်ခါတလေ ပေါက်သွားတာ ရှိတာပေါ့၊ အဲဒီ ပေါက်သွားတဲ့ ထိုးသားက တိုက်တိုက်ဆိုင်ဆိုင် ငါ လျှောက်ကူးထားတဲ့ တွက်နည်း သုံးလေးဆယ်ထဲက တစ်ခုခုကို ယုံကြည်ပြီး ထိုးလို့ ပေါက်တာဆိုရင်တော့ ငါလဲ ပွတာပဲ၊ ခင်ဗျားကြောင့်ရတာ ကျေးဇူးဆပ်ရမယ်ဆိုပြီး ငွေတွေဘာတွေ ထုတ်ပြီးရင် ငါ့ကို ငါးဆယ်မျိုး၊ တစ်ရာမျိုး 'အော်နာ' ပေးတတ်တယ်၊





အဲ....တချို့လည်း လာ နားမထောင်ပေမယ့် ငါ့ဆီက ကူးယူသွားတဲ့ နည်းကြောင့် ပေါက်တာဆိုရင် မုန့်ဖိုး ဆိုပြီး ညကျတော့ လာပေးတတ်ပါတယ်၊ တကယ်တော့ သူကူးယူသွားတဲ့နည်းက မှန်လို့မဟုတ်ဘဲ သူ့ကံနဲ့သူ ဖြစ်တာပါ၊ ငါ သိတာပေါ့ကွာ၊ ငါကူးထားတဲ့ နည်းတွေအတိုင်း အကုန် တွက်ချကြည့်လို့ကတော့ နံပါတ် အလုံး ၁၀၀၀ ရှိတာ ၁၀၀၀ ထက်ပိုပြီး ထွက်မလာရင် ကံကောင်း၊ သူ့ဟာသူ တိုက်ဆိုင် သွားတာ ငါ့ကံကောင်းဖို့ ဖြစ်လာတာပေါ့....။

အဲ....တချို့လူတွေကျတော့လဲ ပေါက်သွားတဲ့အခါ အဲဒီ သူတို့ ပေါက်တဲ့နံပါတ်ကို ဒိုင်ဆီမှာ ငါက ထိုးပေးထားတာ ဆိုတော့ ပိုက်ဆံ လာထုတ်ပြီးရင် ငါ့ကိုလည်း ပြန် "မစ" သွားတတ်ပါတယ်....။

အဲဒီလို ထိုးသားက ပေါက်လို့ရတဲ့ငွေ ဆိုတာက အင်မတန် ရခဲပါတယ်၊ များသောအားဖြင့် မပေါက်ကြဘဲ လင်းတကြီး လို မှိုင်နေတဲ့ ထိုးသားတွေပဲ အတွေ့များပါတယ်ကွာ...။

ငါ့အတွက် သေချာပေါက် အပိုဝင်ငွေရတာက ဒိုင်တွေဆီ ကကွ၊ ဒီလိုလေ ငါတို့ဆိုင်မှာ ဖောက်သည်လိုဖြစ်နေတဲ့ ဒိုင်က လေးငါးခြောက်ယောက် ရှိနေတယ်မဟုတ်လား....။

နံပါတ်တစ်ခါထွက်ရင် ငွေတစ်ပြားမှမလျော်ရဘဲ အသား လွတ် ပွသွားတဲ့ ဒိုင်က သုံးလေးယောက် ရှိတာဘဲတယ်၊ အဲဒီ ဒိုင်တွေ အတွက် အရောင်းအဝယ် ကိစ္စတွေမှာ ဘောက်ချာ လက်လွှဲပေးရ၊ ငွေလက်လွှဲပေးရနဲ့ သူတို့ အဲဒီလို ပွဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ထိုးသွားတွေဆီက ငွေရအောင် ငါက ကူညီပေးထားတာ ရှိထားကိုး၊ ငါက ကူညီထားတာဆိုတော့ သူတို့ ပွတဲ့အခါ မနေပါဘူး၊ "ရော့ မင်းသုံးဖို့ယူထား" ဆိုပြီး ငါ့ကို ပေးကြပါတယ်၊ တစ်ခါဘခလများ သုံးလေးယောက် ပေးတာက ငါ့အတွက် သုံးလေးရာအထိ ရှိတတ်တယ်....။

ငါက အဲဒီငွေလေးတွေကို စုဆောင်းပြီး အလုပ် တစ်ခုခု လုပ်ဖို့ အကွက်ချောင်းတော့တာပေါ့၊ မျိုးအောင်ပဲကွာ၊ ဒီလို ပဲ ဘယ်နေပါ့မလဲ၊ ငါလဲ ကြာတော့ အကွက်မြင်လာပြီပေါ့။

* * *

ဒီမှာ ငါက သမ္ဗာလက်ဆီက ပညာကို စယူတယ်၊ သမ္ဗာလက် ဆိုတဲ့ နာမည်က သူ့နာမည်ရင်းတော့ မဟုတ်ဘူး၊ ဒါပေမယ့် ချဲလောကမှာ လှုပ်ရှားနေတာ သမ္ဗာရင့်လှပြီဆိုတော့ သူ့ အနေပါင်းအသင်းတွေက သမ္ဗာလက်လို့ နာမည်ပေး ခေါ်ကြ တယ်၊ သူ့နာမည်ရင်းက လတ်ဆိုတဲ့ တစ်လုံးပဲ ပါတယ်လေ၊ ကျန်တဲ့ သမ္ဗာဆိုတာကတော့ ချဲမိတ်ဆွေတွေက ပူးတွဲ ဂုဏ်ပြု ပေးလိုက်တဲ့ လက်ဆောင်နာမည်လေးပေါ့....။

ဆိုတော့ အဲဒီသမ္ဗာလက်ကချိုင်းမျိုးစုံရောင်းတယ်၊ရောင်း လို့ မြတ်သမျှလဲ ချဲပြန်ထိုးတာပဲ၊ ပေါက်ဘယ်လို့တော့ တစ်





ခါမှ မကြားဖူးသေးဘူး၊ အဲ တစ်ခါတော့ ပေါက်သလိုလို ဖြစ်ဖူးတယ်၊ နံပါတ်ဆယ်လုံးကို တစ်လုံးကိုငါးဆယ်၊ ငါးရာ ဖိုး အောလက်ခွဲဗိုင်ဆီမှာ ထိုးထားတာတဲ့၊ အဲဒီအောလက်ခွဲ ဗိုင်ကလဲ သမ္ဗာလက်ကသူ့ဆီမှာ အမြဲတမ်းထိုးနေကျဆိုတော့၊ မထွက်ခင်တစ်ရက်အလို ညနေစောင်းမှာ အောဗိုင်ဆီငွေသွား အပ်တော့ သမ္ဗာလက်အတွက် ငွေကို သူ့ငွေနဲ့စိုက်ပြီး သွင်း ပေးလိုက်တယ်၊ ဟုတ်တယ်လေ သမ္ဗာလက်က ဒီလိုပဲ မထွက် ခင်ညမှာ ငွေလာချေနေကျ ထုံးစံဖြစ်နေတာကိုး....။

အဟင်း....သမ္ဗာလက်တို့များ ကံဆိုးချင်တော့ အဲဒီ သူထိုး ထားတဲ့နံပါတ်တွေကို သူ့လိုပဲဝါရင့်နေပြီဖြစ်တဲ့ သူငယ်ချင်း က လုံးဝမဖြက်နိုင်ဘူးလို့ပြောတော့ စိတ်ထဲမှာ ဒွိဟ ဖြစ်လာ တယ်၊ ငွေငါးရာထုပ်ကို ရေထဲပစ်ချရင်မှ "ပလုံ" လို့ အသံ မြည်ဦးမယ်၊ အခုဟာက "ပလုံ" သံလေးတောင်မှ မထွက်နိုင် တဲ့ ချဲထီကိုး၊ ဒီတော့ သူထိုးထားတဲ့နံပါတ်တွေကို သူမကြိုက် တော့ဘူးဖြစ်လာတာပေါ့၊ဒီမှာ"လှန်"ပစ်ဖို့သူစဉ်းစားတယ်။

အင်း...."လှန်"တယ်ဆို အသုံးအနှုန်းက မင်းကို ရှင်းမပြ သေးတဲ့ ချဲလောကရဲ့ အသုံးအနှုန်းတစ်ခုပဲ၊ ဒီလိုကွာ မင်းက ဗိုင်တစ်ယောက်ဆီမှာ မင်းကြိုက်တဲ့ နံပါတ်တွေကို ထိုးသား တယ်ဆိုပါတော့၊ အဲဒီလို ထိုးတုန်းကတော့ မင်းကြိုက်လို့ မင်းထိုးတာပဲ၊ ဗိုင်ကလဲဘောက်ချာတွေဖွင့်ပေးလိုက်တာပေါ့၊ ပိုက်ဆံကတော့ ထုံးစံအတိုင်း ချဲထွက်ရက်နီးမှ မင်းက သွား ပေးရမှာပေါ့၊ ဒီမှာထွက်ရက်နီးလာတော့ ဇော်မြူလာအင်း



www.burmeseclassic.com

www.burmeseclassic.com



စုံနဲ့ ချိန်ထိုးပြီး မင်းက အဲဒီ မင်းထိုးထားတဲ့ နံပါတ်တွေကို မကြိုက်တော့ဘူး ဖြစ်လာတတ်ဘယ်....။

အဲဒီအခါမျိုးမှာ မင်းက ဒိုင်ဆီကို ပိုက်ဆံ သွားမပေးဘဲ နေလိုက်ရင် အဲဒီလိုလုပ်တာကို "လှန်"လိုက်တယ်လို့ ပြောဆို သုံးစွဲကြတယ်....။

အဲ....ထွက်တဲ့နေ့မှာမင်းလှန်ထားတဲ့နံပါတ်ကထွက်လာပြီ ဆိုပါစို့ မင်းက ဘောက်ချာရှိတယ်ဆိုပြီးသွားထုတ်လို့မရဘူး၊ "လေထိုးလေလျော်"တဲ့၊ ခဲ့သမားတွေရဲ့ နောက်ထပ် အသုံး အနှုန်းတစ်ခု၊ ဟုတ်တယ်လေ မင်းက လေနဲ့ ထိုးတာပဲ ဟာ ပိုက်ဆံမှသွားမပေးပဲ၊ အဲဒီတော့ လေနဲ့ပဲ အလျော် ပြန်ရမှာပေါ့....။

ရှင်းပါတယ်နော်၊ ယုတ်စွအဆုံး မင်းက အဲဒီ ခဲ့ဖိုးပိုက်ဆံ ကို လူကြုံနဲ့ပေးခိုင်းလိုက်လို့ လူကြုံကမပေးဖြစ်လိုက်ဘူးဆိုရင် လဲ ဒိုင်က လုံးဝလျော်မှာမဟုတ်ဘူး၊ သူ့လက်ထဲငွေမှမရောက် တာ၊ ဘယ်လျော်ပါ့မလဲ၊ အကျိုးအကြောင်းလဲ သွားရှင်းပြ မနေနဲ့၊ အလကားပဲ၊ ဒိုင်ဆိုတာ အဲဒီအလုပ်ကို လုပ်ကတည်း က မလျော်ချင်လို့ လုပ်နေတာ....သေချာ၊ ငွေပေးပြီး တိတိ ကျကျ ဘောက်ချာမှာ ငွေရှင်းပြီးလို့ ရေးထားတဲ့သူကိုတောင် မှ သိပ်လျော်ချင်တာမဟုတ်ဘူး၊ နာမည်ပျက်မှာ ရေရှည်လုပ် စားလို့မရမှာ ပူပင်လို့သာ လျော်လိုက်ရတာ....။

အဲလိုမျိုး အကျိုးအကြောင်း မခိုင်လုံလို့ကတော့ မင်းမှာ ဘောက်ချာရှိလဲ ထစ်ပြားမှ မရဘူးမှတ်၊ ပိုက်ဆံမရတဲ့အပြင်





မင်းအတွက် နောက်ဆိုရင် အခွင့်အရေးတစ်ခုထောင်မှ ဆုံးရှုံး သွားဦးမယ်၊ အရင်လို ပိုက်ဆံမပေးပဲ ထွက်ရက်နီးမှ ပေးပါ့ မယ်ဆိုပြီး မင်းကို ထိုးခွင့်မပေးတော့ဘူး၊ ထိုးချင်ရင် ရော့ ပတ္တမြား၊ ရော့ နဂါးပဲ၊ ငွေတစ်ခါတည်းပေး ကက်(ချ) ဧဒါင်းမှ မင်းကို အထိုးခံတော့တယ်။

ဒါကလဲ ဒိုင်ဘက်ကကြည့်ရင် မှန်ပါတယ်၊ မင်းက စော စောစီးစီး ထိုးထားတော့ အဲဒီနံပါတ်တွေကအမှန်မှာရောင်းရ ဦးမှာဖြစ်ပေမယ့် ဒိုင်အနေနဲ့ ရောင်းခွင့် မရှိတော့ဘူး။

ဟော....မင်းက နီးမှကပ်လှန်တော့ ဒိုင်က ဘယ်လိုလုပ် အချိန်မီပြန်ရောင်းမလဲ၊ ဒီတော့ သူ့အတွက်အဲဒီမင်းထိုးထား တဲ့ ငွေတွေက အလကားနေရင်း နစ်နာသွားတာပေါ့၊ ဒါ ကြောင့် တစ်ခါလှန်ဖူးတဲ့ ထိုးသားဆိုရင် ဒိုင်တွေက လက်ငင်း မရလဲ မရောင်းကြတော့ဘူးပေါ့ကွယ်။

အဲ....'လှန်'တဲ့အကြောင်း ရှင်းပြနေတာနဲ့ ခုနစကား တောင်မှ ဘယ်ရောက်သွားပါလိမ့်၊ ဟုတ်ပြီ.... ငါသတိရပြီ၊ အဲဒီသမ္မာလတ်က သူထိုးထားတဲ့ချဲထီငါးရာဖိုးကို လှန်လိုက်ဖို့ စဉ်းစားတယ်၊ ဒါပေမယ့် 'အောလက်ခွဲဒိုင်နဲ့ မျက်နှာပျက် မှာလဲ သူစိုးရိမ်တယ်၊ သူအမျိုးမျိုးစဉ်းစားပြီး နောက်ဆုံးမှာ 'လှန်'ဖို့ ဆုံးဖြတ်လိုက်တယ်။

ချဲမထွက်ခင်ညမှာ သူ့ထုံးစံအတိုင်း ရှင်းပေးနေကျ ချဲထီ ဖိုးတွေကို သွားမရှင်းတော့ဘူး၊ အော လက်ခွဲဒိုင် ချောလဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တစောင့်စောင့်ပေါ့၊ နောက်တစ်နေ့ မနက်ကျတော့လဲ အောလက်ခွဲဒိုင်က သူ့ကိုလိုက်ရှာတယ်၊ သူရှိတတ်တဲ့နေရာတွေမှာ လိုက်မေးတယ်။ ဟုတ်တယ်လေ...ဒိုင်ခမျာလဲ ကော်မရှင်ရတဲ့အထဲက ငွေစိုက်ပေးထားရတာကိုး၊ ခုချိန်ကျမှ အောင်ကြီးဆီပြန်သွားပြီး သူ့ ငွေကိစ္စ ရှင်း လင်း ပြော ဆိုပြန်တောင်းဖို့ ဆိုတာကလဲ မလွယ်တော့ဘူး။

တစ်မနက်လုံး သမ္ဘာလတ်ကို လိုက်ရှာပေမယ့် လုံးဝမတွေ့ဘူး၊ ဘယ်တွေ့ပါ့မလဲ၊ သမ္ဘာလတ်ကလဲ အားနာလို့ မျက်နှာချင်း မဆိုင်ရဲတာနဲ့ တခြားမှာ ခဏ သွားရှောင်နေတာကိုး၊ နောက်ဆုံး ရှာမတွေ့တဲ့အဆုံးဒိုင်လဲ လက်လျှော့လိုက်ရတယ်၊ သူ့စိတ်ထဲမှာလဲ သမ္ဘာလတ်ကြောင့် သူ့ကော်မရှင် ရတဲ့ငွေထဲက ငွေပါးရာဆုံးပြီဆိုပြီး သမ္ဘာလတ်ကို စိတ်ဆိုးလွန်းလို့ တောက် တခေါက်ခေါက်နဲ့ပေါ့....။

အဲ...တစ်မနက်လုံး တောက်တခေါက်ခေါက် ဖြစ်နေတဲ့ အောလက်ခွဲဒိုင်ဟာ နေ့လယ် နှစ်နာရီလောက်လဲ ကျရော တောက်ခေါက်တာ ရပ်ပြီး တစ်ခါတည်း အိမ်ပေါ်မှာ ထခုန်တော့တာပဲ၊ ဘယ်နှယ့် မခုန်ဘဲနေပါ့မလဲ၊ သမ္ဘာလတ်အတွက် သူစိုက်သွင်းပေးလိုက်တဲ့ ငါးဆယ်ကွက် နံပါတ်တစ်ခုက ထပေါက်နေတာကိုး....။

အဲဒီ ခေတ်ကအဆခြောက်ရာ လျော်တဲ့ခေတ် ဆိုတော့ သူ့အတွက် ငွေသုံးသောင်းရသွားပြီလေ၊ ညနေဘက် သမ္ဘာလတ်နဲ့ ဆုံမိတော့ ကျေးဇူးတင်လွန်းလို့ ခေါက်ဆွဲထုပ်တွေတောင်မှ





သမ္ဘာလတ်တို့ အိမ်မှာ စားဖို့ ဝယ်ပေးလိုက်သေးတယ် ဆိုလားပဲ...။

အဲဒီ သမ္ဘာလတ်၊ ချဲလောကမှာ သမ္ဘာရင့်ပါတယ် ဆိုတဲ့ သမ္ဘာလတ်ကတော့ မနက်က ဒိုင်ဆီက တောက်ခေါက်တဲ့ရောဂါ ကူးစက်သွားလို့ ထင်ပါရဲ့၊ နောက်သုံးလေးရက် အဲဒီအကြောင်းပြောတိုင်း တောက်ခေါက်လို့ မဆုံးတော့ဘူးတဲ့။

ငါနဲ့ တွေ့တော့ သူက ငါတို့ဆိုင်မှာ ချိုင်းမျိုးစုံကို လက်လီ ဖြန့်ဖြူးနေတဲ့အချိန်၊ ဘယ်သူက ဘယ်ချိုင်းမှာတယ်ဆိုတာကို ငါက မှတ်သားပေးပြီး အဲဒီစာရင်းအတိုင်း သူက ငါ့ကိုလာပေး၊ ငါက မှာတဲ့လူတွေ လက်ထဲအပ်၊ ပြီးတော့ ရတဲ့ငွေ သူ့ကို ပြန်ရှင်းပေးလိုက်ရတယ်....။

ချိုင်းတစ်စောင်ကို တစ်ဆယ်နဲ့ရောင်းပြီး တစ်ရွက်ရောင်းရတိုင်း ငါ့ကို ကော်မရှင်အနေနဲ့ တစ်ကျပ်ပေးနေတဲ့အချိန်ပေါ့....။

မဆိုးပါဘူး...ငါ့အတွက် ဘာမှမပင်ပန်းဘဲ တစ်နေ့လေးငါးကျပ် တစ်ဆယ် ဝင်ငွေ ရနေတာပဲ၊ ဒါပေမယ့် ချဲထွက်ပြီး တစ်ဗတ်လောက်အတွင်းပဲ ရတာတယ်၊ အဲဒီနောက်ပိုင်းဆို ချိုင်းဘာ အရောင်းအဝယ် မရှိတော့ဘူး....။

ငါပြောခဲ့ပါပကော၊ သမ္ဘာလတ်ဆီက ပညာကို ငယူပါတယ်လို့၊ ငါက ငွေအရင်းအနှီး များများရှိတာမှ မဟုတ်တာ ဒိုင်ကိုင်တာ မြတ်မှန်းသိပေမယ့် ဘယ်လုပ်ရဲပါ့မလဲ၊ ဒီတော့ သေချာပေါက် ငွေရမယ့်အကွက်ကိုပဲ စလုပ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ငါက ဟိုစပ်စပ်၊ ဒီစပ်စပ်နဲ့ စပ်စုတတ်တာ ပြောပြီးပြီနော်၊ အဲဒီလို စပ်စုထားလို့ ငါ့အသိတစ်ယောက်ကတစ်ဆင့် ဖိုတို စတက် ကူးတဲ့ဆိုင် ဖွင့်ထားတဲ့လူတစ်ယောက်နဲ့လဲ ရင်းနှီးနေပြီ၊ ဒီတော့ ငါက ချိုင်းစာရွက်တွေကူးပေးဖို့ ပြောကြည့်တယ်၊ အဲဒီလူကလဲ ကူးတော့ကူးပေးမယ်၊ တကယ်လို့ တစ်စုံ တစ်ရာ ပြဿနာပေါ်ရင် သူတို့ဆိုင်က ကူးတာလို့ ဝန်မခံ ပါဘူး ဆိုတဲ့ကတိကို တောင်းတယ်….၊

ငါကလဲ 'ဟာ ကိုကြီးကလဲ၊ ကိုကြီးက ညီလေးကို ကူညီ တာပဲဟာ၊ ကိုကြီးကို ဒုက္ခရောက်အောင် ဘယ်လုပ်ပါ့မလဲ၊ စိတ်ချပါ၊ ကျွန်တော် ကတိပေးပါတယ်' ဘာညာ ကွိကွ ချွဲပြ တော့ ဘဲကြီးလဲ ကျသွားတယ်ထင်ပါရဲ့၊ ဖိုတိုစတက် ကိစ္စ အဆင်ပြေသွားတယ်….၊

ဒီမှာ ငါက ဖောက်သည်ရှာရတယ်၊ ဟုတ်တယ်လေ၊ ငါက ဒီဆိုင်မှာရောင်းရင် သမ္မာလတ် အရင်ရောင်းခနက္ကစောင်ရေ တွေ လျော့သွားမှာပေါ့၊ ဒါဆို သမ္မာလတ်က မသိဘဲ ဘယ် နေပါ့မလဲ၊ သမ္မာကြီးပဲဟာ၊ ချက်ချင်း သိသွားမှာပေါ့၊ ဒီတော့ ငါက ဆိုင်မှာပဲ နောက်ထပ် ချိုင်းလိုချင်တဲ့လူတွေ ထပ်ရှာရတယ်၊ ရပ်ကွက်ထဲမှာလဲ ချိုင်းဝယ်တတ်တဲ့ လူတွေ ကို လိုက်စည်းရုံးရတာပေါ့….၊

သူများ တစ်ဆယ် ရောင်းနေပေမယ့် ကျွန်တော့်ဆီက ယူ ရင် မင်ရောင်းဈေး ရှစ်ကျပ်နဲ့ရမယ်၊ ဘာညာ အာရတာပေါ့၊





အဲ….နောက်ပြီး အရင် ငါတို့ဆိုင်မှာ ထိုင်နေကျ ဖောက်သည် ပေမယ့် ဖြိုင်ဘက်တွေများလာလို့ ဟိုး….ဘက်က လက်ဖက် ရည်ဆိုင်တွေမှာ ရွှေ့ပြီး စတည်းချနေတဲ့ ဒိုင်တွေ ထိုးသားတွေ နဲ့လဲ သွားဆက်သွယ်ရတယ်….၊

မဆက်သွယ်ခင်လဲ စုံစမ်းရသေးတာ၊ ဒီဆိုင်ကို သမ္မာလတ် သာကျက်စား တတ်သလားပေါ့၊ သူကျက်စားတဲ့ ဆိုင်ဆိုရင် ငါက ရှောင်ပေးပါတယ်၊ ''ဘီလူးစည်း၊ လူ့စည်း'' တော့လဲ ငါက ခွဲခြားတတ်ပါတယ်ကွစ၊ ငါ့ကြောင့် သမ္မာလတ် စီးပွား ရေးကို နည်းနည်းလေးမှ မထိခိုက်စေချင်ဘူးလေ၊ ဒါက ငါ့ရဲ့ စိတ်ရင်းအမှန်တွေပါ….၊

ကံကလေးကလည်း ကောင်းလာလို့ ထင်ပါရဲ့၊ ငါ့အတွက် အစ်ပတ်ကို ပုံသေယူမယ့် ဖောက်သည် အယောက်ငါးဆယ် လောက် စုဆောင်းမိတယ်….၊

ငါဘာလုပ်ရသလဲ သိလား၊ လွယ်လွယ်လေးပါ၊ သမ္မာလတ် က သူ့ဖောက်သည်တွေအတွက် ချိုင်းမျိုးစုံ လာပေးရင် ငါက ချက်ချင်းပဲ ဖိုတိုစတက်ဆိုင်ပြေးပြီး ငါလိုသမျှ အမျိုးအစားနဲ့ အရေအတွက်ကို ကော်ပီဆွဲယူလိုက်တယ်၊ တစ်ခါတလေ သိပ် ဆောင်းကောင်းတဲ့ စေတီတို့၊ အန်းကုန်းတို့ဆိုရင် ပိုပိုလိုလို ငါးရွက်စီလောက် ကော်ပီပိုဆွဲထားလိုက်သေးတယ်၊ ကော်ပီ ဆွဲခ တစ်ကျပ်ခွဲ၊ ငါရောင်းတာက တချို့ လူကို ကိုးကျပ်၊ တချို့ တစ်ဆယ်၊ အနည်းဆုံး ခုနစ်ကျပ်ခွဲတော့ မြတ်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အရွက် ငါးဆယ်လောက် ရောင်းရတော့ (၁၅)ရက်တိုင်းမှာ အမြတ်လေးရာလောက် ရနေတာပေါ့….။

တစ်လ ရှစ်ရာလောက်ရတော့ ငါ့အတွက် အတော်လေးစုမိ ဆောင်းမိ ဖြစ်လာတယ်၊ ငါ့အတွက် ကုန်ကျစရာဆိုလို့ အမေနဲ့ ညီမလေး စားစရိတ်၊ အိမ်လခ ဒါပဲ ရှိတယ်၊ ညီမလေးကိုလဲ ကျောင်းဆက်မတက်နိုင်းပဲ စက်ချုပ်သင်တန်း တက်ခိုင်းထား တယ်….။

တစ်ချိန်ချိန်မှာ ဆိုင်ကိုယ်ပိုင် ဖွင့်နိုင်ဖို့အထိ ရည်ရွယ်ပြီး တက်ခိုင်းထားတာပါ၊ ဒီတော့ ငါ့လခ အားလုံး အိမ်ကို အပ်လိုက်ရင် ပိုပိုလျှံလျှံတောင်မှ ရှိနေသေးတယ်၊ ငါကလဲ လက်ဖက်ရည်ဆိုင်မှာ စားရိတ်ငြိမ်းစား နေရတာ မဟုတ်လား။

ငါမမိုက်ပါဘူး တင်မောင်ရာ၊ အင်မတန်လိမ္မာတဲ့ မျိုးအောင်ပါ၊ စုဆောင်းလို့ ရသမျှတွေကို လုပ်ငန်းလုပ်ဖို့ နည်းနည်း ပါးပါး ချန်ထားပြီး ပိုသမျှအားလုံး စာတိုက်မှာ စုထားလိုက်တယ်၊ စုတာကလဲ မြောက်ဥက္ကလာပ ငွေစုဘဏ်မှာ စုတာ အပင်ပန်းခံပြီး အလုံ ငွေစုဘဏ်မှာ သွားပြီး တိတ်တိတ်ကလေး ကျိတ်စုရတာကွ၊ ဒါတလဲ ငါ့မှာ နောက်ဘဝ် အကြံတစ်မျိုး ပေါ်လာလို့ပဲ….။

အဲဒီအကြံရတာကလဲ ကိုရွှေသန်းဆိုတဲ့ ချဲဆရာကြီးဆီက ပါ၊ ဒီလူက အသက်လေးဆယ်နား ကပ်နေပေမယ့် ခုထိ လူပျို ကြီး လုပ်နေရတုန်း၊ အဲ… လူပျိုကြီး ဆိုလို့ ရည်းစားလေး တောင်မှ မရှိရှာပါလားလို့ သွားမအောက်မေ့နဲ့ဦး၊ သူက ရည်းစား





ရှိပြီးသား၊ သူ့အပြောကတော့ အဲဒီ အမျိုးသမီးနဲ့ ကြိုက်တာ ဆယ်နှစ်တောင် ပြည့်တော့မယ်ဆိုပဲတဲ့၊ သူနဲ့ တစ်ရုံးတည်း လုပ်နေတဲ့ သူနဲ့အဆင့်တူ ဝန်ထမ်းတစ်ဦးပဲတဲ့….။

ဒါပေမယ့် အမျိုးသမီးဘက်က ချမ်းသာတော့ ငွေကြေး စုဆောင်းမိမှ အနည်းဆုံး ကရဝိက်တိုက်ကမ်းနားဟိုတယ်တို့မှာ မင်္ဂလာဆောင်နိုင်မှ လက်ထပ်မယ်ဆိုပြီး အမျိုးသမီးက ထပြည်းဖြည်း ရက်တွေ ရွှေ့လာတာ ခုချိန်ထိပဲတဲ့….။

ကိုရွှေသန်း ခမျာလဲ ကြီးပွားဖို့၊ စုမိဆောင်းမိဖို့ဆိုတာ သူ့ ဝန်ထမ်းလစာနဲ့ ဘယ်လိုမှ မဖြစ်နိုင်မှန်းသိတော့ နောက်ဆုံး ချဲဒိုင်ကိုင်ပြီး ငွေစုနေရတာတဲ့၊ သူက သုံးဆယ်ကွက်ကိုင်တာ ဆိုတော့ တစ်ခါလွတ်ရင် ခြောက်ထောင်၊ ခုနစ်ထောင် လောက် ရတယ်တဲ့၊ အဲဒါလေးတွေနဲ့ စုဆောင်းထားတာ အခု သုံးလေးသောင်းလောက်တော့ ရနေပြီလို့ ပြောတယ်….။

သူက ငါ့ကိုသိပ်ခင်တော့ သူ့ရဲ့ လျှို့ဝှက်ချက်ကို ဖွင့်ပြော တယ်၊ သူ ဒိုင်ကိုင်လာတာ ဘယ်တုန်းက ဘယ် ထိုးသား ပေါက်တာ မြင်ဖူးလဲလို့ ငါ့ကို အရင်မေးတယ်….။

ဟုတ်တယ်၊ သူပြောမှ ငါစဉ်းစားတယ်၊ သူ့ဆီမှာ ဘယ် သူမှ ပေါက်တယ်လို့ မကြားမိသေးဘာ အမှန်၊ ဒါပေမယ့် တစ်ပတ်မှာ သူရောင်းရတဲ့ အကွက်ကလဲ သုံးရာတောင်မှ မပြည့်တတ်ဘူးဆိုတာ ငါက သိထားတယ်၊

တချို့ အကွက်တွေက သုံးဆယ်အပြည့် ရောင်းရတာမှ မဟုတ်တဲ့ တစ်ဆယ်ဖိုးရောင်းထားတဲ့ အကွက်တွေလဲ ပါနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်တော့၊ ဟာ...ဒီလူကြီးတော့ ပေါက်များ ပေါက်သွားရင် တစ်သောင်းကျော် စိုက်ရမှာ၊ ဒုက္ခပါပဲလို့တောင် ငါက တွေးမိဖူးသေးတယ်....၊

ဆိုတော့ သူ့ဆီမှာ ဘယ်ထိုးသားမှ ပေါက်တာ ငါမမြင်ဖူးသေးပါဘူးလို့ အမှန်အတိုင်း ဖြေလိုက်တယ်၊ ဒီမှာ သူက ငါ့ကို သူ့လက်ရေးနဲ့ ရေးထားတဲ့ စာရွက်လေးတစ်ရွက် ထုတ်ပေးတယ်၊ စာရွက်ထဲမှာက ဂဏန်းဆယ်လုံးကို အပေါ်မှာ ခုနှစ်လုံး၊ အောက်မှာ သုံးလုံး ရေးထားတယ်....၊

သူက ရှင်းပြပါတယ်၊ ဒီနည်းက နောက်ဆုံးထွက်တဲ့ ချဲနံပါတ်ကို ယူပြီး ဒီတစ်ပါတ်ထွက်မယ့် ချဲနံပါတ်ကို ချိန်ကိုက်တဲ့နည်းတဲ့၊ အဲဒီနည်းကို ဘယ်လို တွက်ထုတ်ယူရတယ် ဆိုတာလဲ ပြောပြပါတယ်၊ အပေါ်ဘက်က ဂဏန်းနှစ်လုံးနဲ့ အောက်ဘက်က ဂဏန်းတစ်လုံး အသေအချာ ပါရမယ်တဲ့၊ သူဒိုင်ကိုင်တာမှာ ထိုးသားတွေပေးတဲ့ နံပါတ်တွေထဲက အပေါ်တစ်လုံး အောက်နှစ်လုံး၊ ဒါမှမဟုတ် အပေါ် သုံးလုံး၊ ဒါမှမဟုတ် အောက်သုံးလုံး၊ အဲဒီနံပါတ်တွေပဲ ဘောက်ချာဖွင့်ရောင်းတာတဲ့၊ သူ့ခွင်ထဲဝင်တဲ့ နံပါတ်တွေကို လုံးဝ မရောင်းဘူးလေ....၊

ဒါကြောင့်လည်း သူ့ဆီမှာ အကွက်အရောင်းရ နည်းပေမယ့် အမြဲတမ်း လွတ်နေတာ ဆိုပဲ၊ ဒီနည်းကို ငါ့ကို သနားလို့ပေးတာတဲ့၊ ငါလုပ်စားတတ်သလို လုပ်စားပေါ့တဲ့၊ ဘယ်သူ့ကိုမှ မပြပါဘူးဆိုတဲ့ ကတိကိုလဲ တောင်းသွားသေးတယ်....၊





အဲဒီခွင်ရဲ့ နာမည်က "မဟာကေရာဇ်ပေတံ" တဲ့၊ သိုင်းအုပ်တွေဖတ်ပြီး ပေးထားတဲ့နာမည် ထင်ပါရဲ့ကွာ၊ ဒီပေတံ ရန်ကုန်က လူတွေ မသိသလောက်ပဲတဲ့၊ သူတောင်မှ ...န်ကောက်က ပြန်လာတဲ့ မိတ်ဆွေရင်းတစ်ယောက်က ပေး...လို့ ပြောသွားသေးတယ်....၊

ဟေ့ကောင် မင်း ငါ့အကြောင်းသိတယ်နော်၊ မျိုးအောင် ...တဲ့ကောင်က တော်ရုံတန်ရုံနဲ့ ယုံလွယ်တတ်တဲ့ ကောင်စား...းမဟုတ်ဘူး၊ ကိုရွှေသန်းပေးတဲ့ "မဟာကေရာဇ်" ပေတံကို ...န်ခဲ့တဲ့ ဆယ်နှစ်မှာ ထွက်ခဲ့တဲ့ နံပါတ်တွေနဲ့ တစ်ညလုံး ...က်ကြည့်တယ်....၊

ဟုတ်ပါ့ကွာ၊ သူ့ပေတံက တစ်ကြိမ်တစ်ခါမှ မမှားဘူး...းတဲ့ ပေတံပဲ၊ (အဲ....ပေတံဆိုတော့ မကျိုးဘူးသေးတဲ့ ပေတံ...ပဲ ပြောရမှာပေါ့ကွာ၊) မိုးလင်းခါနီး တွက်တာချက်တာ ...သွားချိန်မှာ ငါထခုန်မိမတတ် ဝမ်းသာနေပြီ၊ ထခုန်လိုက် ... အမေနဲ့ ညီမလေး နိုးသွားမှာစိုးလို့သာ မခုန်ဘဲနေလိုက်...တာ....၊

အဲဒီညက မိုးလင်းတဲ့အထိ ငါအိပ်လို့ မပျော်သေးဘူး၊ ငါ့...ထဲမှာ စိတ်ကူးအမျိုးမျိုး ထုတ်ကြည့်နေမိတယ်၊ ဆက်လုပ်...ယ့် အစီအစဉ်တွေကို တွက်ချက်နေမိတယ်....၊

ခုနတုန်းက ငါ ပြောပြသွားပြီးပြီနော်၊ ငါ့ပိုက်ဆံမှန်...ျ ...သေအချာစုဆောင်းပြီး အလုံ ငွေစုဘက်မှာ ကျိုက်...သား ...ဆိုတာ၊ အဲဒီ အချိန်က ငါ့မှာ ငွေလေး...ောင်ကျော်

www.burmeseclassic.com



လောက် ရှိနေပြီ၊ ဒီငွေလေးဆောင်နဲ့ အလုပ်တစ်ခုခု လုပ်ဖို့ ငါကြံစည်နေတဲ့ အချိန်မှာမှ ဒီမဟာဇာကရာဇ် "ပေတံ" ဆိုတဲ့ တွက်နည်းကို သွားတွေ့ရတာကိုး၊ တိုက်တိုက်ဆိုင်ဆိုင် နတ်သိကြားများ "မစ"တာပဲလို့ စိတ်ထဲမှာ ထင်နေမိတယ်....။

ခက်တာက ဒီပေတံကို ဘယ်လို အသုံးချမလဲ၊ ဒိုင်ကိုင်ရမှာလဲ မလွယ်ဘူး၊ တခြား ဒိုင်တွေလို ကျောထောက်နောက်ခံ အခြေအနေမရှိတဲ့ စားပွဲထိုးက ဒိုင်ကိုင်တာကို ဘယ်ထိုးသားက ယုံပြီး ထိုးမှာလဲ။ ငါက ငွေခြောက်ထောင် လျော်နိုင်မယ်လို့ရော ဘယ်သူက ယုံမှာလဲ၊ ဒါပေမယ့် မိုးလင်းခါနီးမှာ အဖြေတစ်ခု ရလာတယ်....။

ဟုတ်တယ်လေ၊ မိုးလင်းလို့ အလုပ်ဆင်းရင် မြင်ရတော့မယ့် ထိုးသား ချဲဝါသနာရှင်တွေအကြောင်း စဉ်းစားရင်း အဖြေရလာတာပဲ,...။

ဒီလိုကွ၊ ငါတို့ဆိုင်မှာ ငါ့ကို လာပြီး ဘယ်နံပါတ်တွေ စိတ်ချရတဲ့ ဒိုင်ဆီမှာ ထိုးပေးပါလို့ မှာတတ်တဲ့ ထိုးသားတွေ အများကြီး ရှိတယ်၊ နောက်ပြီး တစ်ဆိုင်ထဲမှာ ထိုင်ပေမယ့် တစ်ဖွဲ့နဲ့တစ်ဖွဲ့ မျက်နှာကြောမတည့်လို့ ပိုင်တဲ့ နံပါတ်တွေကို အဲဒီ တစ်ဘက်အဖွဲ့က ကောင်တွေကို တမင်တကာ ဆုံးမချင်လို့ ဒီကောင်တွေ စီးပွားပျက်သွားစေချင်လို့ ဆိုပြီး ငါ့ကို ကြားကတစ်ဘက်လူညွှန်နဲ့ နာမည်တစ်ခုခုယူပြီး ထိုးခိုင်းတတ်တဲ့လူတွေလဲ ရှိတယ်....။



အဲ နောက်ပြီး ချိုင့်ဆွဲလာဝယ်တဲ့ မိန်းမတွေရယ်၊ ငါတို့ ရပ်ကွက်ထဲက အိမ်နီးနားချင်းတွေ၊ သူတို့ကလဲ သူတို့ကြိုက်တဲ့ နံပါတ်တွေ ငါ့ကို ပိုက်ဆံပေးပြီး ထိုးခိုင်းတတ်တယ်....။

တစ်ခါနှစ်ခါ ပေါက်ဖူးကြလို့ ငါက ပိုက်ဆံသွားထုတ်ပေးလိုက်တဲ့အခါ ငါ့အတွက် မုန့်ဖိုးဆိုပြီးတောင်မှ ပေးခဲ့ကြသေးတာပဲ...။

ဆိုတော့....သူတို့က ငါ့ကို ယုံကြည်နေကြတယ်၊ သူတို့အတွက် အရင်တုန်းက ငါကလဲ မှန်မှန်ကန်ကန်လုပ်ပေးခဲ့တာကိုး၊ ယုံပေမပေါ့....။

ဒီတော့ အဲဒီအကွက်ကို ငါ့စီးပွားရေးအတွက် အသုံးချဖို့ ငါ ဆုံးဖြတ်လိုက်တယ်၊ မျိုးအောင်ပဲကွာ...မလုပ်ချင်ရင်သာ နေမယ်၊ လုပ်ပြီဆိုရင် ပြတ်ပြတ်သားသား မကြောက်တမ်း လုပ်ရဲတဲ့ကောင်ပဲ....။

ရွှတ္တသစ်မှာ လူမိုက်ခေါင်းဆောင် ဖိုးထူကိုတောင်မှ ပြတ်ပြတ်သားသား ရှင်းခဲ့သေးတာပဲ....။

နောက်နေ့မနက်မှာ ငါ အလုပ်ဝင် နောက်ကျတယ်၊ နောက်မကျ ခံနိုင်ရိုးလား၊ ငါတို့ မြောက်ဥက္ကလာက ဒိုင်တွေ ကိုင်တတ်တဲ့ ချဲဘောက်ချာ ပုံစံတူမျိုးစုံကို ၃၁ လမ်း၊ ၃၂ လမ်းဘက်မှာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် မရမနေ ရှာဝယ်နေရတာကိုး....။

အဲဒီညမှာလဲ ငါ မအိပ်နိုင်ပါဘူး၊ တစ်ညလုံး နံပါတ်အရေးကျင့်နေရတာပေါ့၊ ဒိုင်ပေါင်းစုံ ရေးတဲ့နံပါတ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့လက်ရေးအတိုင်း မရမနေ ကျင့်နေရတာပေါ့၊ မဆိုးပါဘူး၊ ငါ အောင်မြင်ပါတယ်၊ လုံးဝ ချွတ်စွပ်တူအောင် တုမရေးနိုင်ပေမယ့် ဆင်တူယိုးမှားတူအောင်တော့ တု ရေးနိုင်နေပါပြီ....။

ငါ စိတ်ချမ်းသာသွားတယ်၊ ဒီလောက် တုရေးနိုင်ရင် ငါ့အတွက်က အလုပ်ဖြစ်နေပြီလေ၊ ဘယ်သူက ဘောက်ချာကို အသေးစိတ် စီအိုင်ဒီက လက်ရေးပါရဂူဆီပို့ပြီး စစ်မှာမှတ်လို့ ဆင်တူယိုးမှားလောက်ရရင်ပဲ ထိုးသားတွေက ယုံကြည်နေပါပြီ၊ ဘောက်ချာကိုလဲ ဘယ်သူကမှ အသေးစိတ် စစ်ဆေးနေမှာမှ မဟုတ်တာ....။

အဲဒီနေ့ကစပြီး ငါ့ရဲ့ လုပ်ငန်းကိုစလုပ်တယ်၊ ငါ့ဆီလာထိုးနိုင်တဲ့ နံပါတ်တွေထဲက ပေတံနဲ့ခွင်ဝင်တဲ့ နံပါတ်တွေကို တကယ့်ဒိုင်ဆီမှာ ထိုးတယ်၊ ကျန်တဲ့ ပေတံနဲ့လွတ်တဲ့နံပါတ်အတွက် ထိုးသမျှပိုက်ဆံတွေကတော့ ငါ့အိတ်ကပ်ထဲ ရောက်လာတာပေါ့....။

အဲဒီလိုရောက်ဖို့အတွက် ငါ တကယ်ထိုးထားတဲ့ ဒိုင်ဆီကရတဲ့ဘောက်ချာနဲ့ ဘောက်ချာပုံစံတူပေါ်မှာ ငါ့လက်ရေးအတုနဲ့ ငါစားတဲ့နံပါတ်တွေ ထပ်ဖြည့်ပြီး ထိုးသားလိုချင်သမျှ နံပါတ်အားလုံး ဘောက်ချာအသစ် ဖွင့်ပေးလိုက်တာပဲ။

အဲဒီလိုဆိုတော့ ပေတံနဲ့ ခွင်ဝင်တဲ့နံပါတ်ပေါက်သွားရင် ငါက ဘောက်ချာအတုကိုပြန်ယူ၊ ငါသိမ်းထားတဲ့ ဘောက်





ချာ အစစ်ကိုထုတ်ပြီး ဒိုင်ဆီက ငွေ သွားထုတ်ပေးလိုက်ရုံပေါ့၊ ဟဲ....ဟဲ...မပိုင်လား တင်မော်....။

ကိုရွှေသန်းရဲ့ 'မဟာကေရာဇ်'ပေတံကလဲ ကောင်းလိုက်တဲ့ ပေတံကွာ၊ ငါက 'မဟာသံမဏိကေရာဇ်'ပေတံလို့ တောင် မှ နာမည် ထပ်ထိုးပေးထားလိုက်သေးတယ်၊ ဘယ်တော့မှ ကျိုးနိုင်တဲ့ သံမဏိပေတံပါပဲ....။

အဲဒီ ပေတံရဲ့ကျေးဇူးကြောင့် သုံးလလောက် အတွင်းမှာ ငါ ငွေတစ်သောင်းခွဲလောက် ထပ်စုမိတယ်၊ ချိုင်းရောင်းတဲ့ အလုပ်ကရတဲ့ ဝင်ငွေလဲ ပါတာပေါ့လေ၊ ဒါတောင်မှ ငါက တစ်ဆယ်ကွက်လောက်ကိုပဲ ငါ့ပေတံနဲ့ချိန်ကိုက်ပြီး စားပစ်နေတာ၊ ငါးဆယ်ကွက်တို့ တစ်ရာကွက်တို့ကို ငါ လုံးဝမထိရဲဘူး၊ ပေတံမှာ ခွင်မဝင်ပေမယ့် ငါ ကြောက်တာနဲ့ တကယ့်ဒိုင်ဆီမှာပဲ ထိုးပေးနေခဲ့တယ်....။

ခက်တာက လောဘပဲတင်မော်၊ ငါ အဲဒီလို ငွေတွေအရမ်းရလာတော့ လောဘမသတ်နိုင်ဘူး ဖြစ်လာတယ်၊ လုပ်ငန်းခွင်လဲ ငါက တအားကျွမ်းကျင်နေပြီလေ၊ ဒိုင် ငါးယောက်ရှိတာ၊ ငါးယောက်ရဲ့ဘောက်ချာရော၊ လက်ရေးလက်သားရော အားလုံးကို ငါက တစ်ပုံစံတည်း အတုရေးတတ်နေပြီပဲ၊

ဒီတော့ တဖြည်းဖြည်းနဲ့ ငါးဆယ်ကွက်တွေ တစ်ရာကွက်တွေကိုလဲ ငါ့ပေတံနဲ့ချိန်ကိုက်ပြီး ငါ့အိတ်ကပ်ထဲ ထည့်လိုက်တယ်၊ ငါ့ရဲ့ 'မဟာကေရာဇ်သံမဏိပေတံ' ကိုလဲ ငါက သိပ်



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်နေပြီကိုး။ ပြီးတော့ ငါ့လုပ်ရပ်ကိုလဲ ဘယ်သူကမှ မရိုင်မိတော့ငါ ပိုအတင့်ရဲလာတာပေါ့....။

ခဲ့နံပါတ်တစ်ခါထွက်တိုင်း သူများတွေ မှိုင်နေချိန်မှာ ငါ ကျိတ်ပြုံးနေမိတတ်တယ်၊ ဟုတ်တယ်လေ၊ ငါ့အတွက် ဒီစာစ်ပတ်လဲ ငွေတစ်သောင်းလောက် ရလိုက်ပြန်ပြီ မဟုတ်လား ဗိုင်မကိုင်ဘဲ ရတဲ့ငွေ၊ အာမှမဟပ်ပန်းဘဲ ရတဲ့ငွေဆို တော့ ချိုလိုက်တာမှ ဆိမ့်လို့၊ ဟဲ ဟဲ....။

မင်းကိုငါ လနဲ့ရက် အတိအကျတော့ မပြောပါဘူးကွာ၊ ၁၉၈၆ ခုနှစ်ရဲ့ နှစ်ဝက်ခန့်လောက်မှာပေါ့၊ အဲဒီတစ်ပတ်မှာ ငါ့ အတွက် အကုသိုလ်ဝင်တာပဲ၊ အကုသိုလ်က ဝင်ချင့်တော့လဲ အတုံးလိုက် အတစ်လိုက် ဝင်တာကွ၊ ဘယ်နှယ့်ကွာ၊ အဲဒီ အပတ်မှ ထိုးလိုက်တဲ့ထိုးသားတွေရဲ့ နံပါတ်ကလဲ ငါ့ပေါက်နဲ့ ချိန်လိုက်တော့ ခွင်လုံး၀ မဝင်တာ များနေတယ်၊ ငါက တော့ ဝမ်းသာနေတာပေါ့....။

တချို့ထိုးသားတွေများ ထိုးလိုက်တာ နံပါတ်တစ်လုံး တည်းကို တစ်ရာတဲ့၊ တစ်ရာ့ငါးဆယ်တဲ့၊ ငါကလဲ အော် ဘောက်ချာအတုနဲ့ ပေါက်ခွင်မဝင်သမျှ အကုန်စားစ်တာပဲ၊ လော့တာက များနေပြီဆိုတော့ လက်ရဲဇက်ရဲဖြစ်နေပြီလေ၊ ထိုးသားတွေကတော့ ငါ့ဘောက်ချာအတုလေးကို တရို တသေ သိမ်းပြီး ယူသွားကြတာပဲ....။

ဟုတ်တယ်လေ၊ သူတို့ရှေ့မှာတင်ပေါက်ခွင်ထဲဝင်တဲ့ နံပါတ် တွေအတွက် အောဒိုင်ဆီမှာ ငါက ဘောက်ချာတွေဖွင့်၊ ငွေ





တွေ ရှင်း လုပ်နေတာကိုး၊ အဲဒီတော့လဲ သူတို့နံပါတ်တွေ အတွက် ငါ ငွေရှင်းနေတာပဲ ဆိုပြီး ငါ့အပေါ် သံသယ မရှိကြတော့ဘူးပေါ့....။

အဲ...ခဲ့နံပါတ်ထွက်တဲ့နေ့မှာတော့ ငါလဲ ရူးမလို ဖြစ် တော့တာပဲ တင်မောင်ရေ့၊ ဟုတ်တယ်လေ၊ ပေါက်က ကျိုး သွားပြီကိုး။ ခိုင်မာလွန်းလို့ ငါက သံမဏိ တစ်လုံးတိုးပြီး 'မဟာသံမဏိ ကေရာဇ်'လို့တောင်မှ အမွှန်းတင်ထားတဲ့ ပေါက် က ကျိုးပျက်ကြေမွသွားပြီကိုး....။

ငါ ချက်ချင်း အိမ်ပြန်ပြေးပြီး လက်ခံဘောက်ချာတွေကို လှန်ပြီး စာရင်းပေါင်းကြည့်တယ်၊ အမယ်လေး ရင်ကိုဆို့ သွားတာပဲ၊ အသေးအမွှားတွေပါ ထည့်ပေါင်းလိုက်ရင် စုစု ပေါင်း ၃၅၀ ကျော်ဖိုး ရှိတယ်၊ လျော်ရမယ့်ငွေက နှစ်သိန်း တစ်သောင်းကျော်နေပြီ၊ ဘယ်ကရမှာလဲ၊ ဘယ်လိုလုပ် လျော် ရမှာလဲ၊ ငါ့မှာ ရှိတဲ့ငွေက တစ်သိန်းတောင်မှ ပြည့်တာ မဟုတ်ဘူး....။

ဒီတော့ ငါဘာလုပ်ရမှာလဲ၊ စဉ်းစားမနေပါဘူး၊ တွေဝေ မနေပါဘူး ဟုတ်တယ်လေ၊ ဒီကိစ္စက ထွက်ပေါက်လမ်း နှစ်လွှာရှိပြီး လမ်းတစ်သွယ်ကို ရွေးချယ်နေရမယ့် ကိစ္စမျိုးမှ မဟုတ်ဘဲ၊ ထွက်ပေါက်လမ်းက တစ်လမ်းပဲ ရှိတယ်၊ ပြေး... လွတ်အောင်သာ ပြေး....၊ ခြေရာဖျောက်ပြီးပြေး....၊ ဘယ်သူမှ သဲလွန်စရှာလို့ မရအောင်ပြေး၊ ဒါပဲမဟုတ်လား....။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အမေနဲ့ ညီမလေးကို အကျိုးအကြောင်း ဖွင့်ပြောပြတယ်၊ ပြီးတော့.... ငါဆွဲထားတဲ့ အစီအစဉ်ကို အသေးစိတ်ရှင်းပြလိုက်တယ်၊ အမေကတော့ ထုံးစံအတိုင်း ငါ့ကို ဘာမှ မပြောပါဘူး၊ တည်တည်ငြိမ်ငြိမ်ပဲ စိုက်ကြည့်နေတယ်....။

ညီမလေးကတော့ ငိုတာပေါ့၊ ငိုတာတောင်မှ ဘေးခန်းက နွယ်နွယ်တို့ ရိပ်မိမှာစိုးလို့ ထင်ပါရဲ့၊ ပါးစပ်ကို လက်ဝါးနဲ့ အုပ်ပြီး ရှိုက်ငိုရှာတယ်....။

အမေတို့ကို မှာစရာရှိတာ မှာပြီးတာနဲ့ ငါလဲ လက်ဖက်ရည်ဆိုင်ကို ချက်ချင်း ပြန်ပြေးပြီး အခြေအနေကို အကဲခတ်တယ်၊ ငါစားထားတဲ့ ထိုးသား တချို့တောင်မှ ဆိုင်ကို ရောက်နေကြပြီ၊ ဘောက်ချာလေး တကိုင်ကိုင်နဲ့ အောဒိုင်ကို စောင့်နေကြတယ်။

ကံကောင်းချင်တော့ အောဒိုင်က ရောက်မလာသေးဘူး။ ဘယ်လာပါ့မလဲ သူ့ဆီက ပေါက်တဲ့လူ ရှိရင်တောင်မှ ဒီဆိုင်က ပေါက်တဲ့လူတွေက ငါ့ရဲ့ ဘောက်ချာအတုတွေနဲ့ ပေါက်ထားတာကို....။

ဒီတော့ သူ့စာရင်းမှာ ဒီဆိုင်က တစ်ယောက်မှ ပေါက်မထားတော့ တခြားနေရာတွေကို ခြေဦးလှည့်နေမှာပေါ့....။

ဆိုင်ထဲမှာ ပေါက်ထားတဲ့ ထိုးသားတွေက အဖွဲ့လိုက်၊ အဖွဲ့လိုက် ရောက်လာပြီး အကောင်းဆုံး အစားအစာတွေကို မှာစားနေကြတယ်၊ ပေါက်တဲ့ထိုးသားက ဒကာခံမှာဆိုတော့ အဝစားနေကြတာပေါ့....။





ဒီအချိန်မှာ လာဘ်မြင်တဲ့ ဆိုင်ရှင် ဦးလေးကြီးက ငါးသုံးလုံးနဲ့ မာဘိုရို စီးကရက်နှစ်ဘူးစီ ထင်ဝယ်ဖို့ ငါ့ကို ဈေးသွားခိုင်းတယ်....။

ဟုတ်ဘယ်လေ၊ လူတိုင်းက ကောင်းစားတော့မှာ ဆိုတော့ သောက်တဲ့ စီးကရက်ကိုက နိုင်ငံခြားဖြစ် ငါးသုံးလုံးနဲ့ မာဘိုရိုပဲ ရွေးသောက်နေကြတာကို....။

ဆိုင်မှာရှိတဲ့ တစ်ဘူးစီကလဲ ကုန်တော့မှာဆိုတော့ ငါ့ကို အမြန်ဝယ်ခိုင်းတာပေါ့၊ ငါလဲ ဆိုင်ရှင်ဦးလေးကြီးပေးလိုက်တဲ့ ပိုက်ဆံကို လှမ်းယူရင်း ကျေးဇူးရှင် ဦးလေးကြီးကို စိတ်ထဲက ကန်တော့လိုက်ပါတယ်....။

ဒါပေါ့....ခုချိန်ဟာ ဦးလေးကြီးနဲ့ ငါနဲ့ နောက်ဆုံး တွေ့ကြတဲ့အချိန်ပဲ မဟုတ်လား....။

ဈေးရှေ့ရောက်တော့ နာရီနဲ့ငှားတဲ့ ပတ်ဘလစ်ကား ကားတစ်စီးကို ငှားလိုက်တယ်၊ ကားကို တခြားလမ်းက ပတ်မောင်းခိုင်းပြီး ကမ္ဘာအေးဘုရား မှတ်တိုင်ရှေ့မှာ ရပ်လိုက်တယ်....။

အချိန်ကိုက်ပါပဲ၊ သေတ္တာတစ်လုံး ဘေးမှာချပြီး ထိုင်စောင့်နေတဲ့ အမေနဲ့ ညီမလေးကို တွေ့ရတယ်၊ အမေတို့တက်ပြီးတာနဲ့ ကားကို ရန်ကုန်ဘူတာကြီးအထိ မောင်းခိုင်းလိုက်ပြီး ဘူတာကြီးရောက်တော့ သေတ္တာကို အောက်ချ၊ ကားသမားကို ကားခ ရှင်းပေးပြီး ပြန်လွှတ်လိုက်တယ်....။



www.burmeseclassic.com

www.burmeseclassic.com



ဘူတာခွေ့မှာ အခမာပြေနားရင်း ပတ်ဘလစ်ကကား ပြန်ထွက်သွားတာ သေသေချာချာ စောင့်ကြည့်နေလိုက်တယ်၊ သေချာပြီဆို့ လေးဘီးတစ်စီးလက်တားပြီး ကီလီသခင်္ဘာဆိပ်ကို လိုက်ပို့ခိုင်းလိုက်တယ်၊ သင်္ဘောဆိပ်ရောက်တော့ သေတ္တာချ အနားယူရင်း လေးဘီးကား ပြန်ထွက်သွားလို့ အတော်ကြာမှ နောက်ထပ်ရောက်လာတဲ့ လေးဘီးတစ်စီးကို ထပ်ငှားပြီး ကြည့်မြင်တိုင်ကို ပို့ပေးဖို့ ပြောလိုက်တယ်....။

မင်း နားရှုပ်သွားပြန်ပြီလား တင်မေ၊ ဘူတာရောက်၊ ကီလီရောက်၊ ကြည့်မြင်တိုင်ရောက်နဲ့ ငါ ဘာတွေလုပ်နေပါလိမ့်ဆိုပြီး မင်းစိတ်ထဲ ရှုပ်နေပြီလား....။

ရှောင်တာကွ....ရှောင်တာ၊ ပြဿနာက သေးသေးကွေးကွေး မဟုတ်ဘူး၊ နှစ်သိန်းကျော် တန်တဲ့ ပြဿနာကြီး၊ နောက်ပြီး ပြဿနာဘက်မှာက လူတစ်ယောက်တည်းနဲ့မဟုတ်ဘူး၊ လူ ဆယ့်ငါးယောက်လောက်နဲ့ ပြဿနာဘက်မှာ၊ ထိုးသားတွေနဲ့ရော၊ ငါ ဘောက်ချာအတု လိမ်ရောင်းတာကို ခံလိုက်ရတဲ့ အောဗိုင်နဲ့ရော၊ ပြီးတော့ အဲဒီအောဗိုင်ရဲ့ တပည့်တွေ၊ ထိုးသားတွေရဲ့ မိတ်ဆွေတွေနဲ့ရော အားလုံးနဲ့ဘက်မယ့် တကယ့်ပြဿနာကြီး မဟုတ်လား၊ ဒီလူအားလုံးကလဲ အရုပ်တွေလို ငြိမ်နေမယ့် လူတွေ မဟုတ်ဘူး၊ ငါ့ကို တွေ့ရာသင်္ချိုင်း မဆိုင်း လိုက်ရှာမယ့် တကယ့်လူတွေ....။

မကြာခင်မှာ ငါလိမ်တာတွေ ပေါ်တော့မယ်၊ ဒီကောင်တွေ စုံစမ်းမယ်၊ အဲ....စုံစမ်းရင်း တစ်ယောက် စကား





တစ်ယောက်နားနဲ့ ငါငှားစီးသွားတဲ့ ပတ်ဘလစ်ကား ကားဆရာဆီ သတင်းရောက်မှာပဲ....။

ကားဆရာကလဲ နှုတ်ပိတ်နေမယ့် လူမဟုတ်ဘူး၊ ငါ့ကို ဘူတာကြီး လိုက်ပို့ခဲ့ရတာ ပြန်ပြောမှာ၊ ဒီလူတွေက ဘူတာကြီးမှာ လိုက်စုံစမ်းမှာ အမှန်ပဲ....။

အဲ - ဘူတာကြီးမှာ စုံစမ်းလို့ ငါတို့ရထားနဲ့ လစ်သွားပြီလို့ ထင်သွားမယ့်လူတွေ ရှိသလို ဘူတာဘက် အယောင်ပြပြီး တခြားတစ်နေရာကို ရှောင်သွားတယ်လို့ တင်နိုင်တဲ့လူတွေ ရှိဦးမှာပဲ....။

အဲဒီလူတွေက ဘူတာက ကားသမားတွေကို စုံစမ်းရင်း မတော်တဆတိုက်ဆိုင်ပြီး ကီလီကို ငါတို့ငှားစီးတဲ့ကားသမားနဲ့ သွားတွေ့နိုင်တယ်၊ ဒီမှာ ကီလီကိုသွားတာဆိုတော့ သင်္ဘောနဲ့ လစ်သွားတာပဲလို့ ယုံကြည်သွားကြမှာအမှန်ပဲ၊ အဲ—ဒါပေမယ့် ငါက ဒီလောက်နဲ့ စိတ်မချနိုင်သေးဘူး၊ ဒါကြောင့် ခုတစ်ခါ ကြည့်မြင်တိုင်ဘက်ကို ထပ်မောင်းခိုင်းရတာ....။

ကြည့်မြင်တိုင် ဈေး ရှေ့ ရောက်တော့ ငါတို့ မိသားစု ကားပေါ်က ဆင်းကြရပြန်တယ်....။

ကားသမား မောင်းထွက်သွားပြီးမှ ငါက သေတ္တာကို ထမ်းပြီး ကြည့်မြင်တိုင် ကမ်းနားကို ဆင်းခဲ့ကြတယ်....။

ကမ်းနားရောက်မှ စက်တပ်သမ္ဗန် တစ်စင်း ငှားပြီး တစ်ဘက်ကမ်းကို ပို့ခိုင်းတယ်၊ သမ္ဗန်လေး စက်နှိုးပြီး ကမ်းကခွာတော့မှ ငါလဲ ရင်အေးနိုင်တော့တယ် တင်မေရာ....။

www.burmeseclassic.com



နိမ့်လိုက်မြင့်လိုက်နဲ့ ငါ့ဘေးနားမှာ ခုန်ပေါက်ပြေးလွှားနေကြတဲ့ ရေလှိုင်းတွေကိုကြည့်ရင်း ငါ့ဘဝကို ငါပြန်တွေးနေမိတယ်၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ဒီလိုပဲ သေတ္တာလေးတစ်လုံးနဲ့ ငါတို့မိသားစု ငွေတစ်ပြားမှ မပါဘဲ အောင်မင်္ဂလာ အရက်ဝင်းထဲက ထွက်ခဲ့ရတယ်….။

ဟော-အခုလဲတစ်ခါ ဒီသုံးယောက်ပဲ မြောက်ဥက္ကလာပက ထွက်လာရပြန်ပြီ၊ အရင်လိုသေတ္တာလေးတစ်လုံးနဲ့ပါပဲ၊ ဒါပေမယ့် အခြေအနေကတော့ ခြားနားနေပြီပေါ့လေ၊ အရင်တစ်ခါက လှိုင်းလုံးရဲ့ အနိမ့်ဆုံး အခြေမျိုးနဲ့ ဒီသုံးယောက် ရင်ဆိုင်ခဲ့ရတာ၊ ခုတစ်ခါကတော့ လှိုင်းလုံးရဲ့ အမြင့်ဆုံး အခြေအနေမှာ ရောက်နေပါပြီ….။

ဟုတ်တယ်လေ၊ လောလောဆယ်ငွေစုဘဏ်မှာအပ်ထားတဲ့ ငွေခြောက်သောင်းကျော်နဲ့သေတ္တာထဲမှာပါလာတဲ့သုံးသောင်း ပေါင်းလိုက်ရင် ကိုးသောင်းကျော်လောက် ငွေစုမိနေပြီ မဟုတ်လား….။

ဒါကြောင့် အခုမတို့ကို အိမ်မှာရှိတဲ့ တခြားဘာပစ္စည်းမှ အပိုသယ်မလာဖို့ မှာခဲ့တာပေါ့၊ အိမ်မှာရှိတဲ့ စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ အားလုံးပေါင်းတန်ဖိုး၊ အိမ်စပေါ်ငွေသုံးထောင်၊ အဲဒါတွေပေါင်းလို့တစ်သောင်းတောင်တန်တာ မဟုတ်ဘူး….။

ဘာလုပ်မှာလဲဒီငွေလောက်ကိုဘာလို့မက်မောပြီးပြဿနာ အဖြစ်ခံမှာလဲ၊ ငါ့မှာဒီထက်ဆယ်ဆနီးပါးရှိနေပြီပဲ၊ ဒီငွေတစ်သောင်းလောက်ကတော့ ဂရုမစိုက်ပါဘူး၊ ဟား….ဟား….။



ငွေကိုးသောင်းချမ်းသာတဲ့လှိုင်းထိပ်ပေါ်ကမျိုးအောင်ပဲကွာ၊ ငွေတစ်သောင်းကိုဘာလုပ်ရမှာလဲ၊ အလကားခွေးချေး….။

ငါစဉ်းစားတယ်၊ မင်းတို့ စာရေးဆရာတွေက လူ့ဘဝ လောကဓံကိုလှိုင်းနဲ့တင်စားပြီး လောကဓံလှိုင်းလို့ ရေးနေကြတာ တယ်မှန်ပါလားပေါ့….။

ဟုတ်တယ်လေ၊ ဘဝဆိုတာလှိုင်းလိုပဲ နိမ့်လိုက်မြင့်လိုက်နဲ့၊ ဟဲ….အခု ငါချမ်းသာတဲ့ဘဝရောက်နေပြီ၊ သူဌေးကြီး မဟုတ်ပေမယ့် တစ်သိန်းနီးပါးလောက်ချမ်းသာတဲ့ မျိုးအောင်ဖြစ်နေပြီ၊ လောကဓံလှိုင်းမှာစုန်ဆန်မျောပါရင်း လှိုင်းရဲ့ထိပ်နားကို ရောက်လာနေပြီ၊ ငါဘာဆက်လုပ်ရမလဲ၊ တဲ့….ဟဲ….မပူပါနဲ့ကွာ၊ ငါ့မှာလဲ ငါ့အစီအစဉ်နဲ့ပါ ရှိပြီးသားပါ၊ ကဲ….ဆက် နားထောင်ပေ….။

* * *

ဘာတဲ့….'သေသော သူကြာလျှင်မေ့၊ ပျောက်သောသူရှာလျှင်တွေ့'တဲ့ ဟုတ်လား၊ အဲဒါ ဘယ်သူပြောခဲ့တဲ့ စကားလဲ၊ ငါတော့ လက်မခံနိုင်ပေါင်၊ ငါလက်ခံထားတာက 'ပျောက်သောသူကြာလျှင်မေ့' ဆိုတာပဲ၊ ဟုတ်တယ်လေ၊ ပျောက်နေမှတော့ ကြာရင် တဖြည်းဖြည်း မေ့သွားတော့မှာပေါ့၊ မမေ့ချင်တော့ ဘာရနေလို့လဲ အလကားပဲ၊ ပျောက်နေတဲ့သူက သတင်းအနံ့ အသေးတောင်မှ မရအောင် ပျောက်နေမှာပဲ….။

www.burmeseclassic.com



ဒီတော့ သူတို့ကို ကလိမ်ကျပြီး ပျောက်သွားတဲ့ငါ့ကို သူတို့ အမျိုးမျိုး စုံစမ်းရှာကြပေမယ့် မတွေ့တော့လဲတဖြည်းဖြည်းနဲ့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာပဲလို့ ငါတွေးထားလိုက်တယ်၊ သူတို့မေ့လောက်တဲ့ အချိန်အထိ ငါပျောက်နေနိုင်ဖို့ပဲ အရေးကြီးတယ်မဟုတ်လား....။

ဒီအတွက်ကတော့ လုံးဝမပူရပါဘူး၊ အခု ငါတို့မိသားစု ရောက်တဲ့ တမာဘကောရွာဆိုတာကလဲ ရန်ကုန်နဲ့ တစ်ဘက်ကမ်းမှာရှိပြီး နာရီဝက်လောက်သာ လှမ်းပေမယ့် ဘယ်သူမှ သိပ်နာမည်ကြားဖူးတဲ့ ရွာမှမဟုတ်တာ....။

ပြီးတော့ ဒီရွာမှာ အမေ့ညီမဝမ်းကွဲ တစ်ယောက် ရှိတယ် ဆိုတာလဲ ဘယ်သူမှမသိကြဘူး၊ အမေနဲ့ငါကလွဲရင် ငါတို့ တစ်ဆွေတစ်မျိုးလုံးမသိကြဘူး၊ အောင်မင်္ဂလာ အရက်ဝင်းထဲ မှာနေတဲ့ အဖေ့ညီမဝမ်းကွဲ လင်မယားလဲမသိဘူး၊ အမေက စကားနည်းတော့ အပိုတွေမပြောတတ်ဘူးလေ၊ ဒါကြောင့်လဲ နှစ်ပေါင်းများစွာ နေခဲ့ပေမယ့် အဲဒီအိမ်သားတွေ မသိကြ တာပေါ့....။

နောက်ပြီး တမာဘကောဆိုတာက ငါတို့ဇာတိနဲ့ တခြား ဆီ အမေ့ညီမဝမ်းကွဲက ငါ့အဒေါ် အဲဒီရွာသားနဲ့အကြောင်း ပါပြီး ဒီကိုရောက်နေတာ....။

ငါတောင်မှ ငယ်ငယ်က အဒေါ် သားတွေရှင်ပြုတာအမေ နဲ့လိုက်ခဲ့ဖူးလို့ အဒေါ်ဒီမှာရှိတာကို သိရတာ မဟုတ်လား





ဆိုတော့ ငါ့အကြောင်း စုံစမ်းတဲ့လူတွေ တစ်ဆင့်ပြီးတစ်ဆင့် မေးမြန်းရင်း အောင်မင်္ဂလာအရက်ဝင်းက အိမ်ကိုရောက်သွားရင်တောင်မှ ဒီတမာတကောရွာကို သဲလွန်စ မရနိုင်ဘူး။

ဇိမ်ပေါ့ တင်မော်ရာ၊ ငါ့အဒေါ်တို့က ဆင်းရဲတော့ ပိုအဆင်ပြေတာပေါ့၊ ငါက ငါတို့ မိသားစုစရိတ် ဆိုပြီး တစ်လ တစ်ထောင် ထုတ်ပေးလိုက်တယ်၊ တစ်ထောင် ဆိုတဲ့ ငွေဟာ အဲဒီ ရွာမှာတော့ အင်မတန် တန်ဖိုးရှိတာနော်၊ နေ့တိုင်း ကြက်သား၊ ဝက်သား ချက်စားဦး၊ မကုန်ဘူး၊ အဒေါ်တို့အတွက် ပိုပိုလျှံလျှံတောင် ရှိသေး....၊

အဒေါ်ကလဲ သားသုံးယောက် မွေးထားတာ၊ အကြီးဆုံး ကောင်က ငါနဲ့ရွယ်တူ လပိုင်းပဲ ငါ့ထက် ငယ်တယ်...၊

ကျန်တဲ့ နှစ်ကောင်ကလဲ တစ်နှစ်ခြားစီ ဆိုတော့ ရွယ်တူ တွေလို ဖြစ်နေတာပေါ့၊ ဒီကောင်တွေကလဲ ရွာထဲမှာ ကြုံရာ အလုပ် ဝင်လုပ်ရင်း ဖြစ်သလိုနေကြတဲ့ ကောင်တွေ ဆိုတော့ ငါ့အတွက် အဖော်ရနေတာပေါ့....၊

ငါ တမာကဘောမှာ ခြောက်လလောက် ဇိမ်နဲ့ အနားယူ နေလိုက်တယ်၊ ကောင်းကောင်းအိပ်၊ ကောင်းကောင်းစားပြီး ဦးနှောက်ကိုပါ အနားပေးထားလိုက်တယ်....၊

အဲ....တစ်ခါတလေတော့လဲ ငါစားပွဲထိုးဘဝက စုဆောင်း ထားတဲ့ ချိုင်းတွေ၊ ဖော်မြူလာတွေ၊ စာလိမ်တွေ၊ ကဗျာတွေ ဆိုကွာ အားလုံးကို အသေအချာ ပြန်လေ့လာတာပေါ့၊ ဒီမှာ ဘာသွားတွေ့သလဲဆိုတော့ မင်းကို ငါ ရှေ့မှာ ရှင်းပြခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဟာမှ ရေရေရာရာ မရှိဘူးဆိုတာကို တွေ့လာရတယ်၊ သေချာတွေးလေ သေချာသဘောပေါက်လေပေါ့ကွာ....။

နောက်ဆုံး ငါတွေ့လိုက်ရတဲ့ အဖြေကတော့ ချုံနံ့ပါတ်ဆိုတာ သူထွက်ချင်တာ ထွက်လာတာပဲ၊ အဲဒါကို တိုက်ဆိုင်တာတွေ ကြံဖန်ရှာပြီး လူတွေက ယုံကြည်နေကြတာ၊ ဘယ်နံ့ပါတ်မှ ထွက်ပါ့မယ်လို့ အတိအကျ မပြောနိုင်ဘူး ဆိုတာပဲ။

ဒီတော့ ချဲလောကမှာ ဒိုင်လုပ်တဲ့လူဟာ တကယ့်ကို တစ်ဘက်စောင်းနင်း အခွင့်အရေး ရထားတာပဲလို့ ငါသဘောပေါက်ခဲ့တယ်၊ ဒိုင်လုပ်ဖို့ဆိုတာမှာလဲ အကွက်များများရောင်းရမှ အကျိုးဖြစ်ထွန်းမယ်လို့ သဘောပေါက်လာတယ်....။

အဲ....ဆက်ပြောရရင် အကွက်များများ ရောင်းရဖို့ဆိုတာကလဲ လူတွေ ယုံကြည်အောင် အထင်ကြီးအောင်နေနိုင်ဖို့ အရေးကြီးတယ်လို့ ငါ့အတွေ့အကြုံအရ သိထားပြီးပြီလေ....။

ကဲ ပြောရင်းနဲ့ ငါ့ဇာတ်လမ်းက လမ်းကြောင်းပြောင်းသွားပြီ၊ ပြန်ဆက်ကြဦးစို့၊ တမာကတောရွာမှာ ခြောက်လလောက် ငြိမ်နေလိုက်တာ ငါ့ပုံစံက အရင်ခြောက်လနဲ့မတူဘဲ အတော့်ကို ပြောင်းလဲသွားတယ်....။

တစ်ခါထဲ တစ်သွေးတစ်မွေးနဲ့ ဝင်းလာသလို အသားအရည်ကလဲ အရင်လိုခြောက်ကပ်ကပ် မဟုတ်တော့ဘဲ တကယ်ကို စိုပြည်လာတယ်၊ ဆံပင်ကိုလဲ ခေတ်ပေါ်ပုံစံ ပြောင်းထားလိုက်ပြီး ခုနစ်ရာတန် ရောင်မျက်မှန် တစ်လက်ကို မချွတ်တမ်း ဝတ်ထားတော့ အနီးကပ် မတွေ့လိုက်တော့ ငါ့ပုံစံကို ဘယ်





မှ မှတ်မိဖို့ မလွယ်တော့ဘူး၊ ဒီလောက် သားသားနားနားနဲ့ ောင်ဟာ ခြောက်ဥက္ကလာပက စားပွဲထိုး မျိုးအောင်ပါလို့ ယ်သူကမှ ထင်မှာမဟုတ်တော့ဘူး....။

ငါကြွားပြောတာမဟုတ်ဘူး တင်မော်၊ ငါ့ရုပ်ရည်က အဲဒီ ောက်ကို ပြောင်းလဲလာတာ၊ မင်းတောင်မှ မင်္ဂလာဈေးမှာ ကိုတွေ့တော့ တစ်ဝိုင်းထဲ လက်ဖက်ရည်သောက်နေချိန်မှာ မှတ်မိတာ ကြည့်ပေါ့....။

အေး....အဲဒီလို အနားယူပြီးလို့ ခြောက်လလောက်အကြာ ပုံစံလဲ အတော်လေး ပြောင်းလဲလာချိန်မှာ ငါ့လုပ်ငန်း စဖို့ ဆုံးဖြတ်လိုက်တယ်...။

ရန်ကုန်ကို တစ်ရက်ခြားလောက်သွားပြီး အခြေအနေကို မ်းတယ်၊ ငါလိုချင်တဲ့ အနေအထားနဲ့ ကိုက်ညီမယ့်နေရာ ှာတယ်၊ အဲ... သွားတိုင်းတော့ ငါ့ညီ ဒမ်းကွဲဘွေ ထဲက စ်ယောက်ယောက်ကို အဖော်ခေါ်သွားတာပေါ့၊ ဒါမှ ရေးအကြောင်းဆို အကူအညီရမှာ မဟုတ်လား....။

ဒီလိုနဲ့ တစ်ပတ်လောက်ကြာတော့ ငါလိုချင်တဲ့ အနေ ထားတွေ အားလုံးနဲ့ ကိုက်ညီတဲ့ နေရာ တစ်နေရာကို ကေတ (၇) ရပ်ကွက် ဈေးနားမှာ သွားတွေ့တယ်၊ ပေါ်လဲ ငါမှန်းထားတာထက် သက်သာတယ်၊ လခကလဲ ဆိုးဘူး၊ နေရာကလဲ အကွက်အကွင်းကျတယ်၊ အဲ...ပြင်တာ င်တာတွေ့ လုပ်ရမှာပေါ့လေ၊ ဒါပေမယ့် မဆိုးပါဘူး၊ ါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ အချိန် ဆိုင်းမနေဘဲ ချက်ချင်း အိမ်ရှင်နဲ့ စာချုပ်ချုပ်ပြီး အဲဒီနေရာကို ငှားလိုက်တယ်....။

ပြင်ဖို့ဆင်ဖို့အတွက် လက်သမားတွေ ဘာတွေကို အိမ်ရှင်ရဲ့ အကူအညီနဲ့ပဲ ငါလိုချင်တဲ့ ပုံစံအတိုင်း အမြန်ဆုံး လုပ်ခိုင်းလိုက်တယ်....။

နောက်ထပ် တစ်ပတ်လောက်အကြာမှာ ငါတို့ မိသားစု တမာတကောရွာကို နှုတ်ဆက်ပြီး စက်တပ် သမ္ဗန်လေးနဲ့ ရန်ကုန်ကို ပြန်လာခဲ့ကြတယ်....။

အဲ.... ဒီတစ်ခါ အပြန်လမ်းမှာ တို့မိသားစု သုံးယောက် အပြင် အပိုပါလာတာက ငါ့ညီဝမ်းကွဲသုံးကောင်ပဲ၊ လှအောင်၊ လှမောင်၊ လှဝင်း ညီအစ်ကို သုံးယောက်ပဲ....။

ငါတို့အုပ်စု ငှားစီးလာတဲ့ကား သာကေတ(၇) ရပ်ကွက် ဈေးနားကို ရောက်လာပြီး ငါ့ဆိုင်ရှေ့မှာ ထိုးရပ်လိုက်တယ်။ အမေ့ကို 'ဟောဒီ မဟာမြိုင်တီးဟောက်(စ်) ဆိုတာ အမေ ပိုင်တဲ့ ဆိုင်ပဲ အမေရေ့'လို့ ငါက ဝမ်းသာအားရ ပြောပြ လိုက်တော့ ပြုံးခဲ ရယ်ခဲတဲ့ အမေ့မျက်နှာပေါ်မှာ ပြုံးလိုက်တဲ့ အပြုံးကို ငါအသေအချာ တွေ့လိုက်ရတယ်....။

ညီမလေး မှုမှုဘက်ကို လှည့်ပြီး၊ ကဲ....ညီမလေးလဲ ဟောဒီ အချိန်က စပြီး ကောင်တာမှာ ထိုင်ရမယ့် ဆိုင်တာဝန်ခံ ဖြစ်သွားပြီနော်... ညီမလေး နားချင်တဲ့ အချိန်ဆိုရင် အမေ့ကို အကူအညီ တောင်း၊ အမေ ခဏ ဝင်ထိုင် ပေး လိမ့်မယ် ဟုတ်ပြီလား....။





ညီမလေးခမျာ ဝမ်းသာလွန်းလို့ ထင်ပါရဲ့၊ ရုတ်တရက် စကားမပြန်နိုင်ရှာဘူး၊ နောက်မှ....'ဟုတ်ကဲ့ကိုကြီး....ဟုတ်ကဲ့' လို့ ပြန်ဖြေနိုင်ရှာတယ်....။

အမေနဲ့ညီမလေးတို့ အားရဝမ်းသာ ဖြစ်နေတာလဲ အပြစ် ဆိုသာပါဘူး၊ ဘာလို့ဆိုတော့ တစ်သက်လုံး ဆင်းဆင်း ရဲရဲ နေခဲ့ရတဲ့ဘဝကနေ အခုလို ပျဉ်ထောင်အိမ် အောက်ထပ် တစ်ခုလုံးကို ကိုယ်ပိုင် လွတ်လွတ်လပ်လပ် နေရတော့မယ့် ဘဝ....။

ပြီးတော့....ကိုယ်ပိုင်လက်ဖက်ရည်ဆိုင်ကြီး (အဲဒီ ပတ်ဝန်းကျင်မှာတော့၊ အတော့်ကို သားနားတယ်လို့ ကြွားနိုင်တာ ပေါ့လေ) တစ်ဆိုင်ကို ပိုင်ဆိုင်လုပ်ကိုင်ရမယ့် ဘဝကို ရောက် လာပြီဆိုတော့လဲ သိပ် ဝမ်းသာနေကြတာပေါ့....။

အင်မတန် နှုတ်နည်းတဲ့ အမေကတောင် 'သားဆိုင်က အရမ်းသားနားတာပဲကွယ်၊ အစားအသောက်တွေသာ စုံစုံ လင်လင်တင်လိုက်ရင် တအားရောင်းရမှာ၊ ဆိုင်အတွက် သား ဘာမှမပူနဲ့ အမေကိုယ်တိုင် အသေအချာ ကြိုးစားပေးမယ်' လို့ ပြောရှာတယ်....။

ဆိုင်ထဲရောက်တော့လဲ၊ အမေနဲ့ညီမလေးအတွက် အိပ်ခန်း၊ ငါ့အတွက်အိပ်ခန်း၊ ညီဝမ်းကွဲသုံးယောက်အတွက် အထပ်ခိုး ပေါ်ကအခန်းတွေကိုကြည့်ပြီး၊ အမေတစ်ယောက် ပြုံးပြီးရင်း ပြုံးနေ တော့တာပဲ၊ ဒီလိုနဲ့ သာကေတမှာ 'မဟာမြိုင်



www.burmeseclassic.com

www.burmeseclassic.com



တီးဟောက်(စ်)ပိုင်ရှင် မျိုးအောင်ဆိုတဲ့ သူဌေးတစ်ယောက် နာမည် စထွက်လာတော့တာပါပဲ တင်မောင်ရေ....။

အမေနဲ့ညီမလေးကို ငါဝယ်ပေးထားတဲ့ ရွှေနားကပ်၊ ရွှေလက်ကောက်၊ ရွှေလက်စွပ် (အမှန်တော့ အတုတွေပါ။ ဒါပေမယ့် အကောင်းစားတွေ ဆိုတော့ အမေနဲ့ ညီမလေး တို့တောင် မသိကြပါဘူး) တွေ အစုံအသင်နဲ့ ကောင်တာမှာ ထိုင်ခိုင်းထားတော့ ပတ်ဝန်းကျင်က အထင်ကြီးပြီးရင်းကြီး နေတော့တာပေါ့၊ တစ်ပတ်လောက် အတွင်းမှာ မဟာမြိုင် တီးဟောက်(စ်)ရဲ့ ဖောက်သည်တွေ အတော် များ များ ရလာတယ်....။

ငါ့ညီဝမ်းကွဲသုံးယောက်ကလဲအားကိုးရတယ်၊သုံးယောက် လုံးလဲ ညီညီညွတ်ညွတ်နဲ့ ငါ့ဆိုင်မှာ စားပွဲထိုးအလုပ် ဝင်လုပ် ကြတယ်။ တမာတကောမှာသာ ကြီးခဲ့ရပေမယ့် လူရည်လည် လိုက်တာကလဲ ရန်ကုန်သားတွေထက် မသာရင်သာရှိမယ် ညံ့တော့ မညံ့ဘူး....။

ဒီတော့တစ်လလောက်အတွင်းမှာ ဒီညီအစ်ကို သုံးယောက် သတင်းလွှင့်တဲ့အတိုင်း မျိုးအောင်ဆိုတာ မော်လမြိုင်ဘက်က ပြောင်းလာတဲ့ သူဌေး၊ မော်လမြိုင်ဘက်မှာ ခဲ့ဒိုင်တွေ များလွန်းလို့ အပြိုင်အဆိုင်များဆာနဲ့ ဒိုင်ကိုင်ဖို့ ဆင်းလာ တာ၊ အောဒိုင်တော့ မဟုတ်ဘူး။ ငါးရာဒိုင်၊ မသေျာ်မှာတော့





ပွမခနနဲ့ ငွေဆယ့်ငါးသိန်း၊ သိန်းနှစ်ဆယ်လောက် ချမ်းသာ တာ၊ကျွန်ဖြုတ်တို့၊ ကော်မရှင်စားတို့၊ လုပ်ချင်ရင်လဲ လာဆက် သွယ်လို့ ရတယ်ဆိုတဲ့ သတင်းဟာ တောမီးလိုပဲ၊ ပတ်ဝန်းကျင် မှာ ပျံ့နှံ့သွားတော့တာပေါ့....။

*     *     *

ခက်သကွာ၊ မင်းက ခဲ့လောကအကြောင်းကို မသိဘူးလို့ပဲ စွာဘ်ဂြင်းနေမယ့် ကောင်ဆိုတော့၊ 'ကျွန်ဖြုတ်' တို့၊ ကော်မရှင် စားတို့ ဆိုတာတွေကို ရှင်းပြရဦးမှာပဲ...။

အေးပါလေ တိုတိုပဲ ရှင်းပြပါ့မယ်၊ ကျွန်ဖြုတ်ဆိုတာကး ဥပမာ....မောင်နီက တစ်ဆယ်ဒိုင်ကွာ၊-ဒီကောင်က တစ်ဆယ် ဒိုင်ကွာ၊ ဒီကောင်က ကိုယ်ဘိုင် လိုက်ရောင်းတော့၊ အကွက် လေးရာ့ငါ့ဆယ် ရောင်းထားရတယ်၊

ဒီတော့.... ဒီကောင့်မှာ အကြောင်းအမျိုးမျိုးကြောင့် အကာယ်၍ သူများပေါက်သွားရင် လျော်ဖို့ အခက်အခဲရှိမယ် လား၊ အဲဒီအခါမျိုး မှာ ကျွန်ဖြုတ်ပေးရတော့တာပဲ၊ (တချို့ လဲ အလုပ်မရှိတော့ အမြတ်မများပေမယ့် မရှုံးမှာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အဲဒီ ကျန်ဖြတ်လုပ်ငန်းကို အဖမ်းအဆီး အန္တရာယ်ရှိတဲ့ ကြားက လုပ်တတ်ကြတယ်ကွ.... အဲဒီ မောင်နီက ငါ့ကိုလာပြီး ကျန်ဖြတ်ပေးပြီဆိုပါစို့၊ ဒီကောင့်မှာ ကျန်တဲ့ အကွက် ငါးရာ့ငါးဆယ်ကို ငါက တင်ကျင်မှာ ပြားလေးဆယ်နှုန်း (လေးဆယ်ရာခိုင်နှုန်းပေါ့ကွာ....)တစ်ဆယ်မှာ လေးကျပ်နှုန်းနဲ့ အကွက်ငါးရာ့ငါးဆယ်အတွက် နှစ်ထောင့်နှစ်ရာနဲ့ ဝယ်ရတယ်....။

ဒီတော့....ငါက ဆိုင်နဲ့ကနားနဲ့ သူ့ငွေဆိုတော့ သူနဲ့ သဘောတူပြီဆိုရင် သူက သူရောင်းထားတဲ့ အကွက်လေးရာ့ ငါးဆယ်အတွက် လေးထောင့်ငါးရာ ငါ့လက်ထဲအပ်၊ငါ့ဆီက နှစ်ထောင့် နှစ်ရာနဲ့ပေါင်း၊ခြောက်ထောင့်ခုနစ်ရာကို သူအာဆိုး ခံထားတဲ့ နံပါတ်တွေနဲ့ တွဲပြီး၊ အထုပ်ထုပ်သား လိုက်ဘယ်၊ အဲဒီကိစ္စကို နံပါတ်မထွက်ခင်တစ်ရက်အလိုမှာ အပြီးလုပ်ထား လိုက်တယ်။

နံပါတ်လဲထွက်ရော ထွက်တဲ့နံပါတ်က ငါဝယ်ထားတဲ့ နံပါတ်ဖြစ်နေရင် ငါက ငါးထောင့်ငါးရာယူ (အဲဒီအချိန်မှာ အဆ ငါးရာ့ငါးဆယ်ပဲ လျော်တော့တယ်၊ ငါမရှိတဲ့ ခြောက် လမှာ ဈေးကျသွားပြီကိုး) တွတ်ရတာတွေ ဘာတွေရှိရင်ယူ၊ ပိုသမျှ သူ့ကိုပြန်ပေးလိုက်ရုံပဲ....။

သူ့ဘက်ကလဲ ကိုက်တယ်....ပေါက်တဲ့နံပါတ်အတွက် ငါး ထောင့်ငါးရာ၊ တွတ်ကခုနစ်ရာ၊ (ဒါတောင်မှုဂဏန်းတူနှစ်လုံး





ပါရင် တွတ်က လေးလုံးပဲရှိတော့ အသားတင် ငါးရာမြတ်နေ ပြီ၊ ဂဏန်းတူ ပါရင်တော့ ရှစ်ရာမြတ်တာပေါ့ကွာ....။

ဘာပဲဖြစ်ဖြစ် သူ့အတွက် အရှုံးမရှိသလို ငါ့ဘက်ကလဲ တစ်ဆယ်တန် နံပါတ် ငါးရာ့ငါးဆယ်၊ ငါးထောင့်ငါးရာ ဖိုးကို နှစ်ထောင့်နှစ်ရာနဲ့ ထိုးသလိုဖြစ်တော့ တွက်ခြေကိုက်တာ ပေါ့ပဲ....။

ငါ ပြောပြီးပါပကော.... ထွက်ချင်တာ ထွက်တာပါလို့၊ ဒီတော့ ငါက ရဲရဲတင်းတင်း ယူရဲတာပေါ့ ငါ့အတွေ့အကြုံ အရ ဆယ်ခါယူရင် သုံးခါလောက်ပဲ ရှုံးတတ်ပါတယ်၊ကျန်တဲ့ ခုနှစ်ကြိမ်က ငါမြတ်တာပဲ၊ သေချာပေါက် ရှုံးတာကတော့ မိုက်သား မောင်မောင် ‘ထိုးသား’တွေပေါ့ တင်မော်ရာ....။

အဲ.... ကော်မရှင်စား ဆိုတာကျတော့ ဒီအလုပ်ကိုလုပ်မယ် ဆိုရင် ငါနဲ့ ကြုံပြီး လာပြောထားရတယ်၊ ငါ့ သဘောတူညီ ချက်ရရင် လုပ်နိုင်ပါပြီ၊ သူလဲ တစ်ဆယ် ဒိုင်ကိုင်မယ်ဆိုပါ တော့၊အလျော်အစားလုပ်ဖို့ ပိုက်ဆံမရှိတဲ့သူမျိုးတွေ ဆိုတော့ နောက်က ကျောထောက်နောက်ခံလိုတယ် မဟုတ်သား။

ဒီတော့....ငါက ငါ့ကော်မရှင်စားပါလို့ လာမေးတဲ့လူတွေ ကို ထောက်ခံပေးမှ ဒီကောင် အလုပ်ဖြစ်မှာ မဟုတ်လား....။

ဒီကောင်တွေကျတော့ ရှင်းပါတယ်၊ မထွက်ခင် တစ်ရက် အလို ညဘက်မှာ ငါ့ဆီ အရောက်လာ၊ ရောင်းတဲ့ စာအုပ်နဲ့ ရောင်းရငွေကိုစစ်၊စာရင်းကိုက်ပြီဆိုရင် ရတဲ့ငွေထဲက ဆယ့်ငါး ရာခိုင်နှုန်း ထုတ်ယူသွားရုံပါပဲ၊ ဆိုတော့ကွာ....။



www.burmeseclassic.com

www.burmeseclassic.com



လေးထောင်ဖိုး ရောင်းရတယ်၊ ဒါ့အို ဒီကောင့်အတွက် ခြောက်ရာနှုတ်၊ သုံးထောင့်လေးရာ ငါ့လက်ထဲအပ်၊ ဒီကောင် တာဝန်ကျေပြီ၊ ကျွန်တဲ့ လျော်တာ စားတာ အားလုံး ငါ့ တာဝန်ပဲ၊ ဒါလဲ ငါ့အတွက် ခေါက်ချိုးလောက် အခွင့် အရေးသာတဲ့ ကိစ္စပါပဲ....။

'ကျွန်ဖြတ်' တို့ 'ကော်မရှင်စား' တို့ ဆိုတာ ရှင်းပြီနော်။ ငါ့ဇာတ်လမ်း ဆက်မယ်။

အဲဒီလို.... သာကေတမှာ ငါ့နာမည်ထွက်လာတာနဲ့ မကြာ ပါဘူး၊ ငါ့ဆိုင်မှာ လူတွေ ပိုစည်လာသလို ငါ့ဆီမှာထိုးတဲ့ ထိုးသားတွေလဲ အများကြီး ပေါ်လာတာပေါ့၊ 'ကျွန်ဖြတ်' 'ကော်မရှင်စား'တွေလဲ ရလာပြီပေါ့ကွာ....။

တချို့.... အဲဒီနားက ရပ်ကွက်ထဲက ဒိုင်တွေ၊ ဈေးထဲက ဒိုင်တွေကလဲ သူတို့စာအုပ်ထဲ ရောင်းပြီးမှ သူတို့စိတ်ထဲ ကြိုက် လာတဲ့ နံပါတ်တွေ ငါ့ဆီမှာ လာထိုးကြတော့ ရောင်းအား ပိုကောင်းလာတာပေါ့....။

ငါပြောခဲ့ပါတော့ ယုံကြည်မှုလေကွာ.... သူတို့ယုံကြည် အောင် ငါ့ဆိုင်၊ ငါ့မိသားစုရဲ့ ဝတ်စားဆင်ယင်မှု၊ ငါ့ရဲ့ လုံကြုပ် သတင်းတွေက ဆွဲဆောင်ထားတော့လဲ ခများများ ယုံကြည်မှုအပြည့်နဲ့ ရောက်လာကြတော့တာပေါ့....။

ငါ့ညီဝမ်းကွဲ သုံးယောက်ကလဲ တော်ပါတယ်၊ သူတို့ အတွက် တစ်လ ငါးရာစီ လခပေးထားတဲ့အပြင် ချိုင်းရောင်း





တဲ့ နည်းကိုပါ ပြထားပြီး အဲဒီကရတဲ့ ငွေကိုလဲ သုံးယောက် ခွဲယူကြရတော့ ကျေကျေနပ်နပ်နဲ့ ငါခိုင်းသမျှ တိတိကျကျ လုပ်ပေးပါတယ်။

မြောက်ဥက္ကလာပမှာ ငါတစ်ယောက်ထဲ လုပ်ခဲ့တဲ့ ဖော်မြူလာ ဖြုန့်နည်း၊ ချိုင်းဖြုန့်နည်းတွေကို သုံးယောက်လုံး ကြိုသလို လုပ်ကြတော့ ငါ့အတွက် နံပါတ်တွေ ပိုရလာသလို ဒီကောင် တွေလဲ ဆရာကြီးတွေ ဖြစ်ပြီး ဝင်ငွေ ပိုကောင်းလာတာပေါ့။

တစ်ခါတလေ ချဲရောင်တာ နည်းနည်းကျလာရင် ငါက စကားဝှက်တွေ၊ ကဗျာတွေ ကိုယ်တိုင်ထွင်ပြီး သူတို့က တစ်ဆင့် အလံရှူးလုပ်ပြီး ဖြုန့်ခိုင်းရတယ်....။

အဲ နောက်တစ်နေ့ဆို အရောင်းက ပြန်စံချိန်မီလာတာပါပဲ၊ လူတွေက လဲ×××ကရတာ၊ ဘယ်×××က ဘယ်လိုပြလိုက်တာ ဆိုတာတွေကို အင်မတန် ယုံကြတော့ သူတို့ယုံဖို့ လုပ်ရတာ ကလေးကစားသလိုပါပဲကွာ....။

ငါကတော့ သာကေတရောက်ပြီး နောက်ပိုင်းလဲ အပြင် သိပ်မထွက်ပါဘူး၊ ဆိုင်ကောင်တာမှာ အခမဲ့ ညီ့လေးက တာဝန် ယူထားသလို ရောင်းရေးဝယ်တာ ကိစ္စတွေမှာလဲ ညီအစ်ကိုသုံးယောက် ရှိနေတော့ စိတ်ချနေရတာကိုး....။

ဒီတော့ ငါ့အိပ်ခန်းထဲမှာ ချဲဘောက်ချာ ဖြတ်ပေးရတဲ့ အလုပ်၊ စာရင်းစစ်တဲ့ အလုပ်လောက်ပဲ လုပ်ပြီး စိမ်နှပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာပါပဲ၊ ကိစ္စအရေးတကြီး မရှိရင် မြို့ထဲကို နှစ်ရက်သုံးရက် နေလို့ တစ်ခါမှ မထွက်ဖြစ်ပါဘူး၊မြောက်ဥက္ကလာပက ရန်ကိုလဲ သတိထားနေရသေးတာ မဟုတ်လား....။

အဲ....''မဟာမြိုင်တီးဟောက်(စ်)''နဲ့ပတ်သက်ပြီး ပြဿနာ မပေါ်ဖို့ ကိစ္စကိုတော့ ညီအစ်ကို သုံးယောက်ထဲက လူရည်အလည်ဆုံး လှဝင်းကို တာဝန်ပေးထားရတယ်၊ဒီကောင်ကလဲ အားလုံးနဲ့အဆင်ပြေအောင် ပေါင်းတတ်တော့ ဘာမှ ပြဿနာ မဖြစ်ပါဘူး...။

နေ့လယ်နေ့ခင်းနဲ့ ညဘက် လူပါးတဲ့အချိန်တွေဆိုရင်တော့ ငါကိုယ်တိုင် ဆိုင်ထဲ ဆင်းထိုင်ပါတယ်၊ ကွင်းဆင်းတဲ့ သဘော ပေါ့ကွာ၊ ဘယ်နံပါတ်တွေ အထိုးများနေတယ်၊ ဘယ်နံပါတ်တွေ ပယ်ထားတယ် ဆိုတာတွေကို အဲဒီအချိန်မှာ လေ့လာရတယ်....၊

ခါမှလဲ ထွက်ခါနီး တစ်ရက် နှစ်ရက် အလိုမှာ ငါ့ရဲ့ ''လံကြုပ်'' တောင်ပေါ် နံပါတ်၊ ကော့သောင် နံပါတ် မော်လမြိုင်နံပါတ်၊ သာယာဝတီ နံပါတ်တွေဆိုတာကို ဘယ် နံပါတ်တွေ သတင်းဖြန့်ရမယ်ဆိုတာ ငါဆုံးဖြတ်ရမှာကိုး....၊

အထူးသဖြင့်ကတော့ အရောင်းမသွက်တဲ့ နံပါတ်တွေကို လံကြုပ် သတင်းဖြန့်တာ များပါတယ်၊ ဒါမှလဲ ငါ့ဆီမှာ ငွေတွေ ထပ်ဝင်လာမှာ မဟုတ်လား....၊





ဒီတော့ ငါ့ဆိုင်ကို လာနေကျဖောက်သည်တွေနဲ့ ငါနဲ့ကလဲ မျက်မှန်းတန်းနေပြီးသားဆိုတော့ ကြုံရာဝိုင်းမှာဝင်ထိုင်ရင်း ရောလို့ရနေတာပေါ့၊ ဒီလူတွေကလဲ ငါ့ကို မော်လမြိုင်က ဆင်းလာတဲ့ အောဒိုင်လို့ယုံကြည်နေတော့ ငါ့ရှေ့မှာပဲ ပွင့်ပွင့်လင်းလင်း ပြောဆိုနေတတ်ကြပါတယ်....၊

အဲ.... ငါ့အခနေနဲ့လဲ ဝိုင်းပေါင်းစုံမှာဝင်ထိုင်ရင်း ချဲလောကရဲ့ ငါ မကြားဘူးသေးတဲ့၊ ငါ မကြုံဘူးသေးတဲ့ သတင်းမျိုးစုံရတာပေါ့ကွာ...၊

ပြီးတော့ အဲဒီလူတွေအကြောင်းလဲ တော်တော်လေးသိရ တာပေါ့၊ တချို့လဲ သိပ်သနားစရာ ကောင်းသလို တချို့ကျတော့လဲ ဒီလောက်တောင်မှ မိုက်ရသလားဆိုပြီး နားရင်းပါးရင်းတောင်မှ ထအုပ်ချင်စိတ် ပေါ်လာမိတယ်...။

မင်းက စာရေးဆရာဆိုတော့ အခု ငါပြောမယ့် လူတွေအကြောင်း မင်းသိရရင် ရေးစရာရေးကွက်တွေ အများကြီး ရလာမှာပါ၊ ကဲ....သေချာနားထောင်ပေတော့ တင်မော်ရေ့။

ငါနဲ့ ပထမဆုံး ရင်းနှီးတဲ့အဖွဲ့က လူခြောက်ယောက် ပါ တယ်ကွ၊ သူတို့က ဆိုင်ကိုညကိုးနာရီကျော်လောက်မှ ရောက်လာတတ်တယ်၊ လာရင်လဲ တစ်ယောက်တစ်ကွဲစီ၊ အဲ....ဆယ်နာရီလောက်ဆိုရင်တော့ ခြောက်ယောက်စလုံး ဆုံပါပြီ....။

လူစုံပြီဆိုတာနဲ့ အဲဒီအဖွဲ့ထဲက ပုံနှိပ်စက်မှာ စာရေးကြီးလုပ်နေတဲ့ ပုဂ္ဂိုလ်က သူ့စာအုပ်ကို ထုတ်တော့တာ၊ သူက



www.burmeseclassic.com

www.burmeseclassic.com



စက္ကူပေါ်တဲ့လူဆိုတော့ အမြဲတမ်း စာရွက်အထပ်လိုက် ပါလာတယ်၊ သူ့စာရွက်တွေနဲ့ တစ်ယောက်ပြီး တစ်ယောက် တွက်ချက်ကြတော့တာပဲ....။

တစ်ယောက်က နည်းတစ်နည်းတွက်ထုတ်လိုက် နောက်တစ်ယောက်က မဖြစ်နိုင်ဘူးဆိုပြီး ပယ်နည်းနဲ့ တွက်ပြလိုက်နဲ့ ငြင်းနေကြတော့တာပဲ၊ သူတို့အဖွဲ့က လူစုံတော့ ပိုဆိုးတယ်၊ ဖော်မြူလာသမားရော၊ ချိန်းသမားရော၊ စာလိမ်၊ ကဗျာလိမ်ဖော်တဲ့လူရော စုံနေတော့ ပိုဆိုးတာပေါ့....။

အဲ....ချဲနံပါတ်ထွက်လာလို့ကတော့ တစ်ယောက်မှ ပေါက်တယ်လို့ မကြားမိပါဘူး၊ ဘယ်သူက ပယ်လိုက်လို့ ဘယ်သူက နေဖြာဘယ်ပြောလို့ ကင်းလွဲသွားတာ ဆိုပြီး တောက်တခေါက်ခေါက် ဖြစ်နေတော့တာပဲ....။

သူတို့အဖွဲ့မှာ ပန်းချီဆရာတစ်ယောက်ကလဲပါသေးတယ်၊ အဲဒီပန်းချီဆရာကတော့ အထိအနာဆုံးပဲ၊ ဘာလို့ဆိုတော့ သူက လူများတွေ တွက်ချက်နေရင် ဘယ်တော့မှ သေချာမကြည့်ဘူး၊ အဲ....အားလုံး တွက်ချက်ပြီးပြီဆိုရင်တော့ ဘာနံပါတ်ရလဲမေး စာအုပ်လေးနဲ့ကူးမှတ်ပြီး ငါ့ဆီ ပြေးထိုးတော့တာပဲ....။

တစ်ပတ်တစ်ပတ် သူထိုးတာ အလုံးလေးငါးဆယ်လောက် ငါ့ဆီမှာ ရှိတယ်၊ ဒါပေမယ့် တွတ်တောင် တစ်ခါမှမရဖူးသေးဘူး....။





အဲဒီပန်းချီဆရာအပြောကတော့ သူ့သူငယ်ချင်း ပန်းချီဆရာတစ်ယောက်က ချဲကို ဆေးရုံတက်နေရင်း လူကြုံနဲ့ထိုးတာ သုံးသိန်း ပေါက်သွားတယ်၊ နဂိုက နာမည်ကြီး ဝင်ငွေကောင်းတဲ့ ပန်းချီဆရာဆိုတော့ အရမ်း ချမ်းသာသွားတာပေါ့တဲ့၊ အခုလဲ အဲ့ဒိုင်ကွက်တွေကို ရေရေလည်လည်ထိုးနေတာပဲ၊ ထပ်ပေါက်လိုက်ရင် 'လင်ဆာ' ဝယ်စီးမယ်လို့တောင် ကြွေးကြော်နေသတဲ့....။

ငါက မမေးကောင်းလို့ ထပ်ပေါက်သေးလားလို့တော့ မေးလိုက်ပါဘူး၊ ဘယ်ကွာ၊ လွယ်တာမှတ်လို့၊ တစ်ခါပေါက်တာနဲ့ နောက်တစ်ပတ် ဆက်ပေါက်ဖို့ဆိုတာ အင်မတန်ဖြစ်ခဲတဲ့ ကိစ္စပဲ၊ ဒီလိုသာ လင်ဆာကားဝယ်စီးဖို့ ရည်ရွယ်ပြီး ဆက်ထိုးနေရင် အရမ်းချမ်းသာတာကနေ ရိုးရိုး ချမ်းသာတာပဲ ပြန်ဖြစ်သွားမှာပေါ့....။

ဆိုတော့....ငါ့ဆိုင်မှာသာထိုင်တဲ့ ပန်းချီဆရာကလဲ အဲဟိုသူဌေး ပန်းချီဆရာရဲ့ကံကို အားကျလို့ထင်ပါရဲ့၊ ငါးကျပ်ဒိုင်တစ်ခါ ကိုင်လိုက်တာ လုပ်ငန်းမကျွမ်းကျင်တော့ အကွက်သုံးရာပြည့်အောင် မရောင်းရဘူး....။

အဲ....ထွက်ရက်နီးလို့ ငွေလိုက်တောင်းတော့လဲ ဟိုလူက ငွေမရှိလို့ လှန်၊ ဒီလူက မပြေလည်လို့ လှန်နဲ့ ငွေတစ်ထောင်လောက်ပဲ ရလိုက်တယ်တဲ့၊ အကွက်နှစ်ရာဖိုးလောက်ပဲ ရောင်းလိုက်ရတာပေါ့၊ အဲ....ချဲလဲထွက်ရော သူ ရောင်းထားတဲ့ အကွက်နှစ်ရာက တည့်ရော၊ တွတ်လေးခုပါ ပေါက်သွား

www.burmeseclassic.com



တော့ အိတ်ထဲက နှစ်ထောင်လောက် စိုက် လျော် ရ တဲ့ အကြောင်းပြောပြီး သူ့ကံကို သူပြန်ကျိန်ဆဲနေတော့တာပဲ....။

သူတို့ထဲက နောက်တစ်ယောက်က ဆရာဝန်၊ သူက ဆယ် တန်းမှာ သင်္ချာဂုဏ်ထူးရခဲ့ဖူးသူဆိုတော့ သင်္ချာသိပ်ကျွမ်း တယ်၊ ဒီတော့ ချဲတွေ ခေတ်စားလာချိန်မှာ သင်္ချာဝါသနာ ရှင်ဆိုတော့ ဖော်မြူလာတွေ အပျော်တွက်ကြည့်ရင်းက ချဲပိုး ဝင်သွားတာပဲ....။

ချဲပိုးဆိုတာကလဲ ဝင်ပြီးပြီဆိုရင် အေအိုင်ဒီအက်(စ်)လိုပဲ ကုထုံးရှာဖို့ မလွယ်တဲ့ရောဂါဆိုတော့ ငါနဲ့ တွေ့ချိန်မှာ သူ့ ရောဂါက အတော်ခလေး ကျွမ်းနေပါပြီ....။

အဲဒီဆရာဝန်နဲ့ တွဲပါလာတဲ့ နောက်ထပ်ဆရာဝန် တစ် ယောက် ရှိသေးတယ်၊ သူက ချဲကို ဝါသနာမပါပေမယ့် တွက်ထားတဲ့ ဖော်မြူလာတွေ၊ နည်းတွေကိုတော့ စာရွက်တွေ အကုန်ကူးတာပဲ....။

သူ့ရည်ရွယ်ချက်က တစ်မျိုးလေ၊ သူ့မိန်းမက ပဲခူးဘက် မှာ တာဝန်ထမ်းနေရတဲ့ အစိုးရဝန်ထမ်းတစ်ဦးပဲ....။

ဒီတော့....စနေနေ့မနက်ဆိုရင် သူက အဲဒီမှာ သွားနေ ပြီး တနင်္လာနေ့မနက်မှ ရန်ကုန်ကိုပြန်လာရတာ၊ ဆေး ခန်းကိုတော့ စနေ၊ တနင်္ဂနွေ အမြဲပိတ်ထားရတာပေါ့....။

အဲဒီဆရာဝန်က သူ့မိန်းမနဲ့တွေ့တဲ့အခါ နှစ်ရက်လုံး အေးအေးဆေးဆေး အနားယူရင်း သူကူးလာတဲ့ ဖော်မြူ





လာ စာရွက်တွေကို ထုတ်ပြပြီး လင်မယား နှစ်ယောက် နေ့လယ်နေ့ခင်း အပျင်းပြေ ထိုင်တွက်ဘတ်တယ်....။

သူကတော့ အစပိုင်းမှာ အပျော်သဘောနဲ့ လုပ်ပေမယ့် သူပြန်သွားပြီးရင် သူ့မိန်းမက အဲဒီ ဖော်မြူလာတွေအတိုင်း တကယ်ထိုးတော့တာပဲ၊ သူလဲ ပထမပိုင်းတော့ မသိဘူးပေါ့၊ နောက်ပိုင်း မိန်းမသည်ပင်းက ရွှေဆွဲကြိုးကို မတွေ့လို့ မေး တော့မှပဲ ချဲထဲပါသွားပြီဆိုတာ သိရတော့တယ်....။

သိရတဲ့ အပတ်မှာလဲ သူကူးလာတဲ့ ဖော်မြူလာက သိပ် ခိုင်မာနေတော့ မိန်းမက ရွှေလက်စွပ်ရောင်းပြီး အပြတ်ထိုးမယ် လုပ်နေတာ၊ သူ့ခမျာ မိန်းမကို မနည်း တောင်းပန်ပြီး နည်းနည်းပဲ ထိုးဖို့ ပြောရတယ်....။

မိန်းမကလဲ သူ့စကားတော့ နားထောင်ပါတယ်၊ ဒါပေ မယ့် ရန်ကုန်က ဆင်းလာရင် ဖော်မြူလာတွေ မှန်မှန်ကူးလာ ပေးရမယ်၊ သူတွက်ပြီး နည်းနည်းပဲ ထိုးပါ့မယ်လို့ ကတိပေး တယ်၊ အဲ....ကူးမလာရင်တော့ သူကြိုက်သလို ထိုးမှာပဲလို့လဲ ‘ဝမ်နင်’ ပေးလိုက်သေးတယ်....။

ဆရာဝန်ခမျာလဲ သူစထားတဲ့ရောဂါ၊ သူ့ဘာသာ ကုထုံး ရှာမရဘဲ ညညာက် လက်ဖက်ရည်ဝိုင်းမှာ မိန်းမအတွက် ဖော်မြူ လာတွေ လာစောင့်ကူးနေရတာပဲ၊ ဒါကလဲ တစ်မျိုးပေါ့....။

နောက်တစ်ယောက်က ခေတ်ပုံဆရာ၊ အရင်တုန်းကတော့ သာကေတမှာ အင်မတန် နာမည်ကြီးတဲ့ အောက်ဖိုအော့ပုံ ဆရာပေါ့ကွာ၊ သူက ချိုင်းတို့၊ ဖော်မြူလာတို့ သိမယ်ထင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာကိုမှ အလေးအနက်ယူတာ၊ တစ်ပတ်မှာ ကဗျာတစ်ပုဒ် အမြဲယူလာပြီး တစ်ဖွဲ့လုံးကို အိမ်ရေးပျက်အောင် လုပ်တတ်တယ်၊ ငါ့မင်းကို ပြောပြခဲ့တဲ့ 'ဘဲငါးကောင်နိုး၊ အိမ်ရှင်နိုး' ဆိုတဲ့ ကဗျာမျိုးပေါ့....။

တွေးလေ ခေါင်းခြောက်လေ၊ စဉ်းစားလေ ဦးနှောက်စားလေ ဖြစ်မယ့်ကဗျာမျိုး....။

အဲဒီကဗျာကို မရမနေ အဖြေရှာခိုင်းတတ်တယ်၊ အဖြေရှာတဲ့လူကတော့ တစ်ညလုံး အိပ်ရေးပျက်မှာ အသေအချာပဲ။

အဲ....နံပါတ်ထွက်လာရင်တော့ ပေါက်ဖော်နည်းနဲ့ဖော်ပြီး တာ.... ဒါလေး လွဲသွားတာပါလားဆိုပြီး ခေတ်ပုံဆရာမျော ယူကျုံးမရ ဖြစ်နေတော့တာပဲ....။

ဩော်... မေ့နေလို့ အဲဒီ ခေတ်ပုံဆရာက ခုခေလာခေလာ ဆယ်မှာ သူ့ဘာသာ ပင်စင်ယူထားတယ်၊ ပင်စင် မယူလို့ ကာလဲ မရဘူးလေ၊ သူ့ကင်မရာတွေ၊ ဖလက်(ရှ)ဂန်းတွေ၊ အင်လာဂျာတွေနဲ့ ခေတ်ပုံပစ္စည်း အားလုံးက ချဲထဲ ပါသွား ပြီကိုး၊ ဒီတော့ ချဲပေါက်မှ အလုပ်ပြန်စမယ်ဆိုပြီး သူ့ကိုယ်သူ ပင်စင်ပေးထားရတာပေါ့....။

အဲ...သူတို့ခြောက်ယောက်အဖွဲ့က နောက်ဆုံးတစ်ယောက် ကာ စာအုပ်အငှားဆိုင် ပိုင်ရှင်ပဲ၊ နေ့လယ်ဘက်မှာလဲ ဌာန တစ်ခုမှာ အလုပ်လုပ်နေသေးတယ်၊ သူ့ကိုတော့ ပယ်ဆရာကြီး လို့ အားလုံးက ခေါ်ကြတယ်၊ ဒီလူက ဝိုင်းထဲမှာ စကား သိပ်မပြောဘူး။





ဘယ်ပြောပါ့မလဲ၊ သူက အမြဲတမ်း ဇရက်ခင်း စည်းစိမ် ား ခံစားပြီး ကော်ဖီကြမ်း သံပုရာသီး ညှစ်ပေးထားတာ ား နဲ့ ဇိမ်ကျနေတာကို....။

တစ်ဝိုင်းလုံး ပြောသမျှကို ခုံမှာ အကျအနမှီပြီး ဇိမ်နဲ့ နား ထောင်နေတော့တာပဲ၊ တစ်ခုတော့ ရှိတယ်၊ သူပယ်ထားတဲ့ ဂဏန်းတစ်လုံးကိုတော့ ပါမယ်လို့ သွား မပြောမိ လေနဲ့၊ ဘ်ချင်း မျက်လုံးတွေ နီရဲလာပြီး လူကို ထသတ်တော့မယ့် အတိုင်း ငြင်းတော့တာပဲ၊ တစ်ဘက်က အလျှော့ပေးလိုက်မှ ာ ပြန်မှီပြီး ဇိမ်ပြန်ယစ်နေတတ်တယ်....။

ကဲ....ခုနက ပြောသွားတာ ငါ့ဖောက်သည်ဝိုင်း တစ်ဝိုင်း ကြောင်းပဲ၊ တစ်နည်းအားဖြင့် ငါ့ရဲ့ ကျေးဇူးရှင်တွေပေါ့ ာ....၊ တစ်ပတ်တစ်ပတ် သူတို့အဖွဲ့က ထိုးတာမနည်းဘူးတဲ့၊ တော့ ငါကတော့ ကျေးဇူးရှင် ထမင်းရှင်တွေလို့ပဲ သဘော ားပါတယ်....။

* * *

င်းကို ဒီတစ်ခါ ဇောတိကညီနောင်အကြောင်း ပြောပြမယ်၊ ဇောတိက နာမည်ပါနေလို့ သူ့ခွေးညီနောင်လို့လဲ ထင်မထား ဦး၊ နှစ်ယောက်စလုံး ငါ့ဆိုင်ကိုလာရင် စွပ်ကြယ်နဲ့ အဆော



www.burmeseclassic.com

www.burmeseclassic.com



များတယ်၊ နှစ်ယောက်စလုံး ဂိတ်ဟောင်းနားမှာ နေပေမ
နေ့လယ်တိုင်း စက်ဘီးတစ်စီးနဲ့ မပျက်မကွက် ရောက်လာတ
တယ်....။

သူတို့နှစ်ယောက် ရှယ်ယာ ငါးကျပ်ဒိုင် ကိုင်ထားမတ
ဒီလိုပဲ ချဲ့ခွင်တွေထဲ လှည့်သွားနေကြတာပေါ့....။

အဲဒီလို သွားဖို့အတွက် ချဲ့ဝါသနာရှင် တစ်ယောက်ဆီ
မြိုင်ပွဲခင် စက်ဘီးတစ်စီးကို ရှစ်ရာနဲ့ အပေါင်ခံပြီး စီးနေ
တာတဲ့၊ သူတို့စက်ဘီးက ဒေါက်မပါတော့ သူဝိုင်းမှာ စက်
ထောက်ဖို့ ခွေးခြေတစ်လုံး ပေးထားရတယ်လက်ဖက်ရည်ဆိုင်
ထဲမှာ စက်ဘီးတစ်စီး၊ ၂ ါထောင်ထောင်ထောင်ထောင်နဲ့ ဝေ
ရပြီဆိုရင် အဲဒါ ဇောတိကညီနောင် ရောက်နေပြီပဲ ..။

ညီနောင်ဆိုလို့ ညီအစ်ကိုလို့လဲ မထင်နဲ့ဦး၊ ဘာမှမတေ
ဘူး၊ သူငယ်ချင်းတွေပဲ၊ အမြဲတမ်း တစ်တွဲတွဲတွေ့နေလို့သ
ညီနောင်လို့ နာမည်တွင်နေတာ၊ အဲ.... ညီနောင်ဆိုတဲ့ စကာ
းရှေ့မှာ ဇောတိက နာမည်မပါလာပုံကတော့ ဆန်းတယ်
ရယ်စရာလဲ ကောင်းပါတယ်ကွာ....။

သူတို့နှစ်ယောက်ထဲက စိုးနိုင်ဆိုတဲ့လူက ဂိတ်ဟောင်းမှ
ကုန်စုံဆိုင်ဖွင့်ထားတယ်၊ ဒီလူက အရင်တုန်းက ချဲ့နဲ့မတ်သက်ပြ
ဘာမှ ဝါသနာပါတာ မဟုတ်ဘူး၊ ထိုးလဲ မထိုးဘူး၊ လေ့လ
မလေ့လာဘူး....။





အဲ....ခက်တာက သူ့မိန်းမ၊ သူ့မိန်းမကျတော့ ချဲ့ထိုးတာ
လွတ်ဝါသနာကြီးတယ်၊ တစ်ခါတလေများ ချဲ့ဒိုင်တွေဆီ
ကိုယ်တိုင် ဆိုက်ထိုးတာမှ ဆိုက်ကားနဲ့၊ ကလေးတစ်ဘက်နဲ့သွားတာ
တော့ ဆိုက်ကားခတင်နှစ်ဆယ်လောက်ရှင်းရတယ်၊ ဘယ်
ောက်ဖိုး ထိုးခဲ့သလဲ ခန့်မှန်းတာကြည့်ပေတော့၊ အဲဒီလို
ပေမယ့် ပေါက်သလားမေးကြည့်၊ လေးငါးခြောက်ကြိမ်
မှ တစ်ကြိမ်လောက်ပေါက်တယ်....။

ပေါက်တဲ့အခါမျိုး ကျတော့လဲ များများထိုးထားတဲ့
အကွက်က ပေါက်တာမဟုတ်ဘူး၊ နှစ်ကျပ်ကွက်တွေ အကွက်
ဆယ်လောက် ထိုးထားတဲ့အထဲက ပေါက်တာ၊ ရတဲ့ငွေ
ထောင်က အဲဒီ လေးငါးခြောက်ပတ်မှာ ထိုးခဲ့တဲ့ငွေနဲ့
လိုက်ရင် ဆင်နဲ့ဆိတ် အဲ....အဲ....မှားသွားလို့၊ ဆင်နဲ့ယုံ
လောက်ကို ကွာတာ....။

ဒီတော့ ရေရှည်မှာ ကိုစိုးနိုင် စဉ်းစားရပြီ၊ ဒီအတိုင်းဆက်
ထားလို့ကတော့ ကြာရင် အရင်းပြုတ်တော့မယ်၊ မိန်းမ
တားဖို့ကျတော့လဲ မိန်းမကြောက်ရတော့ ဘာမှမပြောရဲ
ဒီတော့ ရှုံးနေတဲ့ ထိုးသားမိန်းမရဲ့အရှုံးတွေကို ပြန်ကာ
ဒိုင်ကိုင်မှဖြစ်မယ်လို့ သူ ဆုံးဖြတ်လိုက်တယ်....။

ဒီမှာ ဒိုင်ကိုင်ဖို့ကိစ္စကိုလဲ မကျွမ်းကျင်တော့ ဘယ်သူ့ကို
အညီတောင်းရင် ကောင်းမလဲ စဉ်းစားတော့ သန်းလွင်
တဲ့လူကို သွားတွေ့တယ်....။



www.burmeseclassic.com

www.burmeseclassic.com



ဒီ သန်းလွင်ဆိုတဲ့လူကလဲ ခဲ့ကို ဘယ်လောက်မျ
ဝါသနာကြီးလဲဆိုတော့ မိဘတွေက အိမ်မှာ စက်မှုလက်
လုပ်ငန်း လုပ်ထားတော့ ဒီခဲ့အလုပ်ကိုမလုပ်ဘဲ အိမ်အလုပ်
ဝင်ပြီးကူညီပါ၊ တစ်လငါးရာပေးပါမယ်လို့ ပြောတာတော
မှ တစ်လ ငွေငါးရာဝင်ငွေရမယ့်အလုပ်ကို ပြတ်ပြတ်သားသာ
ငြင်းဆန်ပြီး ခဲ့ဒိုင်ကိုင်လိုက် ခဲ့ဆိုးသိုက်ပဲ လုပ်နေတယ်
ဒါနဲ့ စိုးနိုင်နဲ့သန်းလွင်တို့နှစ်ယောက်ပူးပေါင်းပြီး တ
ဆယ်ဒိုင်ကို ရှယ်ယာကိုင်လိုက်ကြတယ်၊ နှစ်ယောက်စလုံးက
ဗေဒင်တွေဘာတွေယုံတော့ ဒိုင်မကိုင်ခင် ဗေဒင် သွားမေ
ကြတယ်။

တကယ့် ဆရာကြီးတစ်ယောက်ဆီမှာကို အသေအခ
သွားမေးတာ၊ ဆရာကြီးက စိုးနိုင်နဲ့ သန်းလွင်ကို နာမည
ပြောင်းခိုင်းတယ်၊ အယူတော်မင်္ဂလာနဲ့ တွက်ပေးတာဆိုပဲ
စိုးနိုင်ဆိုတာမှာပါတဲ့ နိုင်ဆိုတာ အနိုင်ရမယ့် သဘော
ပေမယ့် ဖဲဝိုင်းတို့၊ ဂျင်ဝိုင်းတို့မှာလို လောင်းကစားနည်းမျိ
နဲ့ပဲ ကောင်းတယ်၊ ခဲ့ထီဆိုတာက နိုင်ရုံလောက်နဲ့ မပြီးဘူ
ပိုင်ကိုပိုင်မှ ဖြစ်မှာ၊ ဒီတော့ စိုးပိုင်လို့ပြောင်းရမယ်တဲ့....။
သန်းလွင်ကိုကျတော့လဲ အောင်မြင်မှုရဖို့အတွက် ရှေ့မှ
အောင် တစ်လုံး ထည့်ရမယ်၊ သန်း ဆိုတဲ့နေရာကိုလဲ သိ
မကြိုက်ချင်ဘူးတဲ့၊ သိပ်များလွန်းတယ်၊ မမှန်းကောင်း
သန်းချီတဲ့ဂဏန်းကို မှန်းသလိုဖြစ်နေတော့ အလွဲလွဲ အချော
ချော် ဖြစ်မယ်တဲ့....။





ဒီတော့ သိန်းလောက်ဆို မဆိုးဘူး၊ လက်လှမ်းမီတယ်။ သန်းနေရာမှာ သိန်းပြောင်း၊ ရှေ့က အောင်တစ်လုံးသည့် ဒီတော့ အောင်သိန်းလွင်လို့ ပြောင်းရမယ်တဲ့....။

သူတို့နှစ်ယောက်ကလဲ ဆရာကြီးစကားအတိုင်း နာမည် တွေပြောင်းပြီး ဒိုင်ကိုင်လိုက်တာ ပထမကိုင်တဲ့ အပတ်မှာ ကံကောင်းလို့ လွတ်ပြီး တစ်ယောက် နှစ်ထောင်ကျော်ဆီ မြတ်သွားကြတယ်၊ ဒုတိယအပတ်လဲ ဆက်မြတ်တာပဲ....။

စိုးပိုင်ကလဲ ပိုက်ဆံအမြတ်ရတော့ ခဲ့ကိုစိတ်ဝင်စားပြီး ခဲ့နဲ့ သတင်းမှန်သမျှ နားစွင့်တော့ တာပေါ့၊ ဒီမှာတင် သူနဲ့ တစ်ခန်းကျော်က အထည်ဆိုင်ပိုင်ရှင် ကိုတင်ဟန်မှာ ရှိတဲ့ ''ဇာတိက နံပါတ်စဉ်'' အကြောင်း သတင်းရလိုက်တာပဲ။

အဲဒီ ကိုတင်ဟန်ကလဲ ခဲ့ဝါသနာအိုး၊ သူ့မှာ ဘယ်လိုက ဘယ်လို ရထားမှန်း မသိဘူး၊ ဇာတိကနံပါတ်စဉ် ဆိုတဲ့ နံပါတ်တွေ ရှိနေတယ်၊ အဲဒီနံပါတ်စဉ်ကလဲ အလုံးနှစ်ရာ လောက်ပဲ ရှိတယ်....။

ဒီတစ်နှစ်အတွင်းမှာ အဲဒီနံပါတ် အလုံး နှစ်ရာထဲက ပဲ ထွက်ရမယ်၊ တခြားနံပါတ် လုံးဝမထွက်ရဘူးလို့ အာမခံ ထားတာတဲ့....။

စိုးပိုင်တို့ဒိုင်ကိုင်ချိန်က နှစ်လယ်ဇူလိုင်လမှာဆိုတော့နံပါတ် တစ်ဆယ့်နှစ်ခုထွက်ပြီးပြီ၊ အဲဒီထွက်ပြီးတဲ့ နံပါတ်တွေကလဲ ဇာတိကနံပါတ်စဉ်ထဲကပဲ အတိအကျထွက်တယ်၊ တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



မလွဲသေးဘူးတဲ့၊ ဒီတော့ စိုးပိုင်နဲ့ အောင်သိန်းလွင်တို့လဲ အဲဒီ ဇောတိကနံပါတ်စဉ်ကို အသေအလဲလိုချင်နေတော့တာပေါ့။

အဲဒီနံပါတ်တွေကိုရရင် စာအုပ်ထဲမှာ မရောင်းဘဲထားပြီး ကျန်ဘဲ့နံပါတ်တွေမှာ ထိုးသမျှဟာ သူတို့ နှစ်ယောက် အလကားရမယ့် ငွေတွေ ဖြစ်လာမယ် မဟုတ်လား....။

ခက်တာက ကိုတင်ဟန်၊ ဒီလူက စည်းကမ်းကြီးတယ်၊ သူ့နံပါတ်စဉ်ကို ဘယ်သူ့ကိုမှ ကူးခွင့်မပေးဘူး၊သူက ဒိုင်မလုပ်တော့ ဒိုင်ဆိုသိုးတာင်မှ ကြည့်ခွင့်မပေးသေးတယ်၊ ထိုးသားသူငယ်ချင်းတွေ သိပ်ခင်ရင်တော့ သူကြိုက်လို့ ထိုးမယ့်နံပါတ်ကိုပြော၊ သူကိုယ်တိုင်ကြည့်ပေးတယ်၊

အဲဒီ လာပြောတဲ့သူငယ်ချင်းကိုလဲ ကြည့်ခွင့် မပေးဘူး၊ သူကြည့်ပြီး သူ့ဇောတိကနံပါတ်စဉ်မှာ ပါရင် ပါတယ်ပြောတယ်၊ မပါရင် မပါဘူးလို့ပဲ ပြန်ပြောတယ်၊ သူ့စာအုပ်ကိုတော့ လုံးဝ ပေးမကြည့်ဘူး....။

ဘယ်ရမှာလဲ...စိုးပိုင်နဲ့ အောင်သိန်းလွင်တို့ကလဲ လူလည်တွေပဲ၊ ဒီကိုတင်ဟန်ရဲ့စာအုပ်ကို မရရအောင်ယူဖို့ အကြံထုတ်ကြတယ်၊ နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး စဉ်းစားကြတယ်၊ နောက်ဆုံး လက်ရွေးစင် အကြံအစည်တစ်ခုကို သူတို့ ဆုံးဖြတ်လိုက်ကြတယ်....။

စိုးပိုင်က ကိုတင်ဟန်နဲ့ ခင်နေတော့ အကြောင်း မရှိအကြောင်းရှာပြီး ကိုတင်ဟန့်ဆိုင်ကို နေ့လယ်နေ့ခင်းအားရင် သွားလည်တယ်....။





အဲဒီမှာ စကားစပ်မိလို့ ပြောသလိုနဲ့ သူတို့ရဲ့ဆရာကြီးအကြောင်း ပြောပြတယ်၊ သူတို့ကို ဘယ်လို နာမည်ပြောင်းပေးတဲ့အကြောင်း၊ ဟောတာ ပြောတာလဲ သိပ်မှန်တဲ့အကြောင်း၊ ဆရာကြီးကျေးဇူးကြောင့် သူတို့ ဘယ်လောက်မှုလိုက်တယ်ဆိုတဲ့အကြောင်းတွေ ပြောပြတယ်....။

ဘယ်နေနိုင်ပါ့မလဲ.... ကိုတင်ဟန်ကိုယ်တိုင်ကလဲ ဒီလိုင်းပဲ တာ ဒါကို ယုံကြည်နေတဲ့ လူဆိုတော့ အားရင် သူ့ကို တစ်ရက်လောက် လိုက်ပို့ပေးဖို့ ပြောတော့တာပေါ့....။

ဒီမှာ စိုးပိုင်က နဂိုစီစဉ်ထားတဲ့အတိုင်း သူ့အကြံကို အကောင်အထည် ဖော်ခတော့တာပဲ၊ ကိုတင်ဟန် သွားမယ်ဆိုရင် မနက်ဖြန်နေ့လယ် သွားမယ်၊ ကိုတင်ဟန်ရဲ့ 'ဇောတိကနံပါတ်စဉ်'ကိုလဲ ဆရာကြီးကို ပြကြည့်ပေါ့၊ ဆရာကြီးက သူ့ပညာနဲ့ ထပ်စစ်ထုတ်ရင် ပိုသေချာတဲ့ နံပါတ်နည်းနည်းရတာပေါ့၊ ဒါဆို ပိုမကောင်းဘူးလားဆိုတော့ ကိုတင်ဟန် မငြင်းနိုင်တော့ဘူး....။

ဒီလိုနဲ့ နောက်တစ်နေ့ နေ့လယ်ဘက်မှာ ကိုတင်ဟန်ဆိုင်မှာ သုံးယောက်ဆုံကြတယ်၊ စက်ဘီးက နောက်ကယ်ရီယာမပါတော့ သုံးယောက်စီးလို့ မရဘူး....။

ဒါကြောင့် လမ်းသိတဲ့စိုးပိုင်နဲ့ ကိုတင်ဟန်က ဆိုက်ကားနဲ့ သွားမယ် အောင်သိန်းလွင်ကတော့ စက်ဘီးနဲ့ လိုက်ခဲ့မယ်လို့ စီစဉ်ကြတယ်....။



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားငှားခါနီးမှ အောင်သိန်းလွင်က စကားတစ်ခွန်းပြောတယ်၊ ဆရာကြီးက ချုံကိစ္စမှာ နာမည်ကြီး နေတော့ ဆရာကြီးဆီကို သွားတဲ့လမ်းမှာ အရပ်ဝတ်နဲ့ လူဆိုးထိန်းတစ်ယောက် စောင့်နေတတ်တယ်....၊

သူတို့မှာက ဘာစာရွက်စာတမ်းမှမပါတော့ ကိစ္စမရှိဘူး၊ ကိုတင်ဟန့်စာအုပ်က မဓာတ်တဆ တွေ့သွားရင် ပြဿနာဖြစ်နေမယ် ရှင်းနေရမယ်၊ ဒါဆိုတော့ အရေးအကြောင်းဆို စက်ဘီးနဲ့ အမြန်နင်းပြေးလို့ ရတယ်ပေါ့....၊

ကိုတင်ဟန်အနေနဲ့ကလဲ ဘာမယုံစရာရှိလဲ အတူတူသွားမှာပဲဟာ၊ ဒီတော့ လွယ်လွယ်ကူကူပဲ သူ့စာအုပ်ကို ထုတ်အပ်တာပေါ့၊ သူက အောင်သိန်းလွင်ကိုတောင်မှ ကျေးဇူးတင်နေမိသေးတယ်၊

ဒီလိုနဲ့ ဆိုက်ကားတစ်စီးငှားပြီး အောင်သိန်းလွင်က သူတို့နှစ်ယောက်နဲ့ ဘေးချင်းယှဉ်နင်းရင်း ထွက်လာကြတာပေါ့။

တစ်လမ်းလုံး အေးအေးဆေးဆေးပါပဲ၊ အဲ....ဆရာကြီးတို့လမ်းမကြီးဘက်ကို ကွေ့ခါနီးမှာ အောင်သိန်းလွင်က 'ဆရာကြီးကို ကန်တော့ဖို့၊ ထိုက်မုန့်ဝင်ဝယ်လိုက်ဦးမယ်၊ သွားနှင့်သူဝယ်ပြီးတာနဲ့ ချက်ချင်းလိုက်ခဲ့မယ်' ဆိုပြီး မုန့်ဆိုင်ရှေ့စက်ဘီးထိုးရပ်ပြီး မုန့်ဆင်းဝယ်တယ်....၊

ကိုတင်ဟန်က သိပ်သဘောမကျပေမယ့် သူ့ကိစ္စအတွက်လိုက်ကူညီတာဆိုတော့ ဘာမှမပြောသာဘူး၊ ဆိုက်ကားနောက်က မုန့်ဆိုင်ကို လှမ်းကြည့်ရင်း ပါသွားတာပေါ့....၊





ဆိုက်ကားလဲ မျက်ကွယ်ရောက်ရော အောင်သိန်းလွင်တို့ လှုပ်ရှားတော့တာပဲ၊ အဲဒီမုန့်ဆိုင်ဘေးက အသိအိမ်မှာကြိုတင်ချိန်းထားတဲ့ ဓာတ်ပုံဆရာဆီချက်ချင်းပြေးပြီး ကိုတင်ဟန်ရဲ့ 'ဇောတိကနံပါတ်စဉ်' ကို ဓာတ်ပုံ မိတ္တူ ဆွဲတော့တာပဲ။

ဓာတ်ပုံမိတ္တူဆွဲတာက တစ်မိနစ်မကြာဘူး၊ ဒါတောင်မှ ဓာတ်ပုံ ဆရာက စိတ်ချရအောင် နှစ်ကွက်ရိုက်ကူးထားလို့ ပြီးတာနဲ့ ချက်ချင်း မုန့်ထုပ်ကို စက်ဘီးမှာချိတ်ပြီး အမြန်နင်းလိုက်သွားတယ်....၊

ကိုတင်ဟန် လုံးဝ ရိပ်မမိလိုက်ဘူး၊ ဟုတ်တယ်လေ၊ အချိန်ကလဲ ဘာမှ မကြာလိုက်ဘဲကိုး၊ မုန့်ဝယ်ချိန်၊ ပိုက်ဆံပြန်အမ်းချိန်လောက်ပဲ ကြာတာ....၊

ဒီတော့....သူတို့ကို လုံးဝ မသင်္ကာမဖြစ်တော့ဘူးပေါ့၊ ဆရာကြီးဆီရောက်တော့ ဆရာကြီးကို ကိတ်မုန့်နဲ့ကန်တော့၊ နောက်ပြီး သူ့ရဲ့ 'ဇောတိကနံပါတ်စဉ်ကိုပြတယ်၊ ဆရာကြီးကလဲ အဲဒီနံပါတ်စဉ်ထဲက သူမကြိုက်တဲ့ နံပါတ်တွေကို ဖယ်ပေးတယ်၊

ပြီးတော့....ကိုတင်ဟန်အတွက် ယတြာလုပ်ဖို့ ကိစ္စကိုလဲ အသေချာစီစဉ်ပေးတယ်၊ ကိုတင်ဟန်လဲ သူတို့နှစ်ယောက် ကူညီတာကို ကျေးဇူးတွေတင်ပြီး ခုနကတုန်းက မုန့်ဆင်းဝယ်တဲ့ကိစ္စကို လုံးဝမေ့သွားတော့တယ်....၊



www.burmeseclassic.com

www.burmeseclassic.com



အဘော်ရှုပ်တဲ့လူတွေနော်၊ ကြုံကြုံဖန်ဖန်လုပ်တတ်တယ်၊ အာပဲပြောပြောသူတို့လိုချင်တဲ့ 'ဇောတိကနံပါတ်စဉ်' ကိုတော့ ရသွားတာပေါ့....။

အဲဒီလို အပင်ပန်းခံရကျိုးနပ်အောင်ဆိုပြီး တစ်ဆယ်ဒိုင် ပြောင်းလုပ်ကြတယ်။ 'ဇောတိကနံပါတ်စဉ်' ထဲက နံပါတ်တွေကို နာမည်လိမ် အမျိုးမျိုးနဲ့ရေးပြီး လုံးဝမရောင်းဘဲ ကျန်တဲ့နံပါတ်တွေအားသုံး ရောင်းတော့တာပဲ။

သူတို့အတွက်ကံကောင်းလို့ဘဲလား နေ့ခင်ကံဆိုးဖို့အတွက် ဖြစ်လာတာလားတော့ မပြောတတ်ဘူး....။

အဲဒီအပတ်ချဲထွက်တော့ သူတို့လွတ်တယ်၊ ထွက်တဲ့နံပါတ်ကလဲ 'ဇောတိကနံပါတ်စဉ်' ထဲကပဲ နှစ်ဆယ်ဒိုင် ဆိုတော့ ငွေရှစ်ထောင်နီးပါး ပွသွားတာပေါ့။ ရှယ်ယာဆိုတော့ တစ်ယောက် လေးထောင်ခွဲပြီး၊ အောင်သိန်းလွင်ဆိုရင် ရွှေဆွဲကြိုး ပြေးဝယ်လိုက်တယ်....။

စိုးပိုင်ကလဲ ငွေတွေရတော့ ဝမ်းသာအားရ မိန်းမကို အပ်ရင်း မိန်းမကို တခြားနံပါတ်တွေ လျှောက်ထိုးပြီး ငွေကုန်နေမှာဆိုးလို့ အောင်သိန်းလွင်က ဘယ်သူ့ကိုမှ မပြောပါနဲ့လို့ တားထားတဲ့ကြားက မိန်းမကို သူရထားတဲ့ 'ဇောတိကနံပါတ်စဉ်' ကို ထုတ်ပေးပြီး ဘယ်ပုံဘယ်နည်း သူတို့တော်လို့ ရတဲ့အကြောင်း ကြွားတော့တာပဲ၊ ဘယ်သူ့ကိုမှ လျှောက်မပေးဖို့၊ ဘယ်သူ့ကိုမှ မပြောဖို့လဲ မှာတော့ မှာတာပေါ့ကွာ....။





ဒါပေမယ့်....မိန်းမပဲ ဘယ်နေလိမ့်မတုန်း၊ မပြောပါနဲ့ ဆိုရင်ပိုပြောချင်တတ်တဲ့ လူတွေရဲ့ ဝါသနာကလဲရှိသေးတယ် မဟုတ်လား၊ နှစ်ရက် မကြာပါဘူး၊ ဒီသတင်းက တင်ဟန် နားထဲရောက်တော့တာပေါ့၊ တင်ဟန်က ဒေါကန်ပြီး စိုးပိုင် တို့ကို ကောင်းကောင်း 'ဆဲ' တော့တာပဲ၊ သိပ်ခင်နေကြတော့လဲ ထိုးတဲ့ ကြိတ်တဲ့ အထိတော့ မဖြစ်ဘူးပေါ့၊ စိုးပိုင်တို့ကလဲ သူတို့အပြစ်နဲ့ သူတို့ ဆိုတော့ တင်ဟန်ဆဲသမျှ ခေါင်းငုံ့ခံနေကြတယ်....။

ဟုတ်ဘယ်လေ၊ တစ်ယောက်လေးထောင် မြိုးမြိုးမြက်မြက် ဝါးထားရတော့ ဒီလို ဆဲတာလောက်နဲ့ကတော့ ကျေးဇူးရှင်ကို ဘယ်ပြန်ရန်တွေ့ပါ့မလဲ မဟုတ်ဘူးသားနော့....။

စိုးပိုင်မိန်းမက သတင်းဖြန့်ရုံဘင် ဖြန့်တာမဟုတ်ဘူး၊ စိုးပိုင်ရဲ့ ဒိုင်ကိုင်တဲ့ ကိစ္စမှာပါ ဝင်ခြယ်လှယ်လာတယ်၊ ဒီလောက် အသေအချာ အပိုင်အနိုင် ငွေရနေတဲ့ ကိစ္စမှာ ဘာလို့ဖို့ နှစ်ဆယ်ဒိုင် ကိုင်နေမှာလဲ၊ ဒီတစ်ပတ် ငါးဆယ်ဒိုင် ကိုင်း ပိုက်ဆံဆိုတာ ကံကလေးထနေတုန်း ယူထား၊ ဒီ 'ဇောတိက နံပါတ်စဉ်' က ဒီတစ်နှစ်ပဲရတာ၊ ရတုန်းရခိုက် သဲ့ယူထားမှ ပေါ့၊ သုံးသောင်းလောက် ရရင် ဈေးပါကပ် ဆိုင်ကယ်လေး ဝယ်စီး၊ ဒါဆို ဒိုင်လုပ်တာ ပိုအဟန့်ကောင်းသွားမှာ၊ ဆိုးသား တွေ ပိုယုံကြည်မှာပေါ့၊ နောက်ထပ်လဲ ဆယ်ပတ်မဲ လုပ်ဖို့ ကြံ တော့တာ၊ သာညာနဲ့ပြောပြီး အစင်းတိုက်တွန်းတယ်၊ စိုးပိုင်နဲ့ အောင်သိန်းလွင်တို့ကလဲ နှစ်ခါမပြောရပါဘူး၊ မြှောစိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စူပါကပ် ဆိုင်ကယ်လေးတွေ မြင်ယောင်လာပြီး ချက်ချင်း သဘောတူလိုက်ကြတယ်။

ငါးဆယ်ဒိုင် ကိုင်တယ်ဆိုတာ တစ်ခါတည်း ငါးဆယ်ဖိုး ထိုးမှ လက်ခံတာ မဟုတ်ဘူး၊ အနည်းဆုံး ငါးကျပ်ထိုးရင် လက်ခံတာပဲ၊အဲ....နံပါတ်ကွက်တစ်ခုမှာ ငါးဆယ်ဖိုးပြည့်သွားရင်တော့ လက်မခံတော့ဘူး....။

ဒီတော့ သူတို့စာအုပ်က 'ဇောတိက နံပါတ်စဉ်' အတိုင်း နာမည်လိမ်တွေနဲ့ ပိတ်ထားတာက အကွက် နှစ်ရာလောက် ရှိတော့ ထိုးစရာအကွက်အကျန်က ပေါက်ပြီးသား နံပါတ်တွေပါ ရောတွက်ပြီး ဖယ်လိုက်ရင် ရှစ်ရာတောင် မပြည့်တော့ဘူး၊ ရောင်းအားက သိပ်မကောင်းဘူးပေါ့....။

အကွက် တစ်ရာလောက် ကတော့ ငါးဆယ်ဖိုး အပြည့် ရောင်းရပေမယ့် ကျန်တဲ့ အကွက်တွေမှာ သုံးဆယ်၊ နှစ်ဆယ်၊ တစ်ဆယ်နဲ့ ငါးကျပ်တွေလောက်ပဲ ရောင်းရတယ်၊ ဒီတော့.... စုစုပေါင်း တစ်သောင်းတစ်ထောင်ဖိုးလောက်ပဲ ရောင်းရတယ်လေ....။

ဒါပေမယ့် သူတို့နှစ်ယောက်က စိတ်မပျက်ဘူး၊ သူတို့ဘက်က ပိုင်ပြီးသား မဟုတ်လား၊ ဒီတော့ အလကားရတဲ့ ငွေလို့ပဲ သဘောထားပြီး ညနေတိုင်း ရမ်ကလေးနဲ့ အမြည်းကလေးနဲ့ ဇိမ်ယစ်နေကြတာပေါ့၊ ဆယ့်ငါးရက်မှာသောက်တဲ့ အရက်ဖိုးကတင် တစ်ထောင်ကျော်လောက် ကုန်သွားတယ်....။





ခဲ့ဘွက်ဖို့ တစ်ရက်အလို ညမှာ ငွေစစ်ကြည့်တော့ ငွေကိုင် ရဲ့ လက်ထဲမှာ ရှစ်ထောင်တောင် မပြည့်ချင်ဘူး၊ သောင်းလောက်ကျန်ရမှာ ဘယ်လိုလုပ်ပြီး ငွေနှစ်ထောင် ပါလိမ့်လို့ တွက်ချက်နေတော့ စိုးပိုင်မိန်းမက 'ဇောတိက တ်စဉ်'ထဲက အကွက်နှင်ရာလုံး တစ်ကွက် တစ်ဆယ်ဖိုးစီနဲ့ ထောင်ဖိုး ထိုးထားတယ်ဆိုတာ သိရတော့တယ်....။

မိန်းမကြောက်တဲ့ စိုးပိုင်က သူ့မိန်းမကို မဆူပါဘူး၊အရက် တွေနဲ့ အကွက်မြင်လှချည်လား မိန်းမရာ၊ ဒါကြောင့်လဲ နေရတာပေါ့'လို့ တောင်မှ ချီးကျူးသေးတယ်၊ ပြီးတော့ ငွေရှစ်ထောင်ထဲက အောင်သိန်းလွင်အတွက် အမြတ်ငွေ ယာငါးထောင်ကို အပြီးထုတ်ပေးလိုက်တယ်....။

ဟုတ်တယ်လေ၊ ပိုင်ပြီးသား ပိုက်ဆံတွေပဲ၊ မနက်ဖြန် ခေါက်လာနေရမှာ အလုပ်ရှုပ်နေဦးမှာပေါ့၊ ဒါကြောင့် ပြီး ခွဲယူထားလိုက်ကြတာပေါ့....။

နောက်တစ်နေ့ နေ့လယ် နှစ်နာရီခွဲလောက်မှာ အောင် နီးလွင် တစ်ယောက် ရေးကြီးသုတ်ပျာ နဲ့ ဆိုင်ရှေ့ကို ဘီးနဲ့ ပေါက်ချလာတယ်၊ ချွေးတောင် မသုတ်နိုင်ဘူး ခွန်းပဲ ပြောတယ်၊ 'ဟေ့ ကောင် စိုးပိုင်၊ ငါတို့ ဇောတိက း‌တော့ ပျက်ပြီကွ'တဲ့၊ စိုးပိုင်လဲ မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ အောင်သိန်းလွင် ပြောတဲ့ နံပါတ်ကို စာအုပ်ထဲ အပြေးအလွှား ‌ွှားလှန်တာပေါ့၊ စိတ်တော့ သိပ်မပူပါဘူး၊ ဇောတိကကြီး



www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားပေမယ့် ရောင်းအား သိပ်မကောင်းသားတော့ လွတ်စရာအကွက်တွေ အများကြီး ရှိသေးတာကိုး....။

အဲ....စာအုပ်ကိုလဲ လှန်ကြည့်ပြီးရော စိုးပိုင် တစ်ယောက် အသံမထွက်တော့ဘူး၊ အောင်သိန်းသွင်လဲ စိတ်မရှည်ဘာနဲ့ စာအုပ်ကို ဆွဲယူပြီး သူ့ကိုယ်ကိုင် ကြည့်လိုက်တယ်၊ သူလဲ တစ်ခါတည်း အသံတိတ်သွားတာပဲ....။

အသံမတိတ်ခံနိုင်ရိုးလား၊ ပေါက်တဲ့နံပါတ်က သူတို့ဆီမှာ ငါးဆယ်ဖိုး အပြည့်ထိုးထားတဲ့ နံပါတ် ဖြစ်နေတာကိုး။ အဲ.... ဘေးတိုက် နှစ်ခုကလဲ တစ်ခုက ငါးဆယ်၊ တစ်ခုက သုံးဆယ်၊ ဒါတောင်မှ တွက်တွေ လှန်မကြည့်ရသေးဘူး....။

သူတို့နှစ်ယောက် အသံတိတ်နေချိန်မှာ စိုးပိုင်မိန်းမရဲ့ ငိုသံက စထွက်လာတယ်၊ ငိုတာမှ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ငိုတာ ဝမ်းပန်းတနည်းငိုတာ....။

ဟုတ်တယ်လေ....၊ သူက ဒီမှာ လျော်ရမယ့် အပြင် ငွေနှစ်ထောင်ဖိုး သွားထိုးတာကလဲ ဆုံးသွားပြီမဟုတ်လား....။

စာရင်းသေချာတွက်ကြည့်တော့မှ သုံးယောက်လုံး အထိတ်တလန့် ဖြစ်ကုန်ကြတယ်၊ လျော်ရမယ့်ငွေက 'တည့်' အတွက် နှစ်သောင်းခွဲ နှစ်ထောင့်ငါးရာ၊ ဘေးတိုက်နဲ့ တွက်က တစ်ထောင့်ငါးရာ စုစုပေါင်း နှစ်သောင်းကိုးထောင် ဖြစ်နေပြီလေ....။

နှစ်ယောက်ရှယ်ယာဆိုတော့ တစ်ယောက်ကို တစ်သောင်းလေးထောင့်ငါးရာစီ စိုက်ရမယ့်ကိန်း၊ အောင်သိန်းလွင်က





ငါးထောင်ရှယာတော့ ငါးထောင်မှာ မိန်းမက နှစ်ထောင်ခွဲ ခိုးထားတော့ သုံးထောင်ပဲ ရှိတယ်....၊

ဒီတော့ သူက တစ်သောင်းတစ်ထောင့်ငါးရာ စိုက်ရမယ်၊ နှစ်ယောက်စလုံးမှာကလဲ ငွေပိုငွေလျှံ မရှိကြတော့ အကျပ်ရိုက်ကုန်တော့တာပေါ့....၊

သူတို့ရဲ့ ဇာတ်သိမ်းပိုင်းကို မင်းနားထောင်ချင်သေးသား၊ တင်မောင်၊ မင်း သဘောပေါက်လောက်ပြီ ထင်ပါတယ်၊ ဟုတ်တယ်လေ၊ အခြေမခိုင်တဲ့မြေပေါ်မှာ ပြိုးစသွယ်ဆောက်ထားတဲ့ အိမ်တစ်လုံး မုန်တိုင်း အပြင်းအထန် အတိုက်ခံလိုက်ရပြီ ဘာဖြစ်မလဲ၊ ဘယ်လိုဆက်စခန်းသွားမလဲ၊ မင်း စဉ်းစားပေါ့၊

ရှေ့မှာ ငါပြောခဲ့တယ်လေ၊ ငါ့ဆိုင်ကိုသာရင် စွပ်ကျယ်နဲ့ လာတာများတယ်ဆိုနေမှပဲ၊ အေး....တစ်ခုတော့ရှိတာပေါ့၊ လူကသာ ဆင်းရဲ သွားပေမယ့် နာမည်လေးတွေတော့ ကောင်းကောင်း အဖတ်တင် ကျန်ခဲ့ပါတယ်....။

နှစ်ယောက်ပေါင်းသာရင် ဇောတိကညီနောင်လို့ လူတိုင်းက အသိအမှတ်ပြုဆက်ဆံကြသလို တစ်ယောက်ချင်းမှာလဲ စိုးနိုင်ကနေ စိုးပိုင်၊ သန်းလွင်ကနေ အောင်သိန်းလွင်လို့ နာမည်လှလှလေးတွေ အမှတ်တရ ပိုင်ဆိုင်ထားကြတော့တာ ပေါ့၊ ဟဲ ဟဲ....ပုံပြင်ကလေးကတော့ ဒါပါပဲ၊ကွယ်လို့ပဲ အဆုံးသတ်လိုက်ချင်ပါရဲ့ကွာ....။

* * *



www.burmeseclassic.com

www.burmeseclassic.com



လေရှည်တယ်မထင်နဲ့ တင်မော်ရေ၊ အဲဒီ သာကေတဆိုင်မှာ ငါတွေ့ခဲ့တဲ့ လူတွေအကြောင်း အစုံအစေ့ ပြောရရင် နောက်နှစ်ရက် သုံးရက် ပြောရမယ်၊ အဲဒီလောက်ကို လူပေါင်းစုံတာ နော်၊ အဖြစ်အပျက်တွေကလဲ အဆန်းတကြယ်တွေချည်းပဲ၊ ငါ့အကြောင်းကလဲ ဆက်ပြောချင်သေးတော့ နည်းနည်းဘရိတ်အုပ်မှ ဖြစ်မယ်....။

ဒါပေမယ့် သုံးသုံးလုံးဆိုတဲ့ လူအကြောင်းလေးတော့ နောက်ဆုံးပြောခွင့်ပေးကွာ၊ သိပ်လဲ မရှည်ပါဘူး၊ ဆန်းလဲ သိပ်ဆန်းလှပါ ဟုတ်ပြီလား....။

ဒီလူက ညရှစ်နာရီလောက်ဆိုရင် ငါ့ဆိုင်ကိုပုံမှန်လာတယ်၊ ဆိုင်ပိတ်မှ အိမ်ပြန်တာ၊ အိမ်နဲ့လဲ အဆင်မပြေဘူးနဲ့ တူပါရဲ့ ကွာ၊ အင်းပေါ့လေ၊ သူ့အိမ်ကလဲ သူ့ဒဏ်ကို အတော်ခံလိုက်ရတော့ ဘယ်အဆင်ပြေနိုင်ပါတော့မလဲ....။

သူ့နာမည်ရင်းကို ငါခုချိန်ထိ မသိခဲ့ဘူး၊ ဘာလို့ဆိုတော့ လူတိုင်းက သူ့ကို ကိုသုံးသုံးလုံးလို့ပဲ ခေါ်တာ အမြဲကြားနေ့တာကို....။





ဒီလူက ဆိုင်မှာထိုင်ရင် တစ်ယောက်တည်းပဲ အမြဲထိုင်တယ်၊ ဘေးဝိုင်းတွေနဲ့ဆက်ဆံတာ အတော်ရင်းနှီးပုံရပေမယ့် ဘယ်တော့မှ သွားမထိုင်ဘူး၊ သူ့ဘာသာတစ်ယောက်တည်းပဲ စာအုပ်တစ်အုပ်နဲ့ တွက်လိုက်ချက်လိုက် လုပ်နေတော့တာပဲ၊ ကြည့်ရတာ မိတ်ဆွေအပေါင်းအသင်းတွေကို စိတ်နာနေပုံ ရတယ်၊ မင်းသိတဲ့အတိုင်း ငါကလဲ စပ်စပ်စုစုဆိုတော့ သူ့သတင်းကို တခြားဝိုင်းတွေကတစ်ဆင့် စနည်းနာယူရတယ်....။

ဒီလူက အစက မော်တော်ဆိုင်ကယ် သုံးသောင်းကျော်တန် ကိုယ်တိုင်စီးပြီး မြို့ထဲဘက်က ဈေးတစ်ဈေးမှာ ကိုယ်ပိုင်ဆိုင်ခန်း ဖွင့်ထားတာတဲ့၊ မိဘတွေကလဲ ချမ်းသာတော့ ကုန်စုံဆိုင်ကြီး ဖွင့်ထားတယ်၊ တစ်ဦးတည်းသောသား ဆိုတော့လဲ အလိုလိုက်တာပေါ့၊ မိန်းမနဲ့ကလေးတွေကိုလဲ အိမ်မှာပဲ ခေါ်တင်ထားတာ၊ ဘာမှ ပူပင်ကြောင့်ကြစရာ မရှိတဲ့ ဘဝကို ပိုင်ဆိုင်နေတဲ့ လူပေါ့ကွာ....။

အဲ....မင်းတို့စာရေးဆရာတွေ ရေးသလိုပြောရရင် တစ်နေ့တော့ ဒီလူ့ကို ကံကြမ္မာမုန်တိုင်းက တိုက်ခိုက်လာတော့တာပဲ၊ ဈေးထဲမှာ သူငယ်ချင်းတွေက ရှယ်ယာတစ်ရာထည့် ချဲထိုးမလို့ဆိုပြီး လာတောင်းတယ်လေ၊ ချဲဆိုတာ အကောင်သား၊ အရုပ်လားတောင်မှ မသိပေမယ့် ငွေတစ်ရာလောက်ဟာ သူ့အတွက် အပိုသုံးသလောက် ရှိတာဆိုတော့ ဘာမှမစဉ်းစားဘဲ ထည့်လိုက်တယ်....။

www.burmeseclassic.com



အဲ...တစ်ရက်မှာ သူငယ်ချင်းတွေ ရောက်လာပြီး ငွေသုံးထောင်လာပေးတယ်၊ ပြီးရင် "ဆပ်ပလိုင်း" လုပ်ဖို့လဲ ပြောတယ်...။

သူက ဘယ်ကငွေမှန်းတောင်မသိဘူး၊ နောက်မှ သူတို့ စုထိုးတာ ခဲ့ပေါက်လို့ ရှယ်ယာခွဲပြီး လာပေးတာကို သဘောပေါက်သွားတယ်၊ အဲဒီညက ငါးရာကျော်ဖိုး ဟိုတယ်မှာ လိုက်ကျွေးပစ်ပြီး အိမ်ကိုပြန်လာတဲ့အချိန်မှာတော့ သူ့ဆီမှာ ခဲ့ ပိုး စွဲကပ်လာပြီလေ....။

အရက်ဝိုင်းမှာ တစ်ယောက်တစ်ပေါက် ဝိုင်း ရှင်းပြလို့ ခဲ့နဲ့ပတ်သက်ပြီး သူ့ အတော်လေး သိလာပြီ မဟုတ်လား....။

နောက်နေ့ကစပြီးသူလဲ ခဲ့တွက်တော့တာပဲ၊ သူတို့ဈေးကလဲ လူစုံသလို သူဌေးများတဲ့ဈေးဆိုတော့ ခဲ့ဒိုင်တွေကလဲ အဆင်သင့်ရှိနေတော့ သူလဲ တွက်နည်းပေါင်းစုံ လေ့လာပြီး ထိုးတော့တာပေါ့၊ ငွေကလဲပေါတော့ အထိုးကလဲ ခပ်ကြမ်းကြမ်းပဲ....။

တစ်လလောက်အတွင်းမှာ ငွေဘစ်သောင်း ကျော် ကုန်သွားတယ်၊ 'တည့်' မပြောနဲ့၊ တွတ်တောင် မပါဖူးဘူး....။

ဒီမှာ သူငယ်ချင်းတွေက ဒိုင်ကိုင်တာ အခွင့်အရေး သာတယ်၊ ဒိုင်ကိုင်ပါလားဆိုပြီး ဝိုင်းအကြံပေးကြတယ်၊ သူ့လို ငွေကြေး နောက်ခံအင်အား ကောင်းတဲ့သူဆိုရင် လူတွေက ယုံကြည်တော့ ရောင်းအားလဲ ကောင်းမှာပေါ့လို့ ဝိုင်းပင့်ပေးကြတယ်...။





ဘယ်နေ့မလဲ ချက်ချင်းကို ထလုပ်ပစ်တာပေါ့၊ လူတာလဲ အမြှောက်ခပ်ကြိုက်ကြိုက်ရယ်ဆိုတော့ တစ်ခါတည်း ငါးဆယ်ဒိုင်ကိုင်ပစ်လိုက်တာပေါ့....။

အဲ... အမြှောက် ကြိုက်တာကြောင့်ချည်းပဲတော့ ဒိုင်ကိုင်တာ မဟုတ်ပါဘူး၊ သူလဲ သူ့အတွေးအခေါ်နဲ့သူပါပဲ၊ ကလေးမှ မဟုတ်တဲ၊ သူကိုယ်တိုင်လဲ အတွက်တွေအများကြီးထိုး၊ သူ့သူငယ်ချင်းတွေလဲ ထိုးနဲ့ တစ်ခါမှ မပေါက်တာကို သူသိနေတော့ ဒိုင်ကိုင်တာက ပိုကောင်းတယ်လို့ သူလဲတွက်မိတာပေါ့။

သူ့ သူငယ်ချင်းတွေ ပြောတဲ့ အတိုင်း သူ ဒိုင်ကိုင်တော့ ရောင်းကောင်းပါတယ်...။

သူ့ ဆိုင်မှာလဲ အမြဲတမ်းလိုလို သူငယ်ချင်းတွေ တရှုန်းရှုန်းနဲ့ပေါ့၊ တစ်ရက် တစ်ရက် ရှင်းရတဲ့ လက်ဖက်ရည်ဆိုင်က ဘီလ်တင် သုံးလေးငါးဆယ် ကုန်တယ်....။

ဒီလိုနဲ့ ခဲ့ထွက်ခင် သုံးလေးရက် အလိုမှာ ထိုးသား တစ်ယောက် လာထိုးတယ်၊ သူတို့ဈေးထဲက မဟုတ်ပေမယ့် ဈေးထဲ လူတစ်ယောက် ခေါ်လာတဲ့ လူငယ်ပဲ၊ ထိုးမယ့်နံပါတ်ကို မေးတော့ သုံးသုံးလုံးတဲ့၊ ထိုးမှာကလဲ ငွေနှစ်ဆယ်ဖိုးထဲပါ....။

သူက ဘောက်ချာ ဖွင့်မယ် အလုပ်မှာ သူ့ သူငယ်ချင်းတစ်ယောက်က ဘေးကဝင်ပြီး "ပလုံ" ပဲဟေ့၊ လက်ဖက်ရည်ဖိုး ရတာပေါ့....။



www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင် လက်ဖက်ရည်မှာကွာ၊ ဆရာသမားတွေကိုလဲ တိုက်လိုက်ပါဦးလို့ ဝင်ပြောတယ်၊ ပါးစပ်ဆော့တာပေါ့ကွာ၊ ပြီးတော့ "မဟုတ်က၊ ဟုတ်က" နံပါတ်လာထိုးလို့ ပေါ ကြောင်ကြောင်နေလို့လဲ "ရီ"လိုက်တဲ့ သဘောပါ....။

ဒီမှာတင် ပြဿနာစတာပဲ၊ ထိုးသား ဆိုတာကလဲ လူငယ် ဆိုတော့ လူငယ်အချင်းချင်း လူတွေကြားမှာ ဒီလိုမျိုး လာ "ရီ"တာတော့ ဘယ်ခံချင်ပါ့မလဲ....။

ဒီနံပါတ်ကလဲ သူကြိုက်လို့ ထိုးတာမဟုတ်ဘူး၊ သူ့အိမ်က အဒေါ်တစ်ယောက် ထိုးခိုင်းလိုက်တာ၊ ဒါပေမယ့် လူငယ် စိတ်နဲ့ ဒေါသမီးက ဟုန်းခနဲ တောက်လာပြီဆိုတော့ ဘာမှ စဉ်းစား မနေတော့ဘူး၊ အိတ်ကပ်ထဲက မော်တော်ကား သော့တွဲနဲ့ ပိုက်ဆံပါသမျှ အထပ်လိုက်ကို စားပွဲပေါ် ပစ်ချ လိုက်တယ်....။

ပလိုနံပါတ် ဆိုရင် ဘောဒီမှာပါသမျှ တစ်ပြားမကျန်ထိုး မယ်၊အထိုးခံရဲသလား၊လျှော်ရော လျှော်နိုင်သလား၊အဲဒီထက် ပိုလျှော်နိုင်မယ်ဆိုရင် ကျုပ်စီးလာတဲ့ ကားကိုပါ တန်ဖိုးဖြတ် တစ်ခါတည်း အရောင်းအဝယ် စာချုပ်လုပ်ပြီး အဲဒီငွေကိုပါ ထိုးဦးမယ်၊ ဘယ့်နှယ်လဲ သတ္တိရှိကြရဲ့လား....။

အမှန်တော့ ထိုးသားလူငယ်ကလည်း ရှက်ရမ်းရမ်းတာပါ။ လူငယ်ချင်း စော်ကားခံရတော့ လူငယ်စိတ်နဲ့ ပိုမိုက်ကြောင်း ပြလိုက်တာပါ....။





ဒီဘက်ကလဲ ပြတ်ပါတယ်၊ ဒီနံပါတ်မျိုး အခုလိုလာထိုးလို့ ကတော့ ဘယ်လောက်ဆိုးထိုး မကြောက်ပါဘူး၊ သူတို့ကလဲ တွက်ချက်ထားတဲ့ လူတွေပဲ၊ ဘယ်နည်းမှာမှ သုံးသုံးလုံးဆိုတဲ့ နံပါတ်မပါဘူး....။

အဲ.... သုံးဂဏန်းကိုတောင် ပယ်ထားသေးတာ၊ ဒီတော့ ဒီဘက်ကလဲ အထိုးခံမယ်ပေါ့....။

ထိုးသားလူငယ်နဲ့ပါလာတဲ့ ဦးလေးကြီးခမျာလည်း မျက်စိ မျက်နှာပျက်နဲ့ ဝင်တားတယ်၊ ဒီလိုမလုပ်ကြဖို့ပေါ့သေ၊ ဒါပေ မယ့် ထိုးသားလူငယ်ကလဲ သူ့ကို အခုလို စော်ကားခံရပြီး မှတော့ သူ့ဘက်ကစကားကို သူပြန်မပြင်တော့ဘူး၊ "ဘာလဲ လျှော်နိုင်တဲ့ အခြေအနေမရှိလို့လား"ဆိုပြီး တောင်မှ ပြန်ရို လိုက်သေးတယ်....။

ဒီဘက်ကလူလဲ ပိုပြီး မခံချင်ဖြစ်လာတာပေါ့၊သူလဲ သူ့ဌေး သားပဲ၊ ခုလို ငွေနဲ့ကြေးနဲ့ စကားမျိုး ပြောလာတာကို ဘယ်ခံ နိုင်မှာလဲ၊ ဒီတော့....။

"အဆိုးခံမယ်၊ ကြိုက်သလောက်ထိုးစမ်း"ဆိုပြီး စိန်ခေါ် ပြန်ရော၊ ဒီလိုနဲ့ပဲ နှစ်ယောက်စလုံး အလျှော့မပေးကြဘဲ ပြဿနာက ကြီးလာဘယ်....။

ထိုးသားလူငယ်နဲ့ပါလာတဲ့ ဦးလေးကြီးက တားလို့မရ တော့မှန်း သိတော့ အဆင်အပြေဆုံး နည်းလမ်းကို ရွေးပြီး ပြောပြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုးသားလူငယ် အိတ်ထဲမှာ ပါလာတဲ့ငွေတင် တစ်ထောင်ကျော် ရှိတယ်၊ အဲဒီငွေကတင် ပေါက်ရင် ခြောက်သိန်းကျော်လျော်ရမှာ၊ ကားက တစ်သိန်းခွဲလောက် တန်တော့ သိန်းကိုးရာ လျော်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊

ဒီတော့ ထိုးသားလူငယ်လဲ စိတ်ကျေနပ်အောင် ဒိုင်ကိုင်တဲ့လူလဲ မတော်တဆ အဲဒီနံပါတ် ထွက်ခဲ့ရင် လျော်သာအောင် အခု ချထားတဲ့ပိုက်ဆံပဲ ထိုးကြ၊ ကဲ ကျေနပ်ကြပြီလားဆိုပြီး ဝင်ဖျန်ဖြေပေးလိုက်တယ်....၊

ဦးလေးကြီးပြောတာလဲ ဟုတ်တာပဲ၊ သိန်းကိုးရာ ဆိုတာ ဘယ်ဖြစ်နိုင်မှာလဲ၊ ဒီတော့ ဖြစ်နိုင်တဲ့ကိစ္စကိုပဲ မချင့်စိတ်နဲ့ လောင်းလိုက်ကြတယ်၊

ထိုးသားလူငယ်က ငွေအားလုံး ရေတွက်ပြီး တစ်ထောင့် ငါးဆယ့်ကိုးကျပ်တိတိ ရှိတာ၊ ကိုးကျပ်တော့မှ ပြန်မယူဘဲ တစ်ထောင့်ငါးဆယ့်ကိုးကျပ်အတွက် ဘောက်ချာဖွင့်ခိုင်းတယ်။ သဘောကတော့ စိတ်သိပ်ပြတ်တဲ့ သဘောပေါ့၊

ထိုးသားလူငယ် ပြန်သွားတော့ သူတို့အုပ်စု အမျိုးမျိုး တစ်ယောက်တစ်ပေါက် ဘိုင်ပင်ကြတယ်၊ ဟားတဲ့လူက ဟား၊ တားတဲ့လူက တားပေါ့ကွာ....။

ဟားတဲ့လူတွေက ဒီပလုံနံပါတ်ကို ငွေတစ်ထောင်ကျော် လာလှူသွားတာ မိုက်ပါ့ကွာဆိုပြီး ဟားတာ၊ အလကားနေရင်း ပွတာပေါ့ ဆိုပြီး ပျော်လို့ ဟားကြတာ....။





ဟားတဲ့လူတွေကတော့ တစ်ယောက်နှစ်ယောက်မှ ပါပဲဒီလို မျိုးငွေအများကြီး အသိုးမခံသင့်ဘူး၊ ငါးဆယ်ဒိုင်ကိုင်တယ် ဆိုရင် ငါးဆယ်ဖိုးပဲ ဘောက်ချာဖွင့်၊ ပိုတဲ့ငွေတွေကို တခြား ဒိုင်တွေဆီမှာ ပြန်ကာကွယ်ပြီး ထိုးပေးလိုက်၊ ဘယ်နံပါတ်မှ မပေါက်ဘူးလို့ မပြောနိုင်ဘူး....။

ဒီတော့ ဘာမှမဟုတ်တဲ့ ငွေလေးတစ်ထောင်လောက်နဲ့ ကံမကောင်းရင် ဒုက္ခရောက်သွားမယ်၊ ဘာညာပေါ့....။

မရပါဘူး၊ တားတဲ့လူကတစ်ယောက်နှစ်ယောက် မြောက်ပင့် ထောက်ခံတဲ့လူက ငါးယောက်၊ ခြောက်ယောက် သူကိုယ်တိုင်ကလဲ နဂိုကတည်းက သွေးခင်ကြွကြွဆိုတော့ သူ့ကို မြှောက်ပေးတဲ့ လူတွေအတွက်တောင် အဲဒီသူက ဝိုင်းတစ်ဝိုင်း ထောင်ပေးလိုက်သေးတယ်၊ အလကား ငွေတစ်ထောင်ကျော် ရသွားတဲ့အတွက် အမှတ်တရ ဝိုင်းလေးပေါ့....။

၈

ကဲ....ဇာတ်လမ်းကို မှင်းခန့်မှန်းလို့ ရပြီပေါ့နော်၊ မင်းလဲ စာရေးဆရာပဲ၊ ဒီလောက်ဆို သဘောပေါက်ရောပေါ့၊ မဟုတ်ဘူးလား၊ တင်မော်....၊

အဲဒီအပတ်ထွက်တဲ့ ချဲနံပါတ်က သုံးသုံးလုံး၊ သူလျော်ရမယ့်ငွေက ခြောက်သိန်း သုံးသောင်းကျော်၊ သူ့လက်ထဲ ရှိတဲ့ငွေနဲ့ ဆိုင်ကယ်ရော ရွှေလက်ဝတ်လက်စားရော အားလုံး ရောင်းတာမှ ငွေက တစ်သိန်းခွဲမပြည့်ဘူး....။



www.burmeseclassic.com

www.burmeseclassic.com



ထိုးသားလူငယ်ကလည်း အဲဒီနံပါတ်ထွက်ပြီးတာနဲ့ ရောက်လာတယ်၊ သူ့ကားပေါ်မှာလဲ ယောကျ်ားလေးတွေ အပြည့်ကြီးနဲ့....၊

နဂိုကတည်းက ပြဿနာနဲ့ စထားတဲ့ကိစ္စဆိုတော့ ငွေမလျော်ရင် ပြဿနာရှာမယ့်သဘောပေါ့၊ ဒါနဲ့ပဲ မနက်ဖြန်နေ့လယ် ၁၂ နာရီမှာ လာယူပါလို့ ချိန်းလိုက်ရတယ်....။

သူ့ဆီလာနေကျသူငယ်ချင်းတွေကလည်း ဆိုင်ပိုင်ရှင် လုပ်ငန်းရှင် သူဌေးတွေဆိုတော့ အဲဒီလူတွေကို လိုက်ရှာရတယ်။

သူငယ်ချင်းတွေကလဲ အစက တချိန်းရှိန်း လာနေကြပေမယ့် သုံးသုံးလုံးနံပါတ် ထွက်သွားပြီဆိုတာ ကြားကတည်းက ပြဿနာကိုသိထားတော့ ရှောင်နေကြတယ်၊ တွေ့တဲ့လူတွေဆီက ငွေကြေးအကူအညီတောင်းတော့လည်း အဆင်မပြေတာကို ညည်းပြပြီး တစ်ပြားတစ်ချပ်မှ မချေးကြဘူး....။

နောက်ဆုံးတော့ အိမ်ကိုပဲ ဖွင့်ပြောရတော့တယ်၊ မိဘတွေက စိတ်ဆိုးလွန်းလို့ တောက်တခေါက်ခေါက်နဲ့ပေါ့....။

ဒါပေမယ့် ဒိုင်ကိုင်ပြီး မလျော်လို့ အသတ်ခံရတာတွေ ဘာညာတွေကိုလည်းကြားဖူးထားတော့ သူတို့ရဲ့တစ်ဦးတည်းသောသားလေး အတွက်လည်း စိုးရိမ်ကြတာနဲ့ နောက်ဆုံးကျန်တဲ့ငွေအားလုံးကို ရှိသမျှ စည်းစိမ် ကုန်ချင်ကုန်ပါစေ၊ စိုက်ပေးလိုက်မယ်လို့ ဆုံးဖြတ်လိုက်ကြတယ်....၊

ဇာတ်လမ်းကတော့ ဒါပဲ၊ သူ့နာမည်လည်း မူလနာမည် ပျောက်ပြီး ကိုသုံးသုံးလုံးလို့ နာမည်တွင်သွားတာပဲ၊ သူ့အိမ်





လဲ သူ့ကြောင့် စီးပွားအတော်ကျသွားပြီဆိုတော့ အလျင်လို သူ့အတွက် ဆိုင်ကယ်လဲ ဝယ်မပေးနိုင်တော့ဘူး၊ ဈေးထဲက ဆိုင်ခန်းကိုလည်း ရောင်းလိုက်ရပြီဆိုတော့ သူ့ခမျာ အလုပ်မရှိအကိုင်မရှိနဲ့ အိမ်မှာပဲ မှီခိုစားသောက်ရင်း အားတဲ့အချိန်တိုင်းမှာ ချဲပဲ တွက်နေတော့တာပဲ....။

အိမ်ကပေးတဲ့ အသုံးစရိတ်ကိုချွေတာသုံးပြီး အပတ်တိုင်းတော့ ချဲထိုးနေသေးတာပေါ့၊ တစ်ခါမှတော့ မပေါက်ရှာပါဘူး....။

အဲ....အပေါင်းအသင်းတော့ ဘယ်သူ့ကိုမှ မလုပ်တော့ဘူး၊ သူငယ်ချင်း မိတ်ဆွေအားလုံးကို စိတ်နာသွားပြီ ထင်ပါရဲ့ကွာ....။

ဟုတ်တယ်လေ....စားတုန်းကတော့ ဝိုင်းစား၊ ပင့်တုန်းကတော့ ဝိုင်းပင့်ကြပြီး ဒုက္ခရောက်ပြီဆိုတော့ ဘယ်သူကမှ မကူညီကြဘူး၊ ဆေးဖော်ကြောဖက် မလုပ်ကြဘူး၊ ဒီတော့ သူစိတ်နာမယ်ဆိုတာလဲ နစလောက်ပါရဲ့....၊

လူ့သဘောကို သူလဲ အခုမှ စောကြောမိသွားပြီထင်ပါတယ်၊ ဟဲ ဟဲ....၊

* * *



www.burmeseclassic.com

www.burmeseclassic.com



တခြားလူတွေအကြောင်း ပြောနေရတာနဲ့ မင်းသိချင်တဲ့ ငါ့ဘဝအကြောင်းတောင်မှ အဆက်ပြတ်သွားတယ်၊ ဆောရီးကွာ....ဆောရီး။

ငါ့ရဲ့ မဟာမြိုင် ဘီးခဲဟာက်(စ်) နာမည်ကြီးလာတာနဲ့ အမျှ ငါဟဲ သာကေတမှာ နာမည်ကြီးတဲ့ လူတစ်ယောက် ဖြစ်လာတာပေါ့၊ ငါ့ဘဝကလဲ အစစအရာရာ ပြည့်စုံနေလေပြီ။ ငါလိုချင်တပ်မက်ခဲ့တဲ့ ဘဝကို ငါပိုင်ဆိုင်နေရပြီမဟုတ်လား။

အဲဒီလောက် ပြည့်စုံနေချိန်မှာ ငါ့စိတ်ထဲမှာ ဘဝအတွက် တစ်ခုခု လိုနေသလိုမျိုး ခံစားနေရတယ်၊ ဘယ်လို ပြောရမလဲကွာ၊ ရင်ထဲမှာ တစ်ခုခု လစ်ဟာနေတာမျိုးကြီးပေါ့....။

ဟုတ်တယ်တင်မော်.... မိုးလင်းရင် အိပ်ရာကထ၊ အစားအသောက်ကောင်းကောင်းစား၊ တစ်နေ့လုံး ဇိမ်နဲ့နေ၊ ညနေပိုင်းကျတော့လဲ သူငယ်ချင်း မိတ်ဆွေတွေနဲ့ စကားထိုင်ပြော၊ ပြီးရင် အိပ်ရာဝင်အိပ်....။

နောက်တစ်နေ့ မိုးလင်းလာတော့လဲ ဒီအတိုင်းပဲ၊ နေ့တိုင်း နေ့တိုင်း အဲဒီလို နေလာရတော့ ငါစိတ်ညစ်လာတယ်၊

နောက်ပြီး....လူဆိုတာ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ပြောချင်တဲ့စကားလေးတွေ ရင်ထဲမှာ ရှိနေတတ်တယ်မဟုတ်လား။





အဲဒီစကားမျိုးတွေက ငါ့ရင်ထဲမှာ အပြည့်အသိပ် ရှိနေတယ်။

ဘယ်သူ့ကိုမှ ပြောလို့ မထွက်ဘူး၊ အမေနဲ့ တိုင်ပင်တော့လဲ ခေါင်းညိတ်နေမှာ၊ ညီမလေးကလဲ ဘာမှ သိတာ မဟုတ်ဘူး....။

စကားများများပြောလေ များများမှားလေပဲ ဖြစ်မှာ။

ဒီတော့.... ငါက ဘယ်သူ့ကို ဘယ်လိုလုပ်ပြီး တိုင်ပင်ရမှာလဲ၊ ခက်သကွာ....၊

ကဲ.... ငါဒီလောက် ပြောနေမှတော့ ဘာကိုဆိုလိုတယ်ဆိုတာ မင်းသဘောပေါက်လောက်ပါပြီ....။

ဟုတ်တယ် တင်မော်၊ ငါမိန်းမလိုချင်နေပြီ....

အရွယ်လဲရောက်၊ စီးပွားရေးလည်း အဆင်ပြေနေပြီဆိုတော့ ငါ မိန်းမယူဖို့ စိတ်ကူးနေပြီပေါ့ကွာ....။

အဲဒီအချိန်ကစပြီး ငါမိန်းမတွေကို လေ့လာတယ်၊ ညနေဘက်ဆို တခြားရပ်ကွက်တွေက လက်ဖက်ရည်ဆိုင်မှာ သွားထိုင်ပြီး မိန်းမချောလေးတွေ မြင်ရင် အိမ်တွေဘာတွေလိုက်ကြည့်၊ အခြေအနေကို အကဲခတ်၊အဲဒီကောင်မလေးအကြောင်းစုံစမ်း၊ အဲဒါမျိုးတွေ လုပ်တယ်။

ငါ့ဆိုင်ပတ်ဝန်းကျင်က (၇)ရပ်ကွက်ဈေးထဲက မိန်းမတွေကိုလဲ ငါလေ့လာနေတာပေါ့....။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အခြေအနေကလဲ စင်ပေါ်မှာ ရောက်နေတယ်လေ၊ မိန်းကလေးတွေဘက်ကတောင်မှ လာပြီးကမ်းလှမ်းကြ၊ စပ်ဟပ်ကြတာတွေ ရှိတယ်၊ သူဌေး လူပျိုကြီး ဆိုတော့လဲ သူတို့ မိဘတွေအနေနဲ့ သူတို့သမီး နောင်ရေး စိတ်အေးဖို့ စီစဉ်ကြတာပေါ့....။

တချို့ဆို အိမ်ကို ထမင်း ဖိတ်ကျွေးတာတို့၊ အလည်ခေါ်တာတို့ လုပ်ကြတယ်၊ ငါကတော့ တစ်ချက်လေးမှ မငြင်းပါဘူး၊ ဖိတ်ရင် လိုက်သွားတာပဲ၊ ကျွေးရင် စားလိုက်တာပဲ....။

တွေ့ပါတယ်ကွာ၊ မိန်းကလေးပေါင်းစုံနဲ့ကို တွေ့ရပါတယ်၊ ရင်းရင်းနှီးနှီး ဆက်ဆံရပါတယ်....၊

တချို့ 'အင်'တွေ ပါသလို၊ တချို့ကျတော့လဲ ခြောက်ပြစ်ကင်း သဲလဲစင်....။

ချောတာကလဲ မွတ်လို့၊ လှတာကလဲ ညက်လို့၊ ဘွဲ့ရပြီး အစိုးရဝန်ထမ်း လုပ်နေတဲ့ မိန်းကလေးတွေပေါ့....၊

သူတို့ကလဲ ငါ့ကို စိတ်ဝင်စားပုံ ရကြပါတယ်....၊

ဒါပေါ့ကွာ၊ ငါကလဲ တကယ့်ကို အထင်ကြီးစရာကောင်းနေတာကိုး....၊

ငါ့ မိတ်ဆွေတွေ က တော့ ဘယ်မိန်းမကလေးကို ရွေး၊ ဘယ်သူ့သမီးကို ယူနဲ့ ဝိုင်းအကြံပေးကြတာပေါ့....၊





ဒါပေမယ့် ငါက ခေါင်းခါပြတော့ သူတို့လဲ အံ့ဩကုန်ကြတယ်....၊

ဒီလောက်ချော၊ ဒီလောက်လှ၊ ဒီလောက်ချမ်းသာတဲ့ ပညာတတ် မိန်းကလေးမျိုး....၊

သူတို့ ပိုးတုန်းက မရခဲ့တဲ့ မိန်းကလေးမျိုးကို ငါက ခေါင်းခါတော့ စဉ်းစားရ ခက်ကုန်ကြတယ်လေ....၊

တချို့ဆို ငါ့ကိုတောင်မှ 'ခြောက်'နေပြီလားလို့ ထင်ကြေး ပေးကြတယ်....၊

ငါလက်ထပ်မှာ ဘယ်လို မိန်းကလေးမျိုးပါလိမ့် ဆိုပြီး အားလုံးက စောင့်ကြည့်နေကြတယ်....၊

'ဘယ်လိုလဲ၊ သီတင်းပဲ ကျွတ်တော့မယ်၊ ဖိတ်စာလဲ မလာသေးပါလား၊ ဖိတ်စာစောင့်ရတာ လည်ပင်းရှည်လှပြီ' လို့ လမ်းတွေ့ရင် လှမ်းနောက်တတ်ကြတယ်....၊

အဲ....တစ်ရက်မှာတော့ ငါ့ မင်္ဂလာဆောင်ဖိတ်စာ မျှော်နေတဲ့ မိတ်ဆွေတွေဆီကို ငါကိုယ်တိုင်စာရေးပြီး လှအောင်တို့ ညီအစ်ကိုသုံးယောက်ကို လူစုခွဲပြီး အိမ်တိုင်ရာရောက် စာတွေ လိုက်ပေးခိုင်းတယ်....၊

စာထဲမှာ လာမယ့် စနေ အိမ်မှာမင်္ဂလာဆွမ်းကျွေးမှာမို့ မပျက်မကွက်လာခဲ့ဖို့ ဖိတ်ထားတယ်....၊



www.burmeseclassic.com

www.burmeseclassic.com



သတို့သမီး ဘယ်သူဆိုတာ ငါ ထည့်မရေးဘူး၊ သူတို့က သိချင်ဇောနဲ့ လှအောင်တို့ ညီအစ်ကိုတွေကို မေးပေမယ့် ငါမှာထားတဲ့အတိုင်း သူတို့ညီအစ်ကိုသုံးယောက်လုံးက ဘူးခံငြင်းနေလိုက်တာပေါ့....။

စနေနေ့ မင်္ဂလာဆွမ်းကျွေးတဲ့ပွဲက အတော်စည်ပါတယ်၊

အဲဒီပွဲကိုလာတဲ့သူတွေထဲမှာ သတို့သမီး ဘယ်သူလဲဆိုတာ စပ်စုချင်တဲ့လူက ထက်ဝက်ကျော်လောက် ပါမယ်ထင်တယ်။

သတို့သမီးကိုမြင်တော့ သူတို့အားလုံး အံ့ဩသွားတယ်၊ ဒါပေါ့လေ၊ အံ့ဩတာလဲ မဆန်းပါဘူး....။

တကယ့် အချောအလှ အပျိုစင် နုနုထွတ်ထွတ်လေးတွေ၊ ချမ်းသာတဲ့ ဘွဲ့ရမိန်းမပျိုလေးတွေကို ခေါင်းတခါခါနဲ့ ငြင်းခဲ့တဲ့ ငါက ယူမယ့်ယူတော့လဲ (၇)ရပ်ကွက်ဈေးထဲမှာအထည်ဆိုင်လေးဖွင့်ထားပြီး ငါးကျပ်ချဲဒိုင်ကိုင်တဲ့ မိမိကြီး ဆိုတဲ့ ကလေးတစ်ယောက်အမေ မုဆိုးမကို ယူပစ်လိုက်တာကိုး....။

နောက်ပိုင်း မိမိကြီးကို ငါ ယူတာနဲ့ပတ်သက်ပြီးတော့လဲ သူတို့ ဘယ်လိုမှအဖြေရှာလို့ မရကြဘူး၊ မုဆိုးမကို ငွေမက်လို့ ယူတယ်ဆိုရအောင်ကလဲ မိမိကြီးက ချမ်းသာတာမဟုတ်ဘူး၊ အိမ်တောင်မှ သူများအိမ်ခန်း ငှားနေတာ....။

ရှိစုမဲ့စု ငွေလေးနဲ့ မတည်ထားတဲ့ အထည်ဆိုင်ကလဲ ရောင်းမကောင်းလို့ ငွေကလေးများရမလားလို့ ချဲဒိုင်ကိုင်နေတာသာ ကြည့်ပေတော့....။





နောက်တစ်ချက်၊ သိပ်ချောသိပ်လှ မုဆိုးမမို့ အပျိုဆယ်ယောက်နဲ့ မလဲနိုင်အောင် ဖြစ်နေတယ်ဆိုရင်လဲ ဟုတ်သေးရဲ့၊ ခုတော့မိမိကြီးက မချောဘူး၊ရုပ်ကအသာမန်ရွက်ကြမ်းရေကျိုပဲ။

ကိုယ်လုံးကိုယ်ပေါက်ကျတော့ရော၊ စွဲမက်စရာသိပ်ကောင်းနေလို့လား....။

ဟင့်အင်း ပြောမယ်ဆိုရင် ကလေးတစ်ယောက် အမေဆိုတော့ ဗိုက်ခေါက်လေးတောင်မှ နည်းနည်း စူချင်နေသေး။

ဒါဆို မိမိကြီးကို ငါဘာလို့ ယူလိုက်ပါလိမ့် စဉ်းစားချင်းသူတို့ ခေါင်းခြောက်ကုန် ကြတယ်။

အဲ....နောက်ဆုံးမှာ မိမိကြီးက ချဲဒိုင်ဆိုတော့ ငါ့အိမ်ကို အဝင်အထွက်လုပ်ရင်း နီးစပ်မှုကြောင့် ခြေလွန် လက်လွန်တွေ ဖြစ်ပြီး မိမိကြီးက အဘင်း အကျင့်ကိုင်ပြီး ယူ ခိုင်းလို့ ငါ့ခမျာ ယူလိုက်ရတာပဲလို့ သူတို့ တွက်လိုက်ကြတယ်....။

အဲဒီလို သူတို့တွက်ပြီး ပြောကြတဲ့စကားတွေလဲ ငါ့နားထဲ ပြန်ရောက်လာပါတယ်....။

ဟား....ဟား၊ အဲဒီစကားကို ပြန်ကြားတုန်းက ငါ့မှာ ရယ်လိုက်ရတာကွာ၊ တစ်ခါတည်း။ ရယ်လိုက်ရတာ ဖတ်ဖတ်မော ရင်ဘတ်နောက်က ကျောဆိုတာ ကျနေတာပဲတဲ့။

ဘယ့်နှယ် ရန်ကုန်တစ်မြို့လုံးမှာ ဖျကျလာခဲ့တဲ့ ငါ့လိုကောင်ကိုများ ဒီလိုအချဉ်မိတယ် ထင်ရတယ်လို့၊ ဟား ဟား ပြောရင်းနဲ့ကို ထပ်ရယ်ချင်မိသေးတယ် တင်မောင်ရာ။



www.burmeseclassic.com

www.burmeseclassic.com



ဟေ့ ကောင် မင်းငါ့အကြောင်း သိပါတယ်နော်၊ ငါ ဒီလောက်မတုံးပါဘူး မအပါဘူးကွ၊ ငါမိမိကြီးကို ယူလိုက်တာ ဘာအချဉ်မိလို့မှ မဟုတ်ဘူး ဘာမှခြေလှမ်းလက်လှမ်းမဟုတ်ဘူး၊ ငါဘာသာငါ ရွေးချယ်ပြီး အသင့်လျော်ဆုံး ဖြစ်မယ်ဆိုလို့ ယူသင့်တယ်ထင်ပြီး ယူလိုက်တာ သိရဲ့လား…။

မင်း စဉ်းစားကွာ၊ အပျိုစင်နုနုထွတ်ထွတ် ချောချောလှလှ သူဌေးသမီးကို ငါ ဘယ်နှယ့် မလိုချင်ရှိပါ့မလဲ လိုချင်တာပေါ့၊ လိုချင်တာမှ တစ်ပိုင်းကိုသေလို့ မက်မောတာမှ ဖျပ်ဖျပ်ကို လူးလို့….။

အဲ….ဒါပေမယ့် ရေရှည်အတွက်လဲ စဉ်းစားရသေးတယ်၊ တစ်ဘဝလုံးအတွက်လဲ တွေးရသေးတယ်….။

ငါ့ဘဝ ငါအသိဆုံး ငါ့ကိုယ်ငါ ဘယ်ကလာတယ် ဘယ်အခြေအနေမှာရှိတယ်ဆိုတာအသိဆုံး၊ဒီတော့ ငါ့ဘဝရှေ့ရေးအတွက် စိတ်ကူးယဉ်တဲ့ အလုပ်တွေကို ရပ်ပြီး တကယ့် လက်တွေ့ကျကျ ဖြစ်နိုင်မယ့် ကိစ္စကိုပဲ စဉ်းစားရမှာပေါ့ မဟုတ်ဘူးလားကွာ….။

အေး အဲဒီလိုလက်တွေ့ကျကျ စဉ်းစားခဲ့လို့လဲ ကလေးတစ်ယောက်အမေ မုဆိုးမမိမိကြီးကို ငါယူလိုက်တာပေါ့၊ မိမိကြီးက ငါနဲ့ အသက်ချင်းမကွာလှပါဘူး၊ အဲ ငါ့ထက်ကြီးမယ်ဆိုရင် တစ်နှစ်ပေါ့ကွာ ဒီလောက်ပါပဲ….။





သူ့ယောကျ်ားက အစက ရုံးစာရေး၊ အလုပ်သွားပြီး အပြန်မှာ ကားပေါ်က လိမ့်ကျပြီးသေတာ၊ သာကေတ ကားတွေဆိုတာကလဲ တွယ်စီးတဲ့လူတွေက ပြွတ်သိပ်ကျပ်ညပ် နေတာဆိုတော့ တွယ်ထားတဲ့လက် ပြုတ်ပြီး ကားအောက် ဇောက်ထိုးကျ ဦးဆက်ပြုတ်ပြီးသေတာ ပွဲချင်းပြီးသေတာ…။

သူ့ယောကျ်ားသေတော့ မိမိကြီးက သုံးနှစ်သားလေး တစ်ယောက်နဲ့ လောကကြီးအလယ်မှာ ကျန်ခဲ့တယ်။

အိမ်ပိုင်ရာပိုင်မရှိ၊ ငွေကြေး များများစားစား မရှိပဲနဲ့ ဘဝကို အရှုံးမပေးဘဲ ရင်ဆိုင်တယ်။

ရှိစုမဲ့စုငွေလေးနဲ့ ဈေးထဲမှာ ဆိုင်ခန်းငှားပြီး အထည်ဆိုင်လေးဖွင့်၊ နေ့ပြန်တိုးလေးပေးနဲ့ သူ့ဘဝကို လှအောင် ဝမ်းကျောင်းနေခဲ့တယ်။

ကိုယ်ပိုင်ငွေလေး တိုးပွားမလာခဲ့ပေမယ့် ဝူခြွေမပျက် စားနိုင်သောက်နိုင်တဲ့ အခြေအနေမှာ ရပ်တည်နေခဲ့တယ်။

ငါနဲ့တွေ့တော့ သူ့ယောကျ်ားဆုံးသွားတာလေးနှစ်ကျော်ပြီ၊ သူ့သားတောင်မှ နှစ်တန်းကျောင်းသား ဖြစ်နေပြီ၊ သားကိုလဲ ကျောင်းတက်ချိန်မှာ သူများသားသမီးတွေနဲ့ တန်းတူဖြစ်အောင် ဆင်ယင်ထားဖို့ သူကြိုးစားတယ်၊ သူများတွေ ခဲ့ထီဒိုင်ကိုင်တာ မြတ်တယ်စွန်းတယ်ကြားတော့ သူလဲ သားရဲ့ကျောင်းစရိတ်၊ စာအုပ်ဖိုး၊ အဝတ်အစားဖိုး၊ ကျောင်းသား စရိတ်တွေရဖို့ ခဲ့ဒိုင်ဝင်ကိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြွတ်တစ်လှည့် ✲ရှုံးတစ်လှည့်ဆိုပေမယ့် သူက ဒိုင်ဆိုတော့ အခွင့်အရေး သာနေတာပဲ၊ မြတ်တာက ပိုပါတယ်....။

ကဲ....မိမိကြီးရဲ့ဘဝကို မင်းသိရပြီနော် ဘယ်လိုမြင်သလဲ ငါ့အမြင်တော့ သူဟာ လောကကြီးကို လက်တွေ့ကျကျ ရင်ဆိုင် ယှဉ်ပြိုင်နေတဲ့ မိန်းမတစ်ယောက်ပဲ....။

သူ့မှာ ခွန်အားရှိတယ်၊ မာန်ရှိတယ်၊ သတ္တိရှိတယ်၊ ခလာဘ ရှိတယ်၊ မခံချင်စိတ်ရှိတယ်၊ ဘဝအတွေ့အကြုံရှိတယ်၊ လူတွေ အကြောင်း နားလည်တယ်....။

နောက်ပြီး တော်ရုံနဲ့ လောကကြီးကို လက်မြှောက် အရှုံး ပေးမယ့် မိန်းမမျိုး မဟုတ်ဘူး။ ဘဝမှာ လိုချင်တာမှန်သမျှ မရမနေကြိုးစားပြီး ရအောင်ယူမယ့် မိန်းမမျိုးပဲ....။

ငါနဲ့ရင်းနှီးတာကလဲ သူ ဒိုင်ကိုင်တဲ့ စာအုပ်ထဲက နံပါတ် ကွက် နှစ်ကွက်က ဘောက်ချာနှစ်ရွက်မှားပြီး ရောင်းလိုက်မိလို့ အဲဒီနံပါတ်နှစ်ကွက်ကို ကာကွယ်တဲ့အနေနဲ့ လာပြန်ထိုးရင်း ရင်းနှီးကြတာပါ....။

သူကတော့ လုံးဝ ခဲ့မထိုးဘူး။ ခဲ့ကိုလဲ ဝါသနာမပါ ဘူး။ သူ့ဘာသာ ထွက်ချင်တဲ့နံပါတ် ထွက်မှာပဲလို့ ယုံကြည် ပြီး ရောင်းကောင်းဖို့ပဲ ကြိုးစားနေတတ်တယ်၊

စိတ်ဆိုတာကလဲ အဆန်းသားကွာ၊ သူ့ကို တွေ့တွေ့ချင်းပဲ သူဟာ ငါရှာနေတဲ့ မိန်းမမျိုးပဲလို့ ငါ့စိတ်ထဲမှာ သိလိုက် ရတယ်။

ဒုတိယ အကြိမ်



ဒါနဲ့ နောက်ရက်တွေမှာ သူ့ဆိုင်ကိုသွားလည်၊ ပိုရင်းနှီး အောင်ကြိုးစား၊ သူ့ဘဝကို ပဘ်ဝန်းကျင်မှာ စုံစမ်းနဲ့ ငါ အတော်လေး အလုပ်ရှုပ်သွားတယ်....။

အလုပ်ရှုပ်ပေမယ့်လဲ ရှုပ်ရကျိုးနပ်ပါတယ်။ အခြေအနေက အားလုံး မီးစိမ်းမှာပြပြီပဲ၊ သူနဲ့ပတ်သက်ပြီး နာ မည် ပျက် လုံးဝ မကြားရဘူး။ ငါစုံစမ်းလို့ရသမျှ သူ့အကြောင်းတွေ ကလဲ ငါလိုချင်တဲ့ အချက်အလက်တွေနဲ့ ကိုက်ညီနေတယ်၊ ဒါနဲ့ပဲ သူ့ကိုယူဖို့ ငါ ဆုံးဖြတ်လိုက်တာပေါ့....။

ငါနဲ့ မိမိကြီးနဲ့ လက်ထပ်ဖြစ်တဲ့ အချစ်ဇာတ်လမ်း....။

အဲ....အချစ်ဇာတ်လမ်းဆိုတာထက် လက်ထပ်ဇာတ်လမ်း ဆိုရင် ပိုမှန်မယ်....။

ဇာတ်လမ်းက အဆန်းသားကွ....။

ငါက စိတ်မြန် လက်မြန်ကောင်၊ အဲဒါမင်းအသိ၊ ဒီတော့ မိမိကြီးကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီးချိန်မှာ ငါ အချိန်တွေ ဆွဲမနေချင်ဘူး....။

ဟုတ်တယ်လေ၊ ငါကသာ တစ်ဖက်သတ် ဆုံးဖြတ်နေတာ ကိုး....။

မိမိကြီးဘက်က ဘယ်လိုမှန်းမှ မသိသေးတာ၊ သူကလဲ ငါ့ကို ကြိုက်ချင်မှ ကြိုက်မှာပေါ့၊ လက်ထပ်ချင်မှလဲ လက်ထပ် မှာပေါ့၊ သူ့ဘက်က ဘယ်လိုမှန်းမှ မသိနိုင်တာ....။

ဒုတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



နေ့တာပြီး၊ ယောကျ်ား သေပြီး နောက်ပိုင်း လေးနှစ်လောက်အထိ အိမ်ထောင်မပြုဘဲ နေလာခဲ့တာကလဲ ဘာကြောင့်ဆိုတာ တွေးမရဘူး။

သူ့သားလေး အရွယ်ရောက်တဲ့အထိ စောင့်ပြီး သာသနာ့ဘောင်တွေဘာတွေ ဝင်ဖို့များ ဆုံးဖြတ်ထားသလား....။

ဒါမှမဟုတ် လင်ယူသားမွေးအလုပ်ကိုစိတ်ကုန်လို့ နောက်အိမ်ထောင်မပြုတော့ဘူးလို့ပဲစိတ်ပိုင်းဖြတ်ထား ပြီးပြီလား....။

အိုကွာ....အဲဒါမျိုးတွေတွေးပြီး ငါစိတ်လှုပ်ရှားလာတယ်။ ရင်ခုန်လာတယ်....။

တကယ်ပြောတာတင်မေ၊ ငါက တက်ယ်လိုချင်လာပြီဆိုတော့လဲ၊ တွေးလေ တွေးလေ သူ့ကို လက်လွှတ်သွားမှာစိုးရိမ်လေ ဖြစ်လာတာပေါ့....။

ဒါနဲ့ ငါ အချိန် သိပ်ဆွဲမနေတော့ပဲ အဲဒီညနေမှာ သူ့အိမ်ကို ရောက်သွားတယ်။

အိမ်ကလေးက သပ်သပ်ရပ်ရပ်ပါပဲ၊ ဧည့်ခန်းလေးကလဲ ရှိသမျှနဲ့ လှအောင်ပြင်ထားတယ်....။

သူက ဧည့်ခန်းမှာဧည့်ခံရင်း ငါ့ကို စူးစမ်းသလိုကြည့်တယ်။ ငါကလဲ အပိုတွေ ပြောမနေပါဘူး၊ လိုရင်းကိုပဲပြောချလိုက်တယ်။





'မမိမိကြီးကို ကျွန်တော် လက်ထပ်ချင်လို့ လက်ထပ်ခွင့်ပြုနိုင်မလား'ပေါ့....။

ငါ့မေးခွန်းကိုကြားတော့ သူ အံ့သြပုံမပြဘူး။ခပ်တည်တည်ပဲ၊ ငါ့ကို ပြန်မေးတယ်....။

'ဒီလောကကြီးမှာ ကျွန်မအချစ်ဆုံးက ကျွန်မသားလေးပဲ။

အဲ....ကိုမျိုးအောင်နဲ့ လက်ထပ်ဖြစ်မယ်ဆိုရင် ကိုမျိုးအောင်က ကျွန်မရဲ့ ဒုတိယအချစ်ဆုံးလူ ဖြစ်လာမှာပေါ့ခလေ....။

အရေးအကြီးဆုံးအချက်က ကိုမျိုးအောင် အနေနဲ့ ကျွန်မသားကို သားအရင်းအချာ တစ်ယောက်လို မြတ်မြတ်နိုးနိုး ချစ်နိုင်ပါ့မလား၊ သေချာစဉ်းစားပြီးမှ အဖြေပေးပါ၊ ကျွန်မအနေနဲ့က ကိုမျိုးအောင်လို လူမျိုးကို ဘာအကြောင်းနဲ့မှ ငြင်းပယ်စရာ မရှိပါဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ကိုမျိုးအောင်ရဲ့ စိတ်နေသဘောထားနဲ့ ကြံရည်,ဖန်ရည်ကို ကျွန်မသဘောကျပါတယ်'....တဲ့။

ငါ သိပ်စဉ်းစားမနေပါဘူး။ ချက်ချင်းပဲ အဖြေပြန်ပေးလိုက်တယ်။ ကတိပါ ပေးလိုက်တယ်....။

ဟုတ်တယ်လေ၊ ငါကိုယ်တိုင်လဲ ငယ်ငယ်ရွယ်ရွယ်မှာ အဖေမရှိတဲ့ ဖတဆိုးဘဝကို ရင်ဆိုင်ခဲ့ရဖူးပြီပဲ၊ ငါ ကိုယ်ချင်းစာစိတ် ရှိပါတယ်။ သူ့သားဟာ သူနဲ့ငါ လက်ထပ်ဖြစ်ရင်ငါ့သားပဲ ဖြစ်ရမှာပေါ့၊ ငါ့သားအရင်းလိုပဲ ချစ်ရမှာပေါ့....။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ အချစ်ဇာတ်လမ်းက နှုပ်ရှင်ထဲမှာလို ပေရှည်ဘူး၊ အကွေ့တွေအကောက်တွေ အခေ့တွေအဝိုက်တွေ မပါဘူး၊ တိုရှင်းလိုရင်းပဲ....။

တွတ်တယ်ဆိုပေ ကလေးလေးတွေ၊ သူငယ်နှပ်စားလေးတွေမှ မဟုတ်တော့တာ၊ ချစ်တာတွေ၊ မေတ္တာတွေ ဘာလို့ဖွဲ့နွဲ့နေဦးမှာလဲ၊ လင်မယားဖြစ်ပြီလို့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိပြီး သံယောဇဉ်တွယ်လာရင် ချစ်တာတွေ မေတ္တာတွေက သူ့အလိုလို ရောက်လာမှာပဲဟာ....။

မင်းသိပါတယ်ကွာ၊ တချို့များ အချစ်စစ်တွေ မေတ္တာစစ်တွေနဲ့ပြောလိုက်ရတာ အမော....။

ဟော....လက်ထပ်ပြီးလို့ တစ်ပတ်တောင်မကြာဘူး၊ နားလည်မှုမရှိကြတော့ စိတ်သဘောသားကွဲလွဲပြီး ကွာရှင်းပြတ်စဲကြတာတွေလေ....။

သူ့သားကိစ္စ ငါက ကတိပေးလိုက်တော့ သူက ငါ့ကို စကားဆန်းတစ်ခွန်းပြောတယ်၊ ငါ့တောင်မှ အတော်တုန်လှုပ်သွားတယ်၊ သူ့ကိုလဲ ပိုလေးစားသွားတာ အမှန်ပဲ....။

ကဲ သူပြောတာ နားထောင်ကြည့်ဦး၊ ''ကျွန်မ ကိုမျိုးအောင်ကို လက်ထပ်ဖို့ သဘောတူပါပြီ၊ ကိုမျိုးအောင်အနေနဲ့ ကြိုက်သလိုသာစီစဉ်ပါ၊ ကျွန်မ သဘောကတော့ လက်ထပ်ပွဲတွေဘာတွေ ရှုပ်ရှုပ်ယှက်ယှက် လုပ်မနေဘဲ မင်္ဂလာဆွမ်းပဲ ကျွေးချင်တယ်၊ ငွေလဲ အကုန်အကျသက်သာတာပေါ့....။





အဲ....တစ်ခုတော့ လက်မထပ်ခင်ကထည်းက ကြိုပြောထားမယ်နော်၊ ကျွန်မ ကိုမျိုးအောင်ကို လက်ထပ်တာ ရွှေငွေပစ္စည်းဥစ္စာမက်လို့တော့ လုံးဝမဟုတ်ဘူး၊ ရှင်းရှင်းပြောရင် ကိုမျိုးအောင်မှာလဲ ဘာ ရွှေငွေပစ္စည်းမှ အမှန်တကယ်မရှိဘူးဆိုတာ ကျွန်မသိတယ်....။

အိုရှင် ကိုမျိုးအောင် အမေနဲ့ ညီမလေးရဲ့ လက်ဝတ်လက်စားတွေတောင်မှ အတုတွေဆိုတာ သူတို့ မသိပေမယ့် ကျွန်မ သိတယ်....။

ကိုမျိုးအောင်ရဲ့ မော်လမြိုင်က ငွေထုပ်နဲ့ ဆင်းလာတယ်ဆိုတဲ့ သတင်းကိုလဲ သာကေတ တစ်မြို့လုံးကသာ ယုံချင်ယုံမယ်၊ ကျွန်မကတော့ မယုံဘူး၊ ကျွန်မ စိတ်ထင် ပြောရရင် ကိုမျိုးအောင်လဲ ချမ်းသာလှ တစ်သိန်းကျော်ပေါ့၊ ကျွန်မမှာလဲ ရှိသမျှ တွက်ကြည့်ရင် ငါးသောင်း ကျော် လောက်ရှိတယ်....။

ကျွန်မတို့အိမ်ဆောင်ရဲ့ ခရီးအစကို ငွေတစ်သိန်းခွဲလောက်နဲ့ စရမယ်လို့ ကျွန်မ တွက်ထားတယ်....။

ဒါပေမယ့် ကျွန်မတို့နှစ်ယောက် လက်ညီတက်ညီ ကြိုးစားရင် တစ်နေ့တော့ ချမ်းသာရမှာပေါ့....။

နောက်ပြီး ကျွန်မ အထင် ပြောရရင် ကိုမျိုးအောင်မှာ အင်မတန် ဆိုးဝါးတဲ့ အတိတ် အဖြစ်အပျက်တစ်ခုခု ရှိလိမ့်မယ်လို့ ထင်တယ်....။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလဲ အကြောင်း မဟုတ်ပါဘူးလေ၊ ကျွန်မက ကိုမျိုးအောင် မိန်းမ ဖြစ်လာမှတော့ ကိုယ့်ယောကျ်ား ကိစ္စ၊ ကိုယ့်ကိစ္စပဲ ကျွန်မတို့ နှစ်ယောက် အခက်အခဲ မှန်သမျှ ရင်ဆိုင်ဖြေရှင်းကြရမှာပေါ့....။

အဲ.... ကိုမျိုးအောင်အနေနဲ့ ဖွင့်ပြောနိုင်တဲ့ တစ်နေ့နေ့မှာ ဖွင့်ပြောပြရင်တော့ ပိုကောင်းတာပေါ့၊ ဒါမှ ကျွန်မလဲ ဝိုင်းဝန်းအကြံပေးနိုင်မယ်လေ၊ လင်မယားရယ်လို့ ဖြစ်လာမှတော့ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ဖြစ်သင့်တယ်လို့ ကျွန်မ ထင်တယ်။

ကိုမျိုးအောင် ဖွင့်ပြောပြလို့လဲ ကိုမျိုးအောင်ကို ကျွန်မ စိတ်ပျက်မသွားပါဘူး၊ ဒါတော့ စိတ်ချထား၊ ကျွန်မပြောခဲ့ပြီးပါပြီ၊ ကျွန်မ ကိုမျိုးအောင်ကို လက်ထပ်ဖို့အတွက် လက်ခံလိုက်တာဟာ လောလောဆယ်မှာ ရှိနေတဲ့ ကိုမျိုးအောင်ရဲ့ ကြံ့ရည်ဖန်ရည်ကို သဘောကျလို့ပါ....။

အတိတ်က ကိုမျိုးအောင်ကို ကျွန်မ စိတ်မဝင်စားပါဘူး။ လောလောဆယ် ပစ္စုပ္ပန်ကာလမှာ ရှိနေတဲ့ ကိုမျိုးအောင်နဲ့ အနာဂတ် ကာလ အတွက် ကိုမျိုးအောင်ကို သဘောကျလို့ ကျွန်မ လက်ထပ်ဖို့ သဘောတူတာပါတဲ့....”

မွတ်ကရောကွာ၊ တစ်ခါတည်းပြောချသွားလိုက်တာ၊ ငါ့ကို ခြေဖျားလက်ဖျားတွေ အေးစက်သွားတာပဲ၊ မအေးစက်ခံနိုင်ရိုးလား၊ ငါကတော့ ငါ့ဟန်ဆောင် ပရိယာယ်တွေ ကြွယ်ဝလှ

ဒုတိယ အကြိမ်



ချည့်ရဲ့လို့ ငါ့ကိုယ်ငါ အမှတ်တွေပေးနေတာ၊ ငါ့ဘဝမှန်ကို ဒီသာကေတမှာ ဘယ်သူမှမသိဘူးလို့ ထင်နေတာမဟုတ်လား။

ဟော.... အခုကြည့်စမ်း၊ ငါနဲ့ သိပ်တရင်းတနှီးမရှိတဲ့၊ ငါ့ အိမ်ကို လေးငါးခေါက်ခေါက်ပဲ ရောက်ဖူးတဲ့ မိန်းမ တစ်ယောက်က ငါ့ဘဝမှန်ကို ပြောချသွားပြီ၊ ပြောတာကလဲ အတိအကျနီးပါး မှန်နေတယ်....။

နောက်ဆုံး အမေတို့ ညီမလေးတို့တောင်မှ သိမထားတဲ့ ရွှေအတုတွေကိုပါ ပြောသွားသေးတယ်....။

ခုလို အချိန်မှာမှ ငါ ဘာလို့ ဟန်ဆောင် မျက်နှာဖုံးကို ဆက်သုံးနေတော့မှာလဲ၊ သူ့ဘက်က ဒီလောက် ပွင့်လင်းနေမှတော့ ငါကလဲ ပွင့်လင်းရတော့မှာပေါ့၊ ဒါမှလဲ တရားမျှတမှု ရှိမှာပေါ့၊ ပွင့်လင်းတဲ့ နားလည်မှုရှိတဲ့ အိမ်ထောင် တစ်ခုကို တည်ထောင်လို့ ရမှာပေါ့၊ မဟုတ်ဘူးလားနော့....။

ငါ အကုန် ဖွင့်အံချလိုက်တယ်၊ ဆိုက်ကားသမားရဲ့သား အောင်မင်္ဂလာ အရက်ဝင်းထဲမှာ ကြီးပြင်းခဲ့တဲ့ ဘဝကနေ နောက်ဆုံး သူ့ဆီရောက်လာတဲ့အထိ အစအဆုံး ပြောပြလိုက်တယ်....။

ဘယ်ဟာမှ ထိမ်ဝှက် မထားပါဘူး၊ မြောက်ဥက္ကလာ က ထွက်ပြေးခဲ့ရတဲ့ ကိစ္စကိုလဲ ပြောပြပါတယ်၊ “အဆွယ်” လုပ်ခဲ့ဖူးတာကိုလဲ အသိပေးလိုက်ပါတယ်....။

ဒုတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ငါ စကားပြောနေချိန်မှာ သူက တည်တည်ငြိမ်ငြိမ် ပဲ နားထောင်တယ်၊ ဂွတ္တလစ်ကိစ္စတို့၊ မြောက်ဥက္ကလာကိစ္စတို့ကို ပြောတော့လဲ ပြုံးရုံပြုံးတာကလွဲပြီး ရှုခြွမပျက်ဘူး။

သိပြီးသား ဇာတ်လမ်းတစ်ပုဒ်ကို နားထောင်နေတဲ့အတိုင်း ပဲ...။

လောကကြီးများ ဆန်းကြယ်တယ်နော်...၊ လာတုန်းက စင်ပေါ်ကလာတဲ့ မျိုးအောင်၊ အခုတော့ မိမိကြီး ရှေ့မှာ စင်အောက်ပြုတ်ကျပြီ။

တစ်ခါတည်းကွာ... တရားသူကြီးရှေ့မှာ ဖြောင့်ချက်ပေး ပြီး တရားသူကြီးရဲ့ဆုံးဖြတ်ချက်ကို စောင့်နေရသလို ဖြစ်နေပြီ လေ...။

ငါ့ဇာတ်လမ်းဆုံးတော့မှ ငါက မေးတယ်၊ 'ဘယ်လိုလဲ... ကျွန်တော့်ဘဝအမှန်ကို သိရတော့ မမိမိကြီး စိတ်ပြောင်းသွား ပြီလား၊ ပြောပါ၊ အားမနာပါနဲ့၊ ဘဝတစ်ခုလုံးနဲ့ရင်းရမယ့် ကိစ္စမျိုးမှာ အားနာနေလို့ ဘယ်ဖြစ်မလဲ၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ...။

နှုတ်လွန်ထားမိလို့ ဆိုပြီး ကတိမပျက်ချင်လို့ ခေါင်းညိတ် လိုက်တာမျိုးတော့ မဖြစ်စေချင်ဘူး၊ ဖျက်ချင်ရင် ပြန်ဖျက်ပါ၊ ကျွန်တော် နားလည်စွာ ခွင့်လွှတ်မှာပါ...၊

ဒီဇာတ်လမ်းကလဲ လက်ထပ်ပြီး အခါအခွင့်သင့်တဲ့အချိန် မှာ အသိပေးဖို့ နဂိုကတည်းက ကျွန်တော်ဆုံးဖြတ်ပြီးသားပါ။





အခုလိုအချိန်မျိုးမှာ ကြိုပြီး ဖွင့်မပြောရဲလို့သာ ကျွန်တော် မပြောခဲ့တာပါ။

အဲ့ဒီပေါ့လေ... မမိမိကြီးက ဖွင့်မေးလိုက်တော့လဲ ပို ကောင်းသွားတာပေါ့၊ တစ်ခါတည်း ပြောဖြစ်သွားတာပေါ့။

မိမိကြီးကပြုံးတယ်၊ 'ဩော်...ကိုမျိုးအောင်ရယ်၊ ကျွန်မ ပြောပြီးပြီပဲဟာ၊ ဘာအကြောင်းကြောင့် ပြန်ပြင်ရမှာလဲ...၊ ခုလိုပြောပြတော့ ကိုမျိုးအောင်ရဲ့ ဓိတ်ဓာတ်ကိုပါ သိလိုက်ရ တော့ ပိုကောင်းတာပေါ့။

ကဲပါလေ...ကိုမျိုးအောင်ဘက်ကသာ ကြိုက်သလို စီစဉ် ပါတော့၊ ကျွန်မဘက်က ဘာမှပြောစရာ မရှိတော့ပါဘူး၊ လက်ထပ်ပွဲတွေဘာတွေ မလုပ်ချင်တာကလဲ ငွေကုန်ကြေးကျ များမှာ စိုးရိမ်လို့ပါ၊ မင်္ဂလာဆွမ်း ကျွေးလိုက်ပြီး မိတ်ဆွေ တွေကို အိမ်မှာပဲ ဧည့်ခံတော့ စရိတ်ကျဉ်းတာပေါ့ရှင်၊ ဒါလဲ ကိုမျိုးအောင် ကြိုက်သလို ဆုံးဖြတ်ပါ၊ ကိုမျိုးအောင်က အိမ်ဦးနတ် ဖြစ်သွားပြီပဲ၊ ကျွန်မ လိုက်နာရမှာပေါ့...။

* * *

အဲဒီလိုနဲ့ ငါမိမိကြီးကို ရခဲ့တာကွ၊ သူများတွေ ဝေဖန်သလို ဘာ"အချဉ်"မှ မီတာမဟုတ်ဘူး၊ တကယ်တမ်း ဇစ်မြစ်ကိုသာ သိရင် ငါ့လို ဘဝပေါင်းစုံမှာ ကလိမ်ကျခဲ့၊ ကျင်လည်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



''မသူတော်'' ကောင်ကိုရတဲ့ မိမိကြီးကိုတောင် ''အချဉ်'' မိသွားရှာတယ်ဆိုပြီး၊ ပြန်သနားကြဦးမှာ....။

နောက်ပိုင်း မင်္ဂလာဆွမ်းတွေ ဘာတွေကျွေးပြီး မိမိကြီးက ငါ့အိမ်မှာ ပြောင်းနေတယ်၊ ဈေးထဲကဆိုင်ကိုတော့ ဆက်ထွက်နေသေးတာပေါ့....။

ငါလဲ နေ့လယ်ဆိုရင် မိမိကြီးအတွက် ထမင်းချိုင့်သွားပို့ပြီး ထမင်းတူတူစား၊ သူနဲ့ တစ်နေ့လုံး ထိုင်စကားပြော၊ ဈေးပိတ်မှ ဆိုင်သိမ်းပြီး အတူတူပြန်လာကြတာပဲ....။

ပျော်စရာကောင်းလိုက်တဲ့ အချိန်တွေကွာ၊ တွေးရင်းတောင်မှ အဲဒီအချိန်လေးတွေကို ပြန်လွမ်းတယ်၊ ရင်ထဲမှာဟာနေတဲ့ ဝေဒနာလည်းမရှိတော့ဘူး၊ ခုမှ ငါ့ဘဝဟာ ပြီးပြည့်စုံတဲ့ဘဝ ဖြစ်လာပါလားလို့ သတောပေါက်မိတယ်....။

ပြောစရာစကားတွေကလည်း မကုန်နိုင်ပါဘူး၊ ရုပ်ရှင်အကြောင်းလဲပါရဲ့၊ ဇာတ်အကြောင်းလဲပါရဲ့၊ စီးပွားရေးအကြောင်းလဲ ပါရဲ့၊ ခွဲအကြောင်းလဲပါရဲ့....။

အိုကွာ အမြဲတမ်း စကားတွတ်ထိုးနေကြလို့ ဘေးဆိုင်တွေကတောင် နောက်တာပြောင်တာ ခံရသေးတာပဲ....။

အဲ....တစ်ခါတော့ စကားစပ်မိလို့ ငါကမေးတယ်၊ ငါ့ဘဝအကြောင်းကို သူဘယ်လိုလုပ်ပြီးသိတာလဲပေါ့၊ သူပြောတော့လဲ စုံထောက်ဦးစံရှားရှင်းပြသလို လွယ်လွယ်လေးပါပဲ၊ သူ့ဆီ





မှာ ဘောက်ချာမှားဖွင့်မိတဲ့ နှစ်ကွက်ကို ပြန်ကာထိုးဖို့ ငါ့အကြောင်း စနည်းနာကြည့်တယ်တဲ့၊ ရှိစုမဲ့စုနဲ့ လုပ်တာဆိုတော့ တော်ကြာ ဒိုင်လုပ်တဲ့ငါက စိတ်မချရရင် သူပဲ ဒုက္ခရောက်မှာ မဟုတ်လား....။

အိမ်ပေါ်ထပ်ကအိမ်ရှင်ဦးလေးကြီးနဲ့ကလဲရင်းနှီးနေတော့ ဈေးမှာတွေ့ရင်း စုံစမ်းကြည့်တော့ ငါ့ဆိုင်ဖွင့်ထားတဲ့အောက်ထပ်က စပေါ်နှစ်ဘောင်းတည်းနဲ့ ဈေးဆစ်ပြီး ငှားထားတယ်ဆိုတာ သိရတယ်တဲ့....။

ဒီမှာ သူစဉ်းစားတယ်၊ မော်လမြိုင်ကသိန်းပေါင်းများစွာနဲ့ ငွေထုပ်ပိုက်ပြီးဆင်းလာတဲ့ သူဌေးသာမှန်ရင် လက်ဖက်ရည်ဆိုင်ဖွင့်တာက ဒိုင်ကိုင်ဖို့ရော၊ စီးပွားရေးအတွက်ဖို့ရော ထားလိုက်ပါတော့၊ ဒါပေမယ့် ဒီလောက်ချမ်းသာနေမှတော့ မိသားစုတစ်စုလုံး ဒီလို ကျပ်ညှပ်ဆူညံနေတဲ့ ဆိုင်ခန်းမှာ နေမှာမဟုတ်ဘူး၊ မသကာ တခြားအနီးအနားမှာ တိုက်ခန်း တစ်ခန်းငှားနေမှာပဲ၊ သိန်းပေါင်းများစွာ ချမ်းသာတယ်ဆိုပြီး အခုလိုကျပ်ညှပ်ခံပြီး နေနေကတည်းက သူ့စိတ်ထဲ သိုပ်မသက်သာတော့ဘူးတဲ့....။

ဒါပေမယ့် ငါးကျော်ကွက်နှစ်ကွက်လောက်နဲ့တော့ လိမ်မှာ မဟုတ်ပါဘူးလေဆိုပြီး သူက ငါ့ဆီမှာ ခွဲလာထိုးတယ်တဲ့....။

ဒီမှာ ငါ့အမေနဲ့ ညီမကိုမြင်တော့ သူ့စိတ်ထဲ ထိုးမြင်းသွားတယ်....။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ဆိုတော့ မော်လမြိုင်ဘက်က ဆင်းလာတယ်လဲ ဆို သေးရဲ့၊ စကားပြောတာက လုံးဝဝဲမနေဘူး၊ မော်လမြိုင် လေသံပေါက်မနေဘူး၊ သူက မော်လမြိုင်ဘက်ကို ကုန်ကူး ရင်း ရောက်ခဲ့ဖူးတော့၊ မော်လမြိုင်လေသံကို နားယဉ်နေပြီ....။

အဲဒီလို စကားမဝဲတဲ့အပြင် ဝတ်စားထားတဲ့ ရွှေထည်တွေ ကလဲ အတုတွေဆိုတာ သိလိုက်တော့ အခြေအနေမှန်ကို သူ သဘောပေါက်သွားတယ်၊ အတုမှန်း သိတာကလဲ သူကိုယ် တိုင်က အရောင်းအဝယ်ကိစ္စနဲ့ မော်လမြိုင်ဘက်ဘက်ရင် လူ အထင်ကြီးအောင် ဒါမျိုးတွေ ငယ်ဝတ်နေကျ ဆို တော့၊ ဘယ်လောက်ပဲ ကောင်းအောင် လုပ်ထားပေမယ့် မြင်တာနဲ့ သိတယ်တဲ့....။

နောက်ထပ် ငါ့အကြောင်း စုံစမ်းလိုက်တော့ ငါ့အနေ အထိုင်က ပုံမှန်မဟုတ်ဘဲ ထူးခြားနေတာကိုပါ သတိထား မိတယ်၊ ငါက လူပျိုလူလွတ်ဖြစ်ရက်နဲ့ မြို့ထဲကို တခြား လူငယ်တွေလို အသွားအလာလုပ်တာ မတွေ့ရ သလောက် ပဲတဲ့....။

နောက်ပြီး...ဆိုင်ဘဲက အိပ်ခန်းဘဲမှာ အနေများပြီး တစ် ခါတလေမှ ဆိုင်ထဲကို ထွက်ထိုင်တတ်တယ်၊ အဲဒီလို ထွက်ထိုင် ချိန်ကလဲ ဆိုင်မှာ လူရှင်းချိန်မျိုးမှာ ရွေးပြီး ထိုင်တာကို သူ သတိထားမိတယ်၊ ဆိုင်မှာလူတွေ စည်ကားနေချိန် ဆိုရင် ငါ့ကို ဆိုင်ထဲမှာ တွေ့ရခဲတယ်၊ အဲဒါကိုလဲ သူသတိထားမိ တာပဲ....။





အဲဒီလို အချက်အလက်တွေကို အားလုံး ကောက်ချက်ဆွဲ ကြည့်လိုက်တော့ ငါ့ဘဝမှာ လူမြင်သိပ်မခံရဲတဲ့ အတိတ်က ဖြစ်ရပ် တစ်ခုခု ရှိနေရမယ်လို့ သူ သဘောပေါက်မိတယ်....။

ငါလုပ်နေတာကလဲ ချိုထိုးဒိုင် ဆိုတော့ တစ်နေရာရာက မလျော်နိုင်လို့ ရှောင်တိမ်း လာရတာပဲ ဖြစ်မယ်ဆိုတာ သူ အသေအချာကို တွေးမိသွားတာပဲတဲ့....။

ဟား.... ဟား၊ အဲဒီတုန်းက ငါမှာ အူနှိပ်ပြီးကို ရယ်မိ တယ်ကွာ၊ ဘယ့်နှယ်၊ ဆယ်တန်းအထိပဲ ပညာသင်ခဲ့ပေမယ့် မိမိကြီးက လူကဲခတ် အဲဒီလောက်တော်နေဟာကို ငါသဘော မကျဘဲ၊ မချီးကျူးဘဲ ဘယ်နေနိုင်ပါတော့မလဲ။

သူ တွက်ချက်ပြတာတွေကလဲ တကယ့်ကို တဲ့ထိုးမှန်နေတော့ ငါမှာ အရှက်ပြေရယ်ရင်း သူ့ကို ချီးကျူးတဲ့အလုပ်ပဲ လုပ်နိုင် တော့တာပေါ့....။

အဲ... နောင်ဆိုရင် ဆင်ခြင်ရမယ့် သဘောသဘာဝတွေ ကိုလဲ နားလည်ခဲ့ရတာပေါ့ကွာ။

ဒီလိုနဲ့ ငါတို့ သာကေတက 'မဟာမြိုင်' တီးဟောက်(စ်)မှာ လေးလနီးပါး ဆက်နေခဲ့တယ်၊

အလုပ်ကတော့ အရင်အတိုင်း ပုံမှန်လည်ပတ်နေတာပါပဲ၊ ငါ့ညီဝမ်းကွဲ သုံးယောက်ကလဲ လုပ်ငန်းကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ထားနိုင်ပါတယ်၊

ဒိုင်ကိုင်တဲ့အလုပ်ဆိုတာက တစ်ဖက်သတ် အခွင့်အရေးယူ ထားတဲ့ အလုပ်ဆိုတာ မင်းကို ငါ ရှင်းပြီးပြီနော်၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ထစ်ဖက်သတ် အခွင့်အရေးရထားတဲ့ ငါတို့အနေနဲ့ ထွက်ချ ရာတွေ ထွက်လာတဲ့ ချုန်ပါတ်တွေကို အကွက် ငါးရာငါးဆယ် ပြည့်အောင် ကြိုးစားရောင်း၊ အကယ်၍ ပေါက်သွားရင် အဲဒီငွေ ပြန်လျော်၊ အဲ....ငါတို့ဘက်မှာ အခွင့်အရေးကျန်ခဲ့တဲ့ အကွက် လေးရာ့ငါးဆယ်ထဲက နံပါတ်တစ်ကွက် ထွက်လာလို့ကတော့ အလကား ရပြီပဲ၊

ဒီတော့ သုံးလေးပတ်မှာမှ တစ်ပတ်လောက် လျော်ရတဲ့ အလုပ်မျိုးကို လေးလလောက် လုပ်မိချိန်မှာ ငါ့အတွက် ငွေ တစ်သိန်းခွဲလောက် ထပ်စုမိလာတယ်။

ငါ့ညီဝမ်းကွဲတွေရဲ့ သတင်းလွှင့်ချက်က ပီပြင်ထားတော့ သာကေတဘက်မှာ ငါတို့က ရောင်းအားသိပ်ကောင်းတဲ့ ဒိုင် ဖြစ်နေပြီပဲ....။

မိမိကြီးနဲ့ ငါတို့ မိသားစုနဲ့ကလဲ အဆင်ပြေပါတယ်၊ မိမိကြီးက လူကဲခတ်ပညာတော်တော့ အမေနဲ့ရော၊ ညီမလေး နဲ့ရော၊ ငါ့ညီဝမ်းကွဲတွေနဲ့ပါ အဆင်ပြေပြေ ဆက်ဆံလို့ ရနေ တာပေါ့....။

ငါကလဲ မိမိကြီးကို လေးစားနေပြီဆိုတော့ ဘာမှ မကွယ် မဝှက်ဘဲ ငါ့အခြေအနေကို အမြဲပြောပြတယ်။

တိုင်ပင်တယ်၊ ယုဘ်စွအဆုံး လက်ဖက်ရည်ဆိုင် ရင်းနှီးငွေကို ဖယ်ထားပြီး ငွေပိုငွေလျှံ ဘယ်လောက် ရှိနေပြီဆိုတာကိုပါ အသိပေးတယ်၊ သူ့လက်ထဲ အပ်ထားတယ်...။





ဒီလိုနဲ့ ၇၇-ခုနှစ်ဆန်းပိုင်းလောက် အချိန်မှာ ငါ့လက်ထဲ ငွေပိုငွေလျှံက နှစ်သိန်းခွဲလောက် ဖြစ်နေပြီ၊ ဒီအချိန်မှာ မိမိကြီးက သူဆွဲထားတဲ့ အစီအစဉ်ကို ငါ့ကိုပြောပြတယ်၊ သူ့ အစီအစဉ်က ငါ့ဉာဏ်နဲ့ ဘယ်လိုမှ တွေးလို့မမီတဲ့ အစီအစဉ် မျိုး....။

အဲ....အစီအစဉ်သာဆိုတယ်၊ သူက ဘယ်တုန်းကထည်းက ကြိတ်ကြံစည်ထားသလဲ မသိဘူး၊ လုပ်မယ်ဆိုရင် ချက်ချင်း အကောင်အထည် ဖော်လို့ရတဲ့ အဆင့်ကို ရောက်နေပြီ၊ သူ့ မှတ်စုစာအုပ်လေးထဲမှာ လိပ်စာတွေ၊ အခန်း နံပါတ်တွေ၊ ကားနံပါတ်တွေ၊ ဈေးနှုန်းတွေက ရေးမှတ်ပြီးသား၊ အဆင် သင့်မှ တကယ့်ကို အဆင်သင့်၊ ခေတ်စကားနဲ့ ပြောရရင် 'ရယ်ဒီမိတ်'ပဲ သူငယ်ချင်း....။

သူက ပြောတယ်၊ ကိုဘဝကို ဒီလိုပဲ လျှောက်နေလို့ကတော့ ဘာမှ ထူးခြားလာမှာ မဟုတ်ဘူးပေါ့၊ ငွေနှစ်သိန်းခွဲ ဆိုတာ ကလဲ မြို့ထဲမပြောနဲ့ ဆင်ခြေဖုံးဖြစ်တဲ့ စမ်းချောင်းတို့၊တာမွေ တို့မှာတောင်မှ တိုက်ခန်းတစ်ခန်း ဝယ်နေနိုင်တဲ့ငွေမဟုတ်ဘူး၊

ဒီငွေလောက်နဲ့ကတော့ လုံးလည်ချာလည်နဲ့ တစ်ချိန်ချိန် ကံမကောင်းလို့ နှစ်ပတ်သုံးပတ် ဆက်လျော်ရရင် ပြောင်သွား မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သူက ငါ့ကို ဆုံးဖြတ်ခိုင်းတယ်၊ အခု လုပ်နေတဲ့ ချဲအလုပ်ကို ရပ်တန်းကရပ်ပြီး ရှိတဲ့ ငွေအရင်းအနှီးနဲ့ တခြား သမ္မာအာဇီဝကျတဲ့ အလုပ်တွေမှာ ဝင်လုပ်မလား၊ ဒါမှမဟုတ်ရင် သူဌေးဖြစ် ခွေးဖြစ် စွန့်စွန့်စားစားနဲ့ တိုက်တစ်လုံး ကားတစ်စီးနဲ့ ကိုယ်ပိုင်ငွေ အထုပ်အထည်ရှိတဲ့ အထိ ကြိုးစားကြမလားပေါ့....။

ကြိုးစားမယ် ဆိုတာကလဲ ချဲဒိုင်ကိုင်ပြီး စွန့်စားရမှာကို ဆိုလိုတာပါ....။

ဘဝ နောင်ရေးအတွက် လမ်းနှစ်သွယ်မှာ ကြိုက်တာကို ငါဆုံးဖြတ်ပါတဲ့၊ အခုလို သောင်မတင် ရေမကျ အနေအထားမျိုးကတော့ နောင်ရေးအတွက် စိတ်အေးရမှာ မဟုတ်ဘူး၊ ဒီတော့ သူ့ အနေနဲ့ တစ်ခုခုကို ပြတ်ပြတ်သားသား လုပ်လိုက်ချင်တယ်၊ တကယ်လို့ စွန့်စားကြမယ် ဆိုရင်လဲ တစ်နှစ်ဆို တစ်နှစ်တိတိပဲ စွန့်စားချင်တယ်....။

အဲ....တစ်နှစ်ပြည့်လို့ရှိရင် ရသမျှငွေနဲ့ လူ့ဘဝမှာ စည်းစိမ်ရှိရှိနဲ့ နေနိုင်တော့မှာမို့ ဒီချဲလုပ်ငန်းကို လုံးဝ ကျောခိုင်း စွန့်လွှတ်ပြီး စိတ်ချမ်းချမ်းသာသာနဲ့ နေကြရတာပေါ့တဲ့....။

ငါ တွေဝေသွားတယ်၊ ဟင်း.... ဟင်း တွေးရင်တော့လဲ ရယ်စရာ အကောင်းသား၊ အစက သိပ် ပြတ်သားတဲ့၊ သိပ် အဆုံးအဖြတ်ရဲတဲ့၊ သိပ်အကွက်မြင်တဲ့ မျိုးအောင်....။

ဒီတစ်ခါ ငါ့ထက် ဉာဏ်ရည်သာတဲ့လူနဲ့ တွေ့မှပဲ ဘာမှကို မပြောတတ် မဆိုတတ်နဲ့ မအူမလည်ကြီး ဖြစ်နေပြီလေ....။





ဟုတ်တယ်လေ ငါ့မှာက ရှေ့အတွက် ဘာအကြံအစည်မှ ရှိမထားပဲကွာ၊ ငါ့ လေလေလွင့်လွင့် ရှိနေတဲ့ဘဝကိုပဲ ရောင့်ရဲကျေနပ်နေခဲ့တာကိုး....။

သူပြောမှပဲ ငါ့ လက်ရှိဘဝရဲ့ အခြေမခိုင်ပုံကို စဉ်းစားမိတယ်....။

ဒီလို ဆက်စခန်းသွားနေရင် ကံမကောင်းချိန်နဲ့ ကြုံလို့က သုညကို ပြန်ရောက်သွားနိုင်တယ်ဆိုတာ အဲဒီအချိန်ကျမှ တွေးမိတော့တယ်....။

ဟော့ကောင် မင်း ငါ့ကို မယားကြောက်လို့ ရယ်ပွဲ ဖွဲ့ချင်ဖွဲ့နိုင်တယ်၊ ငါကတော့ ဘွင်းဘွင်းနဲ့ ရှင်းရှင်းပဲ၊ ငါက ငါ့ မယား မိမိကြီးကို ကြောက်တာ မဟုတ်ဘူး၊ သူ့ရဲ့ စိတ်ကူးဉာဏ် ထက်မြက်ပုံကို လေးစားတာ၊ အေးလေ မလိုသူတွေကတော့ ဒါကိုနားမလည်ဘဲ မယားကြောက်လို့ပဲ ဇွတ်ကြီးစွပ်စွဲနေရင်တော့ ခံရမှာပေါ့....။

အေး.... နားမလည်ဘူးဆိုလို့ ပြောရဦးမယ်၊ ငါ့ဆိုင်က မိတ်ဆွေတွေဆိုရင် ငါနဲ့မိမိကြီးတို့ ညားပြီး လေးလလောက် အထိ မိမိကြီးမှာ ဘာမှ မပြောင်းလဲလာတော့ (ကိုယ်ဝန်တွေ ဘာတွေ ရှိမလာတာကို ပြောတာကွ။)သူတို့ အထင်တွေ လွဲပြီ ဆိုတာ သိလာကြတယ်....။

ဒါပေမယ့် မိမိကြီးကို ဘာကြောင့် ငါလက်ထပ်လိုက်သလဲ ဆိုတာ အခုချိန်ထိ သူတို့ နားမလည်သေးဘူး....။



www.burmeseclassic.com

www.burmeseclassic.com



မင်းတော့ နားလည်ပြီလို့ ငါထင်တယ်ကွာ၊ ဟုတ်တယ်လေ ငါ့အခြေအနေနဲ့ တကယ့် အပျိုစင် သူဌေးသမီးကို သွားယူရင် ခုလောက်ဆို ဒုက္ခရောက်ပြီပေါ့....။

လင်မယား ဖြစ်လာပြီဆိုမှတော့ ငါတို့မိသားစုအကြောင်းတွေ၊ ငါ့အကြောင်းတွေကို နည်းနည်းတော့ ရိပ်မိလာမှာပေါ့။

အဲဒီအခါမျိုးမှာ အခု မိမိကြီးလို ငါ့အပေါ်မှာ နားလည်နိုင်ပါ့မလား၊ ခွင့်လွှတ်နိုင်ပါ့မလား၊ ဝေး....ဝေးသေးရဲ့။

ပြီးတော့ သူဌေးသမီးပီပီ မြို့ထဲသွားမယ်၊ လျှောက်လည်မယ်၊ စားကြသောက်ကြမယ်၊ အဲဒါမျိုးတွေလုပ်ဖို့ ငါ့ကိုပူဆာမှာပေါ့....။

သူ့ ယောကျ်ားကို ဆွေမျိုးတွေ အစုံအလင် တွေ့ရမယ့် မင်္ဂလာစာပွဲတို့၊ အလှူပွဲတို့ကိုခေါ်ပြီး ဆွေပြမျိုးပြလုပ်မှာပေါ့။

အဲဒါဆို ငါသေပြီ၊ ငါ့ကို ဂွတ္တလစ်တို့၊ မြောက်ဥက္ကလာပတို့က လူတွေက မတွေ့ဘဲနေမှာမဟုတ်ဘူး၊ တွေ့ရင် ပြဿနာက တက်ဦးမယ်....။

အဲ.... ပြဿနာရှာမယ့်လူ မဟုတ်ဘဲ ရိုးရိုး သတင်းပေးတဲ့ လူပဲဖြစ်ပါစေဦး၊ ငါ့မိန်းမနဲ့ ဆွေမျိုးအသိုင်းအဝိုင်းက ငါ့ကို ခွင့်လွှတ်ပါ့မလား၊ ငါထင်ပါတယ်ကွာ၊ တစ်လ မခံပါဘူး၊ ကွာရှင်းပြတ်စဲခြင်း သတင်းမှာ ငါ့နာမည်ကြီး ထင်းခနဲပါလာမှာ။

အဲဒီအချက်တွေကြောင့် ငါမုဆိုးမ မိမိကြီးကို ယူခဲ့တာပဲ၊ ယူတုန်းက ဒီလောက် တော်မယ်လို့တော့ မထင်ဘူးပေါ့လေ။





အဲ.... ယူပြီးမှ စိန်ထုပ်ကောက်ရသလို တကယ့်တန်ဖိုးရှိတဲ့ မိန်းမမှန်း ပိုသိလာတာ....။

ဒီတော့ သူ့ကို ငါလေးစားတယ်ကွာ၊ ကြောက်တာမဟုတ်ဘူးဟေ့၊ လေးစားတာကွ၊ လေးစားတာ သိရဲ့လား....။

အခုလဲ သူ့စိတ်ကူး အကြံဉာဏ်ကို လေးစားလို့ ငါ သူ့ကိုပဲ ဆုံးဖြတ်ဖို့ အခွင့်အရေး ပေးလိုက်တယ်....။

မိကြိုက်ရာလမ်းကိုရွေးပါ၊ မောင်က အိမ်ဦးနတ်မို့ မောင့်အဆုံးအဖြတ်အတိုင်း မိ တစ်သက်လုံး နေသွားဖို့ ဆုံးဖြတ်တာ ကျေးဇူးတင်ပါတယ်....။

ဒါပေမယ့် မိနဲ့မောင်က လင်မယား၊ ဆိုးတူကောင်းဖက် နေရမှာ၊ ကဲ....ဒီတစ်ခါမိကြိုက်သလို စီစဉ်၊ မောင်ဘာမှ ဝင်မစွက်ဖက်ဘူး၊ မိ အကြံအတိုင်း ဖြစ်အောင် မောင် ကြိုးစားပေးမယ် ဟုတ်ပြီလား....။

ငါက သူ့ကို ဆုံးဖြတ်လုပ်ကိုင်ခွင့် အပြည့်အဝ ပေးလိုက်တယ်၊ ဟုတ်တယ်လေ ဒီစိတ်ကူး အကြံအစည်ကို သူစပြောကတည်းက သူလဲ ပိုင်ပိုင်နိုင်နိုင်ရှိလို့ ပြောတယ်ဆိုတာ ငါ သိတာပေါ့....။

ဒီတော့.... အစစအရာရာ အဆင်သင့် စိတ်ကူးထားပြီးတဲ့ သူ့ကို ဘာမှ တွေးတောင် တွေးမထားရသေးတဲ့ ငါက အခွင့်အရေး ပေးရမှာပေါ့....။



www.burmeseclassic.com

www.burmeseclassic.com



ထာရှားပါတယ် နော်၊ ကြောက်လို့ မဟုတ်ပါဘူးနော်၊ သဘောပေါက် သိလား....။

ဒီမှာတင် ငါ့အတွက် အံ့ဩစရာအစီအစဉ်တွေကို ကြားရတော့တာပဲ၊ မိမိကြီးရဲ့အစီအစဉ်ကို နားထောင်ရင်း ဟာကွက် လွတ်ကွက်တွေ ရှာကြည့်တယ်၊ တစ်ခုမှ မတွေ့ဘူး....၊ အဲ.... ငါအံ့ဩမိတာ တစ်ခုပဲ ရှိတယ်။ ဒီအစီအစဉ်အတွက် သူကြိုတင် စုံစမ်းထားပြီးတဲ့ တိုက်တွေ၊ ကားတွေ၊ ဆိုင်တွေ ကိစ္စပဲ....။

ဒါပေမယ့် မိမိကြီးပဲလေ၊ တခြားလူမှ မဟုတ်တာ၊ စိတ်ထဲ အံ့ဩမိပေမယ့် ထူးဆန်းတယ်လို့တော့ ငါမထင်ပါဘူး၊ သူ့အရည်အချင်းကို ငါ သိနေပြီပဲဟာ၊ မဟုတ်ဘူးလားကွာ။

* * *

ငါ့မိန်းမ မိမိကြီး အကြောင်း မှန်းပြီး ရှင်း မှန်းနေလို့ မင်းတော့ ငါ့ကို အမြင်ကပ်နေရောမယ်၊ အမြင်ကပ်မှ ကပ်ရော ကွာ၊ ငါကတော့ သူ့အကြောင်း အမွှန်းမတင်ဘဲကို မနေနိုင်ဘူး....။





မင်းကို ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောပြလိုက်တော့မယ်။ မင်းနဲ့ငါနဲ့ မင်္ဂလာဈေးမှာ စတွေ့တော့ ကားတွေ တိုက်တွေ၊ ဆိုင်ခန်းတွေနဲ့ မျိုးအောင်ကို တွေ့ရတာ မဟုတ်လား....။

အေး၊ အဲဒီလို အနေအထားမျိုးနဲ့ မင်း ငါ့ကို တွေ့ရတာဟာ ငါတော်လို့ မဟုတ်ဘူး၊ မိမိကြီး တော်လို့ မိမိကြီးရဲ့ မဟာ စီမံကိန်းကြောင့် ငါ အဲဒီလို နေရတာ၊ ငါ့အကြံ၊ ငါ့စိတ်ကူးကြောင့် လုံးဝမဟုတ်ဘူး၊ ရှင်းရှင်း ဝန်ခံရရင် ငါ့မှာ အဲဒီလောက်အထိလဲ ဦးနှောက် မရှိဘူး....၊

ငါ့ဦးနှောက်က ရှေ့တစ်ဖာလုံလောက်အထိပဲ အလှမ်းမီတဲ့ ဦးနှောက်ဆိုရင်၊ မိမိကြီးက ရှေ့အတွက် တစ်မိုင်လောက်အထိ ကြိုတွေးနိုင်တဲ့ မိန်းမမျိုး၊ အဲဒီလောက် တော်နေလို့လဲ အဲဒီလို အမွှန်းတင်နေရတာပေါ့၊ ရှင်းလား....။

မင်းကို တစ်ခုချင်း ရှင်းပြမယ်၊ ကဲ.... မင်္ဂလာဈေးထဲက ငါ့အလှကုန်ဆိုင် မင်းအမြင်မှာ ဘယ့်နှယ့်နေသလဲ၊ အရောင်းအဝယ် ကောင်းတာ မကောင်းတာ ထည့်မစဉ်းစားနဲ့နော်၊ အစကတည်းက သိပ်ရောင်းချင်တဲ့ဆိုင် မဟုတ်ဘူး၊ ဈေးဝယ်သူလာရင် အလုပ်ရှုပ်လို့ လူရှုပ်လို့ စိတ်တောင် ညစ်ရသေး....။

ငါဆိုလိုတာက ငါ့အလှကုန်ဆိုင်ရဲ့ ခင်းကျင်းမှု၊ ထည့်ဝင်မှု အဲဒါတွေ ပြည့်စုံရဲ့လားလို့ ဆိုလိုတာကွ ဒီလို ဆိုင်မျိုး တစ်ဆိုင်ရဲ့ တန်ဖိုးကို လူပြိန်းတွက် တွက်မယ်ဆိုရင် သိန်း နှီ ပါး တန်ဘာယ်ထင်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ၊ မင်္ဂလာဈေးထဲမှာ ဆိုင်ခန်းဈေးထောင် သူ့နေရာနဲ့သူ သုံးလေးသောင်းကနေ တစ်သိန်းနီးပါးအထိ ဈေးပေါက်နေတာပဲဟာ၊ ငါ့ဆိုင်ရဲ့ အဆင်အပြင်နဲ့ အထဲက ထောင်ကျော်တန်အထိ ရှိတဲ့ အလှကုန်ပစ္စည်းမျိုးစုံရဲ့ တန်ဖိုးတွေကို ထည့်တွက်ရင် တစ်သိန်းလောက်တော့ တန်ဖိုးဖြတ်ကြပေမပေါ့....။

အေး၊ အဲဒီဆိုင်တစ်ဆိုင်လုံးအတွက် မိမိကြီးရင်းနှီးထားတဲ့ ငွေက တစ်သောင်းခွဲ မကျော်ဘူး၊ ဘာလဲ၊ မင်းမယုံဘူးလား၊ ယုံလိုက် သူငယ်ချင်း၊ မျက်စိမှိတ် ယုံလိုက်....။

အဲဒါ....တခြားလူလုပ်တာမဟုတ်ဘူး၊ မိမိကြီးလုပ်တာကွ၊ ဒါကြောင့် ယုံလိုက် သိလား။

ဒီဆိုင်ရဲ့ တကယ့်ပိုင်ရှင်အစစ်က ကတော်ဟောင်း တစ်ယောက်၊ ယောကျ်ားကလဲ မရှိ၊ သားသမီးကလဲ အားမကိုးရတော့ ဆိုင်နေရာကို ရထားပေမယ့် ဘာရောင်းလို့ ဘာဝယ်ရမှန်းမသိ ဖြစ်နေတာ၊ အရောင်းအဝယ် မကျွမ်းကျင်ရင် ရှိတာလေးပါ ကုန်သွားမှာလဲ စိုးရိမ်တယ်လေ...။

ဒီမှာ ပွဲစားကတစ်ဆင့် မိမိကြီးနဲ့ ဆက်သွယ်မိပြီး တစ်လခြောက်ရာနဲ့ တစ်နှစ်စာ ခုနစ်ထောင်နှစ်ရာ ပုတ်ပြတ်ပေးပြီး ငှားထားလိုက်တာ၊ ပိုင်ရှင် အဘွားကြီးကလဲ ကြောက်တတ်တော့ ဒီလို ငှားစားတာ လူမသိစေချင်ဘူးလေ၊ ဒီတော့ တို့အတွက် ပို ကောင်း သွား တာ ပေါ့၊ ပတ်ဝန်းကျင်ကို





အဘွားကြီးကိုယ်တိုင်က သူ့တူနဲ့ တူမကို ဆိုင်လာဖွင့်ခိုင်းထားတာပါဆိုပြီး လေသံဟစ်ပေးရတဲ့အဆင့် ရောက်သွားတယ်....။

ဆိုင်ကို ရှိုးကေ့(စ်)တွေ ဘာတွေနဲ့ လှပခံ့ညားသွားအောင်ပြင်တာက သုံးထောင်ကျော်လောက်ကျသွားတယ်....။

ဒါပေမယ့် အဲဒီလောက် ကုန်ရတာ ကုန်ရကျိုး နပ်ပါတယ်ကွာ၊ ဆိုင်က မင်းမြင်တဲ့အတိုင်း အရမ်းကို လူအထင်ကြီးစရာ ဖြစ်သွားတယ် မဟုတ်လား။

အေး၊ မိမိကြီးတို့တော်ပုံများ ဆိုင်မှာ ပုံသေထိုင်မယ့် ငါ့ကို လူသိပ်မတွေ့အောင် ငှားတဲ့ဆိုင်ခန်းကို လူသွားနည်းတဲ့ နေရာမှ ရွေးငှားပေးတယ်၊ ပြီးတော့....ရှိုးကေ့(စ်) အမြင့်ကြီး လုပ်ပေးထားတော့ ငါ့ကို မြင်ဖို့ဆိုတာ အင်မတန်မလွယ်တဲ့ ကိစ္စပဲ၊ မြောက်ဥက္ကလာနဲ့ ဂွတ္တလစ်က အန္တရာယ်ကောင်တွေရဲ့ရန်ကို ကြိုတင်ကာကွယ်ထားတဲ့ သဘောပေါ့....။

ဆိုင်မှာ တင်ထားတဲ့ အလှကုန်တွေကလဲ အမြင်သာလှတာ တချို့ဟာတွေက ဘူးခွံပဲရှိတယ်၊ တကယ်ရှိတဲ့ ပစ္စည်းကျပြန်တော့ ဘူးခွံကို နောက်ကရှိုးကေ့(စ်)ကြီးထဲမှာ ထည့်ပြထားပြီး တကယ့်ပစ္စည်းက ရှေ့က ရှိုးကေ့(စ်)ထဲမှာ အလှပြထားတာ....။

ပြီးတော့....တစ်ဆိုင်လုံးရဲ့ ပစ္စည်း သုံးပုံတစ်ပုံလောက်က မိမိကြီးရဲ့အသိ ဗိုလ်ချုပ်ဈေး အလှကုန်ဆိုင်ကနေ မိမိကြီး



www.burmeseclassic.com

www.burmeseclassic.com



က ကော်မရှင်ပဲ အမြတ်ယူပါမယ် ဆိုပြီး၊ ယူထင်ထား တာတွေ….။

ကဲ….မင်းဘာပြောဦးမလဲ သူငယ်ချင်း။ တစ်သောင်းခွဲ လောက်နဲ့ တစ်သိန်းဖိုးလောက် လူ အထင်ကြီးအောင် မီမီကြီးတို့ လုပ်ပြသွားတာလေ….။

ကဲ….ငါစီးနေတဲ့ကား ဖင်မလီယာ တစ်ခါး လေးပေါက် မင်း ဘယ်လောက် တန်ဖိုးဖြတ်မလဲ တစ်သိန်းနှစ်သောင်း ပတ်ဝန်းကျင်မှာ ဈေးပေါက်နေတာနော်….။

ဒါပေမယ့်၊ အဲဒီကားမျိုးခေတ်စားနေချိန်က ကိုယ်ပိုင် ဝယ်စီးတဲ့ သူတွေထဲမှာ ခုတော့ အထည်ကြီးပျက်ဘဝ ရောက်နေတဲ့ လူတွေလဲ မနည်းဘူးကွ။ ဒါကြောင့်လဲ ဘား လမ်းတို့၊ မောင်ခေါင်လေးလမ်းတို့၊ တောင်ဥက္ကလာပတို့မှာ ဂိတ်ထိုးပြီး နာရီနဲ့ အငှားလိုက်နေတဲ့ကားတွေ မှိုလိုပေါက် နေတော့တာပေါ့….။

ဒါပေမယ့် မီမီကြီးက အဲဒီဂိတ်တွေမှာ ဝင်ဖွားခဲ့တဲ့ ကား ကို လုံးဝ မစဉ်းစားဘူး။ ဂိတ်ကို တစ်ကြိမ်တစ်ခါမှ ဝင်မထိုး ဘူးဘဲ ခုမှငှားချင်နေတဲ့ ကားအုံနာကို ပွဲစားတွေက တဆင့် ရအောင် စုံစမ်းယူတယ်၊ ၈ ပေါ် ငွေ နှစ်သောင်း တင်ပြီး တစ်လလေးထောင်နဲ့ ပုတ်ပြတ်ငှားလိုက်တယ်….။

အစက တစ်လမှ သုံးသောင်းအလွန်ဆုံးပေါ့၊ ငါတို့ငှားတဲ့ အချိန်မှာမှ ဓာတ်ဆီဈေးတွေက ငါးဆယ်ကျော်၊ ခြောက် ဆယ် ဖြစ်နေလို့ အုံနာတွေက ဈေးကိုင်လာကြတာ….။





ဒါလဲ့ တို့အတွက် မနစ်နာပါဘူး။ အဲဒီဖင်မလီယာကားက၊ စီးတာမှ မဟုတ်ဘဲ၊ မနက်ပိုင်း ဈေးကို အလာ တစ်ခေါက်၊ ညနေပိုင်း ဆိုင်သိမ်းတစ်ခေါက် အဲဒီအချိန်လေးပဲ စီးတာ၊ ကျန်တဲ့အချိန်ကတော့ ဓာတ်ဆီသွားထုတ်ချိန်က လွဲပြီး ဒီ အတိုင်း ရပ်ထားတာပဲ….။

မင်္ဂလာဈေးရှေ့က ကားရပ်တဲ့ နေရာမှာ တို့ကားက အမြဲတမ်းသားသားနားနား နေရာယူထားတာ၊ သားနားဆို ကားငှားပြီးတဲ့ နေ့မှာတင် မီမီကြီးက နောက် ဆုံး ပေါ် ပလပ်စတစ် အလှဆင်တဲ့အပြားငွေ လေးငါးရာဖိုးလောက် အကုန်အကျခံပြီး မြင်တာနဲ့ မျက်စိထဲမှာ ထင်းကနဲဖြစ်သွား မယ့် ဒီဇိုင်းပုံစံဖြစ်အောင် အလှဆင်လိုက်တာကို….။

သူ့မူရင်းအုံနာတွေတောင် နံပါတ်ပြား မတွေ့လို့ကတော့ သူတို့ကားကို မှတ်မိဖို့ မလွယ်ဘူး၊ အဲဒီလောက်ကို သားနား သွားတာ….။

ဘာလဲ၊ မင်းစိတ်ထဲမှာ တစ်လ လေးထောင်အကုန်ခံ ကားငှားပြီး ဘယ်မှမစီးဘဲနေလို့ ငွေဖြုန်းပစ်တယ် ထင် ချင်နေလား။ မှားမယ် သူငယ်ချင်း၊ မှားမယ်။ မီမီကြီးပြော သလိုပြောရရင် ဒီကားက ဓာတ်ဆီပြန်ရောင်းတာတင် နှစ် ထောင်ကျော် ပြန်ရနေတာ။ ဒီတော့ တကယ့် ကုန်ကျစရိတ်က နှစ်ထောင်နီးပါးပဲ ရှိတော့တယ်….။



www.burmeseclassic.com

www.burmeseclassic.com



အဲ....တို့အိမ်ကနေ ဒီမင်္ဂလာဈေးကို လေးဘီးနဲ့ အသွားအပြန်စီးရင် တစ်ခေါက် အသွား တစ်ဆယ့်ငါးကျပ်၊ အပြန် တစ်ဆယ့်ငါးကျပ် သုံးဆယ်လောက် ကျမယ်၊ တစ်လမှာ ပိတ်ရက်တွေဖယ်ဦး.... ရက်နှစ်ဆယ်ကျော် ဖွင့်ထားတော့ အသွားအပြန်စရိတ်က ခုနစ်ရာနဲ့ ရှစ်ရာကြားမှာ ရှိနေမယ်၊

အဲဒီလို ခေါက်ဆီရောင်းပြီး ပြန်ရမယ့်ငွေနဲ့ တကယ်ကုန်မယ့် လမ်းစရိတ်ကို ဖယ်လိုက်ရင် ကားငှားတဲ့အတွက် အပိုကုန်တာက တစ်ထောင်ကျော်ပဲ ရှိတော့တယ်....၊

ဒါပေမယ့် အဲဒီတစ်ထောင်ကျော်ကလဲမင်္ဂလာဈေးရှေ့မှာ တစ်နေ့လုံး ရပ်ထားတာနဲ့တင် တန်နေပြီတဲ့....၊

အဟန့်ခလက္ခာ၊ အဟန့်၊ သူဌေးမျိုးအောင်ရဲ့ ကိုယ်ပိုင် ကားကြီးတစ်စီး မင်္ဂလာဈေးရှေ့မှာ ထင်ထင်ရှားရှား ရပ်နေ တာကို ဈေးသူဈေးသားတွေ မြင်နေဖို့အတွက် တစ်လ တစ် ထောင်ကျော် ရင်းနှီးထားရတာပါတဲ့လေ....၊

ကားပိုင်ရှိတယ်ဆိုတဲ့ ဂုဏ်ကို ရဖို့အတွက် တစ်လ ငွေ တစ်ထောင်ကျော် ရင်းလိုက်ရတာပေါ့....၊

ကဲ....နောက်ဆုံး ငါတို့ လင်မယားနှစ်ယောက်တည်းနေတဲ့ ပါရမီက ခြံနဲ့တိုက်၊ ငါ့တိုက်ကို မင်း နောက်ပိုင်း တစ်ခါ လာ၊ နှစ်ခါလာ လိုက်လည်ဖူးတယ် မဟုတ်လား....၊

ဘယ့်နှယ့်နေလဲ၊ သားနားတယ်နော်၊ တို့ လင်မယား အိပ်ခန်းမှာဆို အအေးစက် တောင်မှ တပ်ထားသေးတာ၊





နောက်ဆုံးပေါ် ပစ္စည်းတွေ၊ ဆိုဖာတွေ၊ ရေခဲသေတ္တာတွေနဲ့ အစုံအလင်ပဲနော်၊ မင်း အဲဒီခြံနဲ့ တိုက်ကို ကြည့်ပြီးတာနဲ့တင် အနည်းဆုံး ဆယ်သိန်းတော့ တန်မယ်လို့ တန်ဖိုးဖြတ်မှာပဲ မဟုတ်လား ဟား....ဟား၊ ဒီတစ်ခါတော့ မင်းလွဲခံလိုက်ရပြီ၊ မင်းက ငါ့တိုက်ကိုမြင်တာနဲ့ ငါ့ကို အနည်းဆုံး ဆယ်သိန်း တော့ ချမ်းသာနေပြီလို့ မလွဲမသွေ တွက်မှာပဲ၊ဟုတ်တယ်နော်၊

အေး မိမိကြီးလိုချင်တာလဲ အဲဒီအချက်ပဲ၊ အဲဒီလို အထင် ကြီးစေချင်လွန်းလို့ ဒီခြံနဲ့တိုက်ကို တစ်လ နှစ်ထောင့်ငါးရာနဲ့ တစ်နှစ်စာ သုံးသောင်း ငွေကြိုပေးပြီး ငှားထားတာပေါ့ကွာ၊

မင်းလဲ ကြားဖူးမှာပါကွာ၊ တစ်ချို့လူတွေက ငွေတွေ သိပ် ချမ်းသာတော့ ဒီလိုပဲ တိုက်တွေအပျံစားဆောက်ပြီး သံရုံးက အရာရှိတွေ၊ ငွေကြေးတတ်နိုင်တဲ့လူတွေကို တစ်နှစ်စာပုတ်ပြတ် ယူပြီး ငှားကြတာလေ၊ တစ်နှစ်ပြည့်လို့ ဆက်နေရင် ဈေးနှုန်း ထပ်ညှိပြီး ထပ်ငှားတာပေါ့....၊

သူကလဲ ဈေးတက်ချင်တက်မယ်၊ မင်းကလဲ ဈေးနှိမ်ချင် နှိမ်မယ် ဘာပဲဖြစ်ဖြစ် တစ်နှစ်ပဲ ထပ်ငှားမှာပဲ၊ ဈေးတည့်ရင် နောက်ထပ်တစ်နှစ် ဆက်နေကြဒါပဲ....၊

ကဲ....အခုငါ့ဆိုင်၊ ငါ့ကား၊ ငါ့တိုက်တွေအကြောင်း မင်း ကို အားလုံး ဖွင့်ပြောပြီးပြီနော်၊ အားလုံး တစ်နှစ်ခံပစ္စည်း တွေပဲဆိုတာ မင်းသိပြီ မဟုတ်လား၊ ပြီးတော့ တစ်ခုမှ ငါ ပိုင်ဆိုင်တာ မဟုတ်ဘဲ အားလုံး သူ့ပိုင်ရှင်နဲ့သူ ရှိတယ်ဆိုတာ လဲ သိပြီနော်၊



www.burmeseclassic.com

www.burmeseclassic.com



အေး ဒါပေမယ့် အခုတစ်နှစ်အတွင်းကတော့ ငါတို့ပိုင် နေဘာပေါ့၊ ဘယ်သူက ဒီလို တစ်နှစ်စာ ငှားထားတဲ့ ပစ္စည်း ဆိုဘာ သိနိုင်ပါ့မလဲ....။

ငါ့ပစ္စည်းတွေအကြောင်း ကြားနေရတာနဲ့ မိမိကြီးရဲ့ အစီ အစဉ် အကြောင်းတောင်မှ စကားပြတ်သွားတယ်....။

ဆက်တော့မယ်ကွာ၊ မိမိကြီးက တစ်နှစ်စွန့်စားကြတဲ့ နေရာ မှာ သူနဲ့ငါနဲ့ နှစ်ယောက်ပဲ စွန့်စားမယ်တဲ့၊ ကျန်တဲ့ ငါ့အမေ၊ ငါ့ညီမနဲ့ သူ့ သားလေးကို ဘေးကင်းရန်ကင်း ရှိနေဖို့စီစဉ်မယ် ဆိုပြီး "မဟာမြိုင်တီးဟောက်(စ်)"မှာ ချဲဒိုင်တိုင်တဲ့ လုပ်ငန်း ကို ရပ်လိုက်ဘယ်....။

ရပ်တာမှ လုံး၀ကိုရပ်လိုက်တာ ဖောက်သည်တွေရပြီးသား ဆိုတော့ ချဲလုပ်ငန်းမဟုတ်ပေမယ့်လဲ ဆိုင်က အရောင်းအ၀ယ် ကောင်းနေတာပဲ၊ တို့က ဒိုင်မကိုင်ပေမယ့် လက်ဖက်ရည် သောက်ရင်း ချဲဘွက်တဲ့အုပ်စုတွေကလဲ ပိုနေမြဲ ကြားနေမြဲ တွက်နေချက်နေကြတာပဲ၊ ဆိုင်မှာလာဆိုင်တဲ့ ဒိုင်တွေ ဆီမှာ သူတို့ဘာသာထိုးကြ၊ လျှော်ကြနဲ့ ဆိုင်ကတော့ ခည်ကားနေ တာပါပဲ....။

မိမိကြီးက သူ့ သားလေးအတွက် အဖေ အဆင်ပြေဖို့ ငါ့ ညီမ မှုမကို အပ်တယ်၊ ဆိုင်မှာ ငါ့အမေနဲ့ ညီမလေးနှစ်ယောက် ထဲဆို နိုင်မှာမဟုတ်မှန်းသိတော့ လူရည်အလည်ဆုံး လှ၀င်းကို "မဟာမြိုင်တီးဟောက်(စ်)ရဲ့ ကိစ္စအ၀အတွက် တာ၀န် ပေးလိုက်တယ်။





ဆိုင်ရဲ့၀င်ငွေက မသေးတော့၊ အမေ၊ ညီမလေးနဲ့ သား လေးအတွက် နောက်ပိုင်းက စိတ်အေးရပြီလေ၊ အမေနဲ့ ညီမလေးက ငွေကိုင်ပြီး လှ၀င်းက လုပ်ငန်းကို အုပ်ချုပ် စီမံကြတာပေါ့....။

နောက်ကျောဘက်က လုံပြီဆိုမှ တို့အဖွဲ့ရှေ့ဆက် ချီတက် ကြတယ်၊ စွန့်စားကြတော့မယ်လေ....။

ဒီမှာ မိမိကြီးအစီအစဉ်အတိုင်း ကားငှား၊ တိုက်ငှား၊ ဆိုင်ခန်းငှားနဲ့ အလုပ် အတော်ရှုပ်သွားတယ်၊ လှအောင်နဲ့ လှမောင်ကတော့ တို့နဲ့အတူ အလုပ်လိုက်လုပ်ပြီး ညကျမှ သာကေတကို ပြန်အိပ်ကြတာပေါ့....။

မိမိကြီးက သူ့ အစီအစဉ်အတိုင်း သူ့ကိုယ်တိုင် ထိုင်ဖို့ လက်ဖက်ရည်ဆိုင်ဖွင့်လို့ ကောင်းမယ့် နေရာ တစ်နေရာကို ဈေးကြီး ပေးငှားလိုက်တယ်....။

ပြီးတော့ လှအောင်နဲ့ လှမောင် ညီအစ်ကိုကို သူလိုချင်တဲ့ ပုံစံအတိုင်း လက်ဖက်ရည်ဆိုင်ကို ပြင်ဆင်ခိုင်းထားပြီး ငါတို့ လင်မယားကတော့ အလှကုန်ဆိုင် ကားနဲ့ တိုက်တွေကို သေချာ ပြင်ဆင်ကြတာပေါ့။

မကြာပါဘူး။ ငါတို့လုပ်ငန်းလေးက စတင်လည်ပတ်လာ တယ်၊ ပထမတော့ တစ်ရာဒိုင်ပဲ စ ကိုင်တာပေါ့၊ မကြာလာဈေး

www.burmeseclassic.com



ထဲမှာ အသိအကျွမ်းက တဖြည်းဖြည်းများလာသလို၊ ငါတို့ အရှိန်အဝါ အဟန့်ကလဲ ကောင်းတော့ ရောင်းအားလည်း မဆိုးလှပါဘူး၊ ပထမ စ လုပ်တဲ့ နှစ်ပတ်မှာ တစ်ပတ်ပဲ ငွေသုံးဆယ်ဖိုး လျှော်ရတယ်၊ ဒါလောက်ပဲ လျှော်ရတော့ မြတ်တာပေါ့....။

ဒုတိယပတ်မှာတော့ ဒိုင်စားလိုက်ရတယ်၊ အဲဒီအချိန်မှာ မင်္ဂလာဈေးထဲက လူတွေအတော်များများနဲ့လဲ ရင်းနှီးနေပြီလေ....။

ဒီမှာ မိမိကြီးရဲ့ ဒုတိယခြေလှမ်း စ ပြီ၊ အိမ်မှာ ဘုရားအနေကဇာတင်ပွဲနဲ့ ဘုရားကိုးဆူ ကပ်လှူပူဇော်ပွဲ လုပ်မယ်ဆိုပြီး ဖိတ်စာအပုံစားရိုက်၊ တစ်ဈေးလုံးကို ဖိတ်စာဝေတယ်။

ဈေးထဲက မဟုတ်တဲ့ ရင်းနှီးပြီးသား ချဲထိုးသားတွေကိုလဲ ဖိတ်စာဝေတာပဲ၊ သူကိုယ်တိုင် ဖိတ်စာ လိုက်ဝေတာနော်၊ အတော် အပင်ပန်းခံနိုင်တဲ့ မိန်းမ....။

“ဆက်ဆက်လာခဲ့နော်၊ မလာရင် စိတ်ဆိုးမှာ သိလား၊ မိ တို့က ရင်းနှီးတာ မကြာသေးပေမယ့် မမတို့ကို တကယ့်ဆွေမျိုးရင်းချာလို ခင်နေလို့ တကူးတက လာဖိတ်တာနော်၊ တစ် အိမ်သား လုံး သာ ခေါ်ခဲ့၊ အားနာရမယ့် လူတွေ မဟုတ်ဘူး”

“ဟေ့.... ဖိတ်စာ စာရွက်ကို ခဲ့ လျှောက်တွက်ပစ်ပြီး လိပ်စာမေ့နေလို့ မလာဖြစ်ဘဲ နေဦးမယ်နော်၊ သေချာသိမ်းထား၊ လာဖြစ်အောင်လဲ လာခဲ့၊ ဒံပေါက်ကျွေးမှာ”....။





“ဦးလေးကြီးနော်၊ မိက ဦးလေးကြီး ကုသိုလ်ရအောင် သေချာလာဖိတ်တာ၊ မေ့လဲ မနေနဲ့ဦး၊ အိမ်မှာ ပိုက်ဆိုင်း ကောင်းနေလို့ မလာဘဲလဲ မနေနဲ့၊ ငရဲကြီးတဲ့ အလုပ်လုပ်တယ်ဆိုတာ ကုသိုလ်လေးလဲ မျှယူထားဦးမှ ဖြစ်မှာ၊ ခဏ ဖြစ်ဖြစ် တော့ ရောက်အောင် လာခဲ့ပေါ့”....။

“ကဲ... ငါမောင်တို့အဖွဲ့က လူအင်အားများတော့ ဖိတ်စာ တစ်စောင်တည်းရေးရင် သူ့ လွှဲချ ငါလွှဲချ လုပ်နေဦးမယ်၊ ရော့ ဒီမှာ တစ်ယောက်စီ နာမည်နဲ့ကို ဖိတ်စာတွေခွဲရေးထားတယ်၊ မလာရင်တော့ မမိတို့ကို မခင်လို့ မလာတာပဲလို့ အောက်မေ့လိုက်မှာပဲ....”

လူက အပင်ပန်းခံနိုင်သလို ပါးစပ်ကလဲ ပြောနိုင်လိုက်တဲ့ မိန်းမကွာ၊ ဈေးထဲက လူတန်းစား အမျိုးမျိုးကို ဘယ်သူမှ မလာဘဲ မနေနိုင်အောင် ပြောတာ၊ သူကိုယ်တိုင်လဲ လာဖိတ်၊ ပါးစပ်ကလဲ မလာချင်လာချင်အောင် ပြောတော့ ငါတို့အလှူပွဲရဲ့ စည်ကားချက်ကတော့ အံ့မခန်းပဲ တင်မောင်ရေ့....။

နောက် တစ်ရက် နှစ်ရက်အထိ မင်္ဂလာဈေးထဲမှာ ငါတို့ အလှူပွဲ အကြောင်းက စကားဝိုင်းတိုင်းမှာ မပါမဖြစ်တဲ့ အကြောင်းတစ်ခု ဖြစ်သွားတယ်....။

ဟုတ်တယ်လေ၊ နီလာဒံပေါက်ကို အော်ဒါမှာပြီးကျွေးတယ်၊ လူတွေ များလွန်းလို့ ပန်းခြံထဲမှာ ထိုင်ထိုင်၊ အိမ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ထိုင်၊ နောက်ဆုံး ဘုရားဝတ်ပြုဖို့တော့ အိမ်ထဲကိုဝင်ကြရတာပဲ မဟုတ်လား....။

ဒီမှာ အိမ်ထဲက အဆင်အပြင်တွေကို မမြင်ချင်လဲ ကြည့်တော့ ကြည့်သွားရတော့တာပဲ၊ ကြည့်ပြီးမှတော့ ငါတို့အိမ်လေးရဲ့ သားနားပုံကို စာဖွဲ့ကြရပြီပေါ့....။

မိမိကြီးရဲ့ ဒုတိယ ခြေလှမ်းက အဲဒါပဲ၊ တစ်ဈေးလုံးကို ငါတို့ လင်မယားရဲ့ လူနေမှုအဆင့်အတန်းကို ပြလိုက်တာဟာ သူ့ရဲ့ ဒုတိယ ခြေလှမ်းပဲ၊ ပိုက်ဆံတော့ အတော်လေး ကုန်သွားတာပေါ့ကွာ....။

ကုန်တာမှ ဒေါ်ပေါက်ဖိုး၊ ဆင်းတုတော်နဲ့ ကျောင်းဆောင်ဖိုးအပြင် သာကေတ အသီဆိုင်က ခဏငှားလာတဲ့ တီဗွီတိုရှိဘာ မှန်နှစ်ထပ်နဲ့၊ ဗွီဒီယိုစက် ဂျိဝမ်းဖိုက်ဖိုးလေး နှစ်ရာတောင်မှ အဆစ်ပါသွားသေးရဲ့၊ ဒါပေမယ့် ဒီ ငွေနှစ်ရာလေးက တို့လင်မယားရဲ့ ချမ်းသာကြွယ်ဝတဲ့ ငွေကြေး အတိုင်းအတာကို အလှူလာ ပရိသတ် တွက်ချက်တဲ့အခါ တစ်သိန်းဖိုးလောက် ဖိုတိုးလာတော့ တန်တယ်လို့ပဲ ပြောရမှာပေါ့နော်....။

ဘာပဲပြောပြော မိမိကြီးရဲ့အစီအစဉ်ကို အောင်မြင်တယ်လို့ ငါကတော့ အသိအမှတ်ပြုလိုက်ပါတယ်....။

ဘာလို့ဆိုတော့ အစက ဈေးထဲမှာ ငါ့ကို သူလိုကိုယ်လိုပဲ တန်းတူ ဆက်ဆံခဲ့တဲ့ ကောင်တွေတောင်မှ အလှူလာပြီးနောက် ပိုင်းမှာ လေးလေးစားစားနဲ့ ဆက်ဆံကြတာပဲ



ကိုယ့်ထက် ငွေကြေး ချမ်းသာတဲ့ လူကို လေးစားကြရတာ ဓမ္မတာသဘောပဲ မဟုတ်လားကွာ....။

အဲဒီ သဘောတရားကို နားလည်တဲ့ မိမိကြီးက ငွေကုန်ကြေးကျခံပြီး မင်္ဂလာဈေးထဲက လူတွေရဲ့ ယုံကြည်လေးစားမှုကို ဝယ်ယူလိုက်တာပါပဲ....။

အလှူပွဲပြီးတဲ့ နောက်အပတ်မှာ မိမိကြီးက နှစ်ရာဒိုင်ပြောင်းကိုင်တယ်၊ ထိုးချင်တဲ့ထိုးသားက ငါ့အစပိုင်းတုန်းက ပြောခဲ့သလို ငါ့ဆီ လာဆက်သွယ်....။

ငါကမှ တစ်ဆင့် စားပွဲထိုး လုပ်နေတဲ့ ငါ့ညီဝမ်းကွဲတွေ လက်ထဲ ငွေနဲ့ နံပါတ်တွေ ထည့်ပေးလိုက်တာပဲ၊ မိမိကြီးကတော့ ကောင်တာမှာ ထိုင်ပြီး လက်ဖက်ရည်ဆိုင် ကိစ္စလဲ ကိုင်တွယ်၊ ချဲဘောက်ချာလဲ ဖွင့်ပေါ့ကွာ....။

အလှူပွဲရဲ့ အကျိုးကျေးဇူးက ဒီမှာတင် တိုက်ရိုက် ခံစားရတာပဲ၊ အဲဒီအပတ်က စ,ပြီး ထိုးသားတွေ များလာတယ်၊ ရောင်းအား မတရားကောင်းလာတယ်....။

ဒါပေါ့ကွာ၊ အစက ငါတို့အခြေအနေကို သေချာ မသိသေးတော့ တစ်ရာဒိုင် ကိုင်တာတောင်မှ နှစ်ဆယ်ဖိုး,အစိတ်ဖိုးလောက်ကို မယုံမရဲနဲ့ လာထိုးနေကြတာ၊ အခုလို ခြံနဲ့တိုက်တွေ တီဗွီနဲ့ ဗွီဒီယိုစက်တွေ၊ မော်တော်ကားတွေကို မြင်သွားကြပြီဆိုတော့လဲ နှစ်ရာကွက်ကို တစ်ယောက်တည်းတင် စိတ်ချလက်ချ လာထိုးကြပြီပေါ့....။

ဒုတိယ အကြိမ်

www.burmeseclassic.com



ငွေတစ်သိန်း တစ်သောင်းလောက်ကတော့ လျှော်နိုင်တယ် ဆိုတာ သေသေချာချာ စိတ်ချ ယုံကြည် သွားကြပြီပေါ့....။

မိမိကြီးကလဲ လျှင်တယ်၊ ချက်ချင်း ရာထူး တက်မယူဘူး၊ နှစ်ရာဗိုင်ဘဝမှာ သုံးပတ်လောက် စိတ်ရှည်ရှည်နဲ့ စောင့်တယ်၊ သုံးပတ်မှာ တစ်ပတ်ပဲ တစ်သောင်းလောက် စိုက်ရပါတယ်....။

ကျန်တဲ့ နှစ်ပတ်ကတော့ အကွက်သေးလေး နည်းနည်း ပါးပါး လျှော်ရတာကလွဲပြီး တစ်ပတ်ကို ငါးသောင်းလောက် ရလိုက်ဘယ်၊ တစ်သောင်းလောက် အကုန်အကျခံပြီး လုပ်တဲ့ အလှူပွဲလေးရဲ့ ကျေးဇူးပေါ့ကွစ....။

ဈေးထဲက တခြားဗိုင်တွေရော၊ ထိုးသားတွေကရော ငါတို့ မြတ်တယ် ဆိုတာကို သိကြပါတယ်....။

ပေါက်တဲ့လူကိုလဲ ငွေထုပ်ထုပ်ပြီး ကိုယ်တိုင် ချက်ချင်းသွား ပို့တာဆိုတော့ တို့အပေါ်မှာ ယုံကြည်သထက်လဲ ယုံကြည် လာကြပါတယ်....။

ဒီအချိန်ကျမှ မိမိကြီးရဲ့တတိယခြေလှမ်းက စ,တော့တယ်၊ သူ့ဆိုင်မှာ ထိုင်တဲ့ အသိမိတ်ဆွေတွေကိုရော ဈေးထဲက သူ့ မိတ်ဆွေတွေ ငါ့မိတ်ဆွေတွေကိုပါ သူနဲ့ငါ ကြုံသလို စကား စ,ကြတယ်၊လက်ခွဲဗိုင်လုပ်ဖို့ စိတ်ချရမယ့်လူ လိုချင်တယ်ပေါ့၊ တစ်ရာဖိုး ရောင်းရရင် တစ်ဆယ့်ငါးရာခိုင်နှုန်း ကော်မရှင် ပေးပါမယ်ပေါ့....။





အရေးကြီးတာက အဲဒီ လက်ခွဲဗိုင်လုပ်မယ့် လူကိုယ်တိုင်က လဲ ငွေကြေး အခြေအနေလေးနဲ့၊ လုပ်ငန်း အခြေအနေလေး လူယုံကြည်အောင် ရှိဦးမှ ဖြစ်မှာဆိုတော့၊ အဲဒီလို အခြေအနေ မျိုးနဲ့ လက်ခွဲဗိုင်လုပ်ချင်တဲ့ လူများ တွေ့ရင် ပြောပါပေါ့၊အဲဒီ စကားကို ကြုံသလို ဖြန့်ကြတယ်....။

မင်္ဂလာဈေးထဲမှာ ဈေးရောင်းနေတဲ့ လူအတော်များများ ဟာ ဆွေမျိုး မိတ်ဆွေ အင်အား တောင့်တင်းကြတာပဲ....။

သူတို့ ဆွေမျိုး မိတ်ဆွေထဲမှာ တချို့လူတွေက စီးပွား ရေး လုပ်ငန်း လုပ်နေပေမယ့် သိပ်မအောင်မြင်လို့ ဝင်ငွေ မကောင်းတဲ့လူတွေ ရှိသလို၊ဌာနဆိုင်ရာတွေမှာ ရာထူးဌာနန္တရ လေး ရထားပေမယ့် ဝင်ငွေနဲ့ ထွက်ငွေ မမျှတလို့ ကျပ်တည်း နေတဲ့ လူတွေလဲ ရှိကြတာပဲ....။

ဒီလိုအချိန်မှာ ငါ့ရဲ့ ကမ်းလှမ်းချက်ကို ကြားတော့ ငါတို့ ကိုလဲ ယုံကြည်စိတ်ချရတဲ့ဗိုင် (အရမ်းချမ်းသာတဲ့ သူဌေး) လို့ ယုံကြည်ပြီးသား ဖြစ်နေတော့ သူတို့ရဲ့ ဆွေမျိုးတွေ၊ မိတ်ဆွေ တွေကို ခေါ်လာတယ်....။

အဲဒီတာဝန်ကတော့ ငါ့တာဝန် လုံးလုံးဖြစ်သွားပြီ၊ ငါက သူတို့ ခေါ်လာပေးတဲ့ လူရဲ့ ခွင်ကို လိုက်ပြီး အခြေအနေ လေ့လာ၊ဖြစ်နိုင်လောက်တဲ့ အခြေအနေရှိတဲ့လူဆိုရင် လုပ်နည်း လုပ်ဟန်တွေ၊ ငါထုတ်ထားတဲ့ စည်းကမ်းတွေ (ငါ့စည်းကမ်း တွေ မင်းကိုရှင်းပြပြီးပြီနော်)ပြောပြပြီး လုပ်ငန်းစ,လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ တစ်ခုတော့ ဂရုစိုက်ရတယ်၊ မင်္ဂလာဈေးထဲက မိတ်ဆွေတစ်ယောက်က ခေါ်လာတဲ့လူက တကယ်လို့ နှစ်ယောက်ဖြစ်နေရင် အခြေအနေ လိုက်ကြည့်ပြီး ပိုသင့်တော်မယ့်လူကို ရွေးလိုက်ရတယ်၊ နှစ်ယောက်စလုံးက အခြေအနေ ကောင်းနေလဲ တစ်ယောက်ကိုပဲ ရွေးယူတယ်....။

ဒီလို လူမျိုးတစ်ယောက်ကို လက်လွှတ် လိုက်ရတာ နာမှန်းသိပေမယ့် မတတ်နိုင်ဘူးလေ၊ ငါ့မှာ လက်ခွဲဒိုင် နှစ်ယောက်ရှိတယ်လို့ ဈေးထဲက မိတ်ဆွေတွေက ထင်သွားမှာကို ငါအထင်မခံနိုင်ဘူး၊ အဲဒီ မိတ်ဆွေတွေက တစ်ဆင့် ဈေးထဲမှာ အဲဒီသတင်း ပျံ့နှံ့သွားမှာကို ငါလုံးဝမလိုလားဘူး....။

ဟုတ်တယ်လေ၊ မင်းစဉ်းစားကြည့်၊ လက်ခွဲဒိုင် နှစ်ယောက်ရှိတယ် ဆိုကတည်းက တစ်ယောက်ကို နှစ်ရာဖိုးပဲ ရောင်းဦး၊ နှစ်ယောက်ဆိုတော့ လေးရာဖိုး၊ ငါတို့ကိုယ်တိုင် ကိုင်တာက အဲဒီအချိန်မှာ လေးရာဒိုင် ဖြစ်နေပြီ၊ ပေါင်းလိုက်ရင် ရှစ်ရာဖိုးဆိုတော့ လေးသိန်းလေးသောင်း၊ လျော်စရာရှိရင် လျော်ရမယ့်သဘော ဖြစ်နေတော့ ဟုတ်မှ ဟုတ်ပါ့မလားလို့ ထင်စရာဖြစ်လာမှာပေါ့....။

ဘာပဲဖြစ်ဖြစ် ငါတို့အလုပ်က လူတိုင်းယုံကြည်မှုရှိဖို့ အဓိကဆိုတော့ အဆင်အမြင် လွဲနိုင်တဲ့ ကိစ္စမျိုးကို တတ်နိုင်သမျှရှောင်ရတာပေါ့....။

နောက်ဆုံး ဘယ်လောက်အထိ သတိထားရသလဲ ဆိုရင်မင်္ဂလာဈေးထဲမှာ အုပ်စုမျိုးစုံ ရှိနေတော့ တစ်အုပ်စုထဲက





မိတ်ဆွေ နှစ်ယောက်က ခေါ်လာကြတဲ့ လက်ခွဲ ဒိုင်တွေကိုတောင်မှ တစ်ယောက်ကိုပဲ ရွေးထုတ်ယူတယ်....။

ဘာလို့ဆိုတော့ တစ်ချိန်ချိန်မှာ သူတို့ချင်း စကားစပ်မိပြီး ငါ့မှာ လက်ခွဲဒိုင်နှစ်ယောက်ရှိနေတာကို သိသွားမှာစိုးရိမ်လို့ပဲ။

အဲဒီလို အုပ်စုပေါင်းစုံက ရွေးထုတ်လိုက်တာ လက်ခွဲဒိုင်ဆယ်ယောက်ရတယ်၊ တစ်ယောက်ကို နှစ်ရာဖိုးအထိ ရောင်းခွင့်ပြုထားပြီး ငါတို့ကတော့ အစိုးရိမ်ရဆုံး အချိန်တွေပဲ တင်မောင်....။

မတော်တဆများ အားလုံးကွက်ပြည့် အထိုးခံထားရတဲ့ နံပါတ်များ ထွက်လာလို့ကတော့ ငါတို့ဘဝ ရေစုန်မျောပြီး တစ်ဆယ့်သုံးသိန်းကျော် လျော်ရမှာနော်၊ လျော်ဖို့အစီအစဉ်ကလဲ နဂိုကတည်းက ရှိမထားတော့ ပိုက်ဆံကလဲ သုံးလေးသိန်းလောက်ပဲ ရှိတော့ အရင်တုန်းကလိုပဲ ရှောင်ပြေးရတဲ့ဘဝကို ရောက်မှာကွ....။

ရှောင်ပြေးရမှာ ကြောက်လို့၊ ဂရုစိုက်လို့ မဟုတ်ပေမယ့် ငါတို့ ရည်မှန်းချက် မပြည့်ခင် သေချာစီစဉ်ထားတဲ့ အစီအစဉ်တွေ အားလုံး ပျက်စီးသွားမှာ ဆိုတော့ နှမြောတာပေါ့ကွာ။

ဒါပေမယ့် ငါတို့ ကံကောင်းပါတယ်၊ အနည်းအကျဉ်းလေးတွေ ပြန်လျော်ရတာကလွဲလို့ တစ်ခါမှ ချောက်ထဲမကျခဲ့ပါဘူး၊ အမြတ်တိုင်း လေးသောင်းနီးပါး မြတ်တဲ့ အဆင့်မှာတော့ ရှိနေပါတယ်....။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါပဲ အိတ်ထဲက တစ်သောင်းကျော် စိုက်ရဖူးတယ်၊ ရှင်းရှင်းပြောရရင် သာကေတက စွန့်ခွာလာပြီးကတည်းက တိုက်ရယ်၊ ဆိုင်ရယ်၊ အိမ်ရယ် ငှားခအပြင် ငါတို့လက်ထဲမှာ အသားတင်အမြတ် သုံးသိန်းခွဲလောက် စုမိဆောင်းမိ ဖြစ်လာတယ်၊ နဂိုရှိတဲ့ နှစ်သိန်းခွဲလောက်နဲ့ ပေါင်းတော့ ခြောက်သိန်းလောက် စုမိဆောင်းမိ ရှိနေပါပြီ....။

ဈေးထဲက ချပိုးတွေကလဲ အပတ်တိုင်း ငါတို့ မြတ်နေတာကို သိတော့ ငွေထုပ်ကြီးတော့ ပိုက်မိနေပြီ၊ နဂိုကလည်း သိန်းနှစ်ဆယ်လောက် ချမ်းသာမယ် ထင်ထားကြတော့ ငါတို့ကို တအား အထင်ကြီးနေကြပြီပေါ့....။

မင်္ဂလာဈေးဆိုတာကလဲ မင်းကို ငါပြောဖူးသလိုပဲ တအား ချမ်းသာတဲ့လူတွေ ရာခိုင်နှုန်း ငါးဆယ်လောက်ရှိတဲ့ ဈေးပဲကွာ၊ အဲဒီလူတွေက နံပါတ်ဘစ်ခုကို ကြိုက်ပြီဆိုရင် ငါးရာ၊ တစ်ထောင်လောက် ထိုးချင်တဲ့လူတွေ၊ ဈေးထဲမှာ အော့ဒိုင်ဆိုတာတွေ ရှိပေမယ့် သိပ်စိတ်မချတော့ ပုံအော မထိုးရဲကြဘူး....။

ဒီတော့.... သူတို့ ယုံကြည်စိတ်ချတဲ့ ငါတို့ လင်မယားကို အော့ဒိုင်ဖွင့်ဖို့ ပိုင်းပူဆာလာကြတယ်၊ ပူဆာတာမှ တစ်ယောက်တည်း မဟုတ်ဘူး၊ ထိုးသားတော်တော်များများ ဝိုင်းပူဆာလာကြတာ....။

ငါတို့ စာမေးပွဲအောင်တယ်လို့ပဲ ပြောရမှာပေါ့ တင်မော်ရာ၊ ဒီလိုမျိုး ထိုးသားတိုင်းက ယုံကြည်စိတ်ချရတဲ့ အော့ဒိုင်

ဒုတိယ အကြိမ်



ကြီး ဖြစ်ဖို့ ငါတို့ အဆင့်ဆင့် ကြိုးစားခဲ့ရတာပဲ၊ အကွက်အမျိုးမျိုး ဆင်ခဲ့ရတာပဲ၊ ဒီယုန် မြင်လို့ ဒီချုံ ထွင်ခဲ့ရတာပဲ မဟုတ်လား....။

ဟော.... အခုတော့ ထွင်ထားတဲ့ ချုံထဲက ယုန်ကလေးက ခုန်ပေါက်ပြေးထွက်လာပြီလေ၊ ငါတို့ပိုက်ကွန်ထဲမှာ စင်းစင်းကြီး အမိခံရဖို့ပဲ ရှိတော့တာပေါ့....။

မိမိကြီးက စိတ်မပါသလို အမူအရာနဲ့ပဲ အော့ဒိုင်ဖွင့်ပြီလို့ ထိုးသားတွေကို ကြေညာ ပေး လိုက် တယ်၊ အံ့မယ် တချို့ ထိုးသားတွေများ ပျော်လို့....။

ဟုတ်တယ်လေ၊ သူတို့ စိတ်ကြိုက်နံပါတ်ကို ပုံအောထိုးဖို့ စိတ်ချရတဲ့ဒိုင်ကို အခုရပြီမဟုတ်လား၊ ဒီတော့လဲ ပျော်ပေမပေါ့လေ ဟား.... ဟား....။

တိဗ္ဗိမှာ လူရှင်တော် ဇာဂနာ ပြက်လုံးထုတ်သလို 'သိတယ်လေ၊ သိတယ်' ဒီလို ပြောကြမယ်ဆိုတာ သိတာပေါ့၊ ဒီလို လုပ်ပေးရမယ် ဆိုတာလဲ သိတာပဲ၊ သိပါတယ်၊ အာလုံး ပျော်ကြမယ်ဆိုတာလဲ သိသားပဲ....။

ဒါပေါ့၊ စိတ်ချရတော့ ပျော်မှာပေါ့၊ သိပါတယ်၊ ပျော်ရော ကောင်းမယ်ဆိုတာလဲ သိတယ်လေ၊ ဒါပေါ့...သိပါတယ်

အဲဒီ ပြက်လုံး အတိုင်း ပြက် ပြ လိုက် ချင် တော့တာ ပဲ တင်မော်ရာ....

ဒုတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့မှာပဲ ငါ့ရဲ့လက်ခွဲဒိုင်တွေကိုလဲ မီးစိမ်းပြလိုက်တယ်၊ အော်ဒိုင် ဖွင့်လိုက်ပြီ၊ တစ်ထောင်ဖိုး အထိ အထိုးခံလိုက်၊ ဒီထက်ပိုရင် ညွှန်ကြားထားတဲ့အတိုင်း ဖုန်းဆက် မေးပြီးမှ အထိုးခံပါပေါ့၊ အော်ပရေးရှင်း စပြီလေ....။

* * *

ငါလဲ အလုပ်ကို အရင်ထက် ပိုကြိုးစား လုပ်ရတော့တယ်....၊ ငါ့အလုပ်ကလဲ ရယ်စရာပါ၊ ကဗျာတိုလေးတွေစပ်ရတယ်၊ ပြီးတော့ ''နေရီရီ'' ''အမေမုန့်ဟင်းခါးရောင်း''၊ ''မေခါဝီ'' ''အဖေပန်းစိုက်''၊ ''သံလမ်းရေကျော်ဖားတွေပျော်''၊ ''မျက်မြှူးတစ္ဆေ ကွမ်းဝါးနေ'' အဲဒီလိုမျိုး အတိတ်စိမ်းတဘောင်တွေ ထုတ်ရတယ်....၊

နောက်ပြီး သင်္ချာနဲ့ ဘွဲ့ရထားတဲ့ ချာဘိတ်တစ်ကောင်ကို တစ်လ ငါး ရာ ပေး ပြီး ထွက်ပြီးသမျှ နံပါတ်တွေထဲကနေ ဖော်မြူလာ မျိုးစုံ ထုတ်ခိုင်းရတယ်၊ အရင်အပတ် ထွက်တဲ့ နံပါတ်ကနေ ဒီအပတ်အတွက် ဖော်မြူလာ မျိုးစုံ လုပ်ခိုင်းရတယ်....။

ချာတိတ်ကလဲ တော်ပါတယ်၊တစ်ပတ်တစ်ပတ်ဖော်မြူလာ အနည်းဆုံး ဆယ်မျိုးလောက် ထုတ်ပေးနိုင်ပါတယ်....။





သူထုတ်ပေးတဲ့ ဖော်မြူလာတွေကလဲ ခိုင်မာတဲ့နည်းတွေပါပဲ၊ ယုံကြည်လောက်တဲ့ အစဉ်အလာရှိတဲ့ (တို့စကားနဲ့ပြောရရင် သမားစဉ်ရှိတဲ့) ဖော်မြူလာပေါ့....။

အဲ....တစ်ခုတော့ရှိတယ်၊ သူထုတ်ပေးတဲ့ ဖော်မြူလာတွေ အတိုင်းသာ ထိုးရမယ်ဆိုရင်တော့ နံပါတ်အလုံးရေ သုံးရာနား ကပ်သွားမယ်၊ ပတ်လည်တွေ၊ ပါဝါတွေပါ ဖြစ်နိုင်ခြေ အမျိုးမျိုးကို သူရှာထားတာကိုး....၊

ဒီနည်းနဲ့ သူတွက်ထားတဲ့ ဖော်မြူလာတွေကို ငါညီဝမ်းကွဲတွေကရော၊ တခြား အလံရှူးလုပ်ဖို့ ငါ စည်းရုံးထားတဲ့ ချာတိတ်တွေကရော တစ်ဆင့်ဖြန့်လိုက်တယ်....။

ငါကိုယ်တိုင်လဲ ကြုံရင် ကြုံတဲ့လူကို ဖြန့်ပေးလိုက်တာပဲ။

အဲ.... တစ်ခုပဲ တို့တစ်တွေ စည်း ကမ်း ထား တယ်၊ လူတစ်ယောက် ဒါမှမဟုတ် အဖွဲ့တစ်ဖွဲ့ကို ပြရင် ဖော်မြူလာ တစ်နည်းပဲ ပြကြတယ်....။

ဟုတ်တယ်လေ၊ဖော်မြူလာနှစ်နည်း သွားပြမှတော့ နံပါတ်တွေက အမျိုးမျိုးထွက်လာပြီဆိုတော့ ဒီလူတွေစိတ်ထဲမှာ ဒွိဟ ဖြစ်ကုန်ကြမှာပေါ့....၊

တို့ဖော်မြူလာ အပေါ်မှာလဲ အယုံအကြည် အားနည်းသွားမှာပေါ့၊ ဒီတော့ တစ်ဖွဲ့တွေရင် တစ်နည်းပဲပြ အဲဒါ လိုင်းရှင်းတယ်....။



www.burmeseclassic.com

www.burmeseclassic.com



ငါစပ်ထားတဲ့ ကဗျာလေးတွေ၊ ငါလင်္ကာပြုပ် လုပ်ထားတဲ့ အတိတ်စိမ်းတဘောင်လေးတွေကိုလဲ ဒီလိုပဲ တစ်ဖွဲ့ကိုတစ်မျိုးပဲ ပြောပြတယ်၊ ဘယ်ပုဂ္ဂိုလ်ဆီကရတာ၊ ဘယ်ကလာတာ၊ ဘယ်တောင်က ပုဂ္ဂိုလ်ကြီးက ပြောတာ၊ အဲဒီလိုမျိုး သူတို့ယုံကြည်ထားတဲ့ နေရာတွေက ရတာ ဆိုပြီး တိုးတိုးတိတ်တိတ် ပြောပြရတယ်....။

သိပ်ခင်လို့ ပေးတာနော်၊ဟိုက ဘယ်သူ့မှမပြောဖို့မှာထားတာ၊ ဒါလေးရဖို့ ကျုပ်တောင်မှ ဘယ်လောက် အကုန်အကျခံလိုက်ရတယ်၊ ဘာညာနဲ့ သူတို့ ယုံကြည်အောင် အလိမ်အညာလေးတွေ ဖြည့်စွက်ပေးရသေးတာ....။

ဟား....ဟား....လူတွေရဲ့ရူးချက်ကလဲ အံ့မခန်းပဲ တင်မော်ရေ့၊ ငါထုတ်လုပ်လိုက်တဲ့ လင်္ကာပြုပ် အတိတ်စိမ်းတွေ၊ ကဗျာတွေ၊ ဖော်မြူလာတွေကို နည်းမျိုးစုံနဲ့ တွက်ကြ ချက်ကြပြီး ငါ့ဆီကို ဝင်လာလိုက်တဲ့ ပိုက်ဆံတွေကွာ၊ တစ်ခါတည်း တာထမ်ကျိုးပြီး ရေတွေ ချောင်းထဲ တစ်ရှိန်ထိုး လျှံကျလာတဲ့အတိုင်းပဲ၊တစ်ခါတလေများ ပိုက်ဆံရေတွက်နေဖို့ အချိန်မရလို့ ဆယ်တန် ဆယ်ရွက်စီနဲ့ စည်းထားတဲ့ တစ်ထောင်ထုပ်တွေဆိုဒီအတိုင်း ဘေးတိုက် ခေါက်ထားတဲ့ တစ်ရာစီး ဆယ်စီး ဆယ်ရွက် မှန်မမှန်ဘဲ စစ်ကြည့်ပြီး လက်ခံလိုက်တာပဲ....၊

လာထိုးတဲ့ ထိုးသားတွေကလဲ သူဌေးတွေဆိုတော့ မဟုတ်တာ မလုပ်ကြပါဘူး....။





အဲ....တို့အနေနဲ့လဲ တစ်ရွက်နှစ်ရွက်လောက် လျော့နေလို့ကတော့ ဝမ်းမနည်းဘူးလေ၊ အလကားရတဲ့ ပိုက်ဆံပဲကွာ၊ ဘာဖြစ်လို့ ဝမ်းနည်းနေရမှာလဲ၊ မဟုတ်ဘူးလားနော့....။

ငါက ရေလာအောင် မြောင်းတွေဖောက်၊ မိမိကြီးက ဝင်လာတဲ့ရေတွေကို ပုံးနဲ့ခံ၊ တစ်ပုံးပြည့်ရင် နောက်တစ်ပုံးပြောင်း၊ အိုကွာ....ဘာပြောကောင်းမလဲ၊ လျှံလိုက်တဲ့ရေတွေ၊ ငါတို့လင်မယား ညနေဆိုင်သိမ်းရင် ကားနဲ့ အိမ်ကို သယ်ပြန်ရတာ၊ သက်တော်စောင့်တောင်မှ ငှားရင်ကောင်းမလား၊ စဉ်းစားယူရတယ်....။

တကယ်တော့ မငှားဖြစ်ပါဘူး၊ သက်တော်စောင့် မဟုတ်ပေမယ့် လှအောင်နဲ့ လှမောင်က တို့လင်မယားနဲ့ အတူတူ အိမ်အထိလိုက်ပို့ပြီးမှ သူတို့နေတဲ့ သာကေတကို ပြန်တာ ဆိုတော့ သက်တော်စောင့်သဘောမျိုး ဖြစ်နေတာပဲဟာ....။

မိမိကြီးက အကွက်တော့ တကယ်မြင်တယ်၊ မင်္ဂလာဈေးက သူ့အသိ ရွှေဆိုင်ပိုင်ရှင်မိန်းမကြီးဆီကို နှစ်ရက်တစ်ခါလောက် မှန်မှန်သွားပြီး ရွှေတွေ ဝယ်စုတယ်....။

သူဝယ်တဲ့ရွှေကလဲ လက်ဝတ်လက်စား စိန်ထည်၊ မွတ္တာမြားထည်မျိုးတွေ မဟုတ်ဘူး၊ ရွှေတုံးလေးတွေ တစ်တုံးကိုအခေါက်ရွှေချည်းပဲ တစ်ကျပ်သားလုပ်ထားတဲ့ အနှိစာတုံးပုံစံ ရွှေတုံးလေးတွေ....။

ဘာအလျော့တွက်၊ ဘာလက်ခမှ ပေးစရာ မလိုဘူး၊ ဝယ်တဲ့နေ့မှာ ရှိတဲ့ ပေါက်ဈေးအတိုင်း ငွေပေးလိုက်ရုံပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ရွှေတုံးလေးပေါ်မှာ အဲဒီမိန်းမကြီးက သူ့အမှတ်တံဆိပ်လေး တစ်ခုတော့ လုပ်ပေးထားတယ်....။

ငွေလိုလို့ရှိရင် သူ့ဆိုင်မှာပြန်ရောင်း၊ ရောင်းတဲ့နေ့မှာရှိနေတဲ့ပေါက်ဈေးအတိုင်း အတိအကျပြန်ဝယ်တယ်၊တကယ်လို့ ရောင်းတဲ့နေ့မှာ ရွှေဈေးက ကောင်းနေရင် မြတ်တောင်မှ ပြန်မြတ်ဦးမှာနော်....။

ရွှေဈေးကလဲ တရိပ်ရိပ်တက်နေတာဆိုတော့ ဝယ်ထားလို့ ရှုံးဖို့ သိပ်အကြောင်းမရှိပါဘူး၊ ဒီအကွက်ကိုမြင်တဲ့ မိမိကြီးက ဝင်လာသမျှပိုက်ဆံတွေနဲ့ ရွှေတုံးလေးတွေပဲ သွားဝယ်စုနေတာပေါ့....။

ထိုးသားတွေကိုစိုက်လျော်ဖို့ဆိုလို့ ငွေတစ်သိန်းနှစ်သောင်းတော့ ချန်ထားတယ်၊ ပိုတဲ့ပိုက်ဆံမှန်သမျှကတော့ ရွှေတုံးလေးတွေဘဝကို ပြောင်းပစ်လိုက်တာပဲ....။

ဟေ့ ကောင် တင်မော်....မင်းက ထိုးသားတွေကိုလျော်ဖို့ ငွေတစ်သိန်းနှစ်သောင်းပဲ ချန်ထားတယ်ဆိုလို့ အံ့သြနေသလား၊အောဒိုင်လဲဆိုသေးရဲ့၊လျော်ဖို့ တစ်သိန်းနှစ်သောင်းပဲထားပြီး ကျန်တဲ့ငွေအားလုံး ရွှေတွေဝယ်နေတာကို မင်းဘယ်လိုသဘောရသလဲ....။

ဟုတ်တယ်လေ၊ တို့လုပ်ပုံက မင်းအမြင်မှာ သဘာဝမကျဘူး ဖြစ်နေမှာပေါ့....။





အောဒိုင်ဆိုတာ နံပါတ်တစ်ကွက်ကို ကြိုက်သလောက်ထိုး လျော်မယ် ဆိုတဲ့ ဒိုင်မျိုးပဲ၊ နာမည်ကြီးနေတဲ့ (တို့အခေါ်တော့ 'ဟော့' နံပါတ်ပေါ့ကွာ) နံပါတ်ကွက် ဆိုရင် အဲဒီတစ်ကွက်ထဲတင် ငါတို့ မင်္ဂလာဈေးက ငါ တစ်ဒိုင်တည်းမှာ နှစ်ထောင်ဖိုး၊ သုံးထောင်ဖိုး အထိုးခံထားရတာပဲ။

အဲ.... လက်ခွဲဒိုင် ဆယ် ယောက် ဆီ မှာ လဲ ကွက်ပြည့် တစ်ထောင်ဖိုးစီ အထိုးခံကြရတော့ အဲဒီကလဲ ငွေတစ်သောင်းဖိုး အထိုးခံထားသေးတယ်။

စုစုပေါင်းလိုက်လို့ မရှိဘူးဆိုရင် နံပါတ် တစ်ခုတည်းမှာ အထိုးခံထားတာ တစ်သောင်း အထက် (ဒါတောင် လက်ခွဲတွေက ဖုန်းဆက်ရင် ထပ်ထိုးခွင့် ပေးလိုက်တာ) နှစ်သောင်းနား ကပ်ပြီပေါ့။

အဲ.... တကယ်လို့များ အဲဒီ နံပါတ် ထွက်လာပါပြီတဲ့....၊ တစ်သောင်းဖိုးဆိုရင် ငါးဆယ့်ငါးသိန်း၊ နှစ်သောင်းဖိုးဆိုရင် သိန်းတစ်ရာ့တစ်ဆယ် လျော်ရတော့မယ်။

ဒါတောင် ပတ်လည်တွေ ဘေးတိုက်တွေ လျော်ရမှာ ထည့်တွက်မထားသေးဘူး။

ကဲ.... တို့ လင်မယားလုပ်ပုံ ဘာကြောင့် သဘာဝမကျ ဖြစ်နေရတာလဲ ဆိုတာ မင်း အခုသဘောပေါက်ပြီလား။

မင်း ဒီလောက် ဒုံးဝေးမယ်လို့တော့ ငါမထင်ဘူးကွာ...။

ဒါခပါကွ.... အဲဒီ ငါးဆယ့်ငါးသိန်း တို့၊ သိန်းတစ်ရာ့တစ်ဆယ်တို့ ဆိုတာ တို့မှာ ရှိမှမရှိဘဲ၊ မရှိတဲ့ပိုက်ဆံကိုလျော်ရ



www.burmeseclassic.com

www.burmeseclassic.com



မှာဆိုတော့ တို့က ဘာတတ်နိုင်မှာလဲ၊ မတတ်နိုင်ရင် တို့ လင်မယား ဘာလုပ်ကြမလဲ....။ ရှောင်ကြ တိမ်းကြရုံ ရှိတော့တာပေါ့။

ဘယ်လိုလဲ၊ မင်းက တို့လင်မယားကို ကလိမ်ကျတယ်၊ မတရားလုပ်တယ်လို့ စွဲချက်ဘင်တော့မလို့လား။

မောမယ် သူငယ်ချင်း။ စွဲချက်တင်မနေနဲ့၊ မင်း မောနေဦးမယ်၊ သေကုန်နေဦးမယ်၊

ဟို့က တစ်ခါတည်း ဖြောင့်ချက်ပေးလိုက်ပါ့မယ်၊ ဟုတ်ဘယ်၊ ကလိမ်ကျတာ အမှန်ပဲ....၊ အဲဒီလို ကလိမ်ကျဖို့အတွက် အစစအရာရာ ကြိုတင်ပြင်ဆင်ထားခဲ့တာပေါ့၊ အကွက်စေ့စေ့ လှုပ်ရှားခဲ့တာပေါ့။

ကဲ.... ဒါဆိုရင် မင်းက မေးနေဦးမယ်၊ ထိုးသားတွေပေါက်ရင်လျော်ဖို့ တစ်သိန်းနှစ်သောင်း ဘာလို့ ချန်ထားသလဲ ဆိုတာလေ။

အဲဒါကျတော့ မိမိကြီးရဲ့ တွက်ကိန်းကွ....၊ သူက တွက်ပြတယ်၊ ဆိုင်ခန်းငှားခ၊ ကားငှားတာ စပေါ်တင်ခ၊ အိမ်အတွက် တစ်နှစ်စာ ပေးသားတဲ့ အိမ်လခ၊ လက်ဖက်ရည်ဆိုင် နေရာအတွက် တစ်နှစ်စာ ပေးထားတဲ့ တစ်နှစ်စာဆိုင်ခ၊ အဲဒီငွေတွေအားလုံးပေါင်း တန်ဖိုးက အခု အချိန်မှာ ခြောက်သောင်းလောက်ပဲ တန်ဖိုးရှိတော့တယ်တဲ့။

ဒီတော့ အဲဒီလို ရင်းနှီး မြှုပ်နှံထားတဲ့ ငွေလေး ခြောက်သောင်းကို မက်ပြီး နှမြောပြီး နေလို့မဖြစ်ဘူး။





အကယ်၍.... တစ်ပတ်ပတ်မှာ ကံဆိုးပြီး လေးငါးသိန်းလောက် စိုက်လျော်ရမယ့်ကိစ္စပေါ်လာရင် တို့မှာလဲ အဲဒီထက်မက ရှိနေတော့ လျော်ငယ်ဆိုရင် လျော်လို့တော့ ရတယ်။

ဒါပေမယ့် ဒီလို လေးငါးသိန်း အိတ်စိုက် လျော်လိုက်ပြီဆိုရင် ငါတို့မှာ လက်ကျန်ငွေက သုံးလေးသိန်းပဲ ပြန်ဖြစ်သွားမယ်။

ဒီတော့ မင်္ဂလာဈေးကို စွန့်ခွာပြီးလာတာ အမြတ်ငွေ တစ်သိန်းလောက်ပဲရသလို ဖြစ်သွားမှာပေါ့၊ ဒုံရင်းပြန်ရောက်သွားမှာပေါ့၊ ကြိုးစားလုပ်ခဲ့သမျှ သဲထဲရေသွန် ဖြစ်သွားမှာပေါ့တဲ့....၊

မိမိကြီး ကတော့ ပြတ်တယ်....၊

သဲထဲရေသွန်သလို ပင်ပင်ပန်းပန်း ကြိုးစားခဲ့ပြီး ဘာမှ အဖတ်မတင်တာတော့ အဖြစ်မခံနိုင်ဘူး၊ ဒီတော့ တို့နှစ်ယောက် သဘောတူစွာနဲ့ သတ်မှတ်ချက်တစ်ခု လုပ်ထားကြတယ်....။

တစ်ပတ်မှာ တို့အနေနဲ့ အများဆုံး ထည့်စိုက်ပြီး လျော်မယ့်ငွေဟာ တို့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ထားလို့ ရှောင်တိမ်းသွားရင် အလဟဿ ဆုံးရှုံးမယ့် ငွေ ခြောက်သောင်း နဲ့ နှစ်ဆ တစ်သိန်းနှစ်သောင်းပဲ ဖြစ်ရမယ်၊ မသကာ နည်းနည်းပါးပါး ပိုတယ်ဆိုရင်တော့ စဉ်းစားရမှာပေါ့....။



www.burmeseclassic.com

www.burmeseclassic.com



အဲ....ဒီထက်ပိုများလာတယ် ဆိုရင်တော့ မလျော်တော့ဘူး၊ တစ်ခါတည်း ခြေရာဖျောက် ရှောင်တိမ်းကြမယ်၊ ချဲကိစ္စဆိုတာမျိုးက ရဲစခန်းမှာ တိုင်ချက်သွားဖွင့်လို့ရတဲ့ အမှုမျိုးလဲ မဟုတ်ဘူး....၊

ဒီတော့ ထိုးသားတွေမမြင်နိုင်တဲ့ နေရာတစ်နေရာမှာ သွားရှောင်နေကြရုံပဲ၊ ထိုးသားတွေရဲ့ အန္တရာယ်က ကင်းဖို့ပဲ အရေးကြီးတယ် မဟုတ်လား....၊

ခုအချိန်မှာ တို့လက်ထဲ ငွေ ဆယ် သိန်း လောက် စုမိဆောင်းမိ ဖြစ်နေပြီဆိုတော့ နောင်ရေးလဲ စိတ်အေးသလို ထလောက်တော့ စိတ်အေးရပါပြီ....၊

ဒါပေမယ့် လူဆိုတာ မင်းသိတဲ့အတိုင်း လောဘနဲ့မကင်းပါဘူး၊ ရလေလိုလေ အိုတဏှာ မဟုတ်လား....၊

တစ်နှစ်တိတိ လုပ်မယ် ဆုံးဖြတ်ထားတော့ ပြဿနာမပေါ်မချင်း တစ်နှစ် ပြည့်အောင်တော့ ကြိုးစားကြရမှာပေါ့၊ ဆယ်သိန်း ချမ်းသာတာထက် သိန်းနှစ်ဆယ် ချမ်းသာတာက ပိုမကောင်းဘူးလားကွာ....၊

ဒီတော့ အခြေအနေပေးတုန်း ခုထက် ပိုချမ်းသာဖို့ ကြိုးစားကြရမှာပေါ့....၊

အေး....အဲဒီလို ကြိုးစားနေတုန်း ကံဆိုးပြီး အချိုးကြီးလျော်ရမယ့်ကိန်း ဆိုက်လာရင်တော့လဲ တစ်နှစ် မပြောနဲ့၊ တစ်ရက်





တောင်မှ စောင့်မနေတော့ဘူး၊ တို့လင်မယားကတော့ ခြေရာဖျောက်သွားမှာပဲ၊ ဟဲ....ဟဲ....၊

ပြောသာပြောနေရတယ်၊ တို့အတွက်ကံဆိုးတဲ့ အပတ်တစ်ပတ်မှ မရှိခဲ့ပါဘူး၊ အပတ်တိုင်း သိန်းနဲ့ချီပြီး ရနေတာပါပဲ၊ အဲ....တစ်ပတ်လားပဲ အိတ် ထဲ က ငွေသုံးသောင်းလောက် စိုက်ရဖူးတယ်....၊

ဒါက အသေးအမွှားပါ၊ မမှုစလောက်ပါဘူး၊ ကလေးပြောပြောရရင် ခွေးချေးအဆင့်ပါ တင်မော်ရာ....၊

အပတ်တိုင်း တစ်သိန်းကျော်ရနေပြီး တစ်ပတ်လောက် သုံးသောင်းစိုက်ရတာ ဘာများ ဝမ်းနည်းစရာရှိလဲ ဟုတ်ဘူးလားကွာ....၊

ဒီလိုနဲ့ မှန်မှန်လေးစခန်းသွားလာလိုက်တာ မိခိုကြီးတောင်မှ သူ့ရွှေတုံးတွေ လက်တိုဂျင်နဲ့ မှုန့်ဘူး နှစ်ဘူး ပြည့်သွားလို့ နောက်တစ်ဘူး ထပ်ဝယ်ရတဲ့အချိန်ကိုရောက်လာတယ်၊နှစ်ကုန်ခါနီး အချိန်ပေါ့ကွာ....၊

အဲဒီအချိန်မှာ ချဲလောကထဲမှာ လှုပ်လှုပ်ရွရွဖြစ်လာတယ်၊ ဖြစ်ပုံကလဲ ဆန်းသကွ၊ သတင်းစာတွေထဲမှာ နိုင်ငံခြားသတင်းစာမျက်နှာထဲကနေပြီး ယိုးဒယားနိုင်ငံက အောင်ဘာလေ သိန်းထီဖွင့်ပွဲမှာ မရိုးသားမှုတွေ တွေ့ရှိရတဲ့အတွက် ဝန်ထမ်းတွေကို ဖမ်းဆီးစစ်ဆေးနေတဲ့ သတင်းပါလာတယ်....၊

www.burmeseclassic.com



သိန်းသုံးဆယ် ပေါက်ရမယ့်နံပါတ်ကို 'ရီမုတ်ကွန်ထရိုး' လို့ ခေါ်တဲ့ အဝေးကနေထိန်းချုပ်တဲ့ စနစ်နဲ့ ဆက်သွယ်ပြီး လိုသလို ပြောင်းလဲပစ်တာတဲ့ကွာ....။

ဒီလိုလုပ်ဖို့ဆိုတာကလဲ အဲဒီ ဌာနကဝန်ထမ်းတွေ မပါဘဲ လုပ်လို့ ဖြစ်တာမှ မဟုတ်ဘဲ....။

လောင်းကစားသမားတွေနဲ့ အဲဒီဌာနက ဝန်ထမ်းတချို့ ပူးပေါင်းပြီး ကလိမ်ကျကြတာပေါ့....။

ကိုယ်ကြိုက်တဲ့နံပါတ်ကိုပေါက်ဂဏန်းဖြစ်အောင်လုပ်ယူကြတာတဲ့၊ ချဲနံပါတ်ထွက်မယ့် စက်နားမှာ ပရိသတ်ကြား ထိုင်ကြည့်ရင်း လည်နေတဲ့ နံပါတ်တွေကို ရပ်စေချင်တဲ့ နေရာမှာ ရပ်သွားအောင် ခလုတ်နှိပ်လိုက်ရုံပဲ၊ နောက်ပိုင်းမှာ ထပ်ဖတ်ရတာကတော့ ချဲနံပါတ်ဖွင့်တဲ့စက်ရဲ့ ပင်နယန်ခွေးသွားစိပ်တွေပေါ်မှာ သူတို့က စက်ကိုခိုးဆင်ထားတာတဲ့၊ သူတို့ အဲဒီလို လုပ်နေတာ ခြောက်လလောက်ရှိပြီ ဆိုပဲ....။

ဟား....ဟား၊ အဲဒီသတင်းကိုဖတ်ပြီး ရယ်လိုက်ရတာ တင်မော်ရာ၊ ဟုတ်ပါ့ကွာ၊ တို့လင်မယားက ဒီမှာ နည်းနည်း ပါးပါးကလိမ်ကျနေကြတာ၊ သူတို့ပင်ရင်းမှာလဲ ကလိမ်ချတွေ မနည်းပါလားပေါ့....။

ပင်ရင်းမှာတောင်မှ ကလိမ်ကျတာ အထင်အရှားပေါ်နေပြီဆိုတော့ တို့လို သူတို့နိုင်ငံနဲ့ ဘာမှမဆိုင်တဲ့နေရာက ငါတို့





လင်မယား ကလိမ်ကျတယ်ဆိုတာ အသေးအမွှား ခွေးလှေး ကြမ်းပိုးအဆင့် ဖြစ်နေပါလားပေါ့....။

သနားစရာကောင်းတာကတော့ထိုးသားတွေပဲ၊သူတို့နိုင်ငံက ကလိမ်ကျခံလိုက်ရတဲ့ ထိုးသားတွေအတွက်၊ သနားမိသလို ငါတို့ဆီက ထိုးသားတွေအတွက်လဲ၊ ကရုဏာသက်မိပါရဲ့။

ငါလဲ ကျောက်မြောင်းသားပဲ၊ ဒီလောက် မတုံးပါဘူး တင်မော်ရ၊ လောင်းကစားနည်း အတော်များများကို ကိုယ်တိုင် မကစားဘူးတာတောင်မှ ကြားဖူးနားဝတော့ရှိပါတယ်။

ကဲ....စဉ်းစားစမ်း၊ ကိုးမီးဖဲရိုက်တယ် ဆိုပါစို့၊ သူက သုံးချပ်ယူ၊ ကိုယ်ကသုံးချပ်ယူ ပိုက်ဆံက ဆတူချထား၊ အဲ.... သုံးချပ်ပေါင်းလို့ အပွင့်များတဲ့သူက ပိုက်ဆံရသွားတယ်၊ ဒါပဲ မဟုတ်လား....။

အခွင့်အရေး ဘယ်သူကပိုရလို့လဲ၊ တန်းတူပဲ၊ သုံးချပ်ဆီပဲ ဆတူပဲ....။

နောက်တစ်ခုပြောမယ်၊ လေးကောင်ဂျင်ဝိုင်း၊ လောင်း ကစားနည်းပေါင်းစုံမှာ လောင်းကြေးအများဆုံးလို့သတ်မှတ် ခံထားရတဲ့ လေးကောင်ဂျင်ဝိုင်း၊ ကြက်၊ ရှဉ့်၊ ဖား၊ [illegible] အရုပ်လေးရုပ်ကို ဒိုင်က ကိုင်ပြီးလှည့်တယ်၊ ပြီးတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ လည်နေတုန်းမှာ အုပ်လိုက်တယ်။ ကြိုက်တဲ့အကောင်ကိုထိုး၊ အောထိုးတယ် ဆိုတာက ကြိုက်တဲ့ တစ်ကောင် ကို ထိုးတာ....။

ကဲ....ကြက်ကို အောလိုက်ပါပြီတဲ့၊ အုပ်ဆောင်းကိုဖွင့်လိုက်လို့ ကြက်ပေါ်လာရင် သုံးဆပြန်လျော်တယ်၊

အဲ....အိမ်ရှင်အဘွက်တော့ အကောက် ငါးရာခိုင်နှုန်း နုတ်တာပေါ့....။

ဘာပဲပြောပြော လေးကောင်မှာ ကိုယ်ကတစ်ကောင် သူက သုံးကောင်။

ဒီတော့၊ ကိုယ်တစ်ကောင်မှန်ရင် သူက သုံးကောင်ဘက်က ယူထားတဲ့အတွက် သုံးဆပြန်လျော်တယ်။ အခွင့်အရေးအနေနဲ့ သူ့ဘက်က ဘာမှ ပိုယူမထားဘူး၊ ရှင်းရှင်းလေးပဲ။

ခဲ့ကျတော့ တွက်ကြည့်စမ်း၊ နံပါတ်ပေါင်း အကွက် တစ်ထောင်မှာ ထိုးသားက တစ်ကွက်ထိုးတယ်၊ ဒိုင်ကိုင်တဲ့လူဆီမှာ ကိုးရာကိုးဆယ့်ကိုးကွက် ယူထားတယ်။

ဟော.... ထိုးသားနံပါတ် မှန်သွားရင် အဆခြောက်ရာ ပြန်လျော်တယ်၊ အဲဒါတောင်မှ အရင်တုန်းက လျော်တာ....။

အခုနောက်ပိုင်း အကြောင်းအမျိုးမျိုးပြပြီး အဆငါးရာ့ ငါးဆယ်ပဲ လျော်တော့တယ်၊ တွတ်တွေ၊ ဘောက်တွေ ရှိလို့ ဒီလောက်ပဲ လျော်ရတာလား၊ ဘာဆိုင်တာမှတ်လို့ကွာ၊ အဲဒီ တွတ်နဲ့ ဘောက်ကပဒေသာလို ဂဏန်းမတူတဲ့နံပါတ် သုံးလုံး ထွက်လာပါဦး၊ ခုနစ်ကွက်ပဲရှိတယ်....။





တစ်ကွက်ကို ဆယ်ဆဆိုတော့၊ ခုနစ်ကွက်အဘွက် အဆခုနစ်ဆယ်၊ ဒီတော့ လျော် အဆ ငါးရာ့ ငါးဆယ်နဲ့ပေါင်း၊ အဆ ပေါင်း ခြောက်ရာ့နှစ်ဆယ်ပဲ ရှိတယ်....။

ဒီတော့၊ ကျန်တဲ့အဆ သုံးရာ့ရှစ်ဆယ်က ဘယ်ရောက်သွားလဲ....။

ဒိုင်ကိုင်တဲ့လူက အဲဒီ အဆ သုံးရာ့ရှစ်ဆယ်ကို အလကား သိမ်းပိုက်တော်မူလိုက်တာပဲ၊ အခွင့်အရေး ဆတူ မပေးဘဲ သူက သုံးပုံတစ်ပုံကျော် အခွင့်အရေးကို အလကားယူထားတဲ့ ကိစ္စပဲ၊ တရားသလား....။

ဒါတောင်မှ ပေါက်ရင်အမှန်တကယ်လျော်ဦးမှ ပိုက်ဆံက ကိုယ့်မျက်စိရှေ့မှာ မြင်ရတာမဟုတ်ဘူး၊ သူက အကုန်သိမ်း ထားတာ။

သူပေးချင်မှ ဖြစ်တာ၊ မပေးလို့ ရဲစခန်း သွားတိုင်ရ အောင်လဲ ကိုယ်ပါ ထိုးသားအနေနဲ့ အဖမ်းခံရမယ့် ကိစ္စ၊ ဘယ်လိုလုပ် တိုင်ရဲမှာတုန်း။

အခု ငါပြောနေဘာ ဖဲတို့၊ ကျင်တို့ကို ကောင်းတယ်လို့ ပြောနေတာ မဟုတ်ဘူးနော်၊ အဲဒါတွေလဲ မကောင်းဘူး ဆိုတာ ငါသိပါတယ်....။

ဒါပေမယ့် အဲဒါဘွေထက် ပိုမကောင်း ကိစ္စကို ရှင်းပြ ချင်လို့ ဥပမာအနေနဲ့ ပြောပြနေတာ....။



www.burmeseclassic.com

www.burmeseclassic.com



ပြောလက်စနဲ့ ဆက်ပြောလိုက်မယ်ကွာ၊ နံပါတ် တစ်ကွက်တည်းကို တစ်ထောင်ဖိုး၊ နှစ်ထောင်ဖိုး ငါ့ဆီမှာ လာထိုးတဲ့လူတွေ၊ ငါ့ဆီမှာတင် မဟုတ်ပါဘူး၊ တခြားအောဒိုင်တွေဆီမှာလဲ အဲဒီလိုထိုးတဲ့လူတွေ ဒုနဲ့ဒေးပါ၊

ငါကတော့ မရှုက်ပါဘူး၊ မင်းကို ကြိုတင် ဝန်ခံထားပြီးပြီပဲ၊ အဲဒါမျိုးပေါက်ရင် မလျော်ဘူး၊ ထွက်ပြေးမှာပဲလို့၊ ဘယ့်နှယ်ကွာ၊ နှစ်ထောင်ဆို တစ်ဆယ့် တစ်သိန်း၊ လက်ခွဲတွေဆီကပါ ပေါက်လို့ လေးထောင်ဆို နှစ်ဆယ့် နှစ်သိန်းဘာလို့လျော်ရမှာလဲ....

အဲဒီလောက် ငွေလျော်ဖို့ရှိလဲ မလျော်ဘူး၊ တစ်နေရာရာမှာ အဲဒီငွေနဲ့ ဇာတ်မြုပ်ပြီး စီးပွားရေးလေးလုပ်နေရင် တစ်သက်စာ ဖူလုံနေပြီပဲ မဟုတ်လား နေ့ကွာ....၊

ကဲ....တခြား အောဒိုင်တွေကရော၊ လျော်မယ်လို့ မင်းထင်သလား၊ ဝေးသေးကွာ၊ မင်း သေသေချာချာ တွေးကြည့်၊

အောဒိုင် ကိုင်တယ်ဆိုတာ၊ အင်မတန် အန္တရာယ်များတဲ့ အလုပ်၊ နာမည်က မထွက်ချင်ဘဲ နေလို့မရဘူး၊ သူ့အလိုလို နာမည်ကြီးလာမှာ....၊

အချိန်မရွေး အိမ်ပေါ်ကို သက်ဆိုင်ရာတွေက ဝင်ရှာပြီး အဖမ်းအဆီးခံရနိုင်တဲ့ အလုပ်မျိုး၊ ဟုတ်တယ်နော်၊ အန္တရာယ်က ကုပ်ပိုးပေါ်မှာ အဆင်သင့် ခွစီးခံထားရတဲ့အလုပ်....၊





မင်း ကိုယ်ချင်းစာတွေး၊ ပိုသဘောပေါက် လွယ်မယ်....၊

ကဲ....မင်းမှာ ငွေဆယ်သိန်းလောက် တကယ်ရှိနေ ချမ်းသာနေပါပြီတဲ့၊ မင်းအနေနဲ့ တခြား ဘေးကင်းရန်ကင်း သမ္မာအာဇီဝ အလုပ်ကို လုပ်မလား....၊

ဒါမှမဟုတ် အချိန်မရွေးအဖမ်းခံရနိုင်တဲ့အောဒိုင်အလုပ်ကို လုပ်မလား၊ ကဲ....ဖြေစမ်းပါဦး....၊

ဒါပေါ့ကွာ၊ မင်းမှာသာ တကယ် ဆယ်သိန်းချမ်းသာရင် ဘယ်အန္တရာယ်ရှိတဲ့အလုပ်ကို လုပ်ပါတော့မလဲ....၊

အေးအေးဆေးဆေး အန္တရာယ်ကင်းတဲ့ သမ္မာအာဇီဝ အလုပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်း လုပ်တော့မှာပေါ့....၊

ငွေဆယ်သိန်းလောက် တကယ်ချမ်းသာနေမှတော့၊ စည်းစိမ်နဲ့ နေပြီး၊ ထောင်ထဲဝင်ဖို့ ဘယ်လာ စိတ်ကူးတော့မှာလဲ၊ အေးအေးဆေးဆေးပဲ နေတော့မှာပေါ့နော့....၊

ကဲ....ဒါဖြင့် ဘယ်လောက်ထိုးထိုး အထိုးခံပါတယ် ဆိုတဲ့ အောဒိုင်တွေဟာ ဘယ်လိုလူတွေလဲ ငွေဆယ်သိန်း တကယ် ချမ်းသာပြီး တကယ် အိတ်ထဲကစိုက်လျော်မယ့်သူတွေလား....၊

ငွေဆယ်သိန်း(ဒါတောင်မှ သုံးလေးထောင်ဖိုး ပေါက်ရင် ပြောတာနော်၊ တချို့ကို ရှစ်သောင်း၊ တစ်သောင်းအထိ အထိုးခံတာ) ချမ်းသာနေပြီးမှ အန္တရာယ်မကင်းတဲ့အလုပ်တွေကို လုပ်နေတဲ့ လူစွန့်စားတွေလား၊ ခေါင်းမှာ ဦးနှောက်ရှိတဲ့ 'ချေးဘာရိမ်း' တွေလား....၊



www.burmeseclassic.com

www.burmeseclassic.com



ဟား....ဟား....အဖြေက ရှင်းပါတယ်ကွာ၊ အဲဒီလောက် အရင်းအနှီး ရှိနေမှတော့ဒီလိုအလုပ်မျိုးကို မလုပ်တော့ပါဘူး၊ လုပ်နေတဲ့လူတွေကတော့ အဲဒီလောက်မရှိလို့၊ မချမ်းသာလို့ ရှင်းရှင်းပြောရရင် ဆင်းရဲလို့....၊ ချမ်းသာလာမလားဆိုပြီး အန္တရာယ်ကိုမကြောက်ဘဲ ထောင်ကိုမကြောက်ဘဲ လုပ်နေကြတဲ့ လူတွေပါကွ....။

ကဲ....ဒီတော့ မင်းဘယ်သူ့ကို သနားမလဲ၊ လောဘဇောတက်ပြီး ဘာမှ မစဉ်းစားဘဲ ချွေးနဲ့စာ ငွေ တစ် ထောင်နှစ်ထောင်ကို ပေါက်ရင်မရမှန်းမသိဘဲ ထိုးနေတဲ့ ထိုးသားတွေကို သနားမလား၊ စီးပွားရေး အဆင်မပြေလို့ ထောင်မကြောက်၊ ရဲမကြောက်ဘဲ အန္တရာယ်ကြားက စွန့်စားနေတဲ့ အောဒိုင်တွေကို သနားမလား၊ မင်းစဉ်းစား....။

ဒါနဲ့ပတ်သက်ပြီး ငါ့အတွေးလေး တစ်ခုတော့ ပြောမယ်ကွာ၊ နံပါတ်တစ်ကွက်ထဲကို ရှစ်ထောင်၊ တစ်သောင်းဖိုးအထိ အထိုးခံတဲ့ အောဒိုင်ဆိုရင် လုံးဝ ယုံကြည်ဖို့မလိုဘူး။

ဘာလို့ဆိုတော့ ငါစောစောက ပြောခဲ့သလိုပဲ ဆယ့်ငါးသိန်း၊ သိန်းနှစ်ဆယ် တကယ်ချမ်းသာနေတဲ့ ဘယ်လူသားကမှ ထောင်ထဲ မရောက်ချင်ဘူး၊ အဖမ်းအဆီးမခံချင်ဘူး၊ သူ့ရှိနေတဲ့ ငွေနဲ့ လောကမှာ တစ်သက်တာ စည်းစိမ်ရှိရှိ နေနိုင်ပါရဲ့ ဘယ်တော့မှ အန္တရာယ်ရှိတဲ့အလုပ်ကိုမလုပ်ဘူး၊ ထောင်ထဲမှာ ဘဝရဲ့အချိန်တွေကို အကုန်မခံဘူး။





အဲဒါဟာ ငါ့ရဲ့အတွေ့အကြုံက ပေါက်ဖွားလာတဲ့ ငါ့ရဲ့ ကိုယ်ပိုင်အတွေးလေးပဲ၊ ကြိုက်ရင်တော့ မှတ်ထား။

* * *

ချဲအကြောင်းပြောရတာ မေ့သွားပြီ၊

အချစ်အကြောင်းလေး ပြောကြဦးစို့ရဲ့၊ ငါ့ရဲ့ အချစ်အကြောင်းလေး မင်း သွားရည်ကျသွားအောင် ပြောပြရဦးမယ်....၊

ဘာလဲ....မိမိကြီးနဲ့ အချစ်အကြောင်းထင်လို့လား၊

သွားစမ်းပါ၊ ဘာဆိုင်တာမှတ်လို့၊ ဝါကွမ်းနုနုလေးနဲ့ ဂုန်နီအိတ် ပိတ်သားလို ကွာတာကြီးကိုမျှား၊

ငါ့အချစ်လေးနာမည်က ဖြူလေး၊

နာမည်အပြည့်အစုံက ဖြူဖြူဝင်း၊ အိမ်ထောင် တစ်ဆက် ကျခဲ့ဖူးတယ်၊ ယောကျ်ားယူပြီးမှ သုံးလလောက် ပေါင်းပြီး ပြန်ကွာလိုက်တယ်....၊

ရန်ကုန်တက္ကသိုလ်က သမိုင်းအဓိကနဲ့ ဘွဲ့ရထားပြီးသား ပညာတတ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖြူလေးအစ်မ တင်တင်ဝင်းက လေဟာပြင်ဈေး ထဲမှာ အထည်ဆိုင်ဖွင့်ထားတယ်၊ ငါ့ရဲ့ လက်ခွဲဗိုင်ဆယ်ယောက်ထဲက တစ်ယောက်ပေါ့၊ ငါ့ လက်ခွဲဗိုင် တွေမှာ ရောင်းအား အကောင်းဆုံးက သူပဲ....။

သူကလဲ အကွက်မြင်တယ်၊ သူ့အသိမိတ်ဆွေ ကောင်လေး ငါးယောက်လောက်ကို ထပ်ပြီး လက်ခွဲ ပေးထားတယ်၊ ကော်မရှင် တစ်ဆယ် ရာခိုင်နှုန်းနဲ့ လက်ခွဲ ပေးတာ၊ သူ ကိုယ်တိုင်လဲ ကြိုးစားရောင်းတယ်၊ သူရောင်းရသမျှအတွက် ကော်မရှင် ဆယ့်ငါးရာခိုင်နှုန်းရသလို ကောင်လေးတွေ ရောင်းလာတဲ့ ငွေတွေထဲကလဲ သူက ငါးရာခိုင်နှုန်း အလကား ရလိုက်သေးတယ်....။

ပြီးတော့ ခဲ့မထွက်ခင် နှစ်ရက်အလိုက စ,ပြီး ထိုးသမျှ နံပါတ်တွေကို တည့်ပဲလျော်မယ်၊ ဘေးတိုက်နဲ့ ပတ်လည် မလျော်ဘူးလို့လဲ သူ့ကိုယ်ပိုင်ကြေညာချက် ထုတ်ထားသေး တယ်....။

တကယ်အထိုးများတာက အဲဒီရက်တွေဆိုတော့ အဲဒီ ထိုးသားထဲက ဘေးတိုက်နဲ့ပတ်လည် ပေါက်ရင် သူ့အတွက် အဆစ်ရတာပဲ၊ ထိုးသားကို တစ်ပြားမှ ပေးဖို့မလိုဘူးလေ၊ ငါ့ဆီက ထုတ်လာတဲ့ ပတ်လည်နဲ့ ဘေးတိုက်ဖိုးက သူ့အတွက် အလကား အပိုဝင်ငွေပေါ့....။

ငါကလဲ သူ့ခွင်နဲ့သူလုပ်တာကို ဘာမှ ဝင်မစွက်ပါဘူး၊





ငါ့ကိုလဲ ဘာမှထိခိုက်တာမှ မဟုတ်တာ၊ သူလျှင် သူစားပေါ့၊ ရှင်းနေတာပဲ....။

တစ်ခါဘလေ ငါ့လက်ခွဲဗိုင်တွေအခြေအနေကို လျှောက် လေ့လာတယ်၊ မလေ့လာလို့ကလဲ မဖြစ်ဘူး။

အောဗိုင်တွေက သိပ်ခေတ်စားနေတော့ မြတ်မှန်းသိနေ တော့ တော်ကြာ တခြားက အောဗိုင်တွေက ရာခိုင်နှုန်း နှစ်ဆယ်ပေးပါ့မယ်ဆိုပြီး လာဆွယ်ရင် ငါ့လူတွေက ငါ့ဆီမှာ မျက်နှာမပျက်အောင် နည်းနည်းပါးပါးပဲ လာအပ်ပြီး ကျန် တာတွေကို တစ်ရာမှာ ငါးကျပ်ပိုရတဲ့ ဟိုမှာသွားအပ်ကြမှာ၊ ဒါဆို ငါ့အတွက် ဝင်ငွေထိခိုက်မှာပေါ့၊

ဒါကြောင့် အချိန်အားရရင် ရသလို လက်ခွဲတွေဆီသွား ပြီး မျက်နှာပြနေရတယ်၊ သူတို့ရောင်းအားကို အကဲခတ်နေ ရတယ်၊ ဒီလိုလုပ်ပေးတော့ သူတို့လဲ မျက်နှာအပျက်မခံရဲတာ နဲ့ ငါကလဲ လာအကဲခတ်နေမှန်းသိတော့၊ ငါရိပ်မိသွားမှာ ကြောက်တာနဲ့ တို့အပေါ် ကလိမ်မကျရဲတော့ဘူးပေါ့ကွာ။

အဲဒီလို လျှောက်လေ့လာရင်း တင်တင်ဝင်းတို့အထည်ဆိုင် ကိုလဲ ငါမကြာမကြာရောက်ဖြစ်တာပေါ့၊ အဲဒီလိုရောက်တဲ့နေ့ တစ်ရက်မှာ ဖြူလေးကို တွေ့လိုက်ရတာပဲ....။

နာမည်လေးကိုက ဖြူလေးတဲ့....။

နာမည်နဲ့ကလဲ လိုက်ပါ့ကွာ....။

ဖြူလိုက်တာမှ တကယ့် ဝါဂွမ်းနုနုလေးလို ဖြူတာ....။



www.burmeseclassic.com

www.burmeseclassic.com



ငါထင်ပါတယ်၊ အသားလေးတွေလဲ ထိကြည့်လိုက်ရင် ဝါဂွမ်းလေးလို အိနေမှာပဲ....။

အသားအရည်တွင် လှတာမဟုတ်ဘူးနော်၊ ရုပ်ကလဲချော ကိုယ်လုံးကိုယ်ပေါက်ကလဲ အပြစ်ပြောစရာ တစ်စက်မှမရှိတဲ့ ကိုယ်လုံးကိုယ်ပေါက်မျိုး....။

ဟိုး....ရှေးတုန်းကလို မယ်မြန်မာရွေးပွဲများ ရှိလို့ကတော့ ဖြူလေးသာဝင်ပြိုင်ရင် ပထမဆုရမှာ အသေအချာပဲ....။

အေး....ဒိုင်လူကြီးတွေက မျက်နှာလိုက်ပြီးဖြူလေးကိုပထမဆုမပေးရင်တော့ အဲဒီဒိုင်လူကြီးတွေကို ဒီလောက်ညံ့ရသလားဆိုပြီး ငါကိုယ်တိုင် သံတုတ်နဲ့ ခေါင်းတွေကိုလိုက်ရိုက်ခွဲမိမှာ အသေအချာပဲ....။

အဲ ငါဒီလောက်ညွှန်းနေမှတော့ ဖြူလေး ဘယ်လောက်လှတယ်ဆိုတာ မင်းသိလောက်ရောပေါ့....။

တကယ်ကွာ၊ မိန်းမကြောင့် မွေးကတည်းက တစ်ခါမှ မခုန်ဘူးခဲ့တဲ့ ငါ့ရဲ့ရင်တွေတောင် ဖြူလေးကို တွေ့တာနဲ့ တဆတ်ဆတ်ခုန်သွားတယ်....။

ဖြူလေးက သူ့အစ်မ တင်တင်ဝင်းတို့အိမ်မှာနေတယ်....။ အလုပ်ကတော့ ဘာမှ မယ်မယ်ရရမလုပ်ဘူး၊ သူ့အစ်မကလဲ ချမ်းသာတော့ ဘာမှ လုပ်စရာမလိုဘူးလေ...။

အလှဆုံး အကောင်းဆုံးအဝတ်အစားတွေ ထည်လဲဝတ်ပြီး အိမ်မှာပဲ နေချင်နေလိုက်၊ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ ရုပ်ရှင်တို့ဇာတ်တို့ကြည့်လိုက်၊ပျင်းရင်အစ်မဆိုင်မှာလာကူထိုင်





ပေးရင်း အစ်မနဲ့ စကားတွေပြောလိုက်နဲ့ လုပ်နေတာပဲ။

သူ့အစ်မဆိုင်ကို လာထိုင်တာကတော့ ထိုင်ခဲပါတယ်၊တစ်ပတ်မှာ တစ်ရက် နှစ်ရက်လောက် ရောက်တတ်တာပါ....။

အဲ....ကံကောင်းချင်တော့ သူလာထိုင်တဲ့တစ်ရက်မှာ ငါက ရောက်သွားခဲ့တာပဲ....။

သူ့အမက သူနဲ့ငါ့ကို မိတ်ဆက်ပေးတယ်၊ မင်္ဂလာဈေးက ကိုမျိုးအောင်ဆိုတာ၊ သူလဲ သတင်းကြားဖူးထားဟန်တူပါရဲ့၊ ငါ့မျက်နှာကို သေချာကြည့်ရင်း ပြုံးပြတယ်....။

ငါက တွေ့ရတာဝမ်းသာပါတယ်၊ ဘာညာနဲ့ နှုတ်ဆက်ပြီးချိန်မှာ တစ်ခါ ထပ်ကြည့်ပြန်တယ်....။

ငါသိလိုက်ပြီ၊ ငါက စီးပွားရေးဘက်မှာ လုံးပန်းနေလို့ မိန်းကလေးတွေကို စိတ်မဝင်စားပဲ အချိန်မပေးပဲ နေခဲ့ပေမယ့် မိန်းမနဲ့ပတ်သက်ရင် 'ဝါးနု' တော့ မဟုတ်ဘူး၊ 'ဝါးရင့်'မှ တကယ့်ကို အကြောမှာအပွေးတက်တဲ့ ဝါးရင့်....။

မင်းသိပါတယ်ကွာ....။

မဖြစ်တဖြစ်လေးတွေ၊ ဖြစ်ကာစလေးတွေ၊ ဖြစ်ပြီးသား သမ္ဘာတွေ၊ တစ်ခါတလေမှ ဖြစ်ခဲ့ဘာတွေ၊

အို....မိန်းမငယ်လေးတွေ မျိုးစုံကြားမှာ ငါ ကျင်လည်ခဲ့ရတာပဲ....။



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်၊ ငါ ချက်ခြင်းသိလိုက်တယ်....။ ဖြူလေးရဲ့ မျက်လုံးတွေကိုမြင်တာနဲ့ ငါ့အတွက် ပေဒင်မေးစရာမလိုဘဲ ငါလိုချင်သမျှဖြစ်ပြီဆိုတာ သိလိုက်တယ်....။

ငါကလဲ ငါပဲ၊ မိမိကြီးနဲ့ ညားပြီးကတည်းက တွေ့သမျှ မိန်းမတွေကို ဘယ်လိုမှ စိတ်မဝင်စားခဲ့ဘူး....။

အလုပ်ဘက်ကိုပဲ အာရုံစိုက်နေခဲ့တယ်၊ ဘယ်လောက် ချောချော၊ ဘယ်လောက်လှလှ၊ မိန်းမလို့ကို မသတ်မှတ်ဘူး၊ ရိုးရိုးလူသားတစ်ယောက်အနေနဲ့ဘဲမြင်ပြီး ပုံမှန်ပဲ ဆက်ဆံခဲ့တယ်....။

အဲ...အခု ဖြူလေးနဲ့ကျမှ ငါအရည်ပျော်ပြီ၊ ဘာဖြစ်လို့မှန်းတော့မသိဘူး၊ ဖူးစာကြောင့် ဖြစ်တာလို့ ငါတော့ ဖြေတွေး တွေးလိုက်တယ်....။

ငါလဲ သမ္ဘာပဲကွာ....၊ စိတ်မြန်တာလဲ မင်းအသိ....။

ဒီတော့ အချိန်ဆွဲမနေဘူး....၊ ထိုင်စကားပြောပြီးလို့ ဆယ့်ငါးမိနစ်လောက်ကြာတော့ သူ့အစ်မ တင်တင်ဝင်းက ပစ္စည်းတွေလာနေလို့ သွားကောက်ဦးမယ်ဆိုပြီး ခဏထွက်သွားချိန်၊ သူနဲ့ငါ နှစ်ယောက်တည်းရှိနေချိန်မှာ ငါ စကားစလိုက်တယ်....။

'ထမင်းစားပြီးပြီလားဟင်'

'စားပြီးပြီ၊ အစ်ကိုရော စားပြီးပြီလား'



'ဟင့်အင်း....မစားရသေးဘူး၊ မနက်ကတည်းက လက်ဖက်ရည်ပဲ သောက်ထားရသေးတာ၊ အဲဒါ ဆီချက်သွားစားမလားလို့၊ တစ်ယောက်တည်းစားရမှာလဲ ပျင်းတယ်၊ မဖြူလေး လိုက်စားပါလား၊ ဆီချက်သောက်တော့ ထမင်းစားပြီးလဲ စားလို့ရပါတယ်၊ ဆီချက်မစားချင်လဲ အအေးသောက်ပေါ့၊ ကျွန်တော်က စကားပြောဖော်မရှိရင် တစ်ယောက်တည်း မစားတတ်လို့ပါ'

ဖြူလေး တွေသွားတယ်၊ တစ်မိနစ်လောက်ငြိမ်သွားတယ်၊ စဉ်းစားနေတယ်ပေါ့....။

သိပါတယ်ကွာ၊ ငါသိပါတယ်၊ ဒါက ဖော်မြူလာပဲဟာ၊ ချက်ချင်းဘယ်ခေါင်းညိတ်မှာလဲ၊ မိန်းကလေးပဲ အညာလွယ်တယ်လို့ ဘယ်အထင်ခံမှာလဲမနေ့....။

ရယ်ရတယ်နော်....စဉ်းစားတုန်းကတော့ လိုက်သင့် မလိုက်သင့်တင် စဉ်းစားတာ....။

အဲ....စဉ်းစားပြီးလို့ အဖြေရပြီဆိုပြန်တော့လဲ သူက အခါ အစဉ်လေးပါ အပြီးစီစဉ်ပေးပြီးဖြစ်နေပြီ၊

'ဒီလိုလုပ်လေ၊ မမသိသွားရင်မကောင်းဘူး၊ မမပြန်လာရင် ကိုမျိုးအောင် အရင်သွားနှင့်၊ ပြီးမှ ဖြူလေး အကြောင်း တစ်ခုခုပြပြီးထွက်လာခဲ့မယ်၊ ဈေးဟိုဘက်ထိပ်က ဆိုင်မှာပဲ စောင့်ပေါ့'

ဒုတိယ အကြိမ်

www.burmeseclassic.com



အဲဒါပါပဲ၊ ဒါအဖြေပဲ၊ ငါ့အတွက် လိုချင်တဲ့ အဖြေကို ငါ ရလိုက်ပြီ၊

အဲဒီနေ့က ဆီချက်စားပြီးချိန်မှာ သူက တစ်ခါတည်း အိမ်ပြန်မယ်ဆိုပြီး စလင်းဘက်လွယ် ထွက်ခဲ့တာဆိုတော့ သူ့အိမ်နားအထိ လိုက်ပို့ရတယ်....၊

ငါက သူနဲ့ စကားပြောရတာ စိတ်ချမ်းသာလိုက်တာ၊ 'နောက်နေ့အားရင် တွေ့ရအောင်နော်'လို့ ထပ်စကားကမ်းလှမ်းတယ်၊ ထုံးစံအတိုင်း ခဏအချိန်ယူစဉ်းစားပြီး ခေါင်းညိတ်တယ်၊

ကဲပါ....အတိုချုံးလိုက်ကြပါစို့ရဲ့၊ ကြောင်ခံတွင်းပျက်နဲ့ ဇရက်တောင်ပံကျိုးဇာတ်လမ်းပဲဟာ ပြောပြနေစရာ သိပ်လိုမယ် မထင်ပါဘူး....၊

နောက် တစ်ပတ်လောက်ကြာတော့ ဖြူလေးနဲ့ ငါ နှစ်ယောက်တည်း ငါ့မိတ်ဆွေတစ်ယောက်အခန်းမှာတွေ့ကြတယ်၊ ပျော်ကြတယ်၊

အချွဲ အနွဲ့ကောင်းတဲ့ဖြူလေး၊ ငါ့ကို သိပ်ဂရုစိုက်တဲ့ဖြူလေး၊ အဲဒီဖြူလေးကို ငါသိပ်ချစ်သွားတယ်၊ သိပ်စွဲလမ်းသွားတယ်....၊

ဒါ့ကြောင့်ပြောတာပေါ့၊ ငါ့အချစ်လေးကို မိမိကြီးနဲ့ လာမနှိုင်းပါနဲ့လို့၊ ဝါဂွမ်းနုနုလေးနဲ့ ဂုန်နီအိတ်ပိတ်သားလို ကွာချက်က တအားပဲဟာ....၊





မိမိကြီးကတော့ ဘာသိမှာလဲ၊ သူ့လက်ဖက်ရည်ဆိုင်က တစ်ဘက်၊ ခဲ့ထီရောင်းရတာက တစ်ဘက်နဲ့ အားမှ မအားနိုင်တာ၊ မြို့ထဲမှ မထွက်ဖြစ်တာ၊

ငါကလဲ ပိရိပါတယ်၊ ငါတို့ဈေးထဲက ကောင်တွေက နေရာအနှံ့မှာရှိနေတတ်တော့ ဖြူလေးကို မြို့လယ်မှာတွဲမသွားပါဘူး၊

ငါ့မိတ်ဆွေအခန်းမှာပဲ ချိန်းတွေ့ပြီး ပြန်ရင် တောင် မှ အငှားကားနဲ့ပဲ သူပြန်ဖို့ စီစဉ်ပေးတာပေါ့၊

ငါ့ကားပေါ်မှာ တွေ့တယ်လို့ မိမိကြီးနားထဲ သတင်းရောက်ခဲ့လို့ မဖြစ်ဘူးလေ၊ ငါတို့လင်မယား ဒီကိစ္စကြောင့် စိတ်ဝမ်းကွဲကြရမှာကို ဘယ်အဖြစ်ခံနိုင်ပါ့မလဲ၊

အဲ....တစ်ညမှာတော့ မိမိကြီးက အေးအေးဆေးဆေး တိုင်ပင်ချင်တယ်လို့ ပြောလာတယ်....၊

ငါလဲ ပထမတော့ လန့်သွားတာပေါ့၊ "ဟာ ပြဿနာတော့ တက်ပြီ"လို့တွေးပြီး ရင်ထဲထိတ်သွားတာပေါ့၊ ဘယ်သူမျှား လျှောချောင်ပြီး မိမိကြီးကို သတင်း ပို့လိုက်ပါလိမ့်လို့ တွေးနေမိတယ်....၊

ဟား....ဟား...တကယ်ပြောတော့လဲ ရင်ခုန်စရာတောင်မှ ကောင်းသေးတော့၊ မိမိကြီးက ဖြူလေးနဲ့ကိစ္စကို မ သိ ရှာပါဘူး၊ သူပြောတာက တို့ လင် မ ယား ရွှေ့ရေးအကြောင်း ပြောတာ....၊



www.burmeseclassic.com

www.burmeseclassic.com



**အခုဆို** ငွေလဲ **အတော်လေး** စုမိနေပြီတဲ့၊ ဒီလုပ်ငန်းကို ရပ်မယ်ဆိုရင်တောင် ရပ်လို့ရပြီပဲ၊ ဒါပေမယ့် တစ်နှစ်တိတိ ရသမျှငွေ ကြိုးစားရှာမယ် ဆိုတဲ့ ဆုံးဖြတ်ချက်အတိုင်း ဆက်လုပ်မယ်၊ ဒီမှာကြို့တင်ပြီး လုပ်သင့်တာ တွေတော့ လုပ်ထားချင်ပြီ....။

ဒီတော့ အကယ်၍ရှောင်ပြေးရမယ်ဆိုရင် ဇာတ်မြှုပ်နေဖို့ နေရာလေး တစ်နေရာတော့ သေချာ စီစဉ် ထားချင်တယ်တဲ့။

ဟုတ်တယ်၊ သူပြောတာ သွေးထွက်အောင် မှန်တဲ့စကား။ ကံဆိုတာ မပြောနိုင်ဘူး....။

ကလေးတွေပြောသလိုပဲ "ကံဘရားဆိုတာ နံပြားဖြစ်ချင် ဖြပ်သွားမှာ"ဆိုတဲ့ စကားအတိုင်း တစ်ချိန်ချိန် ကံဆိုးရင် ဖောင်းနေတဲ့အိတ်ကြီး ပြားသွားနိုင်တယ်၊ ဒီတော့ ကြိုတင် စီစဉ်တာ မမှားဘူး....။

ငါတို့နှစ်ယောက် မြန်မာပြည်မြေပုံကြီး ရှေ့မှာ ချပြီး မြို့တွေ ရွေးကြတယ်....။

**အဓိက** စဉ်းစားတာကတော့ မင်္ဂလာဈေးနဲ့ အရောင်း အဝယ် အနည်းဆုံးလုပ်တဲ့ မြို့လဲဖြစ်ရမယ်၊ မော်ဒီကုန်သည် လမ်းကြောင်းနဲ့လဲလွတ်ရမယ်၊ မြို့ကြီးစာရင်းမှာလဲ ဝင်ရမယ်၊ အဲဒီမြို့ကို ရှာကြတယ်....။

ဟော....တွေ့ပါပြီဗျာ။





သံတွဲမြို့၊ ပေလီနဲ့ ကပ်နေတယ်ဆိုတဲ့ အချက်လေးတစ်ချက် က လွဲပြီး ကျန်တဲ့အချက်တွေက အကုန်လုံး တို့လိုချင်တဲ့ အတိုင်း ဖြစ်နေတယ်။

ပေလီနဲ့ ကပ်နေတာကလဲ ပြဿနာ မရှိလှပါဘူး၊ရန်ကုန် သားတွေ ပေလီကို အလည်လာတာက နွေကျောင်းပိတ်ရက် လေးပဲ။

အဲဒီရက်ပိုင်းမှာ အနေအထိုင် ဆင်ခြင်နေရင် ပြီးတာပဲ။

နောက်တစ်ချက် အကြိုက်ဆုံးက ရန်ကုန်နဲ့ သိပ်ဝေးတဲ့ နေရာမှာ ရှိနေတယ်။ တော်ရုံနဲ့ သံတွဲကလူက မင်္ဂလာဈေးကို မရောက်နိုင်သလို၊ မင်္ဂလာဈေးကလူကလဲ သံတွဲကို မရောက် နိုင်ဘူး။

ပြီးတော့ ပေလီ၊ မြန်မာပြည်ရဲ့အသာယာဆုံးဆိပ်ကမ်း၊ အဲဒီမှာ တိုလင်မယား ဗိုမ်နဲ့ ဘန်ဂလိုတစ်ခုခုလောက် ဝယ်ပြီး နေနိုင်တယ်၊ သံတွဲတစ်လှည့်၊ ပေလီတစ်လှည့်နေ၊ နွေကျောင်း ပိတ်ရက်ဆိုရင် သံတွဲမှာ တစ်လလောက် အိမ်တွင်းအောင်း ကဲ ဘာလိုသေးလဲပြော။

ဩော်....ဓောဓောက မင်းကို မိမိကြီးနဲ့ တိုင်ပင်တော့ ငါ ရင်ခုန်သွားတာကို ပြောမိသေးဘယ်နော်....

ဘယ့်နှယ့်ကွာ ရင်မခုန် ခံနိုင်ရိုးလား၊ သံတွဲမှာကြိုတင်ပြီး အိမ်ကိစ္စ စီစဉ်မယ်ဆိုရင် ငါပဲ သွားရမှာပေါ့၊ ပြော့



www.burmeseclassic.com

www.burmeseclassic.com



လင်မယား နှစ်ယောက်လုံးသွားလို့ ဘယ်ဖြစ်မှာလဲ၊ ဒီမှာကလဲ လုပ်တဲ့အလုပ်က တခြားလူလွှဲလို့ရတဲ့ အလုပ်မျိုး မှ မဟုတ်တာ။

ငါပဲသွားရမယ်ဆိုမှတော့ ငါတစ်ယောက်တည်း ဘယ်သွားပါမလဲ၊ ငါ့အချစ်ကလေးကိုပါ ခေါ်သွားမှာပေါ့....။

ပေလီသင်္ဘောဦးမှာ အချစ် ဇာတ်မြူးလေး တစ်ပုဒ် သက်ဝင်လှုပ်ရှား လာရမှာပေါ့။

ဘာပဲပြောပြော တစ်ပတ်လောက်တော့ နေခွင့်ရှိတယ်၊ ရန်ကုန်မှာ ခိုးကြောင်ခိုးဝှက်ဘဝကနေ ပေလီမှာ လွတ်လွတ်လပ်လပ် ဘန်ဂလိုလေးတစ်လုံးမှာ နှစ်ယောက်ထဲ တစ်ပတ်လောက် အတူနေကြရမယ်ဆိုတော့၊ အင်း....စဉ်းစား။

* * *

တကယ်ကွာ၊ ငါ့တစ်သက်၊ တစ်ခါမှမမြင်ဖူးဘူး၊ လှလိုက်တဲ့ နေရာလေး၊ လှိုင်းလုံးလေးတွေ ညနေညနေ တက်လာပြီဆိုရင် ထိုင်သာကြည့်နေ၊ ရင်ထဲ အမောပြေသွားမယ်၊ တိုက်လာတဲ့ လေကလဲ ရန်ကုန်က လေမျိုးမဟုတ်ဘူး၊ ဘာအနံ့ ဘာအငွေ့ အသက်၊ အခိုးအငွေ့မှမပါတဲ့ ပကတိလေ၊ ငါ့တစ်သက် ဘယ်တုန်းကမှ မရှူဘူးတဲ့ တကယ့် ''လေ'' စစ်စစ်။





စဉ်းစားကြည့်ကွာ၊ ငါ့အချစ်ဖြူလေးက ပန်းနုမိုးလို့ သဲမွမွလေးတွေပေါ်မှာထိုင်၊ လှိုင်းခေါင်းဖြူလေးတွေ တလိပ်လိပ်တက်လာတာကို အရသာခံကြည့်စကားလေးတွေတွတ်ထိုး၊

ဟော....ခဏကြာတော့ နေလုံးကြီးက ပင်လယ်ထဲ ငုပ်ဝင်သွားတာကို ဆက်ကြည့်၊ ပြီးရင်၊ လမင်းကြီးကသာလာလို့ လရောင်အောက်မှာ တလက်လက်ထနေတဲ့ အုန်းပင်၊ အုန်းလက်လေးတွေကို မော့ကြည့်ရင်း၊ သဲပြင်ပေါ်မှာ ကျောချလှဲ၊ စကားပြောကြ၊ အိုကွာ တစ်ညမျှားဆို ဘန်ဂလို ပေါ်တောင်မှ ပြန်တက်မအိပ်ဖြစ်ဘူး....။

သဲမွမွလေးတွေပေါ်မှာတင် စကားပြောလိုက်ကြ၊ ဆော့လိုက် နောက်လိုက်ကြနဲ့ မိုးလင်းသွားဖူးတယ်....။

ငါတို့တည်းတဲ့ ဘန်ဂလို ပိုင်ရှင်ကလဲ လွှတ် သဘောကောင်းတယ်။ အစားအသောက်ကအစ လိုလေသေး မရှိစေရဘူး၊ လိုချင်ရင် လှမ်းအော်သာ မှာလိုက်....။

သူ့ဆီမှာမရှိလဲ သူ့အိမ်သား တစ်ယောက်ကို ချက်ချင်း ပြေးဝယ်ခိုင်းလိုက်တာပဲ....။

သူ့အိမ်ကလဲ ဘန်ဂလိုနောက်၊ လူတခေါ်စာလောက်မှာ ရှိနေတာ၊ အော်သာမှာလိုက်၊ လိုတာချက်ချင်းရောက်လာစေရမယ်၊ ကဲ....ဘာလိုသေးလဲ....။

ပေလီရောက်ပြီး နှစ်ရက်လုံးလုံး အလုပ်ကိစ္စကို မစဉ်းစားမိဘူး၊ ကမ်းခြေရယ်၊ ဘန်ဂလိုမှာရယ်ပဲ အချိန်ကုန်နေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



တတိယမြောက်နေ့ကျမှ သံတွဲမြို့ထဲကို ဂျစ်ကားငှားပြီး အလုပ်ကိစ္စအတွက် ထွက်ဖြစ်တော့တယ်၊ ဂျစ်ကားဆရာဆီမှာ အလုပ်ကိစ္စကို စပြီးစုံစမ်းရတာပေါ့ကွာ....။

သိတယ်လေ....။

မြို့တစ်မြို့မှာ အငှားကားမောင်းတဲ့ ကားဆရာလောက် နှံ့နှံ့စပ်စပ်သိတာ၊ တခြား ဘယ်သူရှိလို့တုန်း၊ ရန်ကုန်မှာလို ပေါ့၊ ကားဆရာဆိုတာ လူပေါင်းစုံနဲ့ ဆက်ဆံပြီး၊ ဗဟုသုတ အစုံအလင်ဆုံး လူတွေပဲ မဟုတ်လား....။

အဲ....စကားများများပြောတတ်တဲ့၊ ဟောင်ဖွာ ဟောင်ဖွာ ပြောတတ်တဲ့ ကားဆရာ ဆိုရင် ပိုတောင် နှံ့နှံ့စပ်စပ် သိသေး....။

ငါကံကောင်းပါတယ်၊ ငါငှားစီးတဲ့ ကားဆရာက လွတ် စကားများတဲ့ကောင်၊ လူကလဲလူငယ်၊ ပြီးတော့...လူလည်။

သူနဲ့ စကား သုံးလေးခွန်းလောက် ပြောပြီးတာနဲ့ ငါ လိုချင်တဲ့ အစီအစဉ်မှာ အကူအညီရမယ့် ချာတိတ်ပဲလို့ သိလိုက်တယ်....။

နာမည်က ကျော်ကုလား၊ သံတွဲမှာနေတယ်။

အိမ်က ဂျစ်ကားတစ်စီး ဝယ်ပေးထားတော့ မဇင် လေဆိပ်နဲ့ ဘန်ဂလိုတွေမှာ အဆက်အသွယ် လုပ်ထားပြီး ကား အငှားလိုက်မောင်းနေတာ...။





သံတွဲဇာတိဆိုတော့ သံတွဲတစ်မြို့လုံး သူမသိတာ မရှိ သလောက်ဘဲ....။

ငါက နေရာကောင်းကောင်း ဆိတ်ငြိမ်ရပ်ကွက်မှာ တစ် ထပ်တိုက် ခြံကျယ်ကျယ်နဲ့ ကိုယ်ပိုင်ဝယ်ချင်တယ်၊ အဲဒါ ကူညီပါလားလို့ စကားဟလိုက်တော့ ကျော်ကုလား မျက်နှာ ဝင်းသွားတယ်....။

ငါသိပါတယ်၊ ဒီကောင်က ပွဲစားခ ရတော့မှာကိုတွေးပြီး ပျော်နေတော့မှာပေါ့....။

ဒီကောင် ငါလိုချင်တာကို မဖြစ်မနေကြိုးစားရှာတော့မှာ ပေါ့....။

ဒီကောင့်ပုံစံကြည့်ရတာလဲ လေသာပေါ့ပေမယ့် လက် တွေ့မှာလဲ အစွမ်းရှိမယ့်ပုံ အဆက်အသွယ် အားကောင်းမယ့် ပုံစံပါ....။

အဲဒီတစ်ရက်တည်းတင် အိမ်ငါးအိမ် ဝင်ကြည့်ဖြစ်တယ်၊ တစ်အိမ်မှတော့ စိတ်တိုင်းကျမတွေ့ခဲ့ရဘူး၊ အိမ်ကို သဘော ကျရင် နေရာမကောင်း၊ နေရာကောင်းပြန်တော့ မြေကွက်က ကျဉ်းနေ၊ အိုကွာ....အဆင်မပြေပါဘူး....။

ကျော်ကုလားက စိတ်ဓာတ်မကျဘူး၊ နောက်တစ်ရက် ထပ်ချိန်းတယ်၊ ဒီည သူ လိုက်စုံစမ်းနေထားပါမယ်၊ မနက် ဖြန်တော့ အစ်ကို စိတ်တိုင်းကျအိမ်ကို တွေ့ရပါစေမယ်လို့ သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်နဲ့ ကတိပေးသွားသေးရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး....'ကားခကိုလဲ ဒီနေ့လို တစ်နာရီလေးဆယ် မရှင်းပါနဲ့၊ အစ်ကိုက ကားကို သိပ်သုံးတာမှမဟုတ်ဘဲ၊ ရပ်ထားရတာ များနေတာပဲ၊ ကျွန်တော် မတရားယူသလို ဖြစ်နေမှာပေါ့....။

ဒီတော့....တစ်နာရီ သုံးဆယ်ပဲပေးပေါ့ အစ်ကိုရာ' လို့ ငါ့အတွက် အခွင့်အရေး ပေးသွားသေးတယ်....၊ ဟား....ဟားရယ်ရတယ်နော်၊ ဒီကောင်မဆိုးဘူး....။

ငါငယ်ငယ်တုန်းကလိုပဲ အကွက်မြင်တဲ့ကောင်....။

ငါ ကိုယ်ချင်းစာပါတယ်၊ ဒီကောင့် စကားအတိုင်း ခေါင်းညိတ်လိုက်တာပေါ့....။

ဟုတ်တယ်....။

ဒီကောင် စိုးရိမ်နေတယ်၊ အိမ်အရောင်းအဝယ် ကိစ္စမှာ သူ့သာအစအဆုံးဝင်ကိုင်ဖြစ်ရင် ပွဲခ မနည်းမနောရမှာလေ၊ ဒီတော့ တခြားလူတွေ ဝင်လာမှာကို ဒီကောင် စိုးရိမ်နေပြီပေါ့၊ ဥစ္စာခြောက်နေပြီပေါ့၊

ဒါကြောင့် သူ့ဘက်ပါအောင် ကားခလျှော့ပေးတာတွေ ဘာတွေလုပ်ပြီး ငါ့ကိုဆွယ်နေတာပေါ့၊ ငါကလဲ ဒါကိုသိပါတယ်....၊

ဒါပေမယ့် ငါငယ်ငယ်တုန်းကလိုအကွက်မြင်တဲ့ ချာတိတ်တစ်ယောက်ကို ကိုယ်ချင်းစာစိတ်နဲ့ ဖြစ်နိုင်ရင် ပွဲခကို





ကျော်ကုလားပဲ ရစေရမယ်လို့ဆုံးဖြတ်ပြီး ငါ ပြန်ခေါင်းညိတ်ခဲ့တာပေါ့ကွာ....။

မဆိုးပါဘူး၊ ဒီကောင် အလုပ်လဲ ဝါကယ်ကြိုးစားတဲ့ကောင်၊ သူ့စကားအတိုင်း တစ်ညနေလုံး စုံစမ်းလှုပ်ရှားထားလို့ထင်ပါရဲ့၊ နောက်တစ်နေ့မှာ အဆင်ပြေလာတယ်....။

ပထမဦးဆုံးဝင်တဲ့အိမ်ကိုက ငါလိုချင်တဲ့ပုံစံနဲ့ အတော်ကို နီးစပ်နေပြီ၊ ဒါပေမယ့် သိပ် စိတ်တိုင်းမကျသေးတာနဲ့ ဆက်ကြည့်ဦးမယ်လို့ ပြောလိုက်တယ်၊ ဒုတိယအိမ်လဲ သိပ်မဟုတ်လှဘူး....။

အဲ....တတိယ ဝင်တဲ့အိမ်ကတော့ ငါလိုချင်တဲ့ ပုံစံအတိုင်း ရတယ်....။

အိမ်ရှေ့ပန်းဥယျာဉ်က သဇင်ပန်းခြံနဲ့ သစ်ခွပန်းခြံ တစ်ခုတောင်မှ အဆစ်ပါသေး....။

ငါ မြင်မြင်ချင်းသဘောကျသွားတယ်၊ စိတ်ထဲမှာ အဲဒီအိမ်ကလေးကိုကြည့်ရင်း ရင်ထဲမှာကို ကြည်နူးလာမိတာ....။

ပြဿနာက ဈေးနှုန်းပဲ၊ တစ်သိန်းခုနစ်သောင်းတဲ့၊ ငါ ဒီအရင်ကြည့်ခဲ့တဲ့အိမ်တွေက တစ်သိန်းနှစ်သောင်း၊ သုံးသောင်း ဒီလောက်ပဲ၊ အများဆုံးခေါ်တဲ့ ဈေးကမှ တစ်သိန်းလေးသောင်း၊ အိမ်အခြေအနေကလဲ အခုအိမ်နဲ့ သိပ်ကွာလှတာ မဟုတ်ဘူး....။

အခု ငါကြိုက်ပါပြီဆိုမှပဲ ဒီအိမ်ဈေးက အများဆုံးခေါ်တဲ့ ဈေးနဲ့ လာတိုးနေတယ်၊ ဘယ်ရမှာလဲ ရောင်းသူ တစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ချယ်သူတစ်မတ်ပဲ၊ ငါက တစ်သိန်းလေးသောင်း ဖမ်းစစ်လိုက်တယ်....။

ဟင့်အင်းတဲ့၊ လုံးဝမလျှော့ဘူးတဲ့၊ အိမ်ရှင်ယောကျ်ားကြီးက လေအေးလေးနဲ့ ပြန်ဖြေတယ်၊ သူတို့မိသားစု ကြည့်ရတာ စီးပွားရေး ချောင်လည်ပုံရပါတယ်၊ သိပ်အလျင်စလိုရောင်းချင်ပုံ မရဘူး၊ တို့ ရန်ကုန်သားစကားနဲ့ ပြောရရင် 'ဗိုက်နာပုံမရဘူး' ပေါ့ကွာ....။

ထပ်တိုးပေးလိုက်တယ်၊ တစ်သိန်းငါးသောင်း၊ ဟုတ်တယ်လေ၊ ငါက တအားကြိုက်နေမှကိုး....။

ဟင့်အင်းပဲ၊ ညှိလို့မရဘူး၊ ကျော်ကုလားက ငါ့ခြေထောက်ကို သူ့ခြေထောက်နဲ့ လှမ်းဖိပြီး သတိပေးတယ်၊ သဘောက် ဆက်မတိုးနဲ့တော့ပေါ့၊ ငါ သဘောပေါက်ပါတယ်၊ နှုတ်ဆက်ပြီး ပြန်ထွက်ခဲ့တယ်၊ ခြံပြင်ရောက်တော့ ကျော်ကုလားက နောက်တစ်အိမ်ကို မောင်းဖို့ပြင်တယ်၊ ငါ တားလိုက်တယ်....။

'တော်ပြီ၊ ဆက်မကြည့်တော့ဘူး၊ ပင်ပန်းတယ်၊ အဲဒီ ခုနအိမ်ကိုပဲ လိုချင်တယ်၊ အဲဒီအိမ်ကို တစ်သိန်းငါးသောင်းနဲ့ရအောင် မင်းကြိုးစား၊ ဟဲ...ငါ့ကို ဘန်ဂလိုပြန်ပို့တော့၊ မနက်ဖြန်မနက် အကျိုးအကြောင်းသိချင်တယ်....။

မနက်ကျရင် ထုံးစံအတိုင်းလာခဲ့၊ အဲဒီမှာ ဈေးညှိလို့အဆင်မပြေမှ နောက်အိမ်တွေဆက်ကြည့်မယ်၊ ကျော်ကုလား





ခေါင်းညိတ်တယ်၊ ဘူမဖြစ်မနေ ကြိုးစားမယ်ဆိုပြီး ငါ့ကိုဘန်ဂလိုအထိ ပြန်ပို့ပေးတယ်။

ဘန်ဂလိုဘေးမှာ ကားထိုးရပ်လိုက်တော့ ငါ့ကို ထွက်မျှော်နေရှာတဲ့ ဖြူလေးကိုမြင်တာနဲ့ နောက်ထပ် မှာဖို့စဉ်းစားထားတဲ့ စကားလုံးတွေ ပါးစပ်ထဲတင် ပျောက်တယ်၊ ဩော်... အချစ်နဲ့တွေ့ရင် အရာရာကိုမေ့တယ်ဆိုတာ တယ်မှန်ပါလားနော်....။

ငါမှားတယ်၊ ငါအသုံးမကျဘူး....။

ပွဲစားတွေရဲ့ သဘော သဘာဝကို ငါနားမလည်တာလဲမဟုတ်ဘူး၊ အသေအချာနားလည်တယ်၊ ဘယ်လို ကြောင့်ပဲဖြစ်ဖြစ် အလုပ်တစ်ခုဖြစ်ဖို့ နီးစပ်နေရင် အဲဒီအလုပ် အောင်အောင်မြင်မြင် ဖြစ်မြောက်သွားဖို့ အသေအလဲ ကြိုးစားရတာဟာ ပွဲစားတွေရဲ့ ဝတ္တရားပဲ....။

ဟုတ်တယ်လေ၊ ပွဲစားဆိုတာက အလုပ်တစ်ခု ဖြစ်မြောက်သွားရင် ပိုက်ဆံ ပွဲခရမယ်၊ အဲ...အလုပ်က ပျက်သွားပြီဆိုရင်တော့ တစ်ပြားမှမရဘူး၊ လေကုန်တာပဲ အဖတ်တင်ကျန်ခဲ့မှာ။

ဟကောင်ရ မင်းမေ့နေပြီလား၊ ငါကိုယ်တိုင် ဂွတ္တလစ်မှာ ပွဲစားအလုပ်မျိုး လုပ်ခဲ့တာပဲဟာ....။

ဒီတုန်းကလဲ တစ်ခါတလေ သုံးဆယ်ပွဲခ ရမှ လုပ်မယ်လို့ မှန်းထားပေမယ့် နောက်ဆုံး အခြေအနေ သိပ်မလှရင် ပွဲခ တစ်ဆယ်ရလဲ လွှတ်ပေးလိုက်ရတာပဲ၊ လုပ်လိုက်ရတာပဲ...။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ တစ်ပြားမှ မရတာထက်စာရင် တစ်ဆယ်ရတာက ကိုယ့်အိတ်ထဲ ဝင်လာသေးတာပဲဟာ....။

နားလည်ပါတယ်၊ ငါပွဲစားတွေအကြောင်း နားလည်နေလို့လဲ ကျော်ကုလားနဲ့ လမ်းခွဲခါနီးမှာ အလုပ်ကိစ္စကို မနက်ဖြန် နှစ်ယောက်ချင်း တွေ့မှပြော၊ ဘန်ဂလို မှာ ဒီအကြောင်း လုံးဝလာမပြောဖို့ မှာလိုက်မယ်လို့စဉ်းစားထားတာပေါ့....။

အဲ....ဒါပေမယ့် ကားရပ်ချိန် မှာ ငါ့အချစ်ကလေး မျှော်နေတာကိုတွေ့လိုက်ရလို့ ပြောမယ့်စကားတွေ ပါးစပ်ထဲတင် ပျောက်သွားခဲ့တယ် ဘာမှ မမှာလိုက်မိဘူး....။

အဲဒီလို မမှာလိုက်မိတာကြောင့် ညနေပိုင်းမှာ ငါ ရေရေလည်လည် ''ဦးနှောက်စား''တော့တာပဲ....။

ဘန်ဂလိုဘေးမှာ ကားရပ်သံကြားလို့ ထွက် ကြည့် လိုက်တော့ ကျော်ကုလားနဲ့ အိမ်ရောင်းမယ့် အိမ်ရှင်ဦးလေးကြီးက ဆင်းလာနေပြီ...။

ကျော်ကုလား တစ်ယောက်တည်းဆိုရင်လဲ သူ့ကားပေါ်တက် တစ်နေရာရာကို မောင်းခိုင်းပြီး နှစ်ယောက်ချင်း စကားပြောလို့ဖြစ်တယ်....။

ခုဟာက အိမ်ရှင်ဦးလေးကိုယ်တိုင် ပါနေတော့ ဘန်ဂလိုပေါ် မှာ ဧည့်မခံလို့မဖြစ်တော့ဘူး၊ လမ်းလျှောက်ရင်းနဲ့





စကားပြောရအောင်ဗျာ လို့ ဆိုရအောင်ကလဲ သက်တူရွယ်တူတွေ မဟုတ်တော့ ခက်တယ်....။

ငါကသာ စဉ်းစားနေတာပါ၊ ကျော်ကုလားက အိမ်ရှင်ဦးလေးကြီးကို အိမ်ပေါ်ခေါ်တင်လာပြီး ငါ့ဧည့်ခန်းထဲမှာ တောင် ထိုင်နေကြပြီပဲ...။

''ခဏကလေးနော်''လို့ တောင်းပန်ပြီး ငါအိပ်ခန်းထဲဝင်၊ ဖြူခလေးအာခြေအနေကို အကဲခတ်ရတယ်....။

ဟူး...တော်ပါသေးရဲ့၊ မချောခမျာ ညနေက ရေကူးထားလို့ ပင်ပန်းထင်ပါရဲ့၊ မောမောနဲ့ အိပ်ပျော်နေတယ်၊ ငါ့ကိုကျောပေးပြီး ကွေးကွေးလေး စောင်းအိပ်နေတာ လှုပ်တောင်မှ မလှုပ်ဘူး...။

ဒီတော့မှ ဧည့်ခန်းပြန်ထွက်ပြီး ဧည့်သည် ဦးလေးကြီးကို ဧည့်ခံစကားပြောရတယ်၊ ကျော်ကုလားတို့ ဘယ်လောက်အထိ စည်းရုံးလာသလဲ မသိဘူး၊ နေ့ခင်းတုန်းက မျက်နှာသားတည်တည်နဲ့ ဦးလေးကြီးတောင် ခုတော့ ပြုံးလို့....။

တစ်သိန်းခြောက်သောင်းတဲ့၊ နေ့လယ်က တစ်ပြားမှ မလျှော့ဘူးလို့ ဆုံးဖြတ်ထားပေမယ့် ကျော်ကုလားက တစ်ညလုံး လာပြောနေလို့ ဈေးကွဲနေတဲ့ နှစ်သောင်းမှာ သူ့ဘက်က တစ်သောင်း လျှော့ပေးလိုက်တာပါ ဆိုပဲ...။

ပြီးတော့ ပြောသေးတယ်၊ တခြားအိမ်တွေနဲ့ ဈေးနှုန်းချင်း ယှဉ်လိုက်ရင် များနေတာမှန်ပေမယ့် သူ့သစ်ခွေနဲ့ သစင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံက တစ်သောင်းဖိုးလောက် အကုန်ခံ ပြုစုပျိုးထောင်ထားတာကိုလဲ ထည့်တွက်ထားဦးမှပေါ့တဲ့၊ သစ်ခွတွေဆိုတာ မျိုးစုံအောင် ရှာဝယ်ထားရတာ၊ သူ့အချိန်ကျရင် အဲဒီကလဲ ဝင်ငွေရတာပဲတဲ့....။

ငါဆုံးဖြတ်လိုက်ရပြီ၊ ဟုတ်တယ်လေ၊ အိမ်ရှင်ဦးလေးကြီးပြောနေဆိုနေပုံက လျှော့မယ့်ပုံစံ လုံးဝမပေါ်တော့ဘူး၊ ပြီးတော့ သူပြောတာကလဲ မှန်နေတယ်။ သူ့သစ်ခွရုံက တကယ့်ကို အသေအချာလုပ်ထားတာ၊ သဇင်ပန်းခြံကလဲ အခိုင်အခံ့၊ သဇင်ပွင့်တဲ့ရာသီဆို ဝင်ငွေကောင်းကောင်းရမှာ အမှန်ပဲ။

ဒီတော့လဲ ငွေတစ်သောင်းကို ကြည့်မနေတော့ပါဘူး၊ တစ်သိန်းခြောက်သောင်းဆိုတော့လဲ တစ်သိန်းခြောက်သောင်းပေါ့၊ ဝယ်မယ်၊ ဒါပဲ....။

ကျော်ကုလားဆိုတာ ပြုံးလို့ ရွှင်လို့၊ နဂိုက စကားခပ်များများ၊ အခုတော့ ပွဲစားခ နှစ်ဘက်လုံးက ရမှာမို့ အပျော်လွန်လို့ ထင်ပါရဲ့၊ အိမ်အကြောင်းကို ထပ်ပြီး အမွှန်းတင်နေသေးတယ်၊ သူ့အသံက ကျယ်တော့ ဖြူလေး နိုးသွားမှာကိုတောင် စိုးရိမ်နေမိတယ်....။

ဟုတ်တယ်လေ၊ ဖြူလေးကို ငါချစ်တာက ချစ်တာတစ်ပိုင်းပဲ၊ အခုကိစ္စက ငါတို့ မိသားစုရဲ့ ဘဝ လုံခြုံရေးအတွက် အင်မတန်အရေးကြီးတဲ့ ကိစ္စ၊ ဘယ်သူ့ကိုမှ အသိခံလို့ မဖြစ်တဲ့ ကိစ္စ၊ ဖြူလေးကို လက်ခွဲဒိုင် တစ်ယောက်ရဲ့ ညီမဆိုရင် ပိုတောင်မှ မသိသင့်သေးတာ အမှန်....။





ကျော်ကုလား စကားရပ်သွားအောင် အမြန်းဆုံးပေဖြတ်ရတယ်၊ မနက်ဖြန်နေ့လည် ၁၂းဝဝနာရီမှာ အရောင်းအဝယ် စာချုပ်ချုပ်မယ်၊ ဦးလေးတို့က မြို့ခံဆိုတော့ လိုအပ်တာတွေ ကူညီစီစဉ်ပေးထားပေါ့၊ဘာညာပေါ့ အဲဒါတွေပြောပြီး စကားဝိုင်းကို ရအောင်သိမ်းလိုက်ရတယ်....။

သူတို့ကား ပြန်ထွက်သွားတာနဲ့ ငါစိုးရိမ်တကြီး အိပ်ခန်းထဲကို ပြေးဝင်ခဲ့မိတယ်၊ဖြူလေးများနိုးနေပြီလား၊ ကြားသွားပြီလားပေါ့....။

ကံတရားကို ကျေးဇူးတင်ရတော့မှာပဲ ဖြူလေးကို စောစောက ငါမြင်ခဲ့တဲ့အတိုင်းပဲ၊ ကွေးကွေးလေးအိပ်လျက် အနေအထားမပျက်တွေ့ရတယ်၊ ခုမှ ငါနောင်တရတယ်....။

ဒီလောက် အရေးကြီးတဲ့ကိစ္စကို လာလုပ်တာမှာ အပျော်ကလေးဖက်ပြီးဖြူလေးကိုခေါ်လာမိတာကိုနောင်တရတာပါ။

ဖြူလေးသာ နိုးနေချိန်ဆိုရင်တော့ ငါ့အကြံအစည်အားလုံး သဲထဲရေသွန်သလို ဖြစ်သွားမှာ၊ ခုတော့ ကံကြီးပေလို့သာပေါ့....။

နောက်တစ်နေ့ စာချုပ်သွားချုပ်တော့ ကျော်ကုလားကို ပွဲခပေးရင်း ပိတ်ရဆို့ရတယ်၊ ဒီအိမ်ဝယ်တဲ့ကိစ္စကို ဖြူလေးရှေ့မှာ ယောင်လို့တောင် မဟလိုက်ပါနဲ့ပေါ့....။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ၊ ငါနဲ့ဖြူလေးက သူ့ကားနဲ့ နေရာအနှံ့ လျှောက်လည်ဦးမှာဆိုတော့ သူအာချောင်ရင် အကုန်လုံး ပေါ်ကုန်မှာစိုးရတယ်....။

ဒီကောင်မဆိုးပါဘူး၊ ငါ့သတိပေးပြီးကတည်းက၊ အဲဒီ အကြောင်း လုံးဝစကားမစတော့ဘူး....။

ငါတို့စုံတွဲ ပေလီမှာ နှစ်ရက်ထပ်နေတယ်၊ ဆက်နေချင် သေးပေမယ့် နေလို့မဖြစ်နိုင်တော့ဘူး၊ နိဝင်ဘာလ ၂၈ ရက်ရှိနေပြီ ခဲျကထွက်ဖို့ သုံးရက်ပဲလိုတော့တယ်....၊

ငါ့တာဝန်တွေကို အဲဒီအချိန်မှာ သတိရပြီး ရင်ပူလာတယ်။

လက်ခွဲတွေနဲ့ စာရင်းလုပ်ရမယ်၊ ငါတို့ရောင်းထားတာတွေ စာရင်းစစ်ရမယ်၊ ငွေကောက်ရောရှိတာတွေ လိုက်ကောက်ရ မယ်၊ အပျော်ကြူးပြီးမေ့နေတဲ့ အလုပ်တွေက ခုမှ တန်းစီ ပေါ်လာတယ်၊

ကျော်ကုလားကြီးစားပေးလို့ လေယာဉ်လက်မှတ် ချက် ချင်းရတယ်၊ နေ့လယ်တစ်နာရီထွက်မှာဆိုတော့ မင်္ဂလာဈေးကို အချိန်မှီ ရောက်နိုင်သေးတယ်ဆိုပြီး ငါဝမ်းသာသွားတာပေါ့။

အိမ်နဲ့ပန်းခြံကိုစောင့်ဖို့၊ ပြုပြင်ဖို့အလုပ်သမားတစ်ယောက် ကိုလဲ ကျော်ကုလား အဆက်အသွယ်နဲ့ပဲ ငှားထားခဲ့တယ်....။

ရန်ကုန်လေဆိပ်ကို နှစ်နာရီလောက်ရောက်တော့ အငှား ကားတစ်စီးအမြန်ငှားပြီး ဖြူလေးကို သူ့လမ်းထိပ်မှာချပေး ပြီး၊ မင်္ဂလာဈေးကို အမီပြေးရတော့တယ်၊





ဖြူလေးကတော့ သူ့အိမ်ကို ဘယ်လိုပြောမလဲမသိဘူး....။

သူလဲ သူ့နည်းသူ့ဟန်နဲ့တော့ အဆင်ပြေအောင်ပြောတတ် မှာပါ၊ ကားပေါ်ကဆင်းသွားတဲ့ ဖြူလေးကို ကြည့်ပြီး ရင်ထဲ မကောင်းဘူးကွာ၊ တစ်ပတ်လောက် အတူနေခဲ့တော့ သံယောဇဉ်ကလဲ ပိုသွားပြီကိုး၊ အင်း.... ပြော ရင်း တောင် လွမ်းသကွာ....။

* * *

ဈေးရောက်တော့ အခြေအနေက ငါထင်သလောက် မဆိုးဘူး၊ မိမိကြီးပဲလေ ဘယ်ရမလဲ၊ ငါအချိန်မီ ပြန်မရောက်နိုင်တော့ ဘူး ထင်လို့ လက်ခွဲဒိုင်တွေအားလုံးကို နှစ်ရက်ကြိုပြီး စာရင်း ပိတ်ခိုင်းထားတယ် ငွေတွေ ရှင်းခိုင်းထားတယ်....။

ဈေးထဲမှာလည်း ခဲျအရောင်းကို နှစ်ရက် ကြိုပိတ်ထား လိုက်တယ်....။

သို့က လက်ခွဲဒိုင်တွေနဲ့ စာရင်းလိုက်ရှင်းနေချိန်မှာ ဒီမှာ ရောင်းမယ့်လူမှ မရှိတော့ဘဲကိုး....။

လှအောင်တို့ လှမောင်တို့ကိုလဲ သွဲထားလို့ ဖြစ်တာ မှ မဟုတ်ဘဲ....။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အရောင်း ပိတ်ထားလိုက်တာပေါ့....။

ခုမှ ငါ့ရင်ထဲက အလုံးကြီးလည်း ကျသွားတော့တယ်၊ မိမိကြီးတို့ တော်ပုံများ စာရင်းတွေတောင် အားလုံး ပိတ်ပြီးနေပြီတဲ့....။

ငါက စာရင်းလေးဘာလေး ညကျမှ အေးအေးဆေးဆေး စစ်ဆေးရုံပဲ ရှိတော့တာ....။

ငါကလဲ ဘယ်ရမလဲ၊ သံတွဲက ဓာတ်ပုံဆရာ တစ်ယောက် ရိုက်ပေးထားတဲ့ ငါတို့အိမ်လေးရဲ့ ရောင်စုံဓာတ်ပုံ တွေကို ထုတ်ပြပြီး အလုပ်ဘယ်လောက်ကြိုးစားခဲ့ကြောင်း ကြွားလုံး ထုတ်တော့တာပေါ့....။

အဲဒီအိမ်ရှင်က မရောင်းချင်တဲ့ကြားက မရမနေ စောင့်ဝယ်နေလို့ ကြာသွားတာပါ ဆိုပြီး လံကြုပ်ဋီကာလေးလဲ ဖွင့်ရသေးတယ်....။

မိမိကြီးလည်း အိမ်လေးဓာတ်ပုံတွေကိုကြည့်ပြီး သိပ်ပျော်သွားတယ်....။

သဇင်ပန်းခြံနဲ့၊သစ်ခွဥယျာဉ်ပုံတွေကို တွေ့တော့....

"မောင်ရယ်၊ မိ ပန်းကြိုက်တတ်မှန်း သိလို့များ တမင်ရအောင် စောင့်ဝယ်ပေးတာလား မောင် သိပ်တော်တာပဲ" ဆိုပြီး ငါ့ကိုတောင်မှ ချီးကျူးနေလိုက်သေး။

အားလုံး၊ အားလုံး အိုကေမှာစိုပြည်၊ အဲ ဒီ အ ပတ် က ပေလီမှာ အပျော်ကြူးပြီး အပြန် နောက်ကျသွားတာဟာ တို့အတွက် အင်မတန် ကံကောင်းသွားတယ်လို့ ပြောရမယ်။





အင်း....မင်းကဲ ချဲထီမထိုးတဲ့လူဆိုတော့ တရားဝင်မဟုတ်တဲ့ ချဲနံပါတ်ဆိုတာတွေကို ပြောမပြချင်ပေမယ့် နံပါတ်မပြောရင် ဇာတ်ရည်က လည်မှာ မဟုတ်တော့ နံပါတ် နဲ့ ပြောပြီး ရှင်းပြရမှာပဲ....။

အဲဒီ နိုဝင်ဘာလ တစ်ရက်နေ့ကထွက်လာတဲ့ ပေါက် စဉ် နံပါတ်က ငါးခြောက်ရှစ်တဲ့၊ ချဲလောကတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားတဲ့ နံပါတ်ပဲ....။

အောဒိုင်တွေမှန်သမျှ ပြူတ်တဲ့လူပြူတ်၊ ပြေးတဲ့လူပြေး ဖြစ်ကုန်ကျတယ်၊ လွတ်ပြီး ဉာနွေ့ရရ နေနိုင်တဲ့ ဒိုင်ဆိုတာ မရှိသလောက်ဘဲ....။

ပေါက်တဲ့လူတွေက သာယာဝတီ၊ ဥက္ကံ၊ သုံးဆယ်ဘက် ကကို လာတက်ထိုးကြတယ်လို့ ကြားတယ်....။

တချို့ ရန်ကုန်ကလူတွေလဲ သူတို့ပြောပြလို့ နံပါတ် သိပြီး ပေါက်ကြတာတဲ့....။

ငါကတော့ မယုံပါဘူး၊ အလကား ခေတ်နောက်ပြန်ဆွဲတဲ့ အယူအဆတွေ....။

အဲ....သူ့ဘာသာ ကြုံကြိုက်လို့ တိုက်ဆိုင်ပြီး ဖြစ်တာလို့ပဲ ငါကတော့ ယူဆတယ်၊ ငါထင်တဲ့အတိုင်းလဲ နောက်ပိုင်းမှာ မှန်လာတာပါပဲကွာ....။

သတင်းက ဒီလိုကွ၊ ပါးစပ်သတင်းဆိုတော့သဲ တစ်ဆင့် ပါးစပ် တစ်ဆင့် ကူးရတာ မဟုတ်လား....။

www.burmeseclassic.com



ဖောင်းတဲ့လူက ပို့ဖောင်းပေးလိုက်တော့ ငါကြားရချိန်မှာ ဒဏ္ဍာရီဆန်ဆန် ပုံပြင်တစ်ပုဒ် ဖြစ်နေပါပြီ…။

အဲဒီ ဘာယာဝတီနယ်ဘက်မှာ ခုနစ်နှစ်သား ချာတိတ် တစ်ယောက် ရှိတယ်တဲ့၊ နေရာအတိအကျတော့ ငါမသိဘူး။ အဲဒီချာတိတ်ကို သူတို့နယ်ဘက်မှာ ဥစ္စာစောင့်ကောင်လေး ဆိုပြီးသိထားကြတယ်၊ ကောင်လေးက ဒီအပတ် ငါးခြောက် ရှစ် ထိုးဖို့ လိုက်ပြော၊ လိုက်ပြနေတယ်ဆိုပဲ….။

တချို့လူတွေ ပြောတော့လဲ ဥစ္စာစောင့်ဆိုတာ စကား မပြောတတ်ဘဲ စာလုံးပဲ ရေးပြတယ်ပေါ့လေ….။

'ကလေးစကား၊ အရူးစကား၊ သအင်သည်းစကား' မှန်တတ်တယ်ဆိုတဲ့ အယူအဆကို တချို့လူတွေ အင်မတန် ယုံကြည်တာ။

ဒီချာတိတ်က ကလေးလဲဖြစ်၊ အရူးမဟုတ်ပေမယ့်၊ ဥစ္စာစောင့်လိုလို ဘာလိုလိုလဲဖြစ်ဆိုတော့၊ ချဲရူးရူးနေတဲ့ လူတွေက တကယ် ယုံကြည်ကြတာပေါ့….။

ဘာယာဝတီနဲ့ ရန်ကုန်ကလဲ ဘာဝေးတာ မှတ်လို့၊ ယုံကြည်ပြီဆိုတော့လဲ ရှိသမျှ စုဆောင်းပြီး ရန်ကုန် မှာ လာထိုးကြတာပေါ့၊ သူတို့ဆီမှာ ဒိုင်ကြီးကြီးမှ မရှိဘဲ….။

ငါပြောခဲ့တယ်နော် တိုက်ကောင်းတယ်ဆိုတာ ဒီလိုလေ၊ သူတို့လာထိုးတဲ့ရက်က ထွက်ကာနီး သုံးလေးရက် အလိုမှာ လာထိုးတာ….။





သူတို့ဆီက တဆင့်ကြားရတဲ့ ရန်ကုန်သားတွေကလဲ ဥစ္စာစောင့် ဂဏန်းဆိုတော့ ဘယ်နေပါ့မလဲ၊ ကြားချင်းသားအား တွေဆိုရင် ဒီနံပါတ်ကြားတာနဲ့ ရရာနေရာမှာ ရသလောက် ထိုးတော့တာပဲ….။

ရယ်ရတယ်၊ သူတို့လိုက်ထိုးတဲ့နေ့လယ်မှာ မိမိကြီးက စာရင်းတွေလိုက်ပိတ်၊ အရောင်းတွေ လိုက်ပိတ်နေပြီ၊ ငါသာ ရန်ကုန်မှာရှိရင်တော့ တို့လဲ ပြေးပေါက်မှားပြီပေါ့….။

ထုံးစံအတိုင်းက ထွက်ကာနီးတစ်ရက်အလိုညအထိ ရောင်းမှာဆိုတော့ ငါတို့လဲ လက်ခွဲဒိုင်ဆယ်ယောက်ဆီကတင်၊ တစ်သောင်းဖိုး အနည်းဆုံးမိမှာ၊ ဈေးထဲက ငါတို့ဒိုင်ပါပေါင်းရင် တစ်သောင်းလေးထောင်ဖိုးလောက်လျော်ရမှာ အောက်ထစ်ပဲ၊ ခုနစ်ဆယ့်ခုနစ်သိန်း လျော်ရမှာဆိုတော့ 'မားကို့ လုပ်ရတော့မှာ' အသေအချာပဲ။

ကံဖယ်တယ်ဆိုတာ အဲဒါပေါ့၊ ဒါတောင်မှ မိမိကြီး တစ်ဒိုင်ဝင်တစ်ဒိုင်ထွက် သိမ်းနေတာ နေ့စက်ဆုံး နှစ်ဒိုင်ဆီကို ညနေဘက်မှရောက်သွားတော့ ငါးရာကျော်ဖိုး အဆိုးခံလိုက်ရပြီးသားဖြစ်နေသေးတယ်….။

အိုကွာ….အဲဒီနံပါတ်ထွက်တဲ့ညနေက ချဲလောကတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားတာပဲ၊ ဘယ်အော[illegible]တော့ ပျောက်နေပြီ….။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရုပ်ကွက်မှာ ဒိုင်က မလျော်နိုင်လို့ ထိုးသားက ဓားနဲ့ ခုတ်ထား ပွဲချင်းပြီးပဲ....။

ဘယ်ဒိုင်ကတော့ သူ့မှာ လျော်စရာငွေမရှိလို့ သူ့ကားကို ဈေးဖြတ်ပြီး လျော်လိုက်တယ်....။

ဘယ်ဒိုင်ကတော့ ထက်ဝက်ပဲယူပါ၊ သူ နောက်အဆင်ပြေရင် ပေးပါမယ်ဆိုပြီး ထိုးသားကိုရှိခိုးတောင်းပန်လို့ ကျေအေးသွားတယ်နဲ့ သတင်းစုံကြားရတော့တာပဲ....။

တို့ကတော့ စင်ပေါ်ကမိုးဝင်းပဲ၊ တစ်ချက်လေးမှ အပြုံးမပျက်ဘူး....။

ဒါပေါ့ကွာ၊တို့ဆီမှာပေါက်တာမှ အားလုံး စစ်စစ်ပေါက် ပေါက် ပေါင်းကြည့်တော့ ခုနစ်ရာမပြည့်ဘူး၊ သုံးသိန်းရှစ်သောင်းကျော် လျော်ရတယ်....။

လျော်တာပေါ့၊တို့ရောင်းထားတာကသုံးသိန်းသုံးသောင်းကျော်ဖိုး ရှိတာပဲ၊ အိတ်ထဲက ငါးသောင်းပဲ စိုက်ရတာ၊ ဘာဖြစ်တာမှတ်လို့၊ တစ်သိန်းနှစ်သောင်းအထိကတော့ မှန်မှန်ကန်ကန် ကလိမ်မကျဘဲ စိုက်လျော်မယ်လို့ ဆုံးဖြတ်ထားပြီးသားဟာပဲ၊ အပတ်စဉ်မြတ်နေတာရဲ့ လေးပုံတစ်ပုံလောက်ရှိတာကို ဘာအရေးလုပ်ရမှာလဲ၊

နောက်တစ်နေ့ဈေးထွက်တော့ ဈေးထဲမှာ အောဒိုင်ဆိုလို့ ရှိတော့တယ်၊ ပြိုင်ဘက်တစ်ဒိုင်ကတော့ တိုက်ကိုသော့ခတ်ပြီး မိသားတစ်စုလုံး ပျောက်နေတယ်တဲ့၊





နေ့စက်တစ်ယောက်ကတော့ ချဲထီနှစ်ဆယ်ဒိုင် စာအုပ်လေးနဲ့ ငွေတစ်သောင်းကျော်အိတ်ထဲထည့်ပြီး ညဘက် ၁၂ နာရီလောက် မြို့ထဲမှာ မယောင်မလည်နဲ့ လျှောက်လှည့်နေတာ မြင်လို့ ပတ္တရောင်ရဲနဲ့တွေ့ပြီး သူ့လွယ်အိတ်ကို မသင်္ကာလို့ ရှာရာက ချဲစာအုပ်နဲ့အတူ မိသွားလို့ ထောင်ထဲ ရောက်နေပြီတဲ့....။

သူ့အိမ်ကိုရှာတော့လဲ တခြား ဘာသက်သေခံ ပစ္စည်းမှ မတွေ့ရဘူးတဲ့၊ ဒီတော့ ချဲဒိုင်ကိုင်တဲ့အမှုနဲ့ ထောင်ထဲမှာနေတော့ပေါ့၊

လည်လိုက်တဲ့လူကွာ.... လက်တစ်လုံးခြား လုပ်သွားတာ၊ နှစ်ဆယ်ဒိုင်စာအုပ်နဲ့ အဲဒီလိုမိသွားတယ်ဆိုတာကလဲတို့အချင်းချင်းသာသိတဲ့လျှို့ဝှက်သတင်း၊ တကယ်တမ်းအများအမြင်မှာကတော့ အောဒိုင်ကြီး အဖမ်းခံရပြီလို့ပဲ သိကြမှာပေါ့၊

ဘယ်နေရာမှာ ဘယ်လို အဖမ်းခံရတယ်ဆိုတာ ဘယ်ထိုးသားက သွားစုံစမ်းရမှာလဲ၊

ပြီးတော့ ဘယ်ထိုးသားက 'ကျွန်တော် ပေါက်ထားတဲ့ ဟောဒီ ငါးရာကွက်ဘောက်ချာက ဘယ်လိုလုပ်ရမှာလဲ' ဆိုပြီး အချုပ်ခန်းထဲမှာ သွားမေးရမှာလဲ၊

အဲ....စိတ်မခိုင်တဲ့လူဆိုရင် ရမယ့်ငွေသုံးသိန်းနီးပါးတော့ ဆုံးပြီဆိုပြီး အအိပ်ပျက်၊ အစားပျက်နဲ့ ဦးနှောက်ပါပျက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရွှေမန်းတင်မောင် မင်းသားခင်တုန်းက ကခဲ့တဲ့ 'ရွှေကုန်သည်' ပြဇာတ်ထဲကလို 'ပေးပေး၊ မပေးပေး၊ ပေးပေး၊ မပေးပေး၊ ငါ့ရွှေခွက်ပေး' နဲ့ လမ်းပေါ်မှာ လျှောက်အော်နေမှာတောင် မြင်ယောင်မိသေးရဲ့ကွာ။

တို့အချင်းချင်းကတော့ သိတာပေါ့...ဒီလူကနှစ်ဆယ်ဒိုင်မှ မဟုတ်ဘဲဟာ၊ ငါနဲ့ပြိုင်လုပ်နေတဲ့ အောဒိုင်ကြီးပဲ။

အဲ...သူ့ဆီမှာပေါက်တာကလဲ နှစ်သောင်းနီးပါးဆိုတော့ သိန်းတစ်ရာ့တစ်ဆယ်လျော်စရာမရှိလို့ အခုလိုအကွက်လှည့်ပြီး ဘယ်သူမှလဲ ရန်မရှာနိုင်တဲ့ ထောင်ထဲမှာ ငွေတစ်သောင်း အဆုံးခံပြီး သွားနေနေပြီဆိုတာ...။

အင်းပေါ့လေ... လျှင်တဲ့လူက လျှင်သလို လုပ်သွားပြီ ဆိုတော့ ထိုးသား ငမိုက်သား၊ တုံးတွေ ခံကြပေဦးပေါ့၊

ဒိုင်တွေအားလုံး ဘဝပျက်နေချိန်မှာ တို့လင်မယားက ဂုဏ်ရွှေမပျက် ဟန်မပျက်ဆိုင်ဖွင့်ပြီး နောက်အပတ်အတွက်ပါ ချဲစာအုပ်တွေ ဘာခတွေနဲ့ မထိုးသေးဘူးလားလို့ တွေ့တဲ့ ထိုးသားတိုင်းကိုမေးနေတော့ လူတိုင်းအံ့ဩသင့်ကုန်ကြတယ်၊ တချို့စပ်စုတဲ့လူတွေက လာစပ်စုသေးတယ်၊ ဘယ်လောက်ဖိုး ထိသွားလဲပေါ့၊

မိမိကြီးတို့က ခပ်ပြုံးပြုံးပဲ...'တစ်သောင်းနား နည်းနည်းပဲ ကပ်တယ်၊ ငါးဆယ့်သုံးသိန်းလောက် ထိသွားတာပေါ့ ငါ့





မောင်ရယ်၊ မမတို့ ပါရမီကထင် နှစ်ထောင်ထစ်ယောက်၊တစ် ထောင့်ငါးရာတစ်ယောက် ရသွားတာ၊ ဒီဈေးထဲကလဲ တော် တော်လေး ရကြပါတယ်....။

နှစ်ထောင်သမားဆိုရင် မမက ဆယ့်တစ်သိန်းထုတ်ပေး တော့ အခုနလို့ဆိုပြီး 'အော့်နာ' တစ်သိန်း ပြန်ပေးတယ်၊ မမကမယူပါဘူး၊ 'အော်နာ'ယူတယ်ဆိုတာကလဲ လက်ခွဲတွေ အလုပ်ပဲ၊ မမတို့က အောဒိုင်ပဲဟာ ဘာဖြစ်လို့ ယူရမှာလဲ၊ မဟုတ်ဘူးလားနော့'....။

မိမိကြီးရဲ့လက်ကြုပ်ဒီပနီကို နားထောင်ရတဲ့ ထိုးသားခမျာ အထင်လဲကြီးရင်း၊ သနားလဲသနားရင်းပေါ့၊ စိတ်မကောင်း ပါဘူး၊ ဘာညာ ပြောတော့လဲ မိမိကြီးတို့က မလျှော့ဘူး၊ 'အိုကွယ်...ဘာစိတ်မကောင်းဖြစ်စရာရှိတာမှတ်လို့၊ ဒိုင်ပဲဟာ စားတုန်းကလဲ စားရဲခဲ့ရတာပဲ၊ လျော်စရာရှိရင်လဲ လျော်ရဲရ မှာပေါ့၊ ဒိုင်လုပ်ပြီး လျော်စရာမရှိမှ ဟိုကလိမ်ကျ ဒီကလိမ် ကျနဲ့၊ အဲဒါမျိုး မမ သိပ်မုန်းတာ၊ မလျော်နိုင်ရင် အစက တည်းက ဒိုင်မကိုင်နဲ့ပေါ့၊ မဟုတ်ဘူးလားကွယ်'...။

အဲဒီနေ့က မိမိကြီးတစ်ယောက် ကိုစပ်စု၊ မစပ်စုတွေနဲ့ အမေးအဖြေသုံးလေးခါပဲလုပ်လိုက်ရပါတယ်၊ငါတို့သတင်းက တစ်ဈေးလုံးပျံ့သွားရော...။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ....'ပန်းသတင်းပန်းချင်းဆောင်၊ လူသတင်းလူချင်းဆောင်'ဆို မဟုတ်လား....။

သတင်းကချက်ချင်းပျံ့သွားတော့ ငါတို့အပေါ် ယုံကြည်မှုလဲ အရင်ကထက် နှစ်ဆတိုးလာတာပေါ့၊တခြားအောဒိုင်တွေဆီက ပင်တိုင်ထိုးသားတွေလဲ တို့ဆီ ပြောင်းရောက်လာကြတော့ ရောင်းအားက မတရားကို တက်လာတော့တာပေါ့....။

ရယ်စရာကောင်းလိုက်တဲ့ အဖြစ်ကွာ.... သာယာဝတီက ခုနစ်နှစ်သားလေးက ဒီအပတ်မှာ 'ရှစ်လေးသုံး'နံပါတ် ထွက်မယ်လို့ ပြောပြန်ပြီတဲ့....။

ပါးစပ်သတင်းများ ဘယ်လောက်အထိ ဖောင်းကားပြောသလဲဆိုရင် အဲဒီဥစ္စာစောင့် ချာတိတ်က စာမတတ်ဘူးတဲ့၊ သူ့ရှေ့မှာ '၀၀၀'ကနေ '၉၉၉' အထိရေးထားတဲ့ နံပါတ်တွေကို တန်းစီမရေးဘဲ နေရာအမျိုးမျိုးပြောင်းရေးပြီး ချပြတော့ 'ရှစ်လေးသုံး'ကို လက်ညှိုးထိုးပြတယ်....။

တစ်ခါ အင်္ဂလိပ်လိုရေးပြီး ချပြပြန်တော့ 'ရှစ်လေးသုံး' ကိုပဲ ပြပြန်သတဲ့....။

အဲဒါနဲ့ ဂျပန်လို၊ တရုတ်လို၊ ယိုးဒယားလို နံပါတ်တွေရေးပြီး ချပြပြန်တော့လဲ ချာတိတ်က 'ရှစ်လေးသုံး' ပဲတဲ့....။

ဟား...ဟား.... ဒီသတင်းက ဘယ်လောက်များပျံ့နှံ့သွားသလဲဆိုရင်ချဲမထိုးဘူးတဲ့လူတွေတောင်မှ'ရှစ်လေးသုံး'နံပါတ်





ရေးထားတဲ့ စာရွက်လေးကိုင်ပြီး ဒိုင်တွေဆီရောက်လာသတဲ့၊ စာအုပ်ဒိုင်တွေကို ငါးရာဒိုင်တောင်မှ ဖွင့်ပြီး နှစ်ရက်လောက်မှာ ပြည့်ကုန်ကြတယ်။

ဒီမှာ ထိုးသားတွေက အောဒိုင်တွေဆီ လှည့်လာပါလေ့ရော၊ ငါ့လက်ခွဲဒိုင်တွေက နောက်တစ်ရက်မှာ ဖုန်းတွေ တဂွမ်ဂွမ် ဆက်တော့တာပဲ၊ ဒီနံပါတ်ကတစ်ထောင်ပြည့်သွားပြီ ဆက်ရောင်းရမလားပေါ့၊ ငါကလဲ ပြတ်ပါတယ်၊ သုံးထောင်ဖိုးအထိရောင်း၊ ပြည့်သွားရင် ထပ်ဖုန်းဆက်၊ အကြောင်းပြန်မယ်ပေါ့၊ ငါ့မင်္ဂလာဈေးက ဒိုင်မှာလဲ တစ်ပတ် ခုနစ်ရက်အတွင်းမှာ ခြောက်ထောင်ကျော်ဖိုး ရောင်းလိုက်ရပြီ....။

အဲ....တစ်ပတ်ကျော်ပြီးလောက်မှာ ငါ့မင်းကို ပြောပြဖူးတဲ့ မင်းသားချိုင်းဆိုတာရဲ့ ပေါက်စဉ်နံပါတ် ထွက်လာပါလေရော....။

ထွက်တယ်ဆိုတာက ဘာအထောက်အထားမှမရှိဘူးနော်၊ ပါးစပ်သတင်းနဲ့ ထွက်လာတာ၊ အဲဒီမှာ ပေါက်တဲ့နံပါတ်က 'ရှစ်လေးသုံး'တဲ့၊ ဟဲ....ဟဲ....။

ငါပြောသားပဲကွ.... အဲဒီမင်းသားချိုင်းဆိုတာ တကယ် မရှိပါဘူး၊ ဟိုမော်လမြိုင်ဘက်က ဒိုင်တွေက တခြားနံပါတ်တွေ ရောင်းကောင်းအောင် ဒီနံပါတ်ထွက်သွားပြီး ထွက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ဘူးဆိုပြီး 'တော့' နံပါတ်ကို လမ်းလွှဲပေးတဲ့ ကိစ္စပါ။

ဒါပေမယ့်ရဘူးမောင်၊ အဲဒီတုန်းကစာဆိုတောင်ရှိသေး၊ 'မြန်မာတစ်ပြည်လုံး ရှစ်လေးသုံး' တဲ့၊

ဒီ 'ရှစ်လေးသုံး' နံပါတ်ကတော့ အရောင်းမရပ်ဘူး၊ ချဲထိုးသားတိုင်းရဲ့ လက်ထဲမှာ 'ရှစ်လေးသုံး' ဘောက်ချာလေးမှ ရှိမသားရင် ချဲသမား၊ ချဲလောကသား မဟုတ်တော့သလိုမျိုး အထိ ဖြစ်သွားတာ....၊

ဒီမှာ ငါအံ့ဩမိတာ နှစ်ချက်ရှိတယ်၊ တစ်ချက်က ငါတို့ အောဗိုင်တွေကို ဘယ်လိုများ ထင်နေကြသလဲ ဆိုတဲ့ ကိစ္စပဲ၊

မင်းစဉ်းစားကွာ.... ငါ့ဆီမှာ စာရင်းပိတ်နေတော့ လက်ခွဲဗိုင် ဆယ်ယောက်ဆီက ရတာက လေးသောင်း နီးပါး၊ (နောက်ဆုံး ယုတ္တိရှိအောင် လေးထောင်ဆီအထိပဲ ငါက ရောင်းခွင့် ပြုလိုက်တာကိုး၊)

ဒီထက် ပိုရောင်းခိုင်းရင် ရမှန်းသိပေမယ့် ငါ့လက်ခွဲဗိုင်က အယုံအကြည်ကင်းသွားမှာလဲ စိုးရိမ်ရတယ်လေ၊ လေးထောင်ဆိုတော့ နှစ်ဆယ့်နှစ်သိန်း လျော်ရမှာ၊ ဒီလောက်နဲ့တော့ ငါလိမ်မှာမဟုတ်ဘူးလို့တော့ သူက ယုံကြည်နေဖို့လဲ လိုသေးတယ် မဟုတ်လား၊





ငါးထောင်၊ ခြောက်ထောင်အထိ ရောင်းခွင့် ပြုလိုက်ရင် ငါ့အပေါ် သံသယဝင်လာမှာပေါ့....၊ ငါတို့ မင်္ဂလာဈေးဗိုင်မှာ ရောင်းထားတာက နှစ်သောင်းကျော် စုစုပေါင်းလိုက်ရင် ခြောက်သောင်းဖိုးရှိတယ်၊ လျော်ရမယ်ဆိုရင် သိန်းပေါင်း သုံးရာ့သုံးဆယ် ဖြစ်နေပြီ....၊

ကဲ.... မင်းစဉ်းစားကြည့် သိန်းသုံးရာ့သုံးဆယ် မပြောနဲ့ သိန်းသုံးဆယ်တောင်မှ လျော်ဖို့ မပြည့်စုံချင်ဘူး၊ ဘယ်ကရှာလျော်ရမှာလဲ သိန်းသုံးရာကို ဘယ်လိုရှာနိုင်မှာလဲ၊ ဒါကို ထိုးသားတွေ မစဉ်းစားကြဘူးလား၊

ဘောက်ချာစာရွက် (အရွက်ငါးဆယ်တစ်အုပ်ကို နှစ်ကျပ် ပေးရတယ်) တစ်ရွက်ပေါ်မှာ ငါက တစ်ထောင်လို့ ရေးပေးလိုက်တာနဲ့ပဲ ပေါက်ရင် ငါးသိန်းခွဲရမယ်လို့ သူ့ကို ဘယ်သူက ပြောလဲ....၊

ချက်လက်မှတ်လဲမဟုတ်၊ သိန်းဆုပေါက်ထားတဲ့ထီလက်မှတ်လဲ မဟုတ်ဘဲနဲ့များ ယုံပဲယုံနိုင်လွန်းတယ်၊ အံ့ရော....၊

နောက်တစ်ချက် ဥစ္စာစောင့် ဈာတိတ်ဆိုတဲ့ကိစ္စ၊ ဘယ်သူက သေချာမြင်ဖူးတာလဲ၊ ဘယ်မှာနေတာလဲ၊ လူသုံးယောက် မေးရင် သာယာဝတီ ပြောသူကပြော၊ ဥက္ကံပါ၊ သုံးဆယ်ပါ ငြင်းတဲ့လူကငြင်းနဲ့ ဘာမှ မရေရာပါဘူး....၊

တစ်ခါတလေ ဈေးထဲမှာကိုယ်တိုင်တွေ့ခဲ့ပါတယ် ပြောတဲ့ လူက ရှိသေးတယ်၊ ငါက 'ကဲ....လား၊ ကျွန်တော့် ကားနဲ့

www.burmeseclassic.com



အခုသွားကြည့်မယ်၊ ခင်ဗျားအလုပ်ပျက်လို့ နှစ်နာရင် နှစ်နာကြေး ငွေတစ်ထောင် အခုပေးလိုက်မယ် လိုက်သာပို့’

ဒီလိုပြောပြီး လက်ဆွဲခေါ်ပြန်တော့ အဖျားရှူးသွားပြန်ရော၊ ရှူးတာမှ ထိပ်က အပ်ဖျားလောက်ကို ရှူးသွားတာ၊ လေပျော့လေးနဲ့ ‘ကျွန်တော့်ညီ ကုန်ကားမောင်းရင်းဝင်ကြည့်တာ ချစတိတ်က အိပ်နေတယ်ဆိုလို့ တွေ့ခွင့်တော့ မရလိုက်ဘူး’တဲ့ ဟော....တစ်မျိုးဖြစ်သွားပြန်ရော။

ငါကတော့ ပြတ်တယ်၊ လုံးဝမယုံဘူး၊ ဘယ့်နှယ်ကွာ၊ ဒီဥစ္စာစောင့်တွေ၊ သိုက်တွေ၊ ဘိုးတော်တွေ၊ တစ္ဆေတွေ၊ သရဲတွေ၊ အကြားအမြင်တွေ ဆိုတာတွေကို စာပေ၊ ရုပ်ရှင်၊ ဇာတ်သဘင်တွေကနေ တစ်ဆင့်ပညာပေးပြီး မယုံကြည်သင့်ကြောင်း အခထောက်အထား ပေါင်းစုံနဲ့ပြခဲ့တာ ကြာ,ကြာလှပြီပဲ၊ ခုမှ ဘယ်နှယ့် ဒီချုံမှာ ဥစ္စာစောင့်က ဝင်ပါနေတာလဲ မသိဘူး....။

ယိုးဒယားမှာ ခေတ်မီ‘ရီမုတ်ကွန်ထရိုး’နဲ့ လုပ်ခဲ့တာတောင်မှ ပျက်စီးသွားသေးတာ၊ ‘ရီမုတ်ကွန်ထရိုး’ဆို ကြားတောင် မကြားဘူးတဲ့ ဘယ်ငှက်သိုက်ကို စောင့်မှန်းတောင်မှ သေချာမသိတဲ့ ဒီဥစ္စာစောင့်ဆိုတာက နံပါတ်အမှန်ကို ပြောနိုင်မှာတဲ့လား၊ ဒါကိုများ ယုံကြည်ရတယ်လို့ အံ့ဖွယ်တစ်ခုပဲ....။

လူတွေ ရင်တထိတ်ထိတ်နဲ့ မျှော်နေတဲ့နေ့ကို ရောက်လာတယ်၊ ထွက်လာတဲ့နံပါတ်က “နှစ်သုံးခုနစ်”တဲ့....။





ဟာ ပွက်လောကိုရိုက်သွားတာပဲ၊ တချို့ဆို ယုံကိုမယုံဘူး၊ “ရှစ်လေးသုံး”ပဲလို့ ဇွတ်ငြင်းနေတယ်....။

ကက်ဆက်နဲ့ အသံဖမ်းထားတာကို ဖွင့်ပြလဲ သိပ်လက်မခံချင်ဘူး၊ ကြေညာတဲ့လူမှားတာ ဘာညာနဲ့ အတင်းကို ပြန်ငြင်းနေတော့တာပဲ....။

သူတို့လက်ထက်မှပဲ တစ်သက်လုံးကြေငြာနေတဲ့ယိုးဒယားအသံလွှင့်ရုံက ပုဂ္ဂိုလ်ခေတ္တပေါ် သိက္ခာကျရတော့တယ်....။

ငါ့တစ်သက်မှာ အဲဒီတစ်ပတ်လောက်ဝင်ငွေကောင်းတာ မကြုံဖူးဘူး၊ လျှော်လဲ တစ်ပြားမှပြန်မလျှော်လိုက်ရဘူး....။

ဒါတောင်မှ တချို့ဥက္ကာ၊ သာယာဝတီ၊ သုံးဆယ်ဘက်က လောင်းကစားဝါသနာအိုး ချဲထိုးသားတွေက မပြန်သေးဘဲ စေတီချိုင်းကိုစောင့်ကြတယ်....။

ဒီမှာပြဿနာက စေတီချိုင်းက နှစ်မျိုးထွက်လာပြန်ရော စေတီချိုင်းဆိုတာက သိန်းသုံးဆယ်ပေါက်တဲ့နံပါတ်ကို အမြဲထည့်ပေးတဲ့ချိုင်း အခုထွက်လာတဲ့ ချိုင်းနှစ်မျိုးမှာ တစ်မျိုးရဲ့နောက်ဆုံးသုံးလုံးက “နှစ်သုံးခုနစ်”မှန်ပေမယ့် နောက်တစ်မျိုးရဲ့ နောက်ဆုံးသုံးလုံးက “ရှစ်လေးသုံး” ဖြစ်နေတယ်....။

ဒီတော့ ရှစ်လေးသုံးနံပါတ်ပါတဲ့ စေတီချိုင်းနဲ့ ထိုးသားတွေက ပြန်လာပြန်ရော....။

ငါက မပိုင်ရင် ခြင်တောင်မရိုက်တဲ့ကောင်၊ လက်အခံမခံဘူးလေ၊ ငါ့အဆက်အသွယ်ကတစ်ဆင့် ရထားတဲ့ “ဒီနိုကောက်ပို(စ်)” သတင်းစာလေးကို ထုတ်ပြလိုက်တာပေါ့....။



www.burmeseclassic.com

www.burmeseclassic.com



ဒါက မှောင်ခိုတွေသယ်လာတဲ့သတင်းစာ အဲဒီမှာ သိန်းသုံးဆယ် ပေါက်စဉ်နံပါတ်ကို အထင်အရှား ပုံနှိပ်ပြထားတယ်။

သူတို့ကလဲ သိပါတယ်၊ အဲဒီသတင်းစာကို ကြည့်ပြီးတာနဲ့ မျက်နှာလေးတွေ ငိုင်ဆင်းသွားတာပဲ၊ နှုတ်ဆက်ပြီး ပြန်ကြတော့တာပေါ့....။

ပြောရရင်တော့ ငါ့အနေနဲ့ "အားလဲနာတယ်၊ ခင်လဲခင်တယ်"ဆိုတဲ့ ဇာဂနာ့ပြက်လုံးလေးကိုပဲ ခဏငှားပြောရမှာပဲ၊ ဒီထိုးသားတွေကို ငါခင်ပါတယ်....။

ဟုတ်တယ်လေ ဒိုင်နဲ့ထိုးသားဟာ မိတ်ဆွေတွေပဲ ခင်ရမှာပေါ့....။

ဒါပေမယ့် သူတို့ထိုးထားတဲ့ပိုက်ဆံတွေကို ယူရတာတော့ အားနာမိတယ်၊ အဲ အားမနာပဲ သူတို့ပြောသလို သူတို့ပေါက်တယ်ဆိုပြီး လျော်ရရင်လဲ ငါမွဲရုံရှိမှာပေါ့၊ ဒီတော့ ခင်ပေမယ့်လဲ အားမနာနိုင်တော့ဘူးပေါ့တင်မော်ရာ....။

* * *

သနားတယ်၊ ရယ်ချင်တယ်၊ သိလား....။

"ရှစ်လေးသုံး"နှိပ်စက်လိုက်တာ လူအတော်များများဘဝပျက်သွားလို့ သနားတယ်၊ မဟုတ်က ဟုတ်က ဥစ္စာစောင့်ဆို





တာကို အတွေးအခေါ်မရှိဘဲ ယုံကြည်ပြီးဘဝပျက်ခံစွန့်စားတဲ့ ငတုံး၊ ငအ,တွေကို ရယ်ချင်တယ်....။

အဲ....လျှာရှည်တယ်တော့မထင်နဲ့ကွာ၊ "ရှစ်လေးသုံး"နှိပ်စက်လို့ ဘဝပျက်သွားတဲ့လူတွေထဲကတချို့လူတွေအကြောင်းတော့ ပြောပြချင်တယ်၊ နောင်လာနောက်သားတွေ အတွက် သင်ခန်းစာပေးတဲ့သဘောနဲ့ ပြောတာပါ....။

ငါက ဒိုင်ဆိုပေမယ့် အဲဒီလောက် ရှုးရှုးမိုက်မိုက်လုပ်တာတွေကိုတော့ မကြိုက်ဘူး၊ ဒါ့ကြောင့် စေတနာနဲ့ပြောမှာပါ။

တစ်ယောက်ကကိုတင်ဝင်း၊ သာယာဝတီနယ်ထဲကရွာတစ်ရွာမှာ သူကသာ အေးအေးဆေးဆေး လယ်လုပ်စားနေတဲ့လူ၊ ချဲဆိုတာကြားတောင် မကြားဖူးဘူး....။

ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်လယ်ကွက်၊ ကိုယ်ပိုင်နွားတစ်ရှဉ်းနဲ့ အလုပ်ကို သိပ်ကြိုးစားတယ်....။

သူ့မိန်းမ မဝေကျော့ဆိုတာကလဲ သူတို့ရွာက သမဝါယမဆိုင်မှာ အရောင်းစာရေးအလုပ် ရထားတော့ သမီးလေးတစ်ယောက်နဲ့ မိသားစုဘဝမှာ မပူမပင်၊ မကြောင့်မကြ၊ မတောင့်မတ နေနိုင်ကြတယ်....။

ငွေပိုငွေလျှံရှိလို့ သမီးလေးတောင်မှ နားဖောက်ပြီး ရွှေနားကပ်လေးတစ်ခု ဆင်ထားနိုင်သေး....။

အဲ...."ငါး ခြောက် ရှစ်" နံပါတ်မှာ သူတို့ရွာက လူသုံးယောက် တိုက်တိုက်ဆိုင်ဆိုင်ပေါက်သွားတယ်....။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ်တစ်ယောက် နှစ်ဆယ်တစ်ယောက်ပေါက်တာ....။

ဒီသတင်းကြားတော့ တစ်ရွာလုံး အုံးအုံးကျွက်ကျွက် ဖြစ်သွားကြတာပေါ့....။

ဆိုးတာက မဝေကျင်နဲ့ဆိုင်မှာ ပြိုင်ဘက်အရောင်းစာရေးမရဲ့ယောကျ်ားက နှစ်ဆယ်ဖိုးပေါက်လာတာပဲ။

အဲဒီကောင်က ရွာထဲမှာ ဘာအလုပ်မှမလုပ်ဘဲ သောက်လိုက်စားလိုက်နဲ့ မိန်းမလုပ်စာ ကပ်စားနေတဲ့ကောင်။

အခု ငွေတွေရလာပြီဆိုတော့လဲ ဒီကောင်က မိန်းမအတွက် ငါးမူးသားဆွဲကြိုးတစ်ကုံးနဲ့ ရှမ္မား စိန်နားကပ်တစ်ရန်အလိုက်တသိ ဝယ်လာတယ်၊ မိန်းမကိုအပြတ်ဆင်ပစ်တယ်။

မဝေကျင်တို့ ဆွေ့ဆွေ့ခုန်တော့တာပေါ့၊ ဟုတ်တယ်လေ။ အလုပ်မရှိ အကိုင်မရှိတဲ့ကောင်ကတောင်မှ သူ့မိန်းမကို ဒီလိုမျိုး ဆင်နိုင်တယ်၊ ရှင်က ဘာမှအသုံးမကျဘူး....။

သူများတွေ ဒီချဲအကြောင်းပြောနေကြတာ နည်းနည်းလေးမှ မကြားမိဘူးလား၊ စနည်းမနာမိဘူးလား၊ အလကား တစ်နေကုန် ဒီလယ်ထဲပဲ အချိန်ကုန်နေတယ်။

သူ့ခေတ်နဲ့သူ သတင်းလေးဘာလေး စုံစမ်းမယ်၊ စီးပွားရှာမယ် မစဉ်းစားဘူး၊ ဘာညာသာရကာတွေ သူ့ယောကျ်ား ကိုဝင်းတင်ကို ဆူပွက်တော့တာပေါ့....။





ကိုဝင်းတင်က နဂိုမှ မိန်းမ ခပ်ကြောက်ကြောက်ရယ်....။

ခုလို မိန်းမက နေ့ရောညဥ့်ပါ တွေ့တဲ့အချိန်တိုင်း ဆူပွက်နေတော့ သည်းမခံနိုင်တော့ဘူး....။

သူ သည်းမခံနိုင်ပုံက တစ်မျိုး၊ 'သောက်စကား များလိုက်တဲ့ မိန်းမကွာ' ဆိုပြီး မဝေကျင်ကို နားရင်းပါးရင်း ထကျင်းလိုက်တာမျိုး သူ မလုပ်ဘူး၊ လုပ်လဲ မလုပ်ရဲဘူး....။

ဒီတော့....ကိုဝင်းတင် ဘာလုပ်သလဲ၊ ဟုတ်တယ်....။

လယ်ထဲ နှစ်ရက်လောက်မဆင်းဘဲ ရွာထဲက လက်ဖက်ရည်ဆိုင်တွေမှာရော၊ သာယာဝတီမြို့ပေါ်က လက်ဖက်ရည်ဆိုင်တွေမှာပါ လျှောက်ထိုင်ပြီး သတင်းစုံစမ်းတယ်....၊

စုံစမ်းတော့ 'ရှစ်လေးသုံး' ဆိုတဲ့ ဥစ္စာစောင့်နံပါတ်ကို ရလာတာပေါ့....။

သူစုံစမ်းတဲ့ နေရာတိုင်းက အခိုင်အမာ ဒီနံပါတ်ပဲ ပြောနေတော့ သူ့မိန်းမကို ဖွင့်တိုင်ပင်တယ်....။

ကဲ....ဘယ်လိုလုပ်ကြမှာလဲပေါ့....။

မဝေကျင်က ပြတ်တယ်....။

ချဲထွက်တဲ့နေ့အထိ လိုရမယ်ရသုံးဖို့ဆိုပြီး ငွေသုံးဆယ် ဖယ်ထားလိုက်တယ်၊ ကျန်တဲ့ ငွေအားလုံးကို ထုတ်ရိုက်တယ်၊ သုံးရာ့နှစ်ဆယ်....။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း၊ နည်းတယ်....၊

တစ်သိန်းခုနစ်သောင်းပဲ ရမှာ၊ ဟိုကောင်မ လင်မယား တာလဲ ဒီတစ်ပတ်ထိုးဦးမှာ....၊

သူ့ယောကျ်ားဝယ်လာတဲ့ ဆွဲကြိုးနဲ့ နားကပ်ကိုပါ ပြန် ရောင်းပြီး တစ်သောင်းဖိုးလောက်ထိုးပြီး ပွားယူမယ်လို့ ကြံထားတယ်....၊

သူတို့ထက် နည်းလို့ မဖြစ်ဘူး၊ ချမ်းသာတာချင်း တူရင် တောင်မှ သူတို့ထက် ပိုချမ်းသာမှ ဖြစ်မယ်....၊

ကဲ....ရှုပ်တယ်၊ သမီးလေး နားကပ်ဖြုတ်၊ ဟိုနွားတစ်ရှဉ်း လဲ သွားရောင်း၊ ခဲ့ထွက်တဲ့နေ့မှာ လယ်ထွန်စက် ကိုယ်ပိုင် သွားဝယ်ချင်ဝယ်၊ လောလောဆယ် အရင်းအနှီးလိုတယ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ကျရင် အဆ ငါးရာ့ငါးဆယ် ပွား လာတော့မယ့်ဟာ၊ ဘာငိုင်နေတာလဲ၊ မြန်မြန်လုပ်၊ တော် ကြာ အောဒိုင်တွေပါ ဒီနံပါတ်ကို ပိတ်လိုက်ရင် ခက်ကုန် မယ်....၊

မြန်မြန် ရောင်းစရာရှိတာ ရောင်း၊ ရန်ကုန်ရောက်ရင်လဲ အဆက်အသွယ် သေချာရှာပြီး စိတ်ချရမှ ထိုး....၊

ထိုးပြီးရင် ရန်ကုန်မှာပဲ စောင့်နေ၊ ၁၆ ရက်နေ့ ပိုက်ဆံ ထုတ်ပြီးမှ ပြန်လာခဲ့....၊





အပြန်ကျရင်လဲငွေထုပ်ကို လွယ်အိတ်နဲ့သိုင်းလွယ်၊လမ်းမှာ အိပ်ငိုက်မနေနဲ့၊ ပိုက်ဆံတွေပါသွားမယ်၊ ကြားရဲ့လား၊

ဘယ်ရမလဲ၊ ကိုဝင်းတင်က အိမ်ဦးနတ်ပဲ၊ သူ့ အိမ်သူ စကား သူပယ်ရှားလို့ ဖြစ်မလဲလေ၊

ဒီတော့....နောက်တစ်နေ့ပဲမိန်းမ စကားအတိုင်း နားကပ်နဲ့ နွားတစ်ရှဉ်းရောင်းပြီး၊ အိမ်က လက်ကျန်ငွေပါ အထုပ်လိုက် နဲ့ ရန်ကုန်ကို ထွက်ခဲ့တယ်၊

ဆွေမျိုးအိမ်မှာတည်းပြီး ပါကမျှငွေကို စားဖို့စရိတ်ပဲ ချန်ပြီး ဒိုင်ပေါင်းစုံဆီမှာ တစ်ပြားမကျန် ထိုးပစ်လိုက်တယ်၊

ရယ်ရတယ်ဟေ့၊ 'နှစ်သုံးခုနစ်' နံပါတ်ထွက်လာတော့ ကိုဝင်းတင် ရူးမတတ်ဖြစ်သွားတယ်၊

သွားပြီ၊ ငှိုသမျှကုန်ပြီ၊

လယ်လုပ်ဖို့ နွားတစ်ရှဉ်းတောင်မှ မရှိတော့ဘူး၊ ခဲ့ကိုက်လို့ သေပြီလေ၊

ဒါတောင် ချက်ချင်းမပြန်သေးဘူး၊ သူလိုပဲ သာယာဝတီ ဘက်ကလာတဲ့ လူတွေနဲ့တွေ့ပြီး စေတီချိုင်းအတူနဲ့ ဒိုင်ကို သွားငြင်းကြသေးတာ၊

နောက်ဆုံးဒိုင်က ဘန်ကောက်ပို့(စ်)သတင်းစာကို ပြလိုက်မှပဲ ပြန်ဖို့ စီစဉ်ရတော့တယ်၊ လမ်းစရိတ် ကားခမရှိလို့ တည်းတဲ့ဆွေမျိုးအိမ်က ကားခချေးပြီး ပြန်ဖို့စီစဉ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



**ထိုက်ဆိုင်လိုက်**ဘာကွာကိုဝင်းတင်တက်စီးတဲ့ကားပေါ်မှာ ဘယ်သူတွေကို သွားတွေ့တယ်ဆင်သလဲ၊ သူ့မိန်းမ မဝေကျင် နဲ့ သူ့ယောက္ခမ ဒေါ်ငွေတင်ဘို့သားအမိ နှစ်ယောက်စလုံး လဲ ငိုထားလို့ထင်ပါရဲ့ မျက်နှာတွေ နီရဲနေတာပဲ။

တွေ့တွေ့ချင်း အံ့ဩသွားပေမယ့် သူ့ကို စိတ် မချ လို့ လိုက်လာတာ လမ်းလွဲနေပြီး အခု ကားပေါ်မှာ ပြန်ဆုံကြ တာ ဖြစ်မှာပဲလို့ တွေးမိပြီး သူတည်းတဲ့အိမ်က အသွက်မှာ ရွှေတိဂုံဘုရား တက်ဖူးခဲ့နလို့ လမ်းလွဲသွားတာကို ရှင်းပြနေ မိတယ်။

ဟင့်အင်း...မဝေကျင်တို့ **သားအမိက** သူရှင်းပြနေတာကို စိတ်မဝင်စားကြဘူး၊ သူ့ကိုတွေ့မှပဲ မဝေကျင်တစ်ယောက် လူကြားသူကြား မရှောင်နိုင်တော့ဘဲ မျက်ရည်တွေစီးကျလာ ပြီး ငိုတော့တယ်။

ငိုတာမှ ရှိုက်ပြီးကိုငိုတာ။

ခက်ပြီ၊ ကိုဝင်းတင်က လူအေး။

ဘေးကလူတွေကလဲ ဝိုင်းကြည့်နေပြီဆိုတော့လဲ မဝေကျင် နားနားကိုကပ်ပြီး ချော့ပြောတယ်၊ မငိုပါနဲ့ပေါ့၊ ဒီရွှေနား နားနားကိုကပ်ပြီး ... ကပ်နဲ့ နွားတစ်ရှဉ်းကို ပြန်ဝယ်နိုင်အောင် တစ်နှစ်အတွင်း သူပြန်ကြိုးစားပေးပါ့မယ်ပေါ့၊ ကတိပါပေးလိုက်သေးတယ်။

ရဘူး၊ မဝေကျင်က အငို မတိတ်ဘူး၊ ငိုသံတောင်မှ ပိုကျယ်လာသေး။





ဟာ...ဒီမိန်းမ ဘယ်လိုဖြစ်တာလဲ၊ ဆုံးရှုံးတာတွေ ပြန်ရ ပါစေ့မယ် ပြောတဲ့ကြားက ဘာဖြစ်နေတာလဲဆိုပြီး ကိုဝင်း တင် ထပ်ချော့ရပြန်တယ်။

မဝေကျင်ကတော့ ‘ရှင်မသိပါဘူး အစ်ကိုရယ်၊ ရှင်မသိ ပါဘူး’လို့ပဲ ပြန်ပြောရင်း ငိုနေတာပဲ။

ကြာတော့ ကိုဝင်းတင် စိတ်မရှည်တော့ဘူး၊ စိတ်က ဆတ် လာပြီလေ။

‘ဟဲ့...ငါက ဘာကိုမသိရမှာလဲ၊ အားလုံး ပြန်ကြိုးစား ပေးပါ့မယ်လို့ ပြောပြီးမှပဲဟာ ဘာဖြစ်နေတာလဲ’ လို့ ပြန် ငေါက်ပစ်လိုက်တယ်။

‘ကဲ...ငါမသိပါဘူး ဆိုတာကရော၊ ဘာမျှားလဲပြောစမ်း ပါဦး’လို့ပါ အသံမာမာနဲ့မေးလိုက်တယ်။

ဒီတော့မှပဲ မဝေကျင်က **စကားစပြောတယ်**။

‘ရှင်ထွက်သွားပြီးတော့ ဘွန်မနဲ့အမေက တိုင်ပင်တယ်၊ ပိုက်ဆံတွေ ဒီလောက် ရလာပြီးမှတော့ ဒီရွာမှာလဲ **မနေ** တော့ဘူး၊ မြို့တက်ပြီး တိုက်တွေဘာတွေ ဝယ်**နေလိုက်မယ်**၊ ဆိုင်ခန်းတွေ ဘာတွေဝယ်ပြီး ဈေးရောင်းမယ်ပေါ့။

အဲဒီလို စီစဉ်ပြီးမှတော့ ဒီရွာကအိမ်နဲ့ လယ်ကွက်ကို ဘာလုပ်တော့မှာလဲ၊ အခု **အဆင်ါးရာကျော်** ပွဲစားရှိတုန်း ဒါကိုပါ ထည့်ပွဲသားလိုက်တော့မှာပေါ့လို့ ဆုံးဖြတ်လိုက်တယ်။

www.burmeseclassic.com



အမေကသဲ သူပါ ရန်ကုန်လိုက်နေမယ် ဆိုပြီး သူ့အိမ်ကိုပါ ရောင်းမယ်လို့ပြောတယ်၊ ဒါနဲ့အမေနဲ့ ကျွန်မတို့ အိမ်နှစ်လုံး ရောင်းလိုက်တယ်။

အမြန် ရောင်းတာဆိုတော့ ဈေးက အနှိမ်ခံရတာပေါ့၊ ကျွန်မတို့အိမ်ကနှစ်သောင်းရတယ်၊ အမေ့အိမ်က တစ်သောင်းလေးထောင်ရတယ်၊ ဒါတောင် လယ်ကွက်က ဝယ်မယ့်လူမှာ ငွေသိပ်မပြေလည်လို့ ထားရစ်ခဲ့တာ၊ အဲဒီငွေတွေ အားလုံးနဲ့ ရန်ကုန်လာပြီး ချဲ ထိုးကြတာ ပဲ၊ ရှင်သိရင် မတိုင်ပင်ရကောင်းလားလို့ ဆူမှာစိုးပြီး အမေ့အမျိုးအိမ်မှာ တည်းနေကြတာ၊ အဟင့်....ခုတော့ ဘယ်လိုလုပ်လို့ရတော့မှာလဲ" ငိုသံက ပိုကျယ်လာတယ်။

ကိုဝင်းတင် နားထဲမှာ ငိုသံကိုတောင်မှမကြားနိုင်လောက်အောင် ပူထူနေပြီး မျက်စိကလဲ ဘာမှ မမြင်နိုင်တော့ဘူး၊ ပြာသွားပြီလေ။

အတိုချုံးရရင် ကိုဝင်းတင်ရဲ့အမေ မုဆိုးမဒေါ်စိန်မေက သားအဖြစ်ကို မကြည့်ရက်လို့ သူ့ခြံထဲမှာ အိမ်ဆောက်ပြီး လာနေဖို့ ပြောရှာတယ်။

ကိုဝင်းတင်ခမျာလဲ အိမ်ဆောက်ဖို့ နေနေသာသာ စားဖို့တောင်မှ မရှိတော့တာမို့ နောက်ဆုံးမိတ်ဆွေသူငယ်ချင်းတွေ အကူအညီနဲ့ အမေ့အိမ်ဘေး ကပ်လျက်မှာပဲ အဖီတဲလေးထိုး နေရတော့တာပေါ့။





ရိုးရိုးတဲတစ်လုံး ဆောက်မှာထက်စာရင် အဖီထိုးတာက ပိုက်ဆံကုန်သက်သာတယ် မဟုတ်လား။

ကိုဝင်းတင်ရဲ့ ယောက္ခမကြီးလည်း သူ့သားအငယ်ဆုံးလေးနဲ့ ကိုဝင်းတင်တို့ဆီမှာ လာကပ်နေရတော့တာပေါ့။

ဒါကြောင့်ထင်ပါရဲ့ အရပ်ထဲမှာ ကလေးတွေပြောပြောနေတာ 'ချဲထိုးရင် တဲထိုးရမယ်'တဲ့၊ ကဲ....သူတို့အဖြစ်အပျက်ကိုကြည့်။

ချဲစကားနဲ့ပြောရရင် 'တည့်'မှန်နေတဲ့ အဖြစ်အပျက်တစ်ခုပဲနော်....။

နောက်တစ်ယောက်ရှိသေးတယ်၊ ကိုစံညွန့်တဲ့ ကြည့်မြင်တိုင်ဘက်မှာ ဆိုက်ကားနင်းတယ်၊

လူက အသက် သုံးဆယ့်ငါးနှစ်လောက်ရှိပေမယ့် ယူထားတဲ့ မိန်းမက အသက်ခြောက်ဆယ်နားကပ်နေတဲ့ အဘွားကြီး။

ဒါပေမယ့် အဘွားကြီးက ပိုက်ဆံလဲရှိ၊ အိမ်မှာ ကုန်စုံဆိုင်လဲဖွင့်၊ ပစ္စည်းလဲအပေါင်ခံ၊ နေ့ပြန်တိုးလဲ ချေးတော့ ဝင်ငွေဖြောင့်တယ်။

အဘွားကြီးပေမယ့် လိုင်းရှင်းတယ်။

ကိုစံညွန့်အတွက် ဆိုက်ကားကို အပိုင်ပေးထားပြီး အဲဒီကရတဲ့ငွေနဲ့သုံး၊ သူကတော့ တစ်ပြားမှအပ်မပေးဘူး။

အဲ....ထမင်းစားချိန်ဆိုရင်တော့ ထမင်းလာစားပေါ့၊ အိမ်စရိတ်အားလုံး အဘွားကြီးကပဲ အကုန်အကျ ခံတယ်၊ ကိုစံညွန့်က အသက်ငယ်သေးတော့ ဆိုက်ကားနင်းပြီးဖောက်



www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်နေတဲ့ အစိန် ဆိုတဲ့ ပျံကျ ဈေးသည်ခလေး တစ်ယောက်နဲ့ ငြိတယ်။

မစိန်က အသက် နှစ်ဆယ့်ငါးနှစ်လောက်ပဲ ရှိသေးတော့ ကိုစံညွှန့်အသည်းစွဲအောင် ချစ်မိတော့တာပေါ့။

သူတို့နှစ်ယောက် ဟိုချိန်းတွေ့ သည်ချိန်းတွေ့ လုပ်နေတော့ ပတ်ဝန်းကျင်က အဘွားကြီးဆီ သတင်းပို့တယ်။

အဘွားကြီးက နည်းနည်းမှ မတုန်လှုပ်ဘူး၊ ကိုစံညွှန့်ကို ဖြောင်ပဲဖွင့်မေးတယ်၊ ဒီလိုကြားတယ်၊ ဟုတ်သလားပေါ့။ ကိုစံညွှန့်ကလဲ ကွယ်ဝှက်မနေပါဘူး၊ 'ဟုတ်တယ်၊ ကျွန်တော် အဲဒီ မစိန်ကို ချစ်လို့ သူနဲ့ လက်ထပ်ချင်တယ်၊ မမကြီးကို အားနာလို့ မပြောတာပါ' ဆိုပြီး ပြန်ဖြေလိုက်တယ်။

ဒါပေါ့၊ ကိုစံညွှန့်မှာကလဲ ဆိုက်ကားနင်းရင်း စုဆောင်းထားတာ ငွေလေးထောင်ကျော်ရှိနေမှပဲ မစိန်နဲ့ အတူနေဖို့ ငွေက လုံလောက်နေပြီလေ၊ ဒီတော့ ခပ်ပြတ်ပြတ်ပဲ ပြန်ဖြေတာပေါ့။

အဘွားကြီးက ကိုစံညွှန့်ကိုကြည့်ရင်း ပြုံးတယ်၊ အေးပေါ့ကွယ်၊ မောင်စံညွှန့်က ငယ်သေးတော့ သက်တူရွယ်တူချစ်သူကို လိုချင်မှာပေါ့၊ ကဲပါ အဲဒီအတွက် စိတ်ညစ်မနေပါနဲ့၊ မမကြီး မင်းကိုကွာပေးပါ့မယ်၊ အဘွားကြီးစကား ကြားတော့ ကိုစံညွှန့် တအားပျော်သွားတယ်။





ဒါပေမယ့် အဘွားကြီးက သံယောဇဉ်တော့ မပြတ်ပါဘူး၊ ရပ်ကွက်ကောင်စီနဲ့ ကွာရှင်းပြီးတဲ့နေ့မှာ ကိုစံညွှန့်ကို မှာရှာပါတယ်၊ မောင်စံညွှန့် ဒုက္ခရောက်လို့ရှိရင် မမကြီး အိမ်မှာ အချိန်မရွေး လာပြန်နေနိုင်ပါတယ်၊ လင်မယား မဟုတ်တော့ပေမယ့် တူတစ်ယောက်လို၊ သားတစ်ယောက်လို မမကြီး ပြန်လက်ခံ ကျွေးမွေးပါ့မယ်တဲ့....။

ဒီလိုနဲ့ ကိုစံညွှန့် မစိန်နဲ့လက်ထပ်လိုက်တယ်၊ အိမ်တစ်အိမ်ကို စပေါ်သုံးထောင်နဲ့ငှားပြီး လင်မယားနှစ်ယောက် ပျော်နေကြတာပေါ့၊ မစိန် အိမ်မှာကတော့ ဘယ်လိုမှ နေလို့မရဘူးလေ၊ အိမ်လေးက ကျဉ်းရတဲ့အထဲ မောင်နှမကများတော့ အိပ်စရာနေရာတောင် မလောက်လို့ အိမ်ထောင်ပြုပြီးရင် သူ့မိဘတွေက ဘယ်သားသမီးကိုမှ လက်မခံဘူး၊ အစဉ်အလာနဲ့ကို လက်မခံခဲ့တာ...။

မစိန်က ဈေးသည်ဆိုတော့ ဈေးထဲမှာ ချဲဒိုင် ပေါင်းစုံနဲ့ ရင်းနှီးပြီး ထိုးရာက ချဲဝါသနာအိုး ဖြစ်နေတယ်၊ တစ်ပတ်တစ်ပတ်ကို တစ်ရာဖိုးလောက် အမြဲထိုးတယ်၊ တစ်ခါမှတော့ မပေါက်ဘူး၊ ကိုစံညွှန့်က ဒါကိုသိပေမယ့် လုံးဝမကန့်ကွက်ဘူး၊ သူက ချစ်တာကိုး....။

ချစ်သူကို စိတ်ချမ်းသာအောင် ထားရမှာပေါ့ မဟုတ်ဘူးလား၊ ဆုံးရှုံးသွားတဲ့ ငွေတစ်ရာအတွက် ဆိုက်ကားကိုနင်းပြီး ပြန်ထေမိအောင် ကြိုးစားရတာပေါ့...။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ဘက်လေးလကျော်ဒီဇင်ဘာလ ၁၆ရက်ညမှာ ကိုစံညွန့် အိမ်ကိုပြန်လာတော့ မျက်လုံးပြူးသွားတယ်....။

မပြူး ခံနိုင်ရိုးလားကွစ၊ ရှိစုမဲ့စု ကြောင်အိမ်ကလေးနဲ့ ကွပ်ပျစ်လေးကအစ အိမ်သုံးပရိဘောဂလေးတွေရော၊ အဝတ် အစား သေတ္တာတွေပါ အိမ်ရှေ့ကွက်လပ်ပေါ်မှာ စုပုံထားတာကို မြင်လိုက်ရတာကိုး....။

ပြီးတော့ သံသေတ္တာလေးပေါ်မှာဆောင့်ကြောင့်ထိုင်ရင်း ငိုနေတဲ့ မစိန်ကိုပါ လရောင်အောက်မှာ အထင်အရှား မြင်နေရတယ်လေ....။

စံညွန့်ပဲ၊ ဆိုက်ကား နင်းစားလာတာ အိုသေတော့မယ် လက်က ဖင်ထိုင်ခုံအောက်ကို ဆွဲနှိုက်လိုက်တာနဲ့ သံတုတ်က ပါလာပြီး သံတုတ်ခါးကြားထိုးပြီး မစိန်ဆီပြေးသွားတယ်....။

ဘာဖြစ်တာလဲ၊ အိမ်ရှင်ကနှင်ချတာလား၊ စပေါ်တောင်း သလောက် စာချုပ်စာတမ်းနဲ့ အတိအကျပေးထားရက်နဲ့ ဒီလို လုပ်လို့ရမလား၊ ခုမှရောက်လာတဲ့ လူသစ်ပဲဆိုပြီး စော်ကား ချင်တဲ့သဘောလား၊ စံညွန့်အကြောင်း မသိဘူးနဲ့ တူတယ်၊ နယ်မချွေးဘဲ မိုက်ရတယ်၊ ကဲ....၊ အိမ်ရှင်ကို မောင် သွားတက် ရှင်းမယ်....။

စံညွန့် ဒေါသနဲ့ အိမ်ပေါ်တက်ဖို့ပြင်တယ်၊ အိမ် ရှင် က ခေါင်းရင်းခန်း၊ စံညွန့်ကခြေရင်းခန်း၊ လှေကားတစ်ခုတည်းပဲ၊ ကဲ....သွားမယ်၊ တက်မယ်၊ ရှင်းမယ်....။





မစိန်က စံညွန့်လက်ကို လှမ်းဆွဲတယ်၊ "မောင်ရယ်၊ စိန့် အပြစ်ပါ၊ စိန်မိုက်လို့ ခုလိုဖြစ်တာပါ၊ အိမ်ရှင်နဲ့မဆိုင်ပါဘူး" လို့ လှမ်းပြောလိုက်သေးတယ်....။

စံညွန့် တွေဝေနေချိန်မှာပဲ မစိန်က ရှင်းပြတယ်....။

ဟုတ်တယ်၊ "ရှစ်လေးသုံး" နံပါတ် နှိပ်စက်တာ ပေါ့၊ သာယာဝတီဘက်က သူ့အဒေါ် တစ်ယောက်က အိမ်မှာ လာပြောသွားတာ၊ သေချာလိုက်သမှ ဒီနံပါတ် အသေအချာ ထွက်ရမယ်တဲ့၊ ဥစ္စာစောင့် နံပါတ်ဆိုပြီး သေချာရှင်းပြတယ်၊ ဒီလိုအပိုင်အနိုင်နံပါတ်ကို ရပြီဆိုတော့ မစိန် လောဘတက်လာ တယ်၊ လောဘသာတက်တာ ထိုးဖို့ ပိုက်ဆံလဲမရှိဘူး....။

ဒါနဲ့ နောက်ဆုံး "အိမ်စပေါ် သုံးထောင်တင်ထားတာမှာ နှစ်ထောင့်ငါးရာ ပြန်ချေးပါ၊ အတိုး ငါးရာ ပေးပါ့မယ်၊ နှစ်ဆယ်တိုးပေါ့ တိုးရင်းခေါင်းငွေသုံးထောင်ကို ဒီဇင်ဘာလ ၁၆ရက်ခန့်ညနေမှာ ဆပ်ပါ့မယ်၊ မဆပ်နိုင်ရင်ချက်ချင်းအိမ် ပေါ်က ဆင်းပေးပါ့မယ်၊ ဦးလေးတို့ ယုံကြည်အောင်စာချုပ် ချုပ်ထားပေါ့" ဆိုပြီးအိမ်ရှင်ဦးလေးကြီးဆီကသွားချေးတယ်။

တိုက်ဆဲ ချေးတာခပေါ့၊ ပြန်ဆပ်ရင် အတိုး ငါးရာရမယ်၊ မဆပ်နိုင်လို့ ဆင်းရင် စပေါ် ငါးထောင်ပေးပြီး နေမယ့် လူက အဆင်သင့်ရှိပြီးသား သူ့ဘက်ကအပိုင်ပဲကိုး....။

မစိန်က အဲဒီခွေ နှစ်ထောင့်ငါးရာနဲ့ "ရှစ်လေးသုံး" ကို နှစ်ထောင်ဖိုး၊ ကျန်တဲ့ ပတ်လည်နံပါတ် ငါးလုံးကို တစ်ရာဖိုး စီ ထိုးပစ်လိုက်တယ်....။



www.burmeseclassic.com

www.burmeseclassic.com



ဟော....၊ အခု "နှစ်သုံးခုနစ်" ထွက်လာတော့ ငွေက ပြန်မဆပ်နိုင်တော့ဘူး၊ ဒါကြောင့် စာချုပ် စည်းကမ်းအတိုင်း ပစ္စည်းတွေဖယ်၊ အခန်းသော့ အိမ်ရှင်ကိုပြန်အပ်ပြီးကိုစံညွှန့်ကို စောင့်နေတာပါတဲ့....။

ဘာတတ်နိုင်မှာလဲ၊ မှားတာကမှားပြီးသွားပြီ၊ ကိုစံညွှန့်က မစိန်ကိုသိပ်ချစ်တော့ အပြစ်မပြောဘူး၊ လော လော ဆယ် ဘယ်လိုနေမလဲဆိုတာကိုပဲ တိုင်ပင်ကြတော့တယ်။

ငွေတစ်ပြားမှမရှိဘဲ လောလောဆယ်နေစရာ ဘယ်ရှိနိုင်ပါ မလဲ၊ နည်းပေါင်းစုံ စဉ်းစားပေမယ့် အဖြေ မထွက်ဘူး၊ ပိုင်ဆိုင်တာဆိုလို့လဲဆိုက်ကားပဲ ရှိတယ်၊ ဒီဆိုက်ကားကိုတော့ မထိရဲဘူး၊ ထမင်းရှင်၊ ကျေးဇူးရှင်၊ တော်ကြာ ထမင်းပါ ငတ်သွားဦးမယ်။

နောက်ဆုံး နှစ်ဦးသဘောတူ ဆုံးဖြတ်ချက် ချလိုက်ကြရ တယ်။ မစိန်က သူ့အိမ်မှာ ခဏပြန်နေ၊ ငွေရေးကြေးရေး အတွက် ကိုစံညွှန့်က လာထောက်ပံ့မယ်၊ ကိုစံညွှန့်လဲပဲ အဘွား ကြီး အိမ်မှာ ခဏပြန်နေမယ်။

အလုပ်ကို ကြိုးစားလုပ်ပြီး ငွေပြန်စုမယ်၊ အိမ်တစ်အိမ် စပေါ်တင်နိုင်တဲ့အခါကျ အိမ်ပြန်ငှားပြီး တို့လင်မယား အတူတူ ပြန်နေကြတာပေါ့။

ကဲ....မင်းစဉ်းစားကြည့် တင်မေဇ်....၊ ဆိုက်ကားနင်းရင်း ငွေသုံးလေးထောင် စုမိဖို့ဆိုတာ ဘယ်လောက် ကြာမလဲ.... အိုကွာ....နင်းပေဦးတော့ပေါ့။





ကိုစံညွှန့်တစ်ယောက် သူ့ ချစ်သူနဲ့ အတူတူပြန်နေချင်ရင် ဇနီးဟောင်း အဘွားကြီးအိမ်မှာ မျက်နှာငယ်ခံ ခိုကပ်နေရင်း ခါးချည့်အောင် နင်းပေဦးပေါ့....။

နံပါတ်လေးတစ်လုံးနိုပ်စက်လို့ မေတ္တာရှိလျက်နဲ့ ဝေးနေ ကြတဲ့ ချစ်သူနှစ်ဦးရဲ့ လွမ်းစရာ့ဇာတ်လမ်းလေး တစ်ပုဒ်ပေါ့ ကွာ....။

ဆက်ပြောရင် အများကြီးရှိသေးတယ်....၊

တော်ပါပြီ....ဒီလောက်ဆို မင်းခန့်မှန်းလို့ရပါပြီ၊

လူတွေ ဘယ်လောက်များများဒုက္ခရောက်ကြ၊ ဘဝပျက်ကြ ရမယ်ဆိုတာ မှတ်ထားကွ၊အဲဒါ ဥစ္စာခစောင့်က ရွှေမန်ကျည်း တောင့် လာမပေးဘဲ ရိုးရိုးမန်ကျည်းတောင့် ပေးသွားလို့ အစားမှားပြီး ဝမ်းလျှောသွားတာလေ၊ မသေတာကံကောင်း တယ်မှတ်၊ ဟား....ဟား....ဟား....။

*   *   *

ကဲ....ငါ့အကြောင်းဆက်ရအောင်၊ အဲဒီ 'နှစ်သုံးခုနစ်' နံပါတ် ထွက်ပြီး ၁၉၇၇ ရဲ့ နောက်ဆုံးအပတ်မှာလဲ လူတွေ လုံးဝ မထင်ထားတဲ့ 'သုညတစ်လေး' နံပါတ် ထွက်လာတယ်၊ ငါတို့ လင်မယားကတော့ ပွဲပြီးရင်း ပွဲပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ၁၉ဂဂ ခုနှစ်ကိုကူးလာတယ်၊ ငါတို့လင်မယားက တစ်နှစ်ဆုံးဖြတ်ထားတော့ သုံးလပဲလိုတော့တာပေါ့၊ သုံးလ ဆိုတော့ ခြောက်ကြိမ်၊ ခြောက်ကြိမ်ကံကောင်းရင် ငါတို့ဘဝ ပြည့်စုံပြီပေါ့။

ပထမဆုံး ထွက်လာတဲ့ နံပါတ်က 'လေးငါးသုည' ငါတို့ နှစ်သိန်းလောက် ထပ်မြတ်တယ်၊ ဘာမှလဲ ထူးထူးခြားခြား မဖြစ်ပါဘူး။

အဲ....ဒုတိယထွက်လာတဲ့ 'နှစ်လေးငါး' ဆိုတဲ့ နံပါတ်မှာ တော့ အရင်တစ်ခါ 'ငါးခြောက်ရှစ်' ထွက်တုန်းက ပြေး ကြသလို ပေါက်တဲ့လူများလို့ အောဒိုင် အတော်များများ ခြေရာဖျောက်ကုန်ကြတယ်၊

မင်းက မေးမယ်။ ငါက အောဒိုင်ဖြစ်ရက်နဲ့ ဘာလို့မပြေး ရသလဲပေါ့၊ အေး.... ငါ့ရဲ့ 'မွေးဂဏန်း' ကျေးဇူးကြောင့်ပဲ တင်မောင်ရေ့.....၊

ဒီလိုကွာ... ငါက မင်္ဂလာဈေးမှာ အောဒိုင် စ လုပ်မယ် ကြံတော့ တစ်ခုစဉ်းစားတယ်၊ ငါတို့လင်မယားကံကို စမ်း တဲ့အနေနဲ့ 'မွေးဂဏန်း' တစ်ခု လုပ်မယ်ပေါ့၊

အဲဒီမွေးဂဏန်းကို လုံးဝအထိုးမခံဘဲ တစ်နှစ်လုံးပိတ်ထား မယ်လို့ဆုံးဖြတ်ခဲ့တယ်၊ ချဲသိုးသားတိုင်းမှာ အဲဒီမွေးဂဏန်း တစ်လုံးစီတော့ ရှိကြတာချည်းပဲ၊ အပတ်တိုင်း အဲဒီမွေးထား





တဲ့ နံပါတ်ကို မပျက်မကွက်ထိုးတယ်၊ တစ်ချိန်ချိန်မှာ ကံ ကောင်းရင် ရမယ်ဆိုတဲ့သဘောနဲ့ နံပါတ်တစ်ခုကို အပိုင်ဝယ် ထားတဲ့ သဘောပေါ့ကွာ....၊

အဲဒီတုန်းက ခေါင်းခြောက်အောင် ငါစဉ်းစားတယ်၊ ခက်တာက ငါဆိုတဲ့ကောင်ကလဲ ဘာနည်းမှ အယုံအကြည်မရှိ တော့ ဘယ်နံပါတ်ကို မွေးရမှန်း တွေးလို့ကို မရဘူး ဖြစ်နေ တယ်၊

ပြောရင် မင်းရယ်မယ်၊ နောက်ဆုံး ငါဘာကို စဉ်းစားမိ သွားလဲဆိုတော့ ငါ အခုလောက် ခေါင်းခြောက်ခံတွေးနေ တာဟာ ငါ့အတွက် ငွေရချင်လို့ တွေးတာပဲ၊ ဒီတော့.... 'ငါရမယ်'လို့ ယုံယုံကြည်ကြည် ဖြစ်သွားအောင် အဲဒီ 'ငါရ မယ်' ကို နေ့နံနဲ့ပြောင်းပြီး ရတဲ့ဂဏန်းကို မွေးတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်၊

လွယ်ပါတယ်ကွာ၊ 'င' က နှစ်ဂဏန်း၊ 'ရကောက်' က လေးဂဏန်း၊ 'မ' က ငါးဂဏန်း၊ ဒီတော့... 'ငါရမယ်' ဆိုတာ 'နှစ်လေးငါး'၊ ကဲ ရုပ်တယ်၊ ဒီ 'နှစ်လေးငါး' ကိုပဲ မွေးတော့မယ်ဆိုပြီး အောဒိုင် စ ကိုင်ကတည်းက ငါကိုယ်တိုင် ရော၊ လက်ခွဲဒိုင်တွေကိုပါ 'နှစ်လေးငါး'ကို မခံရောင်းဖို့ ပိတ် ထားခဲ့တယ်၊

ကဲ...ဒီတော့ 'နှစ်လေးငါး' နံပါတ်ထွက်လာတော့ ငါက တစ်ပြားမှ မလျော်ရတော့ဘူးပေါ့၊ အောဒိုင်ကိုင်ကာသမျှ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီတစ်ခါ စံချိန်ပဲ၊ တစ်ပြားတစ်ချပ်မှ မလျော်ရဘဲ ရောင်းထားတဲ့ ငွေလေးသိန်းခွဲလောက်ကို အလကားရလိုက်တယ်လေ။

အဲ....ဒါပေမယ့် ငါ့ လက်ခွဲဒိုင် တစ်ယောက် ကိုတော့ အဆုံးရှုံးခံလိုက်ရတယ်၊ သူကစည်းဖောက်တာကိုး၊ 'နှစ်လေးငါး'ကို ငါက ပိတ်ထားပေမယ့် သူကအရင်အပတ်က 'လေးနဲ့ငါး'ထွက်ထားတော့၊ 'နှစ်လေးငါး'ဆိုတဲ့နံပါတ်မှာ လေးနဲ့ငါးပြန်ပါနေတာကြောင့် ထွက်မယ်လို့ လုံးဝ မယုံကြည်ဘူး၊ ဒီတော့ သူက ဆွဲစေ့တော့တာပေါ့....။

'ဆွဲစေ့'တယ်ဆိုတာက ချဲဝေါဟာရ တစ်ခုပေါ့....မြောက်ဥက္ကလာပမှာ ငါလုပ်ခဲ့တာမျိုးပေါ့ကွာ၊ တကယ့်အောဒိုင်ကို အသိမပေးဘဲ ကိုယ့်ဘာသာရောင်းပြီး ရတဲ့ငွေကိုစားပစ်လိုက်တာပေါ့၊အောဒိုင်ဆီမှာစာရင်းသွင်းတော့ အဲဒီဆွဲစေ့ထားတဲ့ နံပါတ်တွေ ရောင်းထားတာကို စာရင်းမသွင်းတော့ဘူးလေ၊ ငွေလဲ မအပ်တော့ဘူးပေါ့၊ တချို့ လက်ခွဲဒိုင်တွေက ဒီလိုပဲ သူတို့မထွက်ဘူးလို့ ယုံကြည်တဲ့နံပါတ်ကို ဆွဲစေ့တတ်ကြတယ်။

မြောက်ဥက္ကလာပမှာ ငါလုပ်တာက လက်ခွဲဒိုင်မဟုတ်ဘဲ အစားလုပ်တာ၊ အခုလုပ်တဲ့လူက လက်ခွဲဒိုင် အမှန်အကန် ဖြစ်လျက်နဲ့လုပ်တာပဲ ကွာပါတယ်။

ငါကတော့ အနေသာကြီးပါ၊ ဘာဆိုင်တာ မှတ်လို့၊ ငါ့ဆီမှာ ဒီနံပါတ်အတွက် ငွေ တစ်ပြားတစ်ချပ်မှ သွင်း





ထားတာမှ မရှိဘဲ၊ ငါ့လက်ခွဲဒိုင်က သူ့ဘာသာ လူလည်ကျပြီး လုပ်တာဆိုတော့....သူ့ပြဿနာ သူရှင်းပေါ့၊ ငါကတော့ ငါ့အပေါ်မှာ သစ္စာမရှိဘူးဆိုပြီး သူ့ကို လက်ခွဲဒိုင် အဖြစ်က ရုပ်သိမ်းလိုက်တယ်၊ ရာထူးဖြုတ်လိုက်ဘယ်။ ဒါပဲ။

သေချာတွေးရင် တရားကျစရာကောင်းတယ်နော်၊ ငွေသိန်းပေါင်းများစွာ သူများတွေကို ကလိမ်ကျဖို့ အသေအချာ အကွက်ချစီစဉ်ထားတဲ့ ငါက ငါ့အပေါ်မှာ ကလိမ်ကျတော့ ခံပြင်းမိဘယ်၊ ငွေနှစ်ရာလောက်'ဆွဲစေ့'လိုက်မှန်းသိတာနဲ့ ငါ့လက်ခွဲဒိုင် ဆက်မလုပ်နဲ့တော့လို့ အပြတ်သွားပြောပစ်လိုက်တယ်။

အင်းလေ....ဒီကောင့်အတွက်ကလဲ ငါအလုပ်ဖြုတ်လိုက်လို့ ဘာမှမနစ်နာပါဘူး၊ သူ့အတွက်တော့ နောက်ထပ် အောဒိုင် တစ်ယောက် အချိန်မရွေး ရှာနိုင်တာပဲ။

ဒါပေမယ့် ငါသိတယ်၊ ဒီကောင် လုပ်စားလို့ မရဘူး၊ ဘဝပျက်သွားပြီ၊ မဏ္ဍိုင်ချောင်သွားပြီလေ၊

ဘယ်နှယ့် ငါပါဆိုနေမှပဲ၊ အောဒိုင်ကြီး မျိုးအောင်ပါဆိုနေမှပဲ၊ ချဲလောကရဲ့ သတင်းတွေကို ငါတောင်မှ မစုံစမ်းရဘူး၊ သူ့အလိုလိုလာပြောမယ့်လူတွေက အပြည့်....၊

သိတယ်လေ၊ ဒီကောင်'ဆွဲစေ့'ပြီး စားလိုက်တဲ့ ငွေက နှစ်ရာ့တစ်ဆယ်တိတိ၊ ထွက်ပြီးသေးရက်အထိ တစ်ယောက်မှ မလျော်နိုင်ဘူး၊ လျော်ရမှာက တစ်သိန်း တစ်သောင်းငါး



www.burmeseclassic.com

www.burmeseclassic.com



ထောင့်ငါးရာ ဒီကောင့်မှာ ဘယ် အဲဒီလောက်ငွေရှိမှာလဲ မရှိလို့ လက်ခွဲဒိုင်ဘဝမှာ လုပ်စားနေတာပဲဟာ၊ ရှိမှတော့ ဒီကောင်လဲ စာအုပ်ဒိုင်တွေ ဘာတွေ လုပ်စားတော့မှာပေါ့....။

ဒီကောင်က သူ့အောဒိုင် ထွက်ပြေးသွားလို့ပါ ဆိုပြီး သတင်းလွှင့်တယ်၊ ဒါကြောင့် မလျော်နိုင်သေးတာပါပေါ့၊ အခု ထွက်ပြေးတယ် ကြားတဲ့နောက်ကို လိုက်စုံစမ်းနေပါတယ် ဆိုပြီး လျှောက်လိမ်တယ်။

ဘယ်ရမလဲ ထိုးသားတွေထဲမှာ ခပ်မိုက်မိုက်ကောင်တွေက ပါနေတာပဲ။ ဒီတော့....အိမ်ရှေ့မှာ ခေါ်ပွဲ တုတ်ပွဲ သုံးခါလောက် နွှဲလိုက်ရတယ်၊ ရပ်ကွက် လူကြီးတွေ ကောင်းလို့ အသေအပျောက်မရှိတာ၊ ဒါပေမယ့် ဒီကောင် လမ်းမထွက်ရဲတော့ဘူး၊ တချို့ အိမ်ကို ကောင်းကောင်းမွန်မွန်လာတောင်းတဲ့ လူတွေကိုတော့ အိမ်ခေါ်ပြီး လျော်ပါ့မယ် ဘာညာပြောပြီး အချိန်ဆွဲတယ်။

ဒီအထဲ သူ့အရစ်က ငါ့ဆီပါ လာရစ်ချင်သေးတယ်၊ သူက ငါ့လက်ခွဲဒိုင်ဆိုတော့ ငါ့အထိမ်းအမှတ် ဖိုးဝရုပ်တံဆိပ် ထုထားတဲ့ ဘောက်ချာစာအုပ်နဲ့ ဘောက်ချာ ဖွင့်ရောင်းထားတာကို တချို့ ထိုးသား လူလည်တွေက သတင်းစုံစမ်းရင်း ဖိုးဝရုပ်တံဆိပ် အောဒိုင်ပိုင်ရှင်က ငါမှန်းသတင်းကြားပြီး မင်္ဂလာဈေးက ဆိုင်ရှင်တစ်ယောက်နဲ့အတူ ငါ့ဆီရောက်လာသေးတယ်၊ ဘောက်ချာလေးထုတ်ပြပြီး လာဆွေးနွေးသေးတယ်....။





ငါ ခေါင်းရှုပ်မခံဘူး၊ ဒီကောင် ငါ့ဆီအပ်တဲ့ နံပါတ်နဲ့ ငွေစာရင်းစာရွက်ကို ထုတ်ပြလိုက်တယ်၊ ကဲ...ကြည့်၊ ဘယ်မှာလဲ 'နှစ်လေးငါး' တစ်ပြားဖိုးပါသလား....။

ကျုပ်ဆီမှာပါလို့ကတော့ ထွက်တဲ့နေ့ညနေဆိုရင် လျော်ပြီးသားပဲ၊ နောက်လဲမှတ်ထား အောဒိုင် မျိုးအောင်ဆိုတာ ကျုပ်ပဲ။

ကျုပ်ဆီမှာ ထိုးလို့ကတော့ သိန်းတစ်ရာ ဖြစ်ပါစေလေ့ စေ၊ ကားနဲ့သယ်ပြီး အိမ်လာပို့မယ်၊ ခင်ဗျားတို့ကောင်က ဒီနံပါတ်ကို "ဆွဲစား" ထားတာ မဟုတ်ဘူးထင်ပြီးအပိုင်စီးလိုက်တာ။

ကဲ...ရှင်းကြပြီလား၊ ဒါမှ မရှင်းသေးရင် သူ့ကို ကျုပ်ဆီခေါ်လာခဲ့၊ သူပြောတဲ့ ထွက်ပြေးပါတယ်ဆိုတဲ့ အောဒိုင်ကို ဒီဆိုင်မှာ ငုတ်တုတ်ထိုင်ရက် တွေ့သွားစေရမယ်....။

ဟား....ဟား.... ရယ်ရတယ်၊ ပါးကိုက်လို့ နားပြန်ကိုက်လိုက်တာ ဒီကောင် သွေးထွက်သွားတယ်....။

လိမ်မှန်း အသေအချာသိသွားတဲ့ ထိုးသားတစ်ယောက်က လူစုပြီး ရန်ပွဲ နောက်တစ်ပွဲအနွှဲမှာ ခေါင်းကိုရိုက်ခွဲလို့ လေးချက် ချုပ်လိုက်ရတယ်၊ အိမ်ကိုပါ မီးနဲ့ရှို့မယ်လို့ ထိုးသားတွေက ကြိုးငါးသွားသေးတာ....။

မကြာပါဘူး၊ ဒီကောင် အိမ်ပေါင်သွားတယ်လို့ သတင်းထွက်လာတာနဲ့ ထိုးသားတွေက ဘယ်မှာပေါင်တာလဲ၊ ဘယ်လောက်ရသွားလဲ လိုက်စုံစမ်းကြတယ် သေချာရင် အလျော်သွားတောင်းကြမယ်လေ။



www.burmeseclassic.com

သတင်းက မှန်သင့်သလောက်တော့ မှန်ပါရဲ့၊ ဒါပေမယ့် ထိုးသားတွေ "ငိုအားထက်ရယ်အားသန်" ဖြစ်သွားကြတယ်၊ ပေါင်တယ်ဆိုတာ အမှန်ပဲ....။

ဒါပေမယ့် ပေါင်တာက အမှန်ပဲ၊ ဒါပေမယ့် သူပေါင်တာက မီးပေါင်၊ မီးပေါင် ပေါင်တယ်ဆိုတာက အချပ်သုံးစကား၊ မီးအာမခံထားတာကို ပြောကြတာ၊ ဒီကောင်က သူ့အိမ်ကို မီးရှို့မယ်လို့ ကြုံးဝါးထားတော့ အစိုးရိမ်လွန်ပြီး သူ့အိမ်အတွက် မီးအာမခံ သွားထားတာ....။

အဲဒီလို မီးပေါင်ပေါင်တာကို နားစွန်နားဖျား ကြားတဲ့လူက လျှောက်ပြောလို့ အိမ်ပေါင်တယ်ဆိုပြီး သတင်းက ချဲကားထွက်လာတာ....။

သွားရော၊ ထိုးသားတွေ တစ်ယောက်မှ အလျှော်မရကြဘူး၊ ဘာမှလဲ မတတ်နိုင်ကြဘူး၊ ရဲစခန်းသွားတိုင်ရင်လဲ သူတို့ပါ အဖမ်းခံရမှာဆိုတော့ မတိုင်ရဲဘူး၊ မခံချင်လို့ ထပ်လုပ်ရင်လဲ ဒီကောင်သေဖို့ပဲ ရှိမယ်....။

အဲ...သတ်မိတဲ့ထိုးသားလဲ ပိုက်ဆံမရတဲ့အပြင် လူသတ်မှုနဲ့ ထောင်ထဲ ရောက်ဦးမှာ....။

ဘာတတ်နိုင်သေးလဲ၊ ဟုတ်တယ်၊ ဘာမှမတတ်နိုင်ဘူး၊ အဲ ဒီထိုးသားတွေထဲမှာ တစ်ယောက်ကတော့ သနားဖို့ ကောင်းတယ်၊ အထက်တန်းစာရေးကြီး တစ်ယောက်ပဲ....။





သူက သုံးဆယ်ဖိုးတောင် ပေါက်တာဆိုတော့ ရုံးကသောက်ဖော် သောက်ဖက်တွေပါ ကားတစ်စီးနဲ့ စုတင် ခေါ်လာပြီး ချဲထွက်တဲ့ညနေမှာ ငွေလာထုတ်တယ်၊ လက်ခွဲဒိုင်ရဲ့မိန်းမက နောက်နေ့ နေ့လယ်မှရမယ်၊ စာရင်း ရှင်းတုန်းပဲလို့ ပြီးစလွယ် ပြောလွှတ်တာနဲ့ အဟုတ်မှတ်ပြီး ရပ်ကွက်ထဲက မိတ်ဆွေတစ်ယောက်ဆီမှာ ငွေ တစ်ထောင် ဝင်ချေးပြီး ဝမ်းတေဘယ် တစ်ဖွဲ့ တစ်ထောင်ဖိုး ဆင်နွှဲလိုက်ကြတယ်....။

ဟော ခုတော့ပေါက်တဲ့ငွေလဲမရတဲ့အပြင် အရက်သောက်ထားတဲ့ အကြွေးတစ်ထောင်ပါ တင်နေပြီဆိုတော့ သူ့လခလေးနဲ့ မနည်းကြိုးစား ဆပ်နေရရှာတယ်တဲ့....။

အင်း....သတ္တဝါတစ်ခု ကံတစ်ခုပဲလေ၊ သနားတော့ သနားမိပါရဲ့၊ ဝဋ်ရှိလို့ ခံရတယ်လို့ပဲ သဘောထားလိုက် ပေါ့ကွာ၊ နော်လို့....။

တတိယပတ်မှာ "ငါးလေးတစ်" ထွက်လာတယ်၊ ငါတို့ဒိုင်တွေပွတာပေါ့၊ "လေး" နဲ့ "ငါး" ဂဏန်းက သုံးခါ ဆက်ထွက်မယ် မထင်လို့ ဘယ်သူကမှ သိပ်မထိုးကြဘူး၊ ငါတို့ဆီ နှစ်သိန်းရှစ်သောင်းဖိုးလောက် ရောင်းထားတာမှာ သုံးဆယ်ဖိုး လျော်လိုက်ရတယ်....။

တစ်သောင်းခြောက်ထောင့်ငါးရာခလျော်၊ ကျန်တဲ့ငွေတွေက ရွှေတုံးလေးတွေဖြစ်ပြီး သိမ်းဖို့ လက်တိုဂျင်ပုံး တစ်ပုံး ထပ်ဝယ်ရပြန်တာပေါ့ တင်မော်ရာ....။



www.burmeseclassic.com

www.burmeseclassic.com



"လေး"နဲ့ "ငါး" သုံးခါ ဆက်ထွက်ပေမယ့် ပေါက်တဲ့လူက ပေါက်ကြသေးတာပဲ....၊

အဲ...ပေါက်သွားတဲ့လူတွေထဲမှာ ထူးဆန်းတဲ့ လူတစ်စုအကြောင်းတော့ သတင်းကြားလိုက်ရတယ်၊ ငါ့ဆီကထိုးသားတွေ မဟုတ်ပါဘူး၊ တခြားက ထိုးသားတွေပါ....။

သူတို့လူစုက ပုဂ္ဂိုလ်တစ်ယောက်ကို ဆည်းကပ်ပြီး အမြတ်မီး ခဲ့နံပါတ် တောင်းနေကြတဲ့ လူစု၊ အဲဒီပုဂ္ဂိုလ်က သူကိုယ်တိုင်လဲ ထိုးတယ်။ အကြားအမြင်ရသယောင် ဘာယောင်ယောင်နဲ့ ပေါက်မယ့်နံပါတ်ကိုလဲ ကြိုဟောကိန်း ထုတ်ပေးလေ့ရှိတယ်။

ငါရှေ့မှာ ပြောခဲ့သလို လက်ဟန်ခြေဟန်နဲ့ အမျိုးမျိုးပြပြီး ဟောတဲ့ ပုဂ္ဂိုလ်မျိုးပေါ့ကွာ၊ မင်း မှတ်မိမှာပါ ငါတောင်မှ ပြောသေးတယ်....။

တကယ့် အကြားအမြင်ရမှတော့ ဆွံ့အ နားမကြားဖြစ် နေတာမှ မဟုတ်ဘဲ၊ ပါးစပ်နဲ့ ထုတ်ပြောရင် ရသားနဲ့ လက်ဟန်ခြေဟန် အမျိုးမျိုးပြပြီး နံပါတ်ထွက်လာရင် ပေါက်ဖော် လုပ်ယူလို့ရအောင် လက်ကို ကွေးပြကောက်ပြနဲ့ အမင်ပန်းခံ လုပ်ပြပြီး ညာစားနေတဲ့ ပုဂ္ဂိုလ်မျိုးပေါ့....။

ဆိုတော့ကွာ သူက ညာလက်ညိုးနဲ့ လက်မကို ဝိုင်းပြမယ်။ ဒီတော့ ကြည့်တဲ့လူက သုညပဲဆိုပြီး "သုညတစ်လုံးမှမပါပဲ" "ခြောက်"ပါရင်တောင်မှ အဲဒီတပည့်တွေက "ဟာ တို့ဆရာ





က လက်ညိုးနဲ့ လက်မဝိုင်းပြတုန်းက လက်ခလယ်ကိုထောင်ပြသေးတာပဲ၊ အဲဒါ ခြောက်ပေါ့၊ တို့ကိုက ညံ့တာပါကွာဆိုပြီး နောင်တရကြတာ၊ အဲ..."ခြောက်"ရော သုညရော မပါဘဲ "ကိုး"ပါလာပြီဆိုပါစို့၊ မလျှော့ဘူးမောင်၊ ဆရာက ပညာနဲ့ ပြသွားတာ လက်ညိုးနဲ့လက်မဝိုင်းပြီး လက်ခလယ်ထောင်ပြတာကိုတို့က "သုည"တွေ၊ "ခြောက်တွေ"လျှောက်ထင်နေတာမှားတာပဲ....။

အမှန်က ဆရာက တည့်တည့်မပြချင်လို့ ဇောက်ထိုးပြသွားတာ၊ ကြည့်စမ်းပါဦး၊ ဇောက်ထိုးသာ တွက်ယူလိုက်ရင်'ကိုး'၊ ဒါဆိုပေါက်ပြီပေါ့၊ အေးလေ ဆရာက ပညာနဲ့ပြတာက ပညာတွေးမှ မတွေးဘဲ၊ အဲဒီလိုမျိုး ပေါက်ဖော်လုပ်ယူပြီး သူတို့ဆရာကို ယုံကြည်နေကြတဲ့လူစုပေါ့....။

အဲ... ခုနငါပြောတဲ့အတိုင်း 'ငါးလေးတစ်'ထွက်တဲ့အပတ်က သူတို့လူစု ဆရာ့ဆီရောက်တော့ ဆရာကမျက်နှာမကောင်းဘူးတဲ့၊ အရင်လို ရွှင်ရွှင်ပျပျလဲ မရှိဘူးတဲ့....။

ဒါနဲ့ သူတို့က ဆရာ့အတွက်ရည်စူးပြီးဝယ်လာတဲ့ ပစ္စည်းတွေနဲ့ ကန်တော့ပြီး ဒီတစ်ပတ် ဘာထိုးရမှာလဲဆရာလို့ မေးသတဲ့....။

ဆရာက မျက်နှာပျက်ပျက်နဲ့ပဲ ညာလက်ကို ရှေ့ဆန့်ထုတ်ပြီး ကာပြတယ်၊ ပြီးတော့...သူ့ရင်ဘတ်ကို့ပုတ်ပြပြီး လက်ညိုးတစ်ချောင်း ထောင်ပြလိုက်တယ်၊ သူ့တပည့်တွေတောင်မှ အတော် အုံ့ဩသွားတယ်တဲ့၊ အရင်တုန်းက လက်နှစ်ဘက်နဲ့

www.burmeseclassic.com



အမျိုးမျိုးလုပ်ပြခဲ့တဲ့ တို့ဆရာ ဒီတစ်ပတ် အပိုင်ကိုပြောနေပါလားဆိုပြီး အားရဝမ်းသာ ပြန်သွားကြတယ်။

ဆရာနဲ့အတူနေ တပည့်ရင်းတစ်ယောက်က အဲဒီလူစု ပြန်သွားတော့မှ 'ဆရာ ဘာလုပ်ပြလိုက်တာလဲ'လို့ မေးတယ်။ အတူနေတပည့်ဆိုတော့လဲ သူ့ ဆရာအကြောင်း သူသိနေတော့ အခုလို ဘာလို့ လုပ်ပြပါလိမ့်ဆိုပြီး အံ့ဩစိတ်နဲ့ စပ်စုတာပါ၊ ဆရာကလဲ ခေါင်းတခါခါနဲ့ 'ဟကောင်ရာ မင်းတယ်ခက်ပါလား၊

ငါက ဒီကောင်တွေကို ဆက်မမိုက်ဖို့ တားလိုက်တာတောင်မှ မရိပ်မိဘူးလား၊ တော်ကြပါတော့ တပည့်တို့ရာ၊ ဆရာတောင်မှ ချဲထိုးလွန်းလို့ မွဲပြီး ဒီမှာ ဝတ်စုံတစ်စုံပဲ ကျန်တော့တယ်ဆိုပြီး ဆုံးမလိုက်တာလေ၊ ပါးစပ်က ပြောချင်ပေမယ့် အစဉ်အလာပျက်မှာစိုးလို့ ဟန်နဲ့ပဲပြလိုက်ရတာကွ၊ ဒီကောင်တွေ သဘောပေါက်တန်ကောင်းပါရဲ့ကွာ' လို့ ပြန်ပြောပြတယ်။

အဲ....'ငါးလေးတစ်'လဲထွက်လာရော၊သူ့ တပည့်တွေအပြိုင်အဆိုင်ရောက်လာကြပြီး၊ ဆရာ့ကို ပိုက်ဆံထုတ်လေးတွေနဲ့ ကန်တော့ကြတယ်။ ဆရာလဲ ပထမတော့ အံ့ဩနေတာပေါ့။ ဒါပေမယ့် ဣန္ဒြေမပျက်အောင် ကြိုးစားထိန်းရင်း အကျိုးအကြောင်းမေးရတယ်၊ ဒီမှာ တပည့်တစ်ယောက်က 'ဟာ... ဆရာမသိသေးဘူးလား၊ ဒီနေ့ချဲထွက်တာ 'ငါးလေးတစ်'လေ၊





ဆရာက ဒီတစ်ခါပဲ တည့်တည့် ပြလိုက်တာ တန်းပေါက်တာပဲ ....။

'နောက်ဆို အဲဒီလိုပဲ ပြပါဆရာရယ်၊ 'တည့်' တစ်လုံးတည်းပြတော့ ထိုးရတာ ငွေအား ပိုကောင်းတာပေါ့၊ ပိုများများပေါက်တာပေါ့'လို့ပြောရော၊

နောက်ဘစ်ယောက်က ဆရာပြတုန်းက လက်ဆန့်ထုတ်ပြီး လက်ငါးချောင်း ထောင်ပြတာကို 'ငါး'လို့ အတိအကျ သိလိုက်တယ်။ ရင်ဘတ်ပုတ်ပြတာကိုတော့ နည်းနည်း တွေးလိုက်ရသေးတယ်၊ နောက်မှ 'ရကောက်' ဆိုတော့ ဗုဒ္ဓဟူးနံ 'လေး'ပဲလို့ သဘောပေါက်လာတယ်။

ပြီးမှ လက်တစ်ချောင်းထဲထောင်ပြတော့ 'ငါးလေးတစ်' ဆိုတာ အတိအကျ သိရတော့တာ၊ ကျေးဇူးပါပဲ ဆရာရယ်၊ နောက်တစ်ပတ်လဲ ကူပါဦး၊ ကျေးဇူးမမေ့ပါဘူး ဆိုပြီး ထပ်ကန်တော့ရှာတယ်။

အဲဒီ သတင်းကြားတော့၊ ငါ့မှာ ရယ်လိုက်ရတာကွာ၊ အူကိုနာရော၊ သတင်းကလဲ ဆရာ့ဆီမှာ ခိုကပ်နေတဲ့ တပည့်က ဒီလောက် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်တဲ့ကိစ္စကို သူတစ်ယောက်တည်းရင်ထဲမှာ သိမ်းမထားနိုင်လောက်အောင် အသည်းယားလွန်းလို့ သူ့ သူငယ်ချင်းတွေကို ဖွင့်ပြောရာက ပေါက်ထွက်လာတဲ့ သတင်းကွ၊ ဆရာကတော့ နေရင်းထိုင်ရင်း နာမည်ထပ်ကြီးသွားတာပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ချဲ့ဆိုတာ တို့လူလိမ်တွေအတွက် ကောင်းစား စေသလို၊ လူညာတွေလဲ အခုတော့လေး အလုပ်ဖြစ်တဲ့ ကိစ္စပါကွာ။

ဟား....ဟား၊ ဒီလူတွေ ဆက်ယုံကြည်ပြီး ပေါက်ထားတဲ့ ငွေလေးနဲ့ ဆက်ထိုးရင်၊ မကြာပါဘူး၊ ပြန်ကုန်ကြဦးမှာ မြင်ယောင်သေးတော့ကွာ....။

'ငါးလေးတစ်' ထွက်ပြီး နောက်တစ်ပတ်မှာ 'သုံးတစ်ခြောက်' နံပါတ်ထွက်လာတယ်၊ တို့အတွက်တော့ ထုံးစံအတိုင်း သုံးသိန်းလောက် စားလိုက်ရတာပဲ။

ဒီမှာ တို့ဈေးထဲက ဆေးမျိုးစုံရောင်းတဲ့ တရုတ် လင်မယားအတွက်တော့ ငါစိတ်မကောင်းဘူးကွာ၊ တကယ်ပါ၊ သူတို့ပိုက်ဆံကို ဖြစ်နိုင်ရင် ပြန်တောင်မှ ပေးလိုက်ချင်တယ်၊ ဒိုင် သိက္ခာကျမှာ စိုးလို့သာ ငါ့မှာ မျက်စိမှိတ်ပြီး ယူလိုက်ရတာ။

သူတို့လင်မယားက အသက်သုံးဆယ်မပြည့်တပြည့်ပဲရှိသေးတယ်။ ချဲ့ရှုးတဲ့နေရာမှာတော့ လင်မယား နှစ်ယောက်လုံး လက်ညီတယ်၊ အပတ်တိုင်း ငါ့ဆီမှာ ငါးရာဖိုးလောက် ပုံမှန်လှူနေကျလင်မယားပေါ့၊ တစ်ခါမှ မပေါက်ဖူးကြဘူး၊ ထွက်တောင် လာမထုတ်ဖူးသေးဘူး၊

သူတို့လင်မယားမှာ တစ်နှစ်ခွဲလောက် သားလေးတစ်ယောက်ပဲရှိတယ်၊ မျိုးထားမတတ် ချစ်ကြတာပေါ့ကွာ၊ အား





ရင် ကလေးကိုချီမြှောက်ရင်း "သားသား ဒီအပတ် ချဲ့ဘာထွက်မလဲ"လို့ မေးတတ်ကြတယ်၊ ပထမတော့အပျော်မေးတာပါ၊ ကလေးကလဲ လက်ကလေး ဆန့်လိုက်ဆုပ်လိုက်နဲ့ လုပ်ပြတာပေါ့။

အဲ....မေးပြီးမကြာပါဘူး နှစ် ဦး မှာ "လေးငါးသုည" ထွက်လာရော၊ ဒီမှာ ကလေးအမေက "ဟယ် သားက ပါမယ့်ဂဏန်းနှစ်လုံးကို အတိအကျပြတာရှင့်၊ ကျွန်မတို့မရိပ်မိလိုက်ဘူး၊ လက်ဆန့်ပြီး "ငါး"ပြလိုက်၊ လက်မကို ကွေးဆုပ်ထားပြီး "လေး"ပြလိုက်လုပ်နေတာ၊ကျွန်မတို့သိသင့်တာပေါ့၊ နှမြောလိုက်တာရှင်၊ သိရက်နဲ့ သိပ်နာတာပဲ အဲဒီလို ညည်းတယ်။ နောက်တစ်ပတ် ထွက်ခါနီးတော့ ကလေးကို မေးပြန်ရော၊ ကလေးကလဲ အရင်အတိုင်းပြတာပဲ....။

ဒီမှာ သူတို့လင်မယားစိတ်ထဲ "လေး"နဲ့ "ငါး"က ထွက်ပြီးသား၊ ပြန်မပါဘူးဆိုပြီး "လေး"နဲ့ "ငါး" ကို မထိုးဘဲ နေပြန်ရော၊ ဟော ထွက်လာတော့ "နှစ်လေးငါး" ကလေးအဖေကပါ တောက်ခေါက်ခေါက်နဲ့ ယူကျုံးမရ ဖြစ်လာတယ်၊

နောက်တစ်ပတ်အတွက် ကလေးကို လင်မယားနှစ်ယောက် ချော့မြူရင်း မေးကြပြန်တယ်။ ကလေးကတော့ အရင်အတိုင်း ထပ်ပြတာပဲ၊ ဒီမှာ လင်မယားနှစ်ယောက် ဘွေဝေသွားတယ်။ ဒီ "ငါး"နဲ့ "လေး"က နှစ်ခါဆက်တိုက်ပါပြီးသားဘယ်လိုနှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူး၊ ဒီတော့ "လေး"နဲ့ "ငါး"ကို မထိုးမိကြ ပြန်ဘူး....။

ချဲထွက်တဲ့နေ့က တရုတ်မဆိုယူကျုံးမရဖြစ်ပြီး ဆိုင်ထောင့်က တိုင်ကို ခေါင်းနဲ့ဆောင့်တာ အာလူး သုံးလုံးလောက် ခေါင်းမှာသီးသွားတယ်၊ ဟုတ်တယ်လေ၊ ဒီလောက် လာဘ်ကောင်းတဲ့ကလေးက အသေအချာပြနေရက်နဲ့ သူတို့လူကြီးတွေက မယုံကြည်လို့၊ မိုက်လို့ ခံလိုက်ရပြန်ပြီပဲ၊ ထွက်လာတဲ့ ချဲနံပါတ်က "ငါးလေးတစ်" "ငါး"ရော "လေး" ရော ထပ်ပါနေတာပဲ....။

ဒီတစ်ခါတော့ လင်မယားနှစ်ယောက် သုံးလေးရက်အချိန်ယူပြီး အားတဲ့အချိန်တိုင်းကလေးကို ချော့မြှူရင်း ထပ်မေးကြတယ်....။

ဟင့်အင်း မပြောင်းလဲပါဘူး၊ကလေးက အရင်အတိုင်းထပ်ပြတယ်....။

အဲ....ဒီတစ်ခါတော့ လင်မယားနှစ်ယောက် သုံးလေးရက် အချိန်ယူပြီး အားတဲ့အချိန်တိုင်း ကလေးကို ချော့မြှူရင်း ထပ်မေးကြတယ်၊ ဟင့်အင်း....မပြောင်းလဲပါဘူး၊ ကလေးက အရင်အတိုင်း ထပ်ပြတယ်....။

အဲ....ဒီတစ်ခါတော့ ဘာမှ တွေဝေမနေကြတော့ဘူး၊ "လေး"နဲ့ "ငါး"တွဲပါတဲ့နံပါတ်တွေကိုရေးချတယ်၊ အားလုံးနံပါတ်"၅၆"လုံးတောင်မှရှိနေပါလား၊အကုန်လုံးထိုးရင် အဆတစ်ရာတော့ပွားမှာပဲ၊ ပေါက်ပြီးသား နံပါတ်သုံးလုံးကို





ဖယ်ဦးမလား၊ အို ဖယ်မနေပါနဲ့ ထွက်ပြီးသားနံပါတ် ပြန်မထွက်ဘူးလို့ ဘယ်သူပြောနိုင်လဲ၊ "၅၆"လုံး တစ်ခုမကျန် ထိုးမယ်။

ဆုံးဖြတ်ချက် ချပြီးတာနဲ့ ကျစ်ကျစ်လျစ်လျစ် စုဆောင်းထားတဲ့ ငွေနှစ်သောင်းရှစ်ထောင်ယူလာပြီး ငါ့ဆီမှာ နံပါတ်တစ်လုံးကို ငါးရာဖိုးဆီဘောက်ချာဖွင့်ခိုင်းတယ်၊ "နှစ်သောင်းရှစ်ထောင်"ဖိုး ထိုးသွားတယ်၊ ပေါက်ပြီးသား သုံးလုံးကိုပါ ပြန်ထိုးလို့ ငါအံ့ဩမိသေးတယ်၊ ဒါပေမယ့် ဒိုင်ပဲလေ၊ ဘာပြောရမှာလဲ၊ ဘောက်ချာဖွင့်ပေးလိုက်တာပေါ့....။

ထွက်လာတဲ့ချဲနံပါတ်က 'သုံးတစ်ခြောက်'လေးလဲမပါဘူး၊ ငါး လဲမပါဘူး၊ သူတို့လင်မယား တစ်နှစ်လောက်စုဆောင်းထားတဲ့ငွေ ရေထဲမျောသွားတာပေါ့၊ မိမိကြီးအတွက် ရွှေတုံးသုံးတုံး ထုပ်မံစုမိသွားတာပေါ့....။

ရှုးသက္ကာ၊ အံ့ရော ကလေးဆိုတာ စကားမပြောတတ်သေးတော့ မိဘချော့မြှူရင် ချီမိုင်မိုင်ကတာလေးတော့ လုပ်မှာပေါ့၊ နားမလည်ဘူးလား၊ ဒါကိုအတိတ်ကောက်ပြီး ချဲလာထိုးရတယ်လို့၊ တကယ်ပါ သနားတယ်၊ ပြန်တောင်မှပေးချင်တယ်၊ ဟင်း.... ဘယ်လိုလူတွေမှန်းမသိတော့ပါဘူး....။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဟော ကောင် မင်း တော်တော်ပျင်းသွားသလား တင်မော်၊ ငါ့ဇာတ်လမ်းကအဲဒါပဲ၊ အခု မတ်လနှစ်ဆယ်ဆိုတော့ နေ့ဝက်ထပ်ခဲ့ထွက်ဖို့ ဆယ့်သုံးရက်ရှိလိုတော့တယ်၊ အဲဒီနေ့ခဲ့ထွက်ပြီးရင် ငါတို့ရည်မှန်းချက်တွေ အားလုံး ပြီးပြည့်စုံသွားပြီပေါ့ကွာ ကာလိမ်ကျဖို့ အစီအစဉ်လဲမရှိတော့ပါဘူး၊ တစ်နှစ်တိတိ ရိုးရိုးသားသား ခဲ့ပိုင်ကိုင်ပြီး ငါတို့ ငှားထားတဲ့ ဆိုင်ခန်းလက်ဖက်ရည်ဆိုင်ဖယ်မလီယာကား တိုက်ခန်းတွေကို ပိုင်ရှင်တွေလက်ဆဲ ပြန်အပ်ပြီး ဇီလုပ်ငန်းကို သုံးဝ ရပ်လိုက်တော့မှာပေါ့။

ဩော်. ပြောဖို့မေ့နေလို့၊ မတ်လ ဆယ့်ခုခြောက်ရက်နေ့က ထွက်ခဲ့တဲ့ခဲ့အကြောင်း ပြောဖို့မေ့နေတယ်၊ ပြောပြီးဆိုမှတော့ အားလုံးပြည့်စုံအောင် ပြောပြပါ့မယ်ကွာ....။

အဲဒီနေ့က ဗိုင်စားနံပါတ်လို့ပြောစမှတ်ပြုကြရတဲ့ "သုညခြောက်ခြောက်" နံပါတ်ထွက်လာတယ်၊ စာအုပ်ဒိုင်လေးတွေအောင်စားကြရမှတော့ ငါတို့အောဒိုင်တွေအတွက် ဘာပြောစရာလိုသေးသလဲ၊ ငါးသိန်းနီးပါးငါတို့ထပ်ရလိုက်တယ်။





ခဲ့ထွက်ပြီးနောက်တစ်နေ့မှာ ဖြူလေးနဲ့ ငါ့မိတ်ဆွေ အခန်းမှာ ထုံးစံအတိုင်း ချိန်းတွေ့တော့ သူ့အတွက် အမှတ်တရလက်ဆောင် ပတ္တမြားတစ်ဆင်စာ ဝယ်ပေးလိုက်တယ်၊ လေးဆောင်းဖိုးလောက် ချစ်သက်လက်ဆောင် အပ်နှင်းလိုက်တာပေါ့ကွာ၊ ဖြူလေးကတော့ မထင်တဲ့အချိန်မှာ ငါ့ရဲ့လက်ဆောင်ကို ရလိုက်လို့ သိပ်ပျော်နေရှာတယ်၊ သူပျော်နေတာကို တွေ့လေ ငါ စိတ်မကောင်းဖြစ်လေ ပါပဲကွာ....၊

ဟုတ်တယ်၊ သူမသိပေမယ့် ငါက ဆုံးဖြတ်ပြီးနေပြီ၊ သူနဲ့ ငါ ဒီလကုန်ရင် လမ်းခွဲကြတော့မယ်၊ အချစ်ဇာတ်လမ်းကို နိဂုံးချုပ်တော့မယ်....။

တော်ပြီလေ....ချစ်တာကတော့ချစ်တာပေါ့ကွာ၊ဒါပေမယ့် ခုအတိုင်း ဆက်နေလို့ မသင့်တော့ဘူး မဟုတ်လား၊ ကြာရင် မိမိကြီး သိသွားတော့မှာပေါ့၊ ပြဿနာတက်တော့မှာပေါ့၊ ငါတို့ရဲ့ ခက်ခက်ခဲခဲ စွန့်စွန့်စားစားနဲ့ ညီညီညွတ်ညွတ် တည်ဆောက်ခဲ့တဲ့ အိမ်ထောင်တစ်ခုကို ငါ အပျက်မခံနိုင်ဘူး၊ ဒါကြောင့် ငါ ဖြူလေးကို ချစ်လျက်နဲ့ စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်တာပေါ့....။

အဲဒီနေ့က နောက်ဆုံးနှုတ်ဆက်တဲ့ အနေနဲ့ ဖြူလေးကို ပတ္တမြား တစ်ဆင်စာလက်ဆောင်ပေးပြီး အိမ်ကိုပြန်လာတော့ ငါ့ကွာ မကျစဖူး မျက်ရည်တွေဘာတွေ ကျမိတယ်တင်မော်ရာ၊ အင်းလေ....တွေ့၊ဆုံ၊ကြုံ၊ကွဲ ဆိုမြဲမို့တော ဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ခွဲသင့်ပြီဆိုတော့လဲ ခွဲကြရမှာပေါ့၊ ဘာတတ်နိုင်တာ မှတ်လို့။

အဲဒီည အိမ်ကိုပြန်ရောက်တော့ ငါ့မျက်နှာ သိပ်မကောင်းဘူး၊ မျက်စိထဲမှာ ဖြူလေးကိုပဲ တစ်ချိန်လုံး မြင်ယောင်နေမိတယ်....။

မိမိကြီးပဲ လွှတ်ပါးတဲ့မိန်းမ၊ ငါ့မျက်နှာကိုမြင်တာနဲ့ ငါ တစ်ခုခုဖြစ်နေပြီဆိုတာကိုသူသိလိုက်တယ်။ ဒါပေမယ့် သူထင်တာက အဲဒီကိစ္စလို့ မထင်ဘူး၊ အလုပ်ကိစ္စကြောင့်လို့ပဲ ထင်နေတယ်၊ ဒါပေါ့လေ၊ သူကငါ့ဇာတ်လမ်းကိုသိမှမသိဘဲဟာကိုး။

သူက ချော့ပါတယ်၊ မောင်ရယ် ဘာတွေများ တွေးပြီး စိတ်ညစ်နေတာလဲ၊ မိတို့ဘဝမှာ ဘာများ စိတ်ညစ်စရာ ရှိသေးလို့လဲ၊ ခုဆို မိတို့စုဆောင်းထားတာ ငွေလဲ သိန်းငါးဆယ်ကျော်လောက် ချမ်းသာနေပြီ၊ လကုန်ရင် ဒီချဲဒိုင်လုပ်ငန်းကို လုံးဝစွန့်လွှတ်ပြီး ဘဝမှာ စည်းစိမ်ရှိရှိနဲ့ မိတို့ စိတ်ကူးယဉ်ခဲ့တဲ့ အတိုင်း နေကြရတော့မှာပဲဟာ၊ ဘာလဲ၊ မောင်က နောက်ဆုံးအပတ် ချဲအတွက် စိုးရိမ်နေလို့လား။

ရပါတယ်မောင်ရယ်၊ မောင်စိုးရိမ်ရင် ဒီနေ့ပဲ ချဲဒိုင်အလုပ်ကို ရပ်လိုက်လဲရပါတယ်၊ မိတို့နှစ်ယောက်လုံးက တစ်နှစ်ဘဲတိ လုပ်မယ် ဆုံးဖြတ်ထားလို့သာ ဒီတစ်ပတ် ကျန်တာလေးကို ဆက်လုပ်ကြတာပဲဟာ၊ ဒီတစ်ပတ်လုပ်လို့လဲ ဘာမှပိုမထူးခြားပါဘူး၊ ပိုချမ်းသာမလာပါဘူး၊ မောင်ရပ်ချင်ရင် ဒီနေ့က စ,ပြီး ရပ်လိုက်တာပေါ့ နော်လို့....။





ဟင့်အင်း၊ ငါ ခေါင်းခါလိုက်တယ်၊ ဘာဆိုင်တာမှတ်လို့ကွာ၊ ငါ့မျက်နှာမကောင်းတာက အချစ်ကြောင့်၊ မိမိကြီး ထင်နေတာက ချဲကြောင့်၊ နည်းနည်းလေးမှမဆိုင်ဘူး၊ ငါ ခေါင်းခါလိုက်တော့ မိမိကြီးလဲ ဘာမှ ဆက်မပြောတော့ပါဘူး၊ ခမျာ သနားပါတယ်ကွာ၊ ဘာကိုမှ မသိရှာတာ....။

အင်းလေ....ငါကလဲ ဖြူလေးကိစ္စကို တစ်ခန်းရပ် ဇာတ်သိမ်းတော့မှာဆိုတော့ ငါ သစ္စာဖောက်မိတဲ့ကိစ္စကို မိမိကြီး တစ်သက်လုံး သိမသွားတာပဲ ကောင်းတယ်၊ ဒါမှလဲ ငါတို့ မိသားစု အနာဂတ်မှာ တစ်ယောက်ပေါ် တစ်ယောက် အပြစ်မမြင်ဘဲ ချစ်ချစ်ခင်ခင် နေနိုင်ကြမှာပေါ့၊ မဟုတ်ဘူးလားကွာ နော့....။

ဟော့ ကောင် ရှေ့လ ဧပြီလ သင်္ကြန်ပြီးရင် ငါတို့ ဝင်ဒါမီယာဘက်မှာ တိုက်တစ်လုံးဝယ်ဖို့စီစဉ်ထားတယ်၊ သာကေတ မဟာမြိုင် တီးတောက်(စ်)ကိုပါ ပိတ်ပစ်ပြီး အားလုံး အဲဒီမှာ ပြောင်းနေကြမှာ၊ လှဝင်းတို့ညီအစ်ကို သုံးယောက်ကိုလဲ ကားမောင်းလိုင်စင်တွေ လုပ်ပေးထားပြီးသား၊ သူတို့ သုံးယောက်အတွက် ဟိုင်းလပ်(စ်) သုံးစီးဝယ်ပြီး လိုင်းဝင်ပြေးဖို့ စိတ်ကူးထားတယ်....။

တိုက်ကို ပြင်ဆင်ပြီးတာနဲ့ အိမ်သစ်တက်ပွဲ တခမ်းတနား လုပ်လိုက်ဦးမယ်၊ ဒီ တစ်ခါတော့ ရှုံးပြတဲ့ အကြံအဖန်တဲ့ မဟုတ်ပါဘူး၊ တကယ့် အမှန်အကန်ပွဲပါ၊ မင်းဆီကို ဖိတ်စာ ဆက်ဆက် ပို့လိုက်မယ် လာခဲ့နော်....။



www.burmeseclassic.com

www.burmeseclassic.com



အေး….၊ မင်းမလာရင်တော့ သင်ခန်းစာ ကောင်းကောင်း ရမယ်မှတ်၊ မင်းမှတ်မိသား၊ သံတွဲမှာ ကိုယ်ပိုင် တိုက်တစ်လုံး ရှိသေးတယ်နော်၊ အေး….၊ ပေလီကိုသွားချင်တော့မှ သော့လေး ပေးပါဦးဆိုပြီး လာမတောင်းနဲ့၊ သော့တော့မရဘူး၊ တုတ်ပဲရမယ်၊တုတ်စာမိမယ်မှတ်ထား၊ဟား….ဟား….ဟား….။

* * *

ဩော်….မျိုးအောင်….၊ မျိုးအောင်၊ အတော်ခက်တဲ့ကောင်၊ တဇောက်ကန်း၊ တစ်ဇွတ်ထိုး၊ သူမှန်တယ်ထင်ရင် ဘာမှ မစဉ်းစားဘဲ လုပ်ဘတ်တဲ့ကောင်။

ငယ်သူငယ်ချင်းနို့ ကြီးပွားနေတာမြင်တော့ ဝမ်းသာပါတယ်၊ ဒါပေမယ့် သူကြီးပွားပုံက မကောင်းမှု ပြုလုပ်ပြီး ကြီးပွားလာတာဆိုတော့ စိတ်ထဲမကောင်းဘူး၊ ထိုးသားတွေကိုလဲ သနားနေမိတယ်။ ဟုတ်ဘယ်လောဒီကောင်အခုလောက် ကြီးပွားချမ်းသာလာတဲ့ ငွေတွေဟာ ရန်ကုန်နဲ့ မြန်မာပြည် အနှံ့က လူပေါင်းများစွာရဲ့ ချွေးနဲ့ရင်းပြီး ရှာထားတဲ့ ငွေ





တွေပေါ်မှာ ခေါင်းပုံဖြတ်ပြီး ကြီးပွားလာတဲ့ ငွေတွေပဲ မဟုတ်လား။

ခက်တယ်၊ ဒီကောင်ကလဲ ကျွန်တော့်ကို သူငယ်ချင်းမို့ ထင်ပါရဲ့၊ သူ့ဘဝအကြောင်းတွေကို မကွယ်မဝှက်ဘဲ အကုန် ထုတ်ပြောပြတယ်၊ ပြောတာမှ အခု ခင်ဗျားတို့ ဖတ်ခဲ့ရ တဲ့အတိုင်း သူမကောင်းတာတွေရော၊ ကလိမ်ကျခဲ့တာတွေပါ ပြောပြတာ။

ကျွန်တော်နေတာက ကျောက်မြောင်း၊ သူ တစ်နေ့လုံးရှိ နေတာက မင်္ဂလာဈေး၊ နီးနီးလေးရယ်၊ ဒီတော့ အားတဲ့ အချိန်တွေမှာ ကျွန်တော်လဲ သူ့ဆီအလည်သွားရင်း သူ့မိန်းမ မိမိကြီးဆိုင်မှာ လက်ဖက်ရည်သောက်။ သူ့ဘဝအကြောင်း ပြောတာကို ထိုင်နားထောင်နဲ့ အချိန်ဖြုန်းနေမိတတ်တယ်၊

သူနဲ့ ကျွန်တော် နောက်ဆုံး ထိုင်စကားပြောခဲ့ဖြစ်တာက ခုနတုန်းက သူပြောတဲ့ စကားထဲမှာပါပါတယ်၊ မတ်လ ၂၀-ရက်နေ့။

အဲဒီနောက်ပိုင်း ကျွန်တော်လဲ ရုပ်ပြတစ်အုပ် အချိန်မီ ပြီးအောင်လုပ်နေရလို့ သူ့ဆီကို ထပ်မရောက်ဖြစ်ဘူး၊ အလုပ် တွေပြီးသွားတဲ့ ဧပြီလဆန်းပိုင်း ကျတော့လဲ သူပြောခဲ့တဲ့ အတိုင်း မင်္ဂလာဈေးမှာ ရှိတော့မှာ မဟုတ်ဘူးထင်ပြီး ထပ် မသွားဖြစ်တော့ပါဘူး၊ သူ ဆီက လာမယ်ဆိုတဲ့ အိမ်ထောင် မင်္ဂလာဖိတ်စာလေးကိုပဲ မျှော်နေမိတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးများ ဆန်းတယ်နော်၊ ကျွန်တော် မျှော်လင့်နေတာက မျိုးအောင်ရဲ့ မင်္ဂလာရှိတဲ့ အိမ်တက်မင်္ဂလာ သတင်း။

ကျွန်တော့်နားထဲ ရောက်လာတာက မျိုးအောင်အတွက် မင်္ဂလာမရှိတဲ့၊ မျိုးအောင်တို့လင်မယား အဖမ်းခံရလို့ အင်းစိန်ထောင်မှာ ရောက်နေပြီဆိုတဲ့ သတင်း။

ကဲ....ဘယ်လိုလုပ်မလဲ။

လာပြောတဲ့လူက အသေအချာ ပြောတာ။ နောက်ပြီး မျိုးအောင်က ကျွန်တော့်ကို တွေ့ချင်လို့ မှာနေတယ်။ ဆက်ဆက်သွားလိုက်ပါဗျာ ဆိုပြီး တစ်ဆင့်မှာစကားကို ပြောပြသွားသေးတယ်။

ကျွန်တော် မနေသာတော့ဘူး။ ထောင်ဝင်စာ တွေ့ခွင့်ရဖို့ ကြိုးစားပြီး မျိုးအောင်ကို သွားတွေ့တယ်။

မျိုးအောင်ကကျွန်တော့်ကိုတွေ့တော့၊ မျက်နှာငယ်လေးနဲ့ မချိပြုံး ပြုံးပြရှာတယ်။

'ဟကောင်ရ ဘယ်လိုဖြစ်တာလဲကွ၊ ငါကွာ သတင်းကြားတုန်းက ယုံတောင်မယုံဘူး၊ အခု မျက်မြင်တွေ့မှပဲ ယုံတော့တယ်၊ ကဲ ပြောစမ်းပါဦး ဘာဖြစ်ကြတာလဲ'

မျိုးအောင် သက်ပြင်း ချတယ်၊ ပြီးမှ ကျွန်တော့်ကို မပြောရသေးတဲ့ သူ့ဘဝဇာတ်လမ်းရဲ့ ဇာတ်သိမ်းပိုင်းလို့





ဆိုရမယ့် အဖြစ်အပျက်လေးကို အသံ ညောင်နာနာလေးနဲ့ ပြောပြရှာတော့တယ်။

* * *

အေးကွာ၊ ငါတို့ ကံဆိုးတယ်လို့ပဲ ပြောရမှာပေါ့ တင်မော်ရာ၊ မင်းကိုတောင်မှ ငါပြောပြသေးတယ်လေ၊ ငါဖြူလေးနဲ့ ခွဲခွာတဲ့နေ့တုန်းက မျက်နှာမကောင်းတာကိုမြင်လို့ မိမိကြီးက ဒီအပတ် ချဲဒိုင်ကိုင်တာရပ်လိုက်ပါမယ်ပြောပြီး ချော့သေးတာပဲဟာ၊ ငါက ခေါင်းခါပြလို့ သူလဲ နောက်ဆုံးအပတ်အနေနဲ့ တို့ဆုံးဖြတ်ထားတဲ့အတိုင်း ဆက်ကိုင်လိုက်တာပေါ့။

ရောင်းအားကလဲ အဲဒီအပတ်က အတော်ကျတယ်။ လက်ခွဲတွေဆီကရတဲ့ ငွေပါပေါင်းမှ သုံးသိန်းမပြည့်ချင်ဘူး၊ ထိုးသားတွေခများလဲ အရင်တစ်ပတ်က ဒိုင်တွေ စားထားတော့ ထိုးရမှာ သိပ်စိတ်မပါကြဘူးနဲ့တူပါတယ်ကွာ၊

ချဲထွက်တာက ဧပြီလ တစ်ရက်နေ့၊ သောကြာနေ့ကွ၊ အဲဒီချဲထွက်တဲ့နေ့ဆိုရင် တို့လင်မယားက ဆိုင်ကနေ နေ့လယ်ဆယ့်တစ်နာရီ ပြန်ထွက်လာပြီး၊ အိမ်မှာ ရေဒီယို ကိုဖွင့်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်နားထောင် ကက်ဆက်နဲ့ပါ တစ်ခါတည်း အသံဖမ်းထားလိုက်တယ်၊ အငြင်းအခုန်ဖြစ်လာရင် ဒီကက်ဆက်ခွေကို ပြန်ဖွင့်ပြပြီး ပြောရမှာမဟုတ်လား၊ ချဲထွက်တဲ့နေ့တိုင်း ငါတို့ဒီလိုအမြဲလုပ်နေကျဆိုတော့ ဈေးထဲကလူတွေကလဲ ဘာမှမဆင်ကြပါဘူး။

ယိုးဒယားအသံက ဆယ့်နှစ်နာရီဆိုရင် သီချင်း စလာတယ်၊ ငါလဲ အိမ်ပြန်ရောက်တာနဲ့ ရေဒီယိုကက်ဆက်ကို အသံလှိုင်းညှိပြီး ဖွင့်ထားလိုက်တယ်၊ ဒါကလုပ်နေကျထုံးစံပဲ၊ ချိန်ပါတ်က အခုတလော နှစ်နာရီကျော်မှ ထွက်တော့ ငါလဲ စိတ်အေးလက်အေးနဲ့ နေနေတာပေါ့။

တစ်နာရီထိုးခါနီးမှာ မိမိကြီးက ထမင်းစားဖို့လာခေါ်တာနဲ့ ငါလဲ ထမင်းစားခန်းထဲဝင်သွားပြီး မိမိကြီးကြော်ပေးထားတဲ့ ကြက်ကြော်နဲ့ ထမင်းစားနေတာပေါ့၊ ချဲထွက်တဲ့နေ့တိုင်း စိတ်လှုပ်ရှားလို့ ထမင်းက သိပ်စားနိုင်တာ မဟုတ်ဘူးကွ။

ငါ ထမင်းစားနေတုန်း တစ်နာရီ တိတိမှာ ယိုးဒယား စံတော်ချိန် တီးလုံးကိုကြားရတယ်၊ တစ်နာရီ စံတော်ချိန် တီးလုံးပေါ့ကွာ၊ တီးလုံးပြီးတော့ ယိုးဒယား ဘာသာနဲ့ ကြေညာတာကို ကြားနေရတယ်၊ အမှန်က ဘယ်သိန်းဆုထွက်ပြီးရင် ဘယ်သိန်းဆုကို ဆက်ကြေညာမယ်ဆိုတာကိုယိုးဒယားလိုပြောတာပါ၊ သူတို့ဆီမှာက သိန်းသုံးဆယ်က အများဆုံး





သိန်းဆုဖြစ်ပေမယ့် ငါးသိန်းဆုတို့၊ ဆယ့်ငါးသိန်းဆုတို့ကလဲ ရှိသေးတာကို....။

ဒါပေမယ့် ငယ်စဉ်ကြီးလိုက် အစီအစဉ်အတိုင်းကြေညာတာမဟုတ်ဘဲ ဘယ်လိုစနစ်နဲ့ ခွဲတမ်းချလို့လဲ မသိဘူး၊ သိန်းသုံးဆယ်ဆုက ပထမ၊ ဒုတိယ၊ တတိယ ကြေညာတဲ့အထဲ (စောစောပိုင်းက ကြေညာတဲ့အထဲ) မှာလဲ တစ်ခါတလေ ပါချင်ပါလာတတ်တယ်ကွ၊

ငါက ယိုးဒယားလိုနားမလည်တော့ ဘာမှမသိဘူး၊ ထမင်းပဲ ဆက်စားနေတာပေါ့၊ ငါသိတာက တစ်ခုပဲရှိတယ်....။

"ဝမ်တီးနိမ်" အေးဟုတ်တယ်၊ အဲဒီ ဝမ်တီးနိမ်ဆိုတာပဲ ငါသိတယ်၊ ဝမ်တီးနိမ်လို့ ကြေညာပြီးရင်တော့ သိန်းသုံးဆယ်ပေါက်စဉ် ဂဏန်းခုနစ်လုံးထွက်လာမှာပဲ၊ အဲဒီ ပေါက်စဉ်ဂဏန်းကိုလဲ ယိုးဒယားလိုပဲ ကြေညာတယ်၊ ဒါပေမယ့် အဲဒီအသံထွက်တွေကို ငါက အလွတ်ရနေတော့ အဲဒီအတွက် မပူပါဘူး....။

ဆိုတော့ကွာ၊ စွန် ဆိုရင်သုည၊ နွန်က တစ်၊ ဆောင်က နှစ်၊ စံက သုံး၊ စီက လေး၊ ဟက်က ငါး၊ ဟုတ်က ခြောက်၊ ကျစ်က ခုနစ်၊ ပက်(န်)က ရှစ်၊ ကောက်က ကိုး၊ အဲဒီအသံထွက်မျိုးကို ပေါက်ဂဏန်းနံပါတ်အဖြစ် ဘာသာပြန်တာကိုတော့ ချဲသမားတိုင်း အလွတ်ရနေကြတာပါပဲ....



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရကွာ တစ်နာရီငါးမိနစ်မှာ ဝမ်တီးနိမ်ဆိုတဲ့အသံကို ကြားလိုက်ရတယ်၊ မထင်တဲ့အချိန်မှာ ကြားလိုက်ရတော့ ငါ အလန့်တကြားဖြစ်ပြီ ပါးစပ်နား ရောက်နေတဲ့ထမင်းလုတ်တောင် ပြုတ်ကျသွားတယ်၊ စိတ်ထဲလဲ မဖြစ်စဖူးထိတ်ခနဲဖြစ်သွားတယ်၊ချက်ချင်း ထမင်းဗိုင်းကထ လက်ဆေးပြီး အိမ်ရှေ့ကိုပြေးထွက် ကက်ဆက် အသံဖမ်းခလုတ်ကို နှိပ်ချလိုက်ရတာပေါ့....။

အချိန်ကတော့မီပါတယ်၊ ဝမ်တီးနိမ်လို့ ကြေညာပြီးရင်လက်ခုပ်သံတွေ၊ အော်သံတွေ လက်ခေါက်မှုတ်သံတွေက လာနေသေးတာကိုး၊ အဲဒီအသံတွေတိတ်တဲ့အထိ ကြေညာတဲ့လူကစောင့်တယ်၊ အဲ အားလုံးတိတ်သွားပြီဆိုမှ ဘဲလ်သံရှည် စမြည်လာတယ်၊ မြည်လိုက်နားလိုက်နဲ့ သုံးကြိမ်တိတိလုပ်ပြီးမှ ဝမ်တီးနိမ်ကို ကြေညာပါပြီဆိုပြီး ပြောတာပဲ....၊

ဟာတ်၊ ဟာတ်၊ ကျစ်၊ ကောက်၊ ဆောင်၊ စီ ပက်(န်)၊ ကြေညာတဲ့လူက တစ်လုံးချင်းကြေညာတယ်၊ အဲဒီအတိုင်း နောက်ထပ်နှစ်ကြိမ်၊ စုစုပေါင်း သုံးကြိမ်ကြေညာတယ်၊ နောက်ဆုံးသုံးလုံးက ဆောင်၊ စီ၊ ပက်(န်)ဆိုတော့ နှစ်လေးရှစ်ပေါ့ သုံးကြိမ်လုံးသေချာအောင် နားထောင်ပြီးမှ ငါလဲဗီရိုအံဝှက်ထဲမှာ ဖွက်ထားတဲ့ စာရင်းပေါင်းချုပ် စာအုပ်ကြီးကို ပြေးယူပြီးနှစ်လေးရှစ် နံပါတ်ကို ကြည့်လိုက်တယ်....။

ငွေကြောင့်ရူးသွားတဲ့လူတွေ ရှိတယ်လို့ ကြားဖူးပေမယ့်ငါလုံးဝ မယုံခဲ့ဘူး။ ခုတော့ ငါယုံရမလို ဖြစ်သွားတယ်





တင်မော်ရာ၊ အဲဒီအချိန်မှာ ငါ့ကိုယ်ငါ ရူးသွားပြီလားအောက်မေ့မိတယ်၊ စာရင်းစာအုပ်ကြီးကို ကိုင်ရင်း ကြမ်းပေါ်ကို ပစ်လှဲချလိုက်မိတယ်....။

ခုနစ်ထောင့်လေးရာတဲ့၊ 'နှစ်လေးရှစ်' နံပါတ်ဘေးမှာအသေအချာရေးထားတယ်၊ ဆိုလိုတာက အဲဒီနံပါတ်အတွက်အထိုးခံထားတာ ခုနစ်ထောင့်လေးရာဖိုးတိတိ ရှိတယ်ပေါ့၊

သွားပြီ၊ တစ်နှစ်လုံးကြိုးစားခဲ့သမျှ ဒီဂဏန်းသုံးလုံးနှိပ်စက်လိုက်တာ ငါတို့ ဗုက္ခရောက်ပြီ၊ သိန်းလေးဆယ်နဲ့ခုနစ်သောင်း လျော်ရမှာ၊ ဒါတောင်မှ တွတ်တွေ၊ ဘေးတိုက်တွေ မပါသေးဘူး၊ အဲဒီနံပါတ်တွေက စာအုပ် ဆက်လှန်လို့မရတော့ဘူး။ ငါ့လက်တွေက တုန်နေပြီလေ....။

မိမိကြီးက ဒီနေရာမှာ တော်တယ်၊ အိမ်ထဲက သံသေတ္တာတစ်လုံးသွားယူလာပြီး သူ့လက်တိုဂျင်ပုံးတွေထဲက ရွှေတွေကိုအဲဒီသေတ္တာထဲ သွန်ချတယ်၊ တစ်လုံးပြီး တစ်လုံးပေါ့၊ငါ့ကိုလဲကဲ....အချိန်မရှိဘူး၊ ငိုင်မနေနဲ့မောင်၊ ဖြစ်လာပြီးမှ ဘာတတ်နိုင်မှာလဲ၊ မိတို့ စီစဉ်ထားတဲ့အတိုင်း လုပ်ကြရတော့မှာပေါ့၊ မောင်က ရှိသမျှပိုက်ဆံတွေကို အားလုံး သားရေအိတ်နဲ့ထည့်၊ မြန်မြန်လုပ်နော်၊ ဒီခန့် အစောကြီး နံပါတ်ထွက်တာ၊ ဘယ်သူမှ မသိသေးဘူး၊ မိတို့အတွက် အချိန်ပိုရတာ ကောင်းတယ်....။

ငါလဲ မိမိကြီး ပြောတဲ့အတိုင်း ပိုက်ဆံတွေ သားရေအိတ်နှစ်လုံးနဲ့ထည့်ပြီး အမြန် ထွက်လာခဲ့တယ်၊ သံသေတ္တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သားရေအိတ်နှစ်လုံးကို ကားနောက်ဖုံးဖွင့်ထည့်ပြီး သာတေတာကို အမြန်မောင်းရတော့တာပေါ့....။

သာ တေ တ ရောက်တော့ အမေနဲ့ ညီမလေးကို အကျိုးအကြောင်း ဖွင့်ပြောပြပြီး ဘာအဝတ်အစားမှမယူဘဲ ရှိးရှိးမြို့ထဲကို ထွက်တဲ့အတိုင်း ကားပေါ် တက်လိုက်ခဲ့ဖို့ ပြောရတယ်၊ မိမိကြီးကတော့ သူ့ သားလေးကို ဘေးအိမ်မှာ ဆော့နေလို့ သွားခေါ် နေတယ်....။

ဒီအချိန်မှာ လှဝင်းကို ခေါ်ပြီး ငွေတစ်သိန်းခွဲထုတ်ပေးလိုက်တယ်၊ သူ့ကိုလဲ အခြေအနေ ပြောပြပြီး ညီအစ်ကိုသုံးယောက် တစ်ယောက် ငါးသောင်းစီ ခွဲယူပြီး လွတ်ရာကို ရှောင်နေကြဖို့ ပြောရတယ်....။

သူ့ကို ငါ့ဘို့ကားကို လိုက်မောင်းပို့ပေးဖို့ ခဏခေါ်ပြီး မောင်ထော်လေးလင်းထိပ်က ဟိုင်းလပ်(စ်)ကားဂိတ်ကို လိုက်ပို့ခိုင်းတယ်၊ မင်းအစ်ကိုနှစ်ယောက်ကို လူမသိအောင် မင်းနည်း မင်းဟန်နဲ့ အရိပ်အခြေပြခေါ်ပြီး ရွာမှာ ပြန်ရှောင်နေကြပေတော့၊ ဒီ ဖင်မလီယာကားကိုတော့ သာကေတဆိုင်ရှေ့မှာ ရပ်ထားခဲ့ပြီး ပိုင်ရှင်အိမ်ကို ဖုန်းဆက်၊ လာပြန်ယူခိုင်းလိုက်၊ ဟုတ်ပြီသားသို့မှာပြီး ငါတို့ မိသားစုလဲ ဟိုင်းလက်(စ်) ကားတစ်စင်းကို ပဲခူး အထိ စင်းလုံးငှားပြီး ထွက်လာခဲ့တယ်....။

ငါ့ညီမ မှုမှု တစ်ယောက်ကလွဲပြီး ဘယ်သူမှ မငိုကြဘူး ကိုယ့်အတွေးနဲ့ကိုယ် အားလုံး ငြိမ်ပြီး ပါလာကြတယ်....။





ငါ့စိတ်ထဲမှာတော့ မိမိကြီးက ဒီနောက်ဆုံးပတ် မလုပ်ချင်ရင် မလုပ်ဖို့ပြောတုန်းက ခေါင်းညိတ်လိုက်ရင် အကောင်းသားဆိုပြီး ခုမှ နောင်တတွေ ရနေတော့တယ်....။

လမ်းထက်ဝက်လောက်ရောက်မှ ငါ့စိတ်တွေပြန်ငြိမ်လာပြီး ခေါင်းအေးအေးနဲ့ စဉ်းစားနိုင်လာတယ်၊ ရွှေတွေပါတယ်၊ ငွေတွေပါတယ်၊ အဲ သံတွဲကအိမ်ကို ဝယ်ထားတဲ့ အရောင်းအဝယ်စာချုပ်လဲပါတယ်....။

မိမိကြီးက အရေးအကြောင်းဆိုရင် မေ့ကျန်ခဲ့မှာစိုးရိမ်လို့ ငွေထုပ်တွေထဲမှာ စာချုပ်ကို စက္ကူအိတ်ကြီးတစ်လုံးနဲ့ အသေအချာထည့်သိမ်းထားလို့သာ ဒီစာချုပ်လဲ ပါလာဖြစ်တာ၊ ငါ့ဘာသာငါဆိုရင်လဲ ပူထူပြီးမေ့ကျန်ခဲ့မှာ အမှန်ပဲ....။

ဒီအချိန်မှာ မိမိကြီးက အလန့်တကြား လှမ်းပြောတယ်၊ မောင်ရေလက်ခွဲဒိုင်တွေငွေအပ်တဲ့စာရင်းစာအုပ်ကြီး မိယူမယ်ပြင်ပြီးမှ ဗီရိုထဲမှာ မေ့ကျန်ခဲ့ပြီ၊ အဲဒါမှပြဿနာပဲ....။

အလိုလေး ငါဘုရားတမိတယ်၊ သွားပြီး ခုချိန်မှ ပြန်ယူဖို့ဆိုတာကလဲ အချိန်နှောင်းနေပြီ၊ ဒီစာအုပ်က အင်မတန်အရေးကြီးတဲ့ စာအုပ် ထဲမှာ လက်ခွဲဒိုင်တွေ ကိုယ်တိုင်လက်မှတ်ထိုးပြီးအပ်ထားတဲ့ စာရင်းစာရှင်းတွေ ပါတယ်၊ ဒီထက်ဆိုးတာက ငါမအားတဲ့အချိန်တွေမှာ မိမိကြီးပဲသိအဆင်ပြေအောင်ဆိုပြီး လက်ခွဲဒိုင်တွေရဲ့လိပ်စာနဲ့(နံနဲ့ ပတ်ရှိရင်)ဖုန်းနံပါတ်တွေပါ မှတ်ထားတာ....။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင် ငါတို့အတွက်က လွတ်သွားပြီဆိုတော့ ဘာမှပြဿနာမရှိပေမယ့် ဒီစာအုပ်ဟာ ငါ့ရဲ့လက်ခွဲဒိုင်တွေအတွက် တကယ့် အန္တရာယ်စာအုပ်ပဲ၊ ဒီစာအုပ်သာ သက်ဆိုင်ရာတွေလက်ထဲ ရောက်သွားလို့ကတော့ ငါ့လက်ခွဲဒိုင်အားလုံး အဖမ်းခံရမှာ အသေအချာပဲ…။

ဘယ့်နှယ့်…. သူတို့လက်ရေး သူတို့လက်မှတ်တွေနဲ့၊ ဘယ်နံပါတ်မှာ ငွေဘယ်လောက် အပ်ထားတယ်ဆိုတာတွေ အတိအကျ ရေးထားတာပဲဟာ၊ ဒီထက်ခိုင်လုံတဲ့ သက်သေခံအထောက်အထား ရှိဦးမှာတဲ့လား။

အင်းလေ၊ မောင်တို့လဲ ယူဖို့ကြိုးစားသေးတာပဲဟာ၊ ပူတူပြီး မေ့သွားတာဆိုတော့လဲ ဘာတတ်နိုင်မှာလဲမိရယ်၊ သူတို့ထိုက်နဲ့ သူတို့ကံလို့ပဲ သဘောထားရတော့မှာပေါ့၊ ဒါကြောင့် တချို့လူတွေ ပြောကြတာ၊ မီးလောင်ရင်အလန့်တကြား ဖြစ်ပြီး ရွှေထုပ်ကိုဆွဲမလာမိဘဲ ပုဆိုးထုပ်ပဲ ထမ်းပြေးလာမိတယ်ဆိုတာလေ၊ တကယ်အရေးကြုံလာရင် ပူတူပြီး မှားတော့တာပဲ။

အင်းလေ၊ အတိုချုံးပြောရရင် ငါတို့က ခြေရာဖျောက်မှာဆိုတော့ ပဲခူးမှာဆင်းပြီး ဘူတာနားက ထမင်းဆိုင်တစ်ဆိုင်မှာ ဝင်နားတယ်၊

ပြီးမှ မန္တလေး ညအမြန်ရထားအတွက် လက်မှတ် ငါးစောင်ကို မန္တလေးအထိ ဝယ်လိုက်တယ်၊ ဘယ်ကွာ၊ မန္တလေးထိ





ဝယ်တာက ဟန်ပြပဲ၊ တို့မိသားစု တကယ် ဆင်းတာက မိတ္ထီလာမှာ၊ မိတ္ထီလာကိုမနက်ဘက်ရောက်တာနဲ့ကားတစ်စီး ပုတ်ပြတ်ငှားပြီး ကျောက်ပန်းတောင်းကို ခရီးဆက်တယ်၊

ကျောက်ပန်းတောင်းရောက်တော့ အချိန်မီပဲ၊ ပြည်သွားမယ့် အဝေးပြေး ကားဂိတ်မှာ လက်မှတ်ဝယ်ပြီး ပြည်ကို ခရီးဆက်ရတာပေါ့….။

အမေ၊ ညီမလေးနဲ့ သားခလေးတို့ကိုတော့ သနားပါတယ်ကွာ၊ တို့က တို့ဇာတ်နဲ့တို့ အိပ်မပျော် ဖြစ်နေပေမယ့် သူတို့သုံးယောက်ကတော့ ကားပေါ်မှာတင်အိပ်ပျော်ပြီး ပါလာကြတာပဲ။

ပြည်ရောက်လို့ ကားပေါ်က ဆင်းပြီးတာနဲ့ စတိုးဆိုင်ပေါင်းစုံဝင်ပြီး၊ အဝတ်အစားတွေ အိတ်တွေနဲ့ အသုံးအဆောင်တွေ လိုသမျှ ဝယ်ကြရတာပေါ့၊ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ထွက်လာကြတာဆိုတော့ သံတွဲကြရင် ယုတ္တိရှိအောင် အိမ်ပြောင်းလာတဲ့ ပုံစံအတိုင်း လိုသမျှ ဝယ်ကြရတာပေါ့….။

ပြည်မြို့စွန်က တည်းခိုခန်းတစ်ခုမှာ တစ်ည ဝင်အိပ်ပြီး မိုးလင်းတော့ ဆင်တဲဘက်ကူး၊ တောင်ကုတ်လမ်းက တစ်ဆင့်တောင်ကုတ်ကို အရောက်သွားပြီး တောင်ကုတ်မှာ တစ်ည ထပ်အိပ်၊ ပြီးမှ နောက်နေ့ မော်တော်နဲ့ သံတွဲ အိမ်ကို ရောက်သွားကြတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သံတွဲက တို့အိမ်လေးကိုတွေ့တော့ အားလုံး ပျော်သွားကြတယ်။ မိမိကြီးဆို ခုမှ ပြုံးနိုင်ရှာတော့တယ်၊ ကျော်ကုလားရဲ့ အကူအညီနဲ့ပဲ လိုအပ်သမျှ ပရိဘောဂတွေဝယ်ပြီး အိမ်ကို ပြင်ဆင်ကြတာပေါ့၊ ရန်ကုန်က ကိစ္စတွေလဲ အားလုံးမေ့ပြီး ပျော်နေကြတာပေါ့....။

ဒါပေမယ့် တို့မိသားစု သိပ်ကြာကြာ မပျော်လိုက်ရပါဘူး၊ သံတွဲရောက်ပြီး ငါးရက်မြောက်တဲ့နေ့မှာ သက်ဆိုင်ရာက တို့အိမ်ကိုလာရှာတယ်၊ ငွေတွေကော ရွှေတွေကော သိမ်းပြီး အိမ်ကိုလဲ ချိတ်ပိတ်ခံလိုက်ရတယ်။

ငါနဲ့ မိမိကြီးကိုတော့ ချဲဒိုင်ကိုင်တဲ့အမှုနဲ့ ဖမ်းတယ်လို့ ပြောတယ်၊ အမေ၊ ညီမလေးနဲ့ သားလေးတို့ ကိုတော့ သက်ဆိုင်ရာမှာ အကူအညီ တောင်းပြီး ရန်ကုန်ကို တို့နဲ့အတူ ပြန်ခေါ်ဖို့ စီစဉ်ရတော့တာပေါ့။

ငါ့ကိုယ်ငါလဲ အံ့သြနေမိတယ်၊ ဒီလောက် ပိပိရိရိ ရှောင်လာတဲ့ကြားက ဘယ်လိုများ သတင်းရသွားတယ်ဆိုတာ ငါ စဉ်းစားလို့ မရဘူး။

ရန်ကုန်ရောက်လို့သက်ဆိုင်ရာမှာအစစ်ခံတော့မှပဲ ဘယ်သူ့လက်ချက်လဲဆိုတာ သိရတော့တယ်၊ ဘယ်သူ သတင်းပေးလဲဆိုတာ ကြားရတော့တယ်။

မင်းကို ငါပြောပြခဲ့တဲ့ အချစ်ကလေးဆိုဘာလေ၊ ဖြူလေးလေ၊ ခွေးမလေး၊ အသုံးမကျတဲ့ မိန်းမပျက်မလေး၊ တောက်.... ပြောရင်းတောင် ဒေါသထွက်လာတယ် တင်မော်ရာ။





ဒီလိုကွာ၊ တို့က ချဲဖိုးမလျော်ဘဲ ထွက်ပြေးသွားတော့၊ မင်္ဂလာဈေးထဲက တို့ဆီမှာထိုးတဲ့ ထိုးသားတွေရော၊ လက်ခွဲဒိုင်တွေဆီမှာ ထိုးထားတဲ့ ထိုးသားတွေရော ပူညံပူညံ ဖြစ်ကုန်ကြတာပေါ့၊ လက်ခွဲဒိုင်တွေခမျာလည်း တစ်ဆယ်ရာခိုင်နှုန်းလေး စားမိပါတယ်၊ ခုတော့ စိုက်လျော်ရမယ့် ကိန်း ဖြစ်ကုန်ပြီပေါ့၊ စကားများတဲ့လူကများ၊ ရန်ဖြစ်တဲ့လူကဖြစ်နဲ့ အိုကွာ.... ရှုပ်ကုန်ကြတာပေါ့....။

ဒီအချိန်မှာ ထိုးသားတစ်ယောက်က သက်ဆိုင်ရာကို ငါ့အိမ်လိပ်စာနဲ့ ငါထွက်ပြေးတဲ့အကြောင်း သတင်းပို့တယ်၊ ဒီတော့ သက်ဆိုင်ရာက ငါ့အိမ်ကို စနစ်တကျ ရှာကြဖွေကြတော့တာပေါ့....။

ပြောပြီးပါကော၊ ငါတို့မေ့ကျန်ခဲ့တဲ့ လက်ခွဲဒိုင် စာရင်းစာအုပ်လေ၊ အဲဒီစာအုပ်ကို သက်ဆိုင်ရာက ရသွားပြီး ငါ့ရဲ့ လက်ခွဲဒိုင် ကိုးယောက်ကို ဖမ်းလိုက်တယ်၊ သက်သေအခိုင်အလုံနဲ့ ဖမ်းတာဆိုတော့လဲ သူတို့လဲ ဘာမှမတတ်နိုင်ကြတော့ဘူး၊ အားလုံးဝန်ခံဖြောင့်ချက် ပေးရတော့တာပေါ့။

ဒီမှာဖြူလေးဆိုတဲ့ခွေးမက ဝင်ပါလာတယ်၊ သူ့ အစ်မကိုပါ အဖမ်းခံရအောင် ငါကလုပ်တယ်ဆိုပြီး ချစ်ခဲ့ကြတဲ့အချစ်တွေ ကိုမှမငဲ့ညှာ၊ ဝယ်ဆင်ပေးခဲ့တဲ့ ပတ္တမြား တစ်ဆင်စာရဲ့ ကျေးဇူးကိုမှမထောက်၊ သူကသတင်းပေး လုပ်တော့တာပဲ....။

မင်းကို ငါပြောဖူးတယ်နော်၊ ကားဆရာကျော်ကုလား အိမ်ရှင်ဦးလေးကြီးကို ပွဲစားခ ရချင်ဇောနဲ့ ဘာန်ဂလိုကိုခေါ်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့အကြောင်း၊ အဲဒီတုန်းက ငါစိုးရိမ်ပြီး ဖြူလေးကို အိပ်ခန်းထဲမှာဝင်ကြည့်တော့ အိပ်နေတယ် ဆိုတဲ့ အကြောင်းလေ....။

အလကားခွေးမ၊ ငါ့ကို ပညာပြသွားတာ၊ အဲဒီ အိမ်ရှင် ဦးလေးကြီး ဘန်ဂလိုပေါ် စတက်လာကတည်းက သူ မအိပ်ဘူး၊ အိပ်ချင်ဟန် ဆောင်ပြီး မှေးနေတာ၊ အခန်းထဲကနေ ငါတို့ပြောသမျှ ညှိနှိုင်းသမျှတွေ သေချာနားထောင်နေတာ။ ကျော်ကုလားတို့ ပြန်သွားပြီး ငါတစ်ခေါက်ဝင်ကြည့်တော့မှ စောစောက အိပ်ချင်ဟန်ဆောင်နေတဲ့ ပုံစံအတိုင်း ပြန်နေပြလိုက်တာ၊ မိန်းမမာယာများ ကြောက်စရာသိပ်ကောင်းတာပဲ၊ ငါ ရေရေလည်လည် ခံလိုက်ရတယ်၊ 'ဖျံ'ဖြစ်ပြီး ရေတိမ်မှာ နစ်သေရတာပေါ့ကွာ....။

သူက အိမ်လိပ်စာကအစ၊ ကားဆရာ ကျော်ကုလားနဲ့ အရောင်းအဝယ်လုပ်တဲ့အထိ အစအဆုံး သတင်း ပေးလိုက်မှတော့ ငါတို့ အပင်ပန်းခံပြီး ခြေရာဖျောက်ခဲ့သမျှ အလကား ဖြစ်တော့တာပေါ့....။

ငါ့အဖြစ်ကတော့ ဒါပဲကွာ၊ အမေတို့ကိုတော့ တမာကတော်မှာပဲ ခဏ ပြန်နေခိုင်းထားရတာပေါ့၊ သားလေးကိုလဲ အဲဒီရွာမှာပဲ ထားရတော့မှာပေါ့၊ ဘာတတ်နိုင်တော့မှာလဲ ငါတို့ စုဆောင်းထားသမျှ အားလုံးက အသိမ်းခံလိုက်ရပြီပဲဟာ....။





မင်းကို တွေ့ချင်တာကလဲ ငါ့ရဲ့သူငယ်ချင်းမို့ ရိုးရိုးတွေ့ချင်တာပါ၊ ပြီးတော့ ငါ့အဖြစ်အပျက်ကိုလဲ ပြောပြချင်လို့ပါကွာ၊ မကောင်းမှုလုပ်တယ်ဆိုတာ နောက်ဆုံးတော့ ဒီလိုပဲ ဇာတ်သိမ်းရတာပဲနော်....။

ဒီတစ်ခါတော့ ငါတကယ် နောင်တရပါပြီသူငယ်ချင်း၊ ဘာမှလဲ လိုက်ဖို့မကြိုးစားတော့ပါဘူး၊ ဒီလောက် သက်သေ ခိုင်ခိုင်လုံလုံနဲ့ အဖမ်းခံထားရမှတော့ တရားဥပဒေက စီရင်တဲ့ အတိုင်း အပြစ်ဒဏ်ခံမယ်လို့ ငါဆုံးဖြတ်ထားပြီးပါပြီ....။

အားရင်တော့ လာတွေ့ပါသူငယ်ချင်းရာ၊ ခုလိုအချိန်မှာ မိတ်ဆွေ သူငယ်ချင်းကို တွေ့ရတော့ အားတက်တာပေါ့ကွာ၊ အဲ အဆင်ပြေရင်တော့ စီးကရက်လေး ဆေးလိပ်လေးဝယ်ခဲ့ပါကွာ၊ ထောင်ထဲမှာက အဲဒါလေးတွေ တန်ဖိုးရှိလို့ပါ၊ အဆင်ပြေသလောက်ပေါ့ကွာ နော်....၊ မိမိကြီးကိုလဲ တစ်ရက်လောက်တော့ သွားတွေ့ပြီး အားပေးလိုက်ပါ၊ သူလဲ တစ်ယောက်တည်း အားငယ်နေရှာမှာပဲ၊ မင်းတွေ့ရင်ပြောလိုက်ပါကွာ၊ ငါ့အမှားအတွက်လဲ တောင်းပန်ပါတယ်လို့.... ပြီးတော့.... သူ့ကို ငါ....တကယ်....ချစ်....ချစ်....တာပါလို့။

ပြီး....။

တင်မောင်

၁၉၈၈ ခု၊ ဧပြီလ (၁၄) ရက်
ည - [illegible] နာရီ

www.burmeseclassic.com

# "စာရေးသူ၏ အတ္ထုပ္ပတ္တိ"

၁၉၅၄-ခု၊ အောက်တိုဘာလ(၆)ရက်နေ့တွင် ဖခင် ဦးတင်ထွန်း၊ မိခင် ဒေါ်လှတင်တို့မှ မွေးဖွားခဲ့သည်။ ငယ်နာမည်မှာ တင်မော် ဖြစ်သည်။

ယခင် စိန့်ဖရန့်စစ် ယခု အ-ထ-က (၅)တာမွေတွင် ဆယ်တန်းအထိ ပညာသင်ကြားခဲ့ပြီး၊ ၁၉၇၈-ခုနှစ်တွင် ဓာတုဗေဒသချာမန် ဘွဲ့ကို ရရှိခဲ့သည်။

၁၉၇၆-ခုနှစ်မှစ၍ ပို့စကတ်ကဗျာ အပုဒ်ရေ ၅၀၀ ကျော်ခန့်ကို တင်မော် (ဓာတု) ကလောင်အမည်ဖြင့် ရေးသားခဲ့ပြီး ၁၉၇၇-ခုနှစ်တွင် အလုပ်မှ နုတ်ထွက်ကာ ပန်းချီရေးဆွဲ ထုတ်ဝေ၍ အသက်မွေးခဲ့သည်။

၁၉၈၄-ခုနှစ်တွင် ပိုဝမ်း စီစဉ်သော "ပွဲကြိုက်သူ" စာအုပ်ကို ထုတ်ဝေခဲ့ပြီး၊ ၁၉၈၆-ခုနှစ်တွင် "ပြစ်မှု" မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာအဖြစ် တစ်နှစ်တိတိ လုပ်ကိုင်ခဲ့သည်။

ယင်းနောက် ရုပ်ရှင်ပွဲတော်နှင့် ဗွီဒီယို ရုပ်ရှင်စာအုပ်များကို စီစဉ်သူနှင့် တာဝန်ခံအယ်ဒီတာအဖြစ် လုပ်ကိုင်ရင်း တင်မော်(ဓာတု)၊ ချစ်မော်၊ ဖိုးထောင်၊ သဇင်နွယ်၊ ကလောင်ခွဲများဖြင့် ဆောင်းပါး မြောက်မြားစွာ ရေးသားခဲ့သည်။ ဗွီဒီယို အနုပညာ ခေတ်စား လာချိန်တွင် ဒါရိုက်တာ အဖြစ် "အိပ်မက်သံစဉ်" "စိတ်ချမ်းသာ ကိုယ်ချမ်းသာ" "အိုင်အိုမင်းအောင်နှင့် ပဉ္စမမြောက်တံခါးခေါက်သံ" ဗွီဒီယိုရုပ်ရှင်များကိုရိုက်ကူးပေးခဲ့သည်။

ယခုအခါ ရုပ်ပြစာအုပ်များကို တစ်ဘက်မှ ကြိုးစားရေးဆွဲရင်း ဘာဝသရုပ်မှန်၊ ပြည်သူ့ အကျိုးပြု လုံးချင်း ဝတ္ထုများကို ဆက်လက်ရေးသားရင်း အချိန်ယူ ကွင်းဆင်း လေ့လာ လျက်ရှိပါသည်။

ဒုတိယ အကြိမ်

BURMESE CLASSIC

www.burmeseclassic.com